
# ဇာတ်တော်ကြီးဆယ်ဘွဲ့

အကျဉ်း










# လှသိန်း

ပြုစုသည်







ဇာတ်တော် ၊၁၀၊ စောင်လုံးပါရှိသည်







ပဏ္ဏမြားမောက်စာပေ

တန်ဖိုး ၁၅၀-ကျပ်

၂၃၇၂၆

ဆရာလှသမိန်

ပြုစုသည်

# ဇာတ်တော်ကြီး

## ဆယ်ဖွဲ့

## အကျဉ်း

*မှည်လုံးကျော်မှန့်ဆိုရေး*

**ပဒ္မမြားမောက်စာပေ**

အမှတ် (၁၆၈)၊ ၃၃လမ်း၊ ရန်ကုန်မြို့။

[ ဖုန်း - ၀၁-၂၈၃၃၈၇ ]

# ဆရာလှသမိန်

## ဇာတ်တော်ကြီးဆယ်ဖွဲ့


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၅၂၂ /၉၇(၈) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၄၁၀ /၉၇(၇) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးကျော်စိန်<br>(ကျောက်စိမ်းအော့ဖ်ဆက်)<br>၀၂၉၀၉<br>၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့၊ |
| ထုတ်ဝေသူ | ဦးမြသန်း (၀၁၅၀) အသိုင်းအဝိုင်းစာပေတိုက်<br>(၃၅) သမာဓိလမ်း၊ ခွဲစုံရပ်၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။<br>(၉၆၇) ပဒေသာရပ်ကွက်၊ |
| မျက်နှာဖုံးဒီဇိုင်း | ကိုနီတွတ် |
| တွန်ချူတာစာစီ | မဟာမီဒီယာ |
| ထုတ်ဝေသည့်ကာလ | ၁၉၉၇ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၅၀–ကျပ် |

❖❖⊙❖❖

ပဏ္ဍုမြားငမောက်

စာအုပ်ထုတ်ဝေရေးတိုက်

အမှတ် (၁၆၈/၁၇၀)၊ မြေညီထပ်၊ ၃၃လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၁-၂၈၃၃၈၇

# ဇာတ်တော်ကြီးဆယ်ဖွဲ့ စကားပြေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၆ |
| ၂။ | ဇာတ်တော်ကြီး ဆယ်ဖွဲ့အချိုး | ၈ |
| ၃။ | စကားပြေရေး ဆရာတော်များ၏အတ္ထုပ္ပတ္တိ | ၂၀ |
| ၄။ | တေမိယဇာတ်တော် | ၂၄ |
| ၅။ | မဟာဇနကဇာတ်တော် | ၄၃ |
| ၆။ | သုဝဏ္ဏသာမဇာတ်တော် | ၆၁ |
| ၇။ | နေမိဇာတ်တော် | ၇၄ |
| ၈။ | မဟောသဓာဇာတ်တော် | ၉၁ |
| ၉။ | ဘူရိဒတ်ဇာတ်တော် | ၁၃၄ |
| ၁၀။ | စန္ဒကုမာရဇာတ်တော် | ၁၄၈ |
| ၁၁။ | နာရဒဇာတ်တော် | ၁၅၇ |
| ၁၂။ | ဝိဓူရဇာတ်တော် | ၁၆၉ |
| ၁၃။ | ဝေဿန္တရာဇာတ်တော် | ၁၈၁ |
| ၁၄။ | နိဂုံးရတု | ၁၉၇ |

# နိဒါန်း

ဗုဒ္ဓဘာသာတရားတော်၌လည်းကောင်း၊ မြန်မာစာပေရေးရာ၌လည်းကောင်း၊ သိသင့်သိထိုက်၊ လေ့လာသင့် လေ့လာထိုက်၊ မှတ်သားသင့် မှတ်သားထိုက်သော ဇာတ်တော်ကြီးဆယ်ဖွဲ့သည်ကား ပါဠိဘာသာမှတစ်ဆင့် သက္ကရာဇ်–၁၀၀၀–ကျော်တွင် မြန်မာစကားပြေသို့ ကူးဝင်ရောက်ရှိလာခဲ့လေသည်။

သို့ပါသော်လည်း ဇာတ်တော်တို့သည် ဂါထာပေါင်း သုံးထောင်ကျော်ခန့်ပါရှိ၍ စကားပြေဇာတ်တော်ကြီးဆယ်ဖွဲ့သည်ပင်လျှင် ၆" x ၉" ဒီမိုင်းအရွယ် ပုံနှိပ်စာမျက်နှာပေါင်း ၁၄၀၀ ကျော်ရှိ၍၊ အတွဲအားဖြင့် နှစ်တွဲ ခွဲခြားရိုက်နှိပ်ကာ၊ စက္ကူဖိုး၏ သက်သာသော ရောင်းဈေးသည်ပင် တစ်စုံအတွက် ၄၀ဝိ/–ကျပ်ရှိနေပေသည်။ သီးခြားတစ်တွဲစီ ခွဲခြားရိုက်နှိပ်သော ဇာတ်တော် ၁၁ အုပ် (မဟောသဓာနှစ်တွဲ)၏ စာမျက်နှာမှာမူ စာအုပ်အရွယ် ငယ်၍ ပိုမိုများပြားပြီး တန်ဖိုးမှာလည်း ၂၀ဝိ/– ခန့်မျှ ကျရှိနေပေသည်။ ထိုစာအုပ်များကို ဖတ်ရှုမည်ဆိုသော် တောက်လျှောက် နာရီပေါင်း ၃၀ ထက်မနည်း ဖတ်ရှုရမည်ဖြစ်၍ စာလုံးပေါင်း ၇,၂၀,၀၀၀ ခန့်မျှ ဖတ်ရှုရမည်ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် အချိန်အနည်းငယ်အတွင်း ဇာတ်တော်ကြီး ၁၀ စောင်လုံးကို အကျဉ်းအားဖြင့် ပြည့်ပြည့်စုံစုံ လေ့လာဖတ်ရှုမှတ်သားစေနိုင်မည့် လူတိုင်း လက်လှမ်းမှီသော ဇာတ်တော်ဆယ်စောင် စကားပြေအကျဉ်း တစ်စောင်တစ်ဖွဲ့ ရှိသင့်သည်ဟု ယူဆမိလေသည်။

မူလဇာတ်တော် စကားပြေတို့သည် စကားပြည့်စုံ ကြွယ်ဝစွာင်ဖွဲ့နွဲ့တန်ဆာဆင်ကာ ပါဠိဒေသနာ စကားရပ်၊ မှတ်ချက်တို့နှင့် ချပ်ကာညှပ်ကာ ရေးသားထားပေရာ၊ လေ့လာနိုင်သူတို့အဖို့ကား ဓမ္မရသ၊ လင်္ကာရသတို့ဖြင့် များစွာနှစ်သိမ့်အားရခြင်း ရှိနိုင်ကြပေမည်။ သို့ရာတွင် ထိုသို့လေ့လာနိုင်ခွင့် မရနိုင်သူများအတွက်ပါ ဗဟုသုတ၊ ဓမ္မအရသာ၊ သဒ္ဓါပသာနပြည့်ဝခံစားနိုင်ကြစေရန် ရည်သန်၍ ဇာတ်တော်ကြီးဆယ်စောင် စကားပြေအကျဉ်းကို ရေးသားပြုစုလိုက်ရပေသည်။

လှသမိန်

⊙ ⊙ ⊙ ဤသို့မြတ်စွာ၊ မင်္ဂလာဟု၊ ဒေသနာ

ထူးခြား၊ ဤတရားကို၊ ရွှင်အားရရ၊ ချပြီးမှလျှင်၊

ဇာတ်တော်တွင်လည်း၊ အလျှင်ရှေးရှိ၊ တေမိအစ၊

နောက်မှဆုံးစွန်၊ ဝေဿန္တရာ၊ ဆယ်ဖြာဇာတ်ပေါင်း၊

နှုတ်သံညောင်းနှင့် ညီကောင်းသို့သင် ⊙ ⊙ ⊙

ပုဏ္ဏောဝါဒပျို့ - ၂၁

# ဇာတ်တော်ကြီးဆယ်ဖွဲ့အချိုး

ဗုဒ္ဓဘာသာစာပေနှင့် မကင်းသော မြန်မာစာပေလောကတွင် တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေဟူသော ဇာတ်တော်ကြီး ဆယ်စောင်အကြောင်းကို မပြတ်မလပ် ကိုးကားထုတ်ဖော်ရေးသားလေ့ကျက်ခဲ့ကြပေသည်။ ထိုဇာတ်တော်တို့ကား "နှမ့ငါးရာ * ရင်မှာတစ်ကျိုပ်"ဟူသော စကားအတိုင်း ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ပါရမီသမ္ဘာရ ရင့်ကျက်တော်မူလေပြီးသော ဘဝတို့၌ ဖြစ်တော်မူခဲ့သည့်အတိတ်ဇာတ်တော်များပင် ဖြစ်လေသည်။ ငါးရာငါးဆယ်နိပါတ်တော်ဟု ခေါ်ဝေါ်ကြသော အလောင်းတော်ဇာတ်နိပါတ်တို့တွင် ဇာတ်တော်ကြီးဆယ်စောင်သည် အပါအဝင် ဖြစ်လေသည်။ စင်စစ်အားဖြင့် ဇာတ်တော်ပေါင်းသည် ၅၃၇ ဘွဲ့မျှသော နိပါတ်တော်နှင့် ဇာတ်တော်ကြီး ၁၀ စောင်ဟူ၍ ဇာတ်ပေါင်း ၅၄၇ မျှသာ ပကတိသချ်ာရှိလေသည်။

ထိုဇာတ်တော်တို့မှာ ပိဋကတ်တော် အပါအဝင်ဖြစ်၍ သုတ္တန်ပိဋကတ်၊ ခုဒ္ဒကနိကာယ် ဒသမကျမ်းစုဖြစ်သော ပါဠိဇာတ်ကတ်တွင် ပါရှိလေသည်။ နိပါတ်တော်အားဖြင့် မဟာနိပါတ်ဇာတ်တော်အဝင် ဖြစ်လေသည်။ ထိုသို့ မဟာနိပါတ်ဇာတ်တော်အဖြစ် သီးသန့်ပိုင်းခြားထား ခြင်းမှာကား ဂါထာပုဒ်ရေတူမျှသော ဇာတ်တော်အားဖြင့် ပေါင်းဖွဲ့ဖက် ဇာတ်တော်မရှိသောကြောင့် ဖြစ်သည့်ပြင်၊ ဂါထာပုဒ်ရေအားဖြင့်လည်း အသီတိနိပါတ်ဇာတ်တော်တို့ထက် ပိုလွန်များပြားသောကြောင့် ပညာသနိပါတ်ကဲ့သို့ ဇာတ်တော်တစ်စောင်တည်းကို အမျိုးစုခွဲခြားခြင်း မပြုတော့ဘဲ မဟာနိပါတ်တော်၌ ပေါင်းရုံးမှတ်သားပိုင်းခြားခြင်းဖြစ်လေသည်။

---

* ရင်မှာတစ်ကျိုင်ဟူ၍ ဒိဘဝဃ္ဃအလောင်း၊ ရာမခြင်း၊ ကောသလခြင်း၊ အဇော်ဘုန်းတော်၊ အသျှင်ရှိန်နှုတ်၊ ဒိဃသောကော်ပုဏ္ဏား၊ ငွေကာပုဏ္ဏား၊ ဒေါ်ဒေဝဒသျှပုဏ္ဏား၊ နဂါးဇီဂိဆင်၊ ပလာလဲဆင်တို့ကို အချိုးမှတ်ယူကြသည်။

## ဓာတ်တော်အဋ္ဌကထာများ

ထိုဓာတ်ံတော်ကြီးဆယ်ဖွဲ့ကို ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ပထမဝါမှစ၍ မဟာသက္ကရာဇ် ၁၄၈–ခုနှစ် အန္တိမဝါအထိ ၄၅–နှစ်အတွင်း၌ ဒေသဌာန အသီးသီးတွင် ဟောကြားတော်မူခဲ့လေသည်။ (အကျယ်ကို ရှေ့တွင်ရှုပါ) ထိုဓာတ်တော်များမှာ ပါဠိဘာသာဖြင့်သာရှိရာ၊ သာသနာတော် ၉၃၀–ပြည့်နှစ်လောက်တွင် မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့၊ မဟာဓောဓိပင် အနောက်ဘက်ရှိ ဃောသရွာဖွား၊ အရှင်ဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင်ဘက် မဟာဝိဟာရကျောင်းတွင် သီတင်းသုံးတော်မူစဉ်၊ ထိုဓာတ်တော်ပါဠိတို့ကို ပါဠိဘာသာဖြင့်ပင် အကျယ်ရှင်းဖွင့်သော ဓာတ်တော်အဋ္ဌကထာပါဠိတော်များ ရေးသားစီရင်တော်မူခဲ့လေသည်။

ထိုအဋ္ဌကထာတို့သည် သီဟိုဠ်ကျွန်းမှ အောက်မြန်မာနိုင်ငံ သထုံမြို့သို့ သာသနာနှစ် ၉၃၀–ကျော်တွင် ရောက်ရှိလာပြီး အထက်မြန်မာနိုင်ငံ ပုဂံပြည်သို့ သာသနာ ၁၆၀၀–ကျော် သက္ကရာဇ် ၄၁၉–ခုနှစ်တွင် ရောက်ရှိ၍ လေ့လာသင်ကြားကြလေသည်။ ထိုခေတ်တွင် ပါဠိဘာသာဖြင့်သာ လေ့လာကြရလေသည်။ ဓာတ်တော်အဋ္ဌကထာများကို ရှင်းလင်းဖွင့်ဆိုသော ဋီကာများကိုလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့ အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလက ပြုစုခဲ့လေသေးသည်။

## အင်းဝခေတ်ဓာတ်တော်ပျို့များ

ထို့နောက် အင်းဝခေတ်သို့ရောက်သောအခါ ဓာတ်တော်ကြီး ပါဠိတော်တို့ကို ပါဠိမတတ်ကျွမ်းသူတို့ လေ့လာမှတ်သားနိုင်ကြစေရန် ပျို့ကဗျာများဖြင့် ရေးဖွဲ့ခဲ့ကြလေသည်။

ထိုပျို့များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ဘူရိဒတ်လက်ာကြီး၊ ရှင်ရဋ္ဌသာရ
(၈၃၀–၈၉၂)၈၄၆ ခုနှစ်ပြီး။

၂။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ရှင်ရဋ္ဌသာရ

(၈၃၀-၈၉၂)၈၅၆ ခုနှစ်ပြီး။

၃။ သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ ရှင်အဂ္ဂသမာဓိ

(၈၄၁-၉၁၉)၈၈၉ ခုနှစ်ပြီး။

၄။ သုဝဏ္ဏသျှံမြှားပစ်ခန်းပျို့၊ ရှင်အဂ္ဂသမာဓိ

(၈၄၁-၉၁၉)၈၈၉ ခုနှစ်ပြီး။

၅။ သုဝဏ္ဏသျှံသူငွေးခန်းပျို့၊ ရှင်အဂ္ဂသမာဓိ

(၈၄၁-၉၁၉)၈၈၉ ခုနှစ်ပြီး။

၆။ နေမိမဂ္ဂုနိုးခန်းပျို့၊ ရှင်အဂ္ဂသမာဓိ

(၈၄၁-၉၁၉)၈၉၇ ခုနှစ်ပြီး။

၇။ နေမိငရဲခန်းပျို့၊ ရှင်အဂ္ဂသမာဓိ

(၈၄၁-၉၁၉)၉၀၀ ပြည့်နှစ်ပြီး။

၈။ နေမိဘုံခန်းပျို့၊ ရှင်အဂ္ဂသမာဓိ

(၈၄၁-၉၁၉)၉၀၄ ခုနှစ်ပြီး။

၉။ ဝေဿန္တရာပျို့၊ တောင်ဖီလာဆရာတော်၊

(၉၄၀-၁၀၃၁)

စသည်တို့ဖြစ်လေသည်။

## ဇာတ်တော်အဋ္ဌကထာနိဿယများ

ထို့နောက် ဆင်ဖြူရှင်လက်ထက်(၁၁၂၅-၁၁၃၈)သို့ ရောက်သောအခါ ပင်းတလဲမြို့ စီရင်စု လှည်းကူးမရွာဇာတိ၊ ဒန့်တိုင် ဆရာတော်ရှင်ဂုဏာလင်္ကာရမထေရ်က ဇာတ်တော်အဋ္ဌကထာများကို နိဿယပြန်ဆိုတော်မူလေသည်။

ထို့နောက် ဘိုးတော်ဘုရားလက်ထက်(၁၁၄၃-၁၁၈၁)သို့ရောက်သော အခါ ပုခန်းကြီးမြို့ စီရင်စု၊ ဝက်စုတ်ရွာဇာတိ၊ မဏိသာရဓေ မဟာဓမ္မရာဇဂုရု

တံဆိပ်တော်ရ ဆရာတော်ကြီးသည်လည်း ဇာတ်တော်အဋ္ဌကထာများကို တစ်ဖန်နိဿယသစ် ပြန်ဆိုတော်မူလေသည်။

ထို့နောက် ဆင်ဖြူရှင်လက်ထက်(၁၁၂၅–၁၁၃၈)သို့ ရောက်သောအခါ၊ ပင်းတလဲမြို့ စီရင်စု လှည်းကူးမဏ္ဍာဇာတိ၊ ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ မထေရ်က ဇာတ်တော်အဋ္ဌကထာများကို နိဿယပြန်ဆိုတော်မူလေသည်။

## ဇာတ်တော်စကားပြေများ

ဘိုးတော်ဘုရားလက်ထက်တွင်ကား ဇာတ်တော်အဋ္ဌကထာနိဿယ များသာမက ဇာတ်တော်ပါဠိကိုပါ၊ စကားပြေ ပြန်ဆိုခဲ့လေသည်။ ထိုဇာတ်တော်များကို မင်းပူးမြို့ လေသာဆရာတော်၏တပည့် ဦးသြဘာသ၊ လေသာဆရာတော်၏တပည့် သျှင်နန္ဒမေဓါ၊ ပုဂံစစ်ကျောင်း ဆရာတော် သျှင်ပညာတိက္ခတို့က၊ အသီးသီး စကားပြေ ပြန်ဆိုကြရာ၊ ၁၁၄၄–ခုနှစ်မှ ၁၁၈၈–ခုနှစ်အတွင်း ဇာတ်တော်ဆယ်စောင်ယုံး စကားပြေပေါ်ထွက်လာ လေသည်။

ထိုဇာတ်တော်ဆယ်စောင် ပြီးစီးသည့်အချိန်ကာလမှာ–

ဦးသြဘာသပြန်ဆိုသည့် ဇာတ်တော်စကားပြေ

စန္ဒကုမာရဇာတ်တော်၊ ၁၁၄၄–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅–ရက်၊ တနင်္လာနေ့။

နာရဒဇာတ်တော်၊ ၁၁၄၄–ခုနှစ်၊ တပေါင်းလဆန်း ၁၂–ရက်၊ သောကြာနေ့။

ဝိဓူရဇာတ်တော်၊ ၁၁၄၅–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆–ရက်၊ အင်္ဂါနေ့။

ဝေဿန္တရာဇာတ်တော်၊ ၁၁၄၅–ခုနှစ်၊ တပေါင်းလဆန်း ၉–ရက်။

မဟော်သဓာဇာတ်တော်၊ ၁၁၄၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂-ရက်၊ သောကြာနေ့။

မဟာဇနကဇာတ်တော်၊ ၁၁၄၇-ခုနှစ်၊ နယုန်လပြည့်ကျော် ၃-ရက်၊ သောကြာနေ့။

နေမိဇာတ်တော်၊ ၁၁၄၈-ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်၊ သောကြာနေ့။

တေမိယဇာတ်တော်၊ ၁၁၄၈-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက်၊ တနင်္လာနေ့။

သျှင်နန္ဒမေဓါပြန်ဆိုသည့်ဇာတ်တော်စကားပြေ

ဘူရိဒတ်ဇာတ်တော်၊ ၁၁၄၈-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂-ရက်၊ ကြာသာပတေးနေ့။

(ဦးသြဘာသ၏ တေမိယစကားပြေထက် ၅၃-ရက် စောၡပြီး လေသည်။)

သျှင်ပညာတိက္ခပြန်ဆိုသည့်ဇာတ်တော်စကား ပြေ၊

သုဝဏ္ဏသာမဇာတ်တော်၊ ၁၁၈၈-ခုနှစ်၊ နယုန်လပြည့်ကျော် ၈-ရက်။

ဟူ၍ အသီးသီးဖြစ်လေသည်။

## ကုန်းဘောင်ခေတ်ဇာတ်တော်ပျို့များ

ထိုအချိန်အတောအတွင်း (၁၁၄၄-၁၁၈၈)၌၊ ဇာတ်တော်ပျို့များလည်း ထပ်မံပေါ်ပေါက်လာလေသေးသည်။

ထိုပျို့များမှာ-

ဝိဓူရပျို့၊ တွင်းသင်းတိုက်ဝန်မဟာစည်သူ(၁၀၈၈–၁၁၇*)
၁၁၅၂ ခုနှစ်ပြီး။
ဝေဿန္တရာပျို့(သစ်) ။ ။ ၁၁၆၀ ပြည့်နှစ်ပြီး။
ဇနကပျို့၊ ။ ။ ၁၁၆၈ ခုနှစ်ပြီး။
မဟော်ကျေးစေခဏ်းပျို့၊ ။ ။
မဟော်ဥမင်ခဏ်းပျို့၊ ။ ။
နာရဒပျို့၊ မုံရွေးဆရာတော်။ (၁၁၂၈–၁၁၉၆) ၁၁၈၃–ခုနှစ်ပြီး။ စသည်တို့ ဖြစ်လေသည်။ ထိုမှ နောက်တွင်လည်း ဇာတ်တော်ပျို့များ ဆက်လက်ပေါ်ထွက် လာလေသေးသည်။

ထိုပျို့များမှာ–

| | | |
|---|---|---|
| ဇနကပျို့၊ | . . . | (မောင်နိုး) |
| ဝေဿန္တရာပျို့၊ | . . . | ( ။ ) |
| စန္ဒကုမာရပျို့၊ | . . . | (ရွှေကျောင်း ရဲကျင်းဦးပု) |
| တေမိပျို့ဟောင်း၊ | . . . | (မသိ) |
| တေမိပျို့သစ်၊ | . . . | (မောင်ဦးကာ) |
| နာရဒပျို့သစ်၊ | . . . | (တရားစစ် မနော်ဒေဝ) |
| ဝိဓုရပျို့သစ်၊ | . . . | (မသိ) |
| မဟော်ပြဿနာခဏ်းပျို့၊ | | (မဟာမင်းလှ မင်းခေါင်ဦးရွှန်း) (၁၁၄၄–၁၂၁၂)၁၂၀၂ ခုနှစ်ပြီး။ |
| ဇနကပျို့သစ်၊ | . . . | (မဟာမင်းလှ မင်းခေါင်ဦးရွှန်း) (၁၁၄၄–၁၂၁၂)၁၂၀၂ ခုနှစ်ပြီး။ |
| မဟော်ဥမင်ခန်းပျို့ | . . . | (မဟာမင်းလှမင်းခေါင် ဦးရွှန်း) (၁၁၄၄–၁၂၁၂)၁၂၀၂ ခုနှစ်ပြီး။ |

စသည်တို့ ဖြစ်လေသည်။

ဇာတ်တော်များကို ပျို့ကဗျာဖြင့်သာ မဟုတ်သေးဘဲ ပြဇာတ်၊ ရကန်၊ ဟောစာ စသည်ဖြင့်လည်း ရေးသား ပြုစုခဲ့ကြသေးရာ . . .

ဝေဿန္တရာပြဇာတ်၊ ဦးပုည . . (၁၁၆၉-၁၂၂၉)
မဟော်ပြဇာတ်၊ ဦးပုည . . (၁၁၆၉-၁၂၂၉)
မဟော်ပြဇာတ်၊ ဦးကြင်ဥ . . (၁၁၆၀ ခန့်)
နေမိရကန်၊ ကင်းဝန်မင်းကြီး . . (၁၁၈၃-၁၂၇၀)၁၂၂၀ ခုနှစ်ပြီး။
စသည်တို့နှင့် ဟောစာအများ ပေါ်ပေါက်ခဲ့လေသည်။

## ဇာတ်တော်များဖြစ်ပေါ်ချိန်

ဇာတ်တော်ကြီးဆယ်ဆောင် အပါအဝင်ဇာတ်တော်အဖြစ်အပျက်တို့သည် မည်သည့်အခါကာလ၌ ဖြစ်ပျက်ခဲ့သည်ကို ထောက်မှီသမျှ စိစစ်သည်ရှိသော် အောက်ပါအတိုင်း တွေ့ရှိရလေသည်။

ဇာတ်တော်ကြီးဆယ်ဆောင်အနက် နေမိဇာတ်တော်သည်ကား ကမ္ဘာဦး မဟာသမ္မတမင်းမှ ဆင်းသက်လာသော မဃဒေဝမင်းမျိုး ရှစ်သောင်းလေးထောင်၏ အဆုံးဘဝ နေမိမင်းအကြောင်းကို ဖော်ပြသဖြင့် (မဟာသမ္မတမင်းမှ မင်းပေါင်း ၈၄၅၁၇-ဆက်မြောက် မင်းသည် မဃဒေဝမင်းဖြစ်သည့်အတိုင်း) တေမိမင်းသည် မဟာသမ္မတမှ မင်းပေါင်း ၁၆၈၅၁၇ ဆက်မြောက် ဖြစ်လေသည်။ သိဒ္ဓတ္ထမင်းသားမှ ပြန်၍ရေသော် လွန်ခဲ့သော မင်းပေါင်း ၁၆၆၀၆၀ ဆက်မြောက် မင်းကြီးဖြစ်လေသည်။ နှစ်ကာလအားဖြင့်ကား ထိုမင်းတို့၏ သက်တမ်းမှာ အသီးသီးကွဲပြား၍ မရေတွက်သာပေ။

နာရဒဇာတ်တော်မှာလည်း ဇာတ်တော်၌ ပါရှိသော အာနန္ဒာအလောင်း ရုဇာမင်းသမီးသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသည်ဟု ဆိုခြင်းကို ထောက်၍လည်းကောင်း၊ ဗိဇက သူဆင်းရဲသည် ကဿပဘုရားလက်ထက်တော်တွင် မြတ်စွာဘုရား၏ တပည့်ရဟန်း တစ်ပါးအား ပြစ်မှားမိခဲ့ကြောင်းနှင့် ဖော်ပြသည်ကိုထောက်၍လည်းကောင်း၊ ဂေါတမမြတ်စွာဘုရားနှင့်

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အကြား ဤဘဒ္ဒကမ္ဘာအတွင်း ဤအန္တရကပ်တွင် ဖြစ်တော်မူကြောင်းကို သိရှိရလေသည်။

ဝေဿန္တရာဇာတ်တော်မှာလည်း နေမိမင်းကြီး၏ အနွယ်ဆက်မှ ဆက်လက်၍ ရှစ်သောင်းလေးထောင်နှင့် သုံးဆက်မြောက် *သီဟပပါမင်း၏ နောက်တွင် ၂၀ မြောက်မင်းသည် သိဝိရာဇ်မင်း၊ ထိုမင်း၏သား သိဉ္စည်းမင်း၊ ထိုမင်း၏သား ဝေဿန္တရာမင်း၊ ထိုမင်း၏သား ဇာလီမင်းဟူ၍ ဖော်ပြသောကြောင့် ဤဘဒ္ဒကမ္ဘာထက်၌ ဖြစ်သည်ဟုပင် မှတ်ယူရပေသည်။ ဝေဿန္တရာမင်းကြီးသည် နေမိမင်းကြီး၏ နောက်တွင် ၈၄၀၂၅ ဆက်မြောက် မင်းဖြစ်၍ ကမ္ဘာဦး မဟာသမ္မတမင်းမှ ၂၅၂၅၄၂ ဆက်မြောက်မင်းဖြစ်ပြီး သိဒ္ဓတ္ထမင်းမှ နောက်သို့ ပြန်၍ရေသော် ၈၂၀၃၅ ဆက်မြောက်မင်းဖြစ်လေသည်။

ထိုနေမိဇာတ်တော်၊ နာရဒဇာတ်တော်၊ ဝေဿန္တရာဇာတ်တော်သုံးစောင်တို့မှာ စရိယာပိဋကတ်ကျမ်း၌လာသောကြောင့်လည်း ဤကမ္ဘာ၊ ဤအန္တရကပ်၌ ဖြစ်ကြောင်းကို ထင်ရှားမှတ်ယူနိုင်လေသည်။

ထိုမှတစ်ပါး တေမိယဇာတ်တော်၊ သုဝဏ္ဏသာမဇာတ်တော်၊ ဘူရိဒတ်ဇာတ်တော်၊ စန္ဒကုမာရဇာတ်တော်တို့ကိုလည်း စရိယပိဋကတ်၌ပင် ဖော်ပြပြန်သောကြောင့် ဤကမ္ဘာထက်၌ ဖြစ်ကြောင်းကို သိရှိရလေသည်။ သို့ရာတွင် မည်သည့်ကမ္ဘာထက်၌ ဖြစ်သည်ကိုကား အတတ်မသိရပေ။

မဟာဇနကဇာတ်တော်၊ ဝိဓူရဇာတ်တော်နှင့် မဟောသဓာဇာတ်တော်သုံးစောင်တို့မှာကား ထိုကျမ်း၌လည်းမပါ၊ အခြားထောက်ထားရာလည်း မရှိသောကြောင့် မည်သည့်ကမ္ဘာ၊ မည်သည့်အန္တရကပ်တို့တွင် ဖြစ်သည်ဟု မသိရပေ။

ဂေါတမမြတ်စွာဘုရား၏ ဖြစ်ရာဘဝများဘို့အနက် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်၌ နိယတဗျာဒိတ်ခံယူတော်မူပြီးနောက် ဘဝပေါင်းများစွာ

* နှိုးနှိုး ၌ ဝိဇယခင် ဟူ၍သည် ကောင်း၊ မဟာဝင်၌ ဝိဇယသဘင် ဟူ၍ လည်းကောင်း ပြသည်။

ကျင်လည်ပြီးသည့်နောက်တွင် ဝေဿန္တရာမင်းကြီးဘဝသည် လူ့ပြည်၌ နောက်ဆုံးဘဝပင်ဖြစ်၍ ဂေါတမမြတ်စွာဘုရားမဖြစ်မီ ဒုတိယနောက်ဆုံးကပင် ဖြစ်လေသည်။ ဝေဿန္တရာမင်းကြီးဘဝမှ စုတေသော် တာဝတိံသာနတ်ပြည်၌ *သေတကေတုနတ်သားဖြစ်ခဲ့၍ ထိုမှ စုတေသော် သိဒ္ဓတ္ထမင်းသားဖြစ်လာ၍ သဗ္ဗညုတ ဉာဏ်တော်ကိုရလေသည်။

## ဓာတ်တော်များကိုဟောကြားချိန်

ဓာတ်တော်ကြီးဆယ်ဘွဲ့ကို ဟောကြားတော်မူသောကာလနှင့် ဒေသမှာ အောက်ပါအတိုင်းဖြစ်လေသည်။

**တေမိယဇာတ်တော်။** ။မဟာသက္ကရာဇ် x ၁၁၇ ခုနှစ် နတ်တော် လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ ညဦးအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်။

**ဇနကဇာတ်တော်။** ။မဟာသက္ကရာဇ် ၁၁၇ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁ ရက်၊ သောကြာနေ့ညချမ်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်။

**သုဝဏ္ဏသျှံဇာတ်တော်။** ။မဟာသက္ကရာဇ် ၁၁၇ ခုနှစ်၊ နတ်တော် လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်။

**နေမိဇာတ်တော်။** ။(သက္ကရာဇ်မတွေ့) မိထိလာပြည်၊ သရက်ဥယျာဉ်

**မဟောသဓာဇာတ်တော်။** ။မဟာသက္ကရာဇ် ၁၁၇ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့၊ နေလွဲ တစ်ဘဝါး၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်။

---

* သန္တုသိတ နတ်သားဟူသည် ဆိုသည်၊

x မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူသည်၊

**ဘူရိဒတ်ဇာတ်တော်**။ ။(သက္ကရာဇ်မတွေ့) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်။

**စန္ဒကုမာရဇာတ်တော်**။ ။မဟာသက္ကရာဇ် ၁၄၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်။

**နာရဒဇာတ်တော်**။ ။မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက် သောကြာနေ့ ရာဇဂြိုဟ်၊ နွယ်ချိုတော။ (ဘုရားဖြစ်ပြီး ၈ လခန့်အကြာ)

**ဝိဓူရဇာတ်တော်**။ ။(သက္ကရာဇ်မတွေ့) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်။

**ဝေဿန္တရာဇာတ်တော်**။ ။မဟာသက္ကရာဇ် ၁၀၄–ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့ညချမ်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း။

ဤတွင် နေမိဇာတ်တော်၊ ဘူရိဒတ်ဇာတ်တော်၊ ဝိဓူရဇာတ်တော်တို့ကို မည်သည့်ခုနှစ်သက္ကရာဇ်တွင် ဟောကြားကြောင်း မှတ်တမ်းမတွေ့ရှိရပေ။ မှတ်စုငယ်တစ်ခု၌ကား သက္ကရာဇ်မပါဘဲ နေမိဇာတ်တော်ကို နတ်တော်လဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့ဟူ၍လည်းကောင်း၊ ဘူရိဒတ်ဇာတ်တော်ကို ဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့ဟူ၍လည်းကောင်း၊ ဝိဓူရဇာတ်တော်ကို နတ်တော်လဆန်း ၁ ရက်၊ ကြာသပတေးနေ့ဟူ၍လည်းကောင်း ဖော်ပြထားလေသည်။ ထိုမှတ်စု၌ အခြားဇာတ်တော် အမှတ်အသားများကား မှန်ကန်သဖြင့် ထိုနေ့ရက် အမှတ်အသားကို ကျမ်းဂန်တစ်ရပ်ရပ်မှပင် ထုတ်ယူလေသလောဟု ထင်မှတ်ဖွယ် ရှိလေသည်။ ကျွန်ုပ်တို့ကား စူးစမ်းရှာဖွေဆဲပင် ရှိပေသည်။

ဓာတ်တော်ကြီး ဆယ်စောင်အနက် အဦးဆုံးဟောကြားတော်မူသောဓာတ်တော်မှာ နာရဒဇာတ်တော်ပင်ဖြစ်လေသည်။ တေ၊ ဇ၊ သု၊ နေ၊

မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဟူသော အစဉ်မှာကား ဟောကြားသည့် ကာလ ရှေ့နောက်ကို ညှိ၍ အစဉ်ပြုထားခြင်း မဟုတ်ပေ။ သက္ကရာဇ် ဖော်ပြနိုင်သမျှ ဇာတ်တော်များကို စိစစ်လျှင် ဟောကြားသော သက္ကရာဇ် အစဉ်အားဖြင့် -

၁။ နာရဒဇာတ်တော် (၁၀၃)
၂။ ဝေဿန္တရာဇာတ်တော် (၁၀၄)
၃။ မဟော်သဓာဇာတ်တော် (၁၁၇၊ ဝါဆို)
၄။ ဇနကဇာတ်တော် (၁၁၇၊ တန်ဆောင်မုန်း)
၅။ သုဝဏ္ဏသာမဇာတ်တော် (၁၁၇၊ နတ်တော်လဆန်း ၁)
၆။ တေမိယဇာတ်တော် (၁၁၇၊ နတ်တော်လဆန်း ၄)

ဟူ၍ဖြစ်ပေသည်။

ဇာတ်တော် ဆယ်ဆောင်အနက် တေမိယ၊ ဇနက၊ သုဝဏ္ဏသာမ၊ မဟော်သဓာ၊ ဘူရိဒတ်၊ ဝိဓူရ ဟူသော ဇာတ်တော်ခြောက်ဆောင်ကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟောကြားတော်မူရာ မြတ်စွာဘုရားသည် တေမိယ၊ ဇနက၊ သုဝဏ္ဏသာမ၊ မဟော်သဓာ ဇာတ်တော်တို့ကို မဟာသက္ကရာဇ် ၁၁၇ ခုနှစ် ၁၄ ကြိမ်မြောက် ဇုဒ္ဓသမ ဝါဆိုတော်မူစဉ် ဟောကြားတော်မူကြောင်းကို ထင်ရှား တွေ့ရှိရလေသည်။ ကျန်ဘူရိဒတ် ဇာတ်တော်နှင့် ဝိဓူရဇာတ်တော်ကိုလည်း ထိုကျောင်းတော်၌ပင် ဟောကြားတော်မူရာ ထိုဇုဒ္ဓသမဝါတော် ကပ်စဉ်အခါ၌ပင် ဟောကြားတော်မူသလော၊ သို့မဟုတ် ဧကဝီသတိမ ၂၁ ဝါမြောက် သက္ကရာဇ် ၁၂၃ နှစ်မှ စတုစတ္တာလီသ ၄၄ ဝါမြောက် သက္ကရာဇ် ၁၄၇ ခုနှစ်အထိ ဒုတိယအကြိမ် ၂၄ ဝါကပ်တော်မူစဉ်အခါ၌ပင် ဟောကြားတော်မူသလောဟု ခွဲခြားမသိရှိနိုင်ပေ။ သာဝတ္ထိပြည်၌ ဒုတိယ အကြိမ် ကပ်တော်မူသော ၂၄ ဝါအနက် ၁၉ ဝါ၌သာ ဇေတဝန်ကျောင်းတော်၌ ဝါကပ်တော်မူ၍ ၅ ဝါမှာ ပုဗ္ဗါရုံကျောင်းတော်၌ ကပ်တော်မူလေသည်။

## စာတော်ဂါထာများ

စာတော်ကြီး ဆယ်စောင်နှင့်ပတ်သက်၍ မှတ်သားဘွယ်ရှိသည့် ဂါထာများနှင့် ပတ်သက်၍ကား အောက်ပါဇယားဖြင့်ပင် မှတ်ယူနိုင်ပေသည်။

| စာတော် | ဂါထာအစချီ | ဂါထာပေါင်း | ကျွတ်တမ်းဝင်သူ | အထူးပြုရာပါရမီ |
|---|---|---|---|---|
| တေ | မာပဏ္ဍိစ္စယံဝိဘာဝယ | ၁၀၃ | ၈၄၀၀၀ | အဓိဋ္ဌာန် |
| ဇ | ကောယံမဇ္ဈေသမုဒ္ဒသ္မိံ | ၁၇၇ | ၈၄၀၀၀ | ဝိရိယ |
| သု | ကောနုမံဥသုနဂ၀ိစ္ဆိ | ၁၂၄ | ၁၀၀၀ | မေတ္တာ |
| နေ | အစ္ဆေရဝတလောကသ္မိံ | ၁၂၀ | ၈၄၀၀၀ | ဒါန |
| မ | ပဉ္စာလောသဗ္ဗသေနာယ | ၁၀၀၀ | ၆၀၀၀ | ပညာ |
| ဘူ | ယံကိဉ္စိရတနံ | ၂၉၈ | ၈၄၀၀၀ | သီလ |
| စန် | ရာဇာသိလုဒ္ဒကမ္ဗော | ၉၀ | ၈၅၀၀၀ | ဒါန |
| နာ | အဟုရာဇာ ဝိဒေဟာနံ | ၁၉၀ | ၈၅၀၀၀ | ပညာ |
| ဝိ | ပဏ္ဍုကိသိယာဝိမလာ | ၁၃၀ | ၅၄၀၀၀ | ပညာ |
| ဝေ | ဖုဿတိဝရ ဝဏ္ဏာဘေ | ၁၀၀၀ | ၅၄၀၀၀ | ဒါန |

ကျွတ်တမ်းဝင်သူများမှာ မှတ်စုတစ်ဆူတွင် ဖော်ပြချက်များ ဖြစ်လေသည်။

# စကားပြေရေး ဆရာတော်များ အတ္ထုပ္ပတ္တိ
## ဦးဩဘာသ

ဇာတ်တော်ကြီး ဆယ်စောင်အနက် ဘူရိဒတ် ဇာတ်တော်နှင့် သုဝဏ္ဏသာမဇာတ်တော်မှတစ်ပါး ကျန်ဇာတ်တော်ရှစ်စောင်ကို ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုတော်မူသော ဆရာတော် ဦးဩဘာသမှာ ဘိုးတော်ဘုရား လက်ထက် (၁၁၄၃–၁၁၈၁) တမ္ဗဒီပတိုင်းရှိ၊ စကုမြို့အပိုင် မင်းပူးရွာ အရှေ့ဘက် လေသာကျောင်းတွင် သီတင်းသုံးတော်မူသော ဆရာတော်ဖြစ် လေသည်။ ဆရာတော်၏ မိဘမည်ရှည်၊ ဖွားသက္ကရာဇ်တို့ကို မသိရချေ။

ဆရာတော်သည် လေသာကျောင်းဆရာတော်ထံတွင် ငယ်ရွယ်စဉ် ကပင် ပညာသင်ကြားခဲ့ရာ ကဗျာလင်္ကာ၊ ဗေဒင်ဆေးဝါး၊ ပန်းပု၊ တူရိယာ၊ ဆင်ကြန့်၊ မြင်းကြန့်တို့ကိုပါ ဆည်းပူးခဲ့၍ တဆယ့်ငါးနှစ်အရွယ်တွင် ရှင်အရိယာဝံသဘွဲ့ဖြင့် သာမဏေပြုလေသည်။ ရဟန်းဘောင်သို့ရောက်မှ ဦးဩဘာသဘွဲ့ကို ခံယူလေသည်။

ဆရာတော်သည် ကျောင်းဒါယကာ ဦးစနှင့် သားမောင်ထောက် စသော ဒါယကာများက တောင်းပန်သဖြင့် ဇာတ်တော်များကို မြန်မာ စကားပြေဖြင့် ပြန်ဆိုတော်မူခဲ့လေသည်။
(ဇာတ်တော်သမိုင်းစဉ်၌ ရှုပါ။)

ဆရာတော်သည် ၁၁၄၄ နှစ်မှစ၍ ၁၁၄၈ ခုနှစ်အထိ လေးနှစ် အတွင်း ဇာတ်တော်ကြီး ရှစ်စောင်ကို ပြန်ဆိုတော်မူရာ နာရဒဇာတ်တော်ကို ၂ လမျှနှင့် ပြီးစီးအောင် ပြန်ဆို၍ နေမိဇာတ်တော်၌သာ ၁၃ လမျှ ကြာမြင့်သည်ကို တွေ့ရလေသည်။ သို့ရာတွင် အရှည်ဆုံးဖြစ်သည့် မဟောသဓာဇာတ်တော်ကြီးကို ၈ လအတွင်းပြီးစီးအောင် ပြန်ဆိုတော်မူ နိုင်သဖြင့် နေမိဇာတ်တော်ကို ပြန်ဆိုတော်မူစဉ်အခါ၌ မအားမလပ်သောကိစ္စ တစ်စုံတစ်ရာကြောင့် နှောင့်နှေးခြင်းသာ ဖြစ်ဖွယ်ရှိပေသည်။

ဆရာတော်သည် ၁၁၄၄ ခုနှစ်၌ ပြီးစီးတော်မူသည့် နာရဒဇာတ်တော် နိဂုံး၌–

"ငယ်သွေးပျိုနု၊ ကောင်းရာမှုဖြင့်၊ ဆယ်စုသက်ဝယ်၊ ဝဿာရွယ်၌၊ ရှုဘွယ်ရှုပ၊ သမဏလျှင်၊ သုတခရာ၊ ပညာပွားမှု၊ ဤဝတ္ထုကို ပြုစုစီရင်"ဟူ၍လည်းကောင်း၊

၁၁၄၆ ခုနှစ်၌ ပြီးစီးတော်မူသည့် ဝေဿန္တရာဇာတ်တော်နိဂုံး၌–

" ဆရာမြတ်လှ၊ ဘွဲ့မည်ရ၍ ဝဿာရွယ်လောက်၊ ရောက်သား ဤခါ၊ ပညဝါလျှင်၊ ဤစာဝေဿန်၊ ဇာတ်တော်မှန်ကို" ဟူ၍လည်းကောင်း၊

ရေးသားတော်မူသည်ကို ထောက်၍ ထိုအချိန်၌ ဆရာတော်၏ သက်တော်သည် ဝဿာအရွယ်၊ (၂၀ နှင့် ၃၀)အကြားတွင် ရှိသဖြင့် သက်တော် ၂၅ နှစ်ဟူ၍ တွက်ဆသော် သက္ကရာဇ် ၁၁၂၁ ခုနှစ် ပတ်ဝန်းကျင်တွင် ဖွားမြင်ဖွယ်ရှိလေသည်။

ထိုမှတစ်ပါး ဆရာတော်သည် တေမိယဇာတ်တော်ကို ၁၁၄၈ ခုနှစ်တွင် ရေးသားပြီးစီး၍ ထိုနှစ်မှာပင် ဘူရိဒတ်ဇာတ်ကို သျှင်နန္ဒမေဓာက စကားပြေပြန်ဆိုတော်မူရာ ဆရာတော်သည် ထိုနှစ်မှာပင် နာမကျန်းဖြစ်၍ ပျံလွန်တော်မူလေသလောဟု တွေးဆဖွယ်ရှိလေသည်။

။ဘူရိဒတ်ဇာတ်တော်စကားပြေသည် တေမိယဇာတ်တော်စကားပြေ ထက် ၅၃ ရက်မျှစော၍ ပြီးစီးလေသည်။။

[illegible]
စာကြည့်တိုက်
[illegible]
[illegible]
၂၃၇၂၆

# သျှင်နန္ဒမေဓါ

ဘူရိဒတ်ဇာတ်တော်ကြီးကို မြန်မာစကားပြေ ပြန်ဆိုတော်မူသော သျှင်နန္ဒမေဓါမှာ ဘိုးတော်ဘုရားလက်ထက် (၁၁၄၃–၁၁၈၁)တမ္ဗဒီပတိုင်းရှိ စကုမြို့အပိုင် မင်းပူးရွာ အနောက်ဖက်လေသာကျောင်းနေ၊ လေသာဆရာတော်ကြီး၏ တပည့်ထေရ်တစ်ပါးဖြစ်လေသည်။ ဦးသြဘာသနှင့် ဆရာတူတပည့်ဖြစ်၍ တစ်ခေတ်တည်း ထင်ပေါ်ရုံမက ဦးသြဘာသသည် တေမိယဇာတ်တော်ကြီးကို ပြန်ဆိုသောနှစ်တွင် တေမိယဇာတ်ကြီးမပြီးမီ ၅၃ ရက်စော၍ ဘူရိဒတ်ဇာတ်တော်ကြီးကို စကားပြေပြန်ဆိုပြီးစီးခဲ့လေသည်။ ဤသို့ ပြန်ဆိုခြင်းသည် ဆရာတူတပည့်ချင်းဖြစ်သော ဦးသြဘာသသည် ဇာတ်တော်ကြီးများကို အစဉ်တစိုက်ပြန်ဆိုနေကြောင်း သိလျက်နှင့် ယှဉ်ပြိုင်ပြန်ဆိုခြင်းကား ဖြစ်ဖွယ်မရှိပေ။ ထိုသို့ပြန်ဆိုလျှင် အခြားဇာတ်တော်များကိုပါ ပြန်ဆိုဖွယ်ရှိလေသည်။ ထိုမှတစ်ပါး သာမဏေ ရှင်ဥက္ကံသမာလာက တောင်းပန်သောကြောင့် ပြန်ဆိုတော်မူရကြောင်းကို ဖော်ပြသဖြင့် ဦးသြဘာသက မိမိလက်လျှော့၍ သျှင်နန္ဒမေဓါအား တိုက်တွန်းပြန်ဆိုစေသည်ဟု တွေးဆရန်လည်း မလျော်ဘဲရှိလေသည်။ သျှင်နန္ဒမေဓါကား ဘူရိဒတ်ဇာတ်တော် တစ်ခုကိုသာ စကားပြေပြန်၍ သုဝဏ္ဏသာမ ဇာတ်တော်ကိုကား ဆက်လက် ပြန်ဆိုခြင်းမပြုခဲ့ချေ။

ဆရာတော်၏ မိဘမည်ရည် ဖွားသက္ကရာဇ်တို့ကိုကား မသိရပေ။

# သျှင်ပညာတိက္ခ

သုဝဏ္ဏသာမဇာတ်တော်ကို မြန်မာစကားပြေပြန်ဆိုတော်မူသော သျှင်ပညာတိက္ခမှာ စတုတ္ထအဝမြို့တည် ဘကြီးတော်မင်း (၁၁၈၁–၁၁၉၉) လက်ထက်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း၊ တမ္ပဒီပတိုင်း၌ မင်းပူးရွာ ရန်ကုန်တိုက်ခေါ် ရတနာကျောင်း ဆရာတော်၏ တပည့်ဖြစ်၍ စာပေကျမ်းဂန် သင်ကြားတတ်မြောက်ပြီးသောအခါ မကွေးမြို့အပိုင် ဧရာဝတီမြစ်၏ အနောက်ဘက် ကျည်းပင်တက်ရွာနှင့် ကျွဲသိုးမြောင်ရွာ၏ ကျေးလက်ဖြစ်သော ပုဂံစစ်ရွာ အရှေ့ဘက်တွင် ကျောင်းထိုင်သီတင်းသုံးတော်မူသော ဆရာကော်ဖြစ်လေသည်။ ဆရာတော်၏ မိဘမည်ရည် ဖွားသက္ကရာဇ်တို့ကို မသိရချေ။

ထိုဆရာတော်သည် ပဉ္စင်းပျိုဘဝတွင် ငယ်မိတ်ဆွေရင်းဖြစ်သော စာရေးကြီး မောင်သာက တောင်းပန်သဖြင့် လွန်ခဲ့သော ရှေးနှစ်ပေါင်း ၄၀ ကျော်လောက်က မင်းပူးဆရာတော် ဦးသြဘာသနှင့် သျှင်နန္ဒမေဓါ တို့ မြန်မာဘာသာ ပြန်ဆိုခြင်းမပြုဘဲ ကြွင်းကျန်ခဲ့သည့် ဇာတ်တော် တစ်စောင်ဖြစ်သော သုဝဏ္ဏသာမဇာတ်တော်ကြီးကို ပါဠိဘာသာမှ မြန်မာ ဘာသာသို့ ပြန်ဆိုတော်မူရာ၊ ၁၁၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်နေ့တွင် ရေးသားပြီးစီးတော်မူလေသည်။ ထိုအချိန်တွင် ဆရာတော်သည် ပဉ္စင်းပျိုဘဝတွင် ဖြစ်သဖြင့် ဆရာတော်ကို သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် နောက်ပိုင်းတွင် ဖွားမြင်သည်ဟု တွက်ဆရန်ရှိလေသည်။



# တေမိယဇာတ်တော်

## ဇာတ်တော်အကြောင်း

ဘေမိယဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် တေမိယမင်းသားအကြောင်းကို ပြဆိုရာဖြစ်၍ ဇာတ်တော်ကြီး ဆယ်ဆောင်တွင် အဦးအစ ပထမဇာတ်တော်စာရင်းဝင်ဖြစ်လေသည်။

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် တောထွက်ခြင်းနိက္ခမ ပါရမီတော်ကို အကြောင်းပြု၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် သက္ကရာဇ် ၁၂၃ ခုနှစ် နတ်တော်လဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့တွင် ဂါထာပေါင်း ၁၀၃ ဂါထာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူလေသည်။ ထိုတရားပွဲတွင် ပရိသတ် ၈၄၀၀၀ ကျွတ်တမ်းဝင်၏။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၈ ခုနှစ် တပို့တွဲလတွင် မင်းပူးရွာ လေသာဆရာတော် ဦးဩဘာသက မြန်မာ ဘာသာ စကားပြေပြန်ဆိုရေးသားတော်မူခဲ့လေသည်။

(ထိုနောက် ၁၁၈၁ ခုနှစ်တွင် နန်းတက်သော ဘကြီးတော်မင်း၏ လက်ထက်တွင် မင်းမှုထမ်း မောင်းဦးကာ ဆိုသူက ပျို့ကဗျာဖြင့် ဖွဲ့ဆိုခဲ့၍ အခြားအမည်မသိ ပုဂ္ဂိုလ်တစ်ဦးလည်း တေမိယပျို့ကို ရေးသားခဲ့ဖူး လေသည်။)

## ဇာတ်တော်ကို ဟောကြားရခြင်းအကြောင်း

တေမိယဇာတ်တော်ကို ဟောကြားရခြင်းမှာ အောက်ပါအကြောင်း ကြောင့် ဖြစ်လေသည်။ တစ်နေ့သောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်တွင် ရဟန်းသံဃာများသည် စုဝေးမိကြလျက် အချင်းချင်းအားဖြင့် တိုင်ပင်ပြောဆိုကြရာတွင် "အရှင်ရဟန်းတို့ မြတ်စွာဘုရားသည် သိဒ္ဓတ္ထ မင်းသားဘဝ ဖွားတော်မူဦးစကပင်လျှင် ထူးမြတ်သော လက္ခဏာပါရှိခဲ့သည့် အတိုင်း အခြွေအရံ စည်းစိမ်ချမ်းသာကိုစွန့်ပြီး တောထွက်၍ ရဟန်းပြုကာ တရားအားထုတ်လေသည်။ မာရ်နတ်နှင့် သူ၏သမီးများ ဖြားယောင်းသည်ကို လည်း တွန်းဖယ်နိုင်ခဲ့လေသည်။ ဤသို့ စွန့်စားမှုသည်ကား ချီးမွမ်းဖွယ် ကောင်းလေစွ" ဟူ၍ မြတ်စွာဘုရားရှင်အား ချီးကျူးပြောဆိုမိကြလေသည်။

ထိုအခိုက် မြတ်စွာဘုရား ကြွလာတော်မူ၍ ရဟန်းတို့၏အံ့ဩ ချီးမွမ်းခြင်းကို သိတော်မူသောအခါ "ရဟန်းတို့- ယခုကဲ့သို့ ဘဝများစွာ အကျင့်ကောင်းနှင့် ပြည့်စုံလာခဲ့ပြီးသော ဤအခါ၌သာ စည်းစိမ်ကို စွန့်ထွက်နိုင်သည်မဟုတ်သေး။ ရှေးရှေးအခါ အကျင့်ကောင်းပြည့်တင်းမှု နည်းပါးသေးစ ဘုရင့်သားတော်ဖြစ်စဉ်ကပင် ဤကဲ့သို့ ခမည်းတော်၏ ယုယခြင်းအမျိုးမျိုးကို စွန့်ဖယ်လျက် တောထွက်တော်မူခဲ့ဖူးလေသည်" ဟု အတိတ်ကိုဆောင်တော်မူ၍ ရဟန်းတို့၏ တောင်းပန်ချက်အရ တေမိယ ဇာတ်တော်ကို ပြန်ပြောင်း ဟောကြားတော်မူလေသည်။

# တေမိယဇာတ်တော်

## တေမိယသန္ဓေယူခန်း

ရှေးအခါ၌ ဗာရာဏသီပြည်တွင် ကာသိကရာဇ်အမည်ရှိသောမင်းသည် စန္ဒာဒေဝီမိဘုရားကြီးအပြင် မိဖုရားငယ်ပေါင်း တစ်သိန်းခြောက်သောင်းနှင့် တကွ စံမြန်းလေသည်။ စန္ဒာဒေဝီမှာ မဒ္ဒရဋ္ဌတိုင်း သာဂလပြည် မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်ဖြစ်၍ အခြွေအရံ တစ်သောင်းခြောက်ထောင် ရှိလေသည်။

ထိုမင်းကြီးတွင် မိဖုရားများသော်လည်း နန်းမွေဆက်ခံရန် သားတော် တစ်ပါးမျှ မထွန်းကားသဖြင့် ပြည်သူပြည်သားတို့နောင်ရေးကို ပူပန်လျက် မင်းကြီးထံသို့ စုရုံးလာပြီးလျှင် သားဆုတောင်းရန် တောင်းပန်လျှောက်တင် ကြလေ၏။

မင်းကြီးလည်း ဝန်ခံ၍ မိဖုရားငယ် တစ်သောင်းခြောက်ထောင် တို့ကို သားဆုတောင်းစေရာ မပြည့်ဝစေဘဲရှိလျှင် မိဖုရားကြီး စန္ဒာဒေဝီအား သားဆုတောင်းစေ၏။ မိဖုရားကြီးလည်း သီလစောင့်၍ သစ္စာအဓိဋ္ဌာန်ပြုလေရာ သိကြားမင်းက သိရှိသဖြင့် ဘုရားလောင်းနတ်သားအား မိဖုရားကြီး၏ ဝမ်း၌ သန္ဓေယူရန် တိုက်တွန်းလေသော် ထိုနတ်သားလည်း လူ့ပြည်၌ မိဖုရားကြီး၏ဝမ်းတွင် သန္ဓေယူလေရာ၊ မိဖုရားကြီးမှာ သားဆုပြည့်ဝလေသည်။

## နတ်သားငါးရာသန္ဓေယူခန်း

မိဖုရားကြီးလည်း သန္ဓေရှိမှန်းသိလျှင် မင်းကြီးအား လျှောက်ထား လေသည်။ မင်းကြီးက ဝမ်းသာလှ၍ ကောင်းစွာစောင့်ရှောက်ပေးလေသည်။ ဘုရားလောင်းနှင့်အတူ အခြားနတ်သား ၅၀၀ တို့လည်း မင်းကြီး၏ မှူးမတ်အသီးသီးတို့၏ အိမ်များ၌ ပဋိသန္ဓေစွဲယူနေကြလေ၏။

## တေမိယကိုဖွားမြင်ခန်း

စန္ဒာဒေဝီမိဖုရားကြီးသည် ဆယ်လကြာသောအခါ ဘုရားလောင်းသားတော်ကို ဖွားမြင်လေသည်။ မင်းကြီးလည်း အလွန်ပျော်ရွှင်၏။ လူများလည်း ဝမ်းမြောက်ကြလေသည်။

## ဖွားဖက်တော်များကိုဖွားမြင်ခန်း

မင်းကြီးသည် သားတော်နှင့် တစ်နေ့တည်းဖွားမြင်သူပေါင်း ၅၀၀ အားလည်း အဆင်တန်ဆာနှင့် နို့ထိန်းတစ်ယောက်စီပေး၍ ချီးမြှောက်လေသည်။ သားတော်အတွက်လည်း နို့ထိန်းကောင်း ၂၄၀ ကို ရွေးချယ်ပြီး အလှည့်ကျထိန်းရစေ၏။ မိဖုရားကြီးအားလည်း နောင်အခါ သားတော်အတွက်ဖြစ်သော အိမ်ရှေ့မင်းစည်းစိမ်ဆုကို ထပ်၍ပေးလေသည်။ မိဖုရားကြီးကမူ သူနှင့်တန်သောဆုကိုသာယူ၍ မတန်သောဆုကိုမူ မင်းကြီးအားပြန်၍ အပ်နှင်းထားလေသည်။ သားတော်အတွက် ပုဏ္ဏားတော်တို့၏ ရှေ့မှောက်တွင် လက္ခဏာဖတ်စေရာ၊ ပုဏ္ဏားတော်တို့က ဇမ္ဗူဒိပ်ကျွန်းသာမက ကျွန်းကြီးလေးကျွန်းကို အစိုးရသော စကြာရှင်ဖြစ်ထိုက်ပါသည်ဟု လျှောက်ထားကြလေသည်။

## တေမိယအမည်ပေးခန်း

ထိုနောက် သားတော်အား ဖွားမြင်စဉ်က လူအများ ဝမ်းမြောက်ကြသည်ကို အစွဲပြု၍ တေမိယမင်းသားဟု ကိုယ်တိုင်အမည်ပေးလေသည်။

## ထီးနန်းအမွေကိုရွံရှာခန်း

တေမိယမင်းသား တစ်လအရွယ်သို့ရောက်လတ်သော တစ်နေ့တွင် မင်းကြီးသည် သားတော်ရှေ့မှောက်၌ သူခိုးလေးယောက်ကို အပြစ်ဒဏ်စီရင်ချက်ချသည်ကို သားတော် ကြားရသောအခါ တေမိယမင်းသားသည် မင်းဖြစ်ရခြင်း၌ အကုသိုလ် အမှုများကို မလွှဲမရှောင်သာဘဲ ပြုလုပ်ရမည့်အရေးကို စဉ်းစားမိ၍ သံဝေဂရလေ၏။ မင်းသားသည် ရှေးဘဝများက

မင်းပြုခဲ့ဖူး၍ ငရဲသို့ကျခဲ့ရပုံကိုလည်း ဉာဏ်ဖြင့်တွေးထောက်မိသည့်အတိုင်း နောင်အခါ ထီးနန်းအမွေဆက်ခံရမည်ကို စိုးရိမ်ရွံ့ရှာလျက်နေမိလေသည်၊

## ထီးဖြူစောင့်နတ်သမီးအကြံပေးခန်း

ထိုအခါ မင်းသား၏ရှေးဘဝက မိခင်ဖြစ်ဖူးသော ထီးဖြူတော်စောင့်နတ်သမီးသည် မင်းသားထံသို့ မိခင်သဖွယ် ဖန်ဆင်းရောက်လာ၍ မင်းမပြုလိုသော် ဆွံ့အ နားထိုင်းဟန်ဆောင်၍နေရန် အကြံပေးလေသည်။ တေမိယမင်းသားလည်း ထိုအတိုင်း ဆွံ့အ နားထိုင်းဟန်ဆောင်၍ နေလေတော့၏။ ထိုအကြောင်းကို မင်းကြီးသိရှိလျှင် ပုရောဟိတ် ပုဏ္ဏားတို့ကို မေးမြန်းလေရာ မင်းသားငယ်သည် ဆွံ့အ နားထိုင်းဟန်မရှိ၊ တစ်ခုခု အလိုမကျ၍ ဖြစ်မည်၊ အနည်းနည်းဖြင့် အလိုစမ်းလေဟု အကြံပေးကြလေသည်။

## အလိုစမ်းခန်း

(က) တစ်နှစ်ရွယ် နို့ရည်ဖြင့် အလိုစမ်းခြင်း။

ထိုအခါ မင်းကြီးသည် အထိန်းတော်များနှင့် တိုင်ပင်ပြီး မင်းသားငယ်ကို တစ်နှစ်ရွယ်ရောက်သည်အထိ တစ်နေ့လုံး နို့တော်ထား၍ စမ်းသပ်ကြလေ၏။ သို့ရာတွင် မင်းသားငယ်မှာ စကားပြော၍ မင်းအဖြစ်ကို ရလျှင် ငရဲသို့ကျရမည်ကို တွေးတောကြောက်ရွံ့သဖြင့် မငိုဘဲသည်းခံ၍ နေလေ၏။ မယ်တော်လည်း တစ်ခါတစ်ရံတွင် ကိုယ်တိုင်နို့တိုက်၍ ချော့မော့လေသည်။ ထိုသို့လျှင် တစ်နှစ်ပတ်လုံး ကလေးငယ်တို့နှစ်သက်သော ချော့မြူခြင်းမျိုးဖြင့် ချော့မြူသော်လည်း အကြောင်းရင်းကို မသိကြရလျှင် အခြားနည်းဖြင့် အလိုစမ်းမှ သင့်တော့မည်ဟု မင်းကြီးကိုယ်တိုင်ပင် နည်းလမ်းသစ်ရှာဖွေရပြန်လေသည်။

(ခ) ၂ နှစ်ရွယ် မုန့်ခဲဘွယ်ဖြင့် အလိုစမ်းခြင်း။

တစ်နှစ်ရွယ် လွန်ခဲ့ပြီးသော ကလေးငယ်တို့သည် အစားအသောက်

မုန့်ခဲဖွယ်တို့ကိုမြင်လျှင် ဆုပ်ယူစားတတ်သည့်အတိုင်း မင်းအမတ်တို့သည် မင်းသားငယ် စားချင်စဖွယ်ဖြစ်အောင် မုန့်ခဲဖွယ်များကို ပြုလုပ်၍ နန်းတော်ရင်ပြင်၌ ခင်းကျင်းထားပြီးလျှင် ဖွားဘက်သူငယ်ဖော်ငါးရာနှင့် အတူ မင်းသားငယ်တို့ကို ဆောင်ယူချထား၍ မှူးမတ်တို့က အဝေးသို့ရှောင် ခွာနေကြလေ၏။ ထိုနည်းဖြင့် မကြာမကြာ စမ်းသပ်ကြသည်မှာ တစ်နှစ်တိုင် တိုင်ပင်ဖြစ်လေသည်။ သို့ရာတွင် အခြားသူငယ်ဖော်တို့သာလျှင် ဆွဲယူစား သောက်ကြပြီး ဘုရားလောင်းမှာမူ မစားဘဲနေလေ၏။

ထိုနည်းဖြင့် ဘစ်နှစ်ပတ်လုံးအလိုစမ်းကြသော်လည်း အကြောင်း အရာကိုမသိနိုင်လျှင် မင်းကြီးအား တင်လျှောက်ကြပြီး အခြားအလိုစမ်းနည်း တစ်မျိုးကို ကြံစည်ရပြန်လေ၏။

(ဂ) ၃–နှစ်ရွယ် သစ်သီးဖြင့် အလိုစမ်းခြင်း။

နှစ်နှစ်ရွယ် လွန်ခဲ့ပြီးသော ကလေးငယ်တို့မှာ သွား ခိုင်ခန့်ပြီးဖြစ်၍ သစ်သီးများကို ကိုက်စားတတ်သော အလေ့ရှိပေရာ သစ်သီးအမျိုးမျိုးဖြင့် အလိုစမ်းရသော် သင့်မည်ဟု မင်းကြီးနှင့် မှူးမတ်တို့ တိုင်ပင်ကြ ပြီးလျှင် သရက်၊ ပိန္နဲ၊ နရွဲ၊ သစ်မည်စည်၊ တည်၊ လွန်၊ သစ်ကျားစသော ရာသီအလိုက် သစ်သီးများဖြင့် စားချင်စဖွယ်ဆေးကမ်း၍ အလိုစမ်းပြန်လေသည်။

ဘုရားလောင်းမူကား ငရဲဘေးကို ကြောက်ရွံ့သဖြင့် ကြိုတင်ရှောင် လွှဲနိုင်ရန် မိမိအကြံအတိုင်း မတုန်မလှုပ် ယှငင်မစားသောက်ဘဲနေလေ၏။ ထိုအခါ အမတ်တို့လည်း ရှေးနည်းအတိုင်း မင်းကြီးကိုလျှောက်ထား၍ အခြားနည်းတစ်ရပ်ကို ကြံဆပြန်လေသည်။

(ဃ) ၄–နှစ်ရွယ် ကစားစရာဖြင့် အလိုစမ်းခြင်း။

သုံးနှစ်ရွယ် လွန်ခဲ့ပြီးသော ကလေးတို့မှာ ဆင်ရုပ်၊ မြင်းရုပ်၊ အိုးပုတ်၊ ဆန်ကောငယ်၊ ဘန်းငယ်တို့ဖြင့် ယောကျ်ားကလေးတို့ဘာဝ ကစားတတ်ကြမြဲဖြစ်လေသည်။ ထို့ကြောင့် မင်းအမတ်တို့သည် တေမိမင်းသား ငယ်အား ကစားစရာတို့ဖြင့် အလိုစမ်းရသော် ကောင်းမည်ဟုကြံ၍

ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ်၊ ဆိတ်ရုပ်၊ ကြက်ရုပ် စသည်တို့ကို ရွှေစင်, ငွေစင်တို့ဖြင့် ပြုလုပ်၍ မင်းသားငယ်ရှေ့တွင် ခင်းချထားကြလေ၏။ ကိုယ်တိုင်လည်း ကစားချင်အောင် ချော့မြှူကြလေ၏။

သို့ရာတွင် ဘုရားလောင်းမှာကား ငရဲဘေးကို ကြောက်သဖြင့် တစ်နှစ်ပတ်လုံးတိုင်အောင် မလှုပ်မရှားဘဲ နေမြဲချုပ်တီးအောင့်အည်း၍သာ နေလေလျှင် အမတ်တို့လည်း အခြားနည်းဖြင့် အလိုစမ်းရန် ကြံကြရပြန်လေသည်။

## (င) ၅-နှစ်ရွယ် အစားအစာဖြင့် အလိုစမ်းခြင်း။

လေးနှစ်ရွယ်လွန်ခဲ့ပြီးသော ကလေးတို့သည် အစားအစာကို ကြိုတင်နှစ်သက်မြဲဖြစ်သည့်အတိုင်း အစားအစာဖြင့် အလိုစမ်းမည်ဟု မှူးမတ်တို့တိုင်ပင်၍ စားချင့်စဖွယ် အစားအစာတို့ကို ချက်ပြုတ်၍ ပေးဆက်လေ၏။ သို့ရာတွင် အခြားသူငယ်ဖော်တို့သာ အလုအယက်စားသောက်ကြ၍ ဘုရားလောင်းကမူ မကိုင်မယူဘဲ နေလေ၏။

ထိုနည်းဖြင့် တစ်နှစ်တိုင်တိုင် စမ်းသပ်သော်လည်း ဘုရားလောင်း၏ အလိုကို မလိုက်နိုင်ကြသဖြင့် မင်းကြီးအား လျှောက်ထားကာ နည်းလမ်းသစ် ကြံရပြန်လေသည်။

## (စ) ၆-နှစ်ရွယ် မီးဖြင့် အလိုစမ်းခြင်း။

ငါးနှစ်ရွယ်လွန်ခဲ့ပြီးသော ကလေးတို့သည် ကိုယ်အင်္ဂါနုနယ်၍ စိတ်နှလုံးလည်း မငြိမ်မသက် ထိတ်လန့်လွယ်တတ်သည့်အတိုင်း မီးဖြင့် အလိုစမ်းမည်ဟု မှူးမတ်တို့ တိုင်ပင်၍ နန်းရင်ပြင်တွင် ပြေးထွက်စရာလမ်းပေါက်များနှင့်တကွ ကစားရန်တဲကြီးကို ထန်းရွက်ခြောက်များဖြင့် မိုးထားပြီးလျှင် သူငယ်ဖော်ငါးရာနှင့်အတူ မင်းသားငယ်ကို ကစားနေစေ၏။ ထိုသို့ပြီးသောအခါ ထန်းရွက်ခြောက်တို့ကို မီးရှို့လေလျှင် အခြားကစားဖော်များမှာ မီးလောင်သည်ကိုမြင်၍ အလန့်တကြားထွက်ပြေးကြလေသည်။

ဘုရားလောင်း တေမိယမှာမူကား "ဤမီးသည် ပူသော်လည်း လောင်မြိုက်ရုံသာရှိမည်။ တစ်ကိုယ်လုံးကျွမ်းအောင် မလောင်နိုင်။ ငရဲမီးကား ထိုထက်အဆ သိန်းသန်းပူလောင်သေးသည်။ ထိုမျှပြင်းထန်သော ငရဲမီးကို ကြောက်လျှင် မင်း မပြုရအောင် ဤမီးကိုသာ သည်းခံနေသင့်သည်"ဟု မိမိကိုယ်ကို ဆုံးမ၍ မထွက်မပြေး ငြိမ်သက်စွာနေလေ၏။

ထိုအဖြစ်ကြောင်းကို အထိန်းတော်တို့မြင်လျှင် အနီးသို့မီးကူးလာသည်တွင် မင်းသားငယ်ကို သိမ်းပိုက်ချီယူကြရလေ၏။

ထိုနည်းဖြင့် တစ်နှစ်ပတ်လုံး ကြိမ်ဖန်များစွာ အလိုစမ်းသော်လည်း ထူးခြားခြင်းမရှိသဖြင့် ပညာရှိများက စိတ်ကြောင့်သာ ဖြစ်မည်ဟု တွေးဆကာ မင်းကြီးအားလျှောက်ထားလေ၏။ မင်းကြီးနှင့် အမတ်တို့လည်း အခြားသင့်လျော်မည့် အလိုစမ်းနည်းကို ရှာကြံကြရပြန်လေ၏။

(ဆ) ၇-နှစ်ရွယ် ဆင်ဖြင့်အလိုစမ်းခြင်း။

ခြောက်နှစ်ရွယ် လွန်ခဲ့ပြီးသောကလေးတို့သည် သွေးသားရင့်၍ လိမ္မာစအရွယ်ဖြစ်သဖြင့် ကြောက်ရမှန်း ပျော်ရမှန်းကို သိပြီဖြစ်သည့်အတိုင်း ဆင်ဖြင့် အလိုစမ်းလျှင် သင့်မည်ဟု မှူးမတ်တို့ တိုင်ပင်ကြလေ၏။

ထိုနောက် လိမ္မာသောဆင်ကြီးတစ်စီးကို သင်ကြားထားပြီးလျှင် မင်းသားငယ်နှင့် သူငယ်ဖော်များရှိရာကွင်းပြင်သို့ လွှတ်လိုက်လေ၏။ ဆင်ကြီးလည်း ဟစ်အော်၍ ကြောက်ဖွယ်ကောင်းအောင် နှန်ပေါက်ခြိမ်းခြောက်ကာ သူငယ်များကို ထိုးသတ်တော့မည့်ကဲ့သို့ ပြေးလာလေ၏။ သူငယ်ဖော်တို့ကား ကြောက်လန့်၍ ငိုယိုပြေးရှောင်ကြလေ၏။ ဘုရားလောင်းကား မလှုပ်မယှက်သာ နေလေ၏။

ထိုနည်းဖြင့် တစ်နှစ်ပတ်လုံး မကြာမကြာ အလိုစမ်းကြလေသည်။ သို့ရာတွင် ရေးနည်းအတူ မထူးခြားသဖြင့် အလိုစမ်းနည်းတစ်နည်းကို ကြံစည်ကြရပြန်လေ၏။

## (၈) ၈–နှစ်ရွယ် မြွေဖြင့်အလိုစမ်းခြင်း။

ခုနစ်နှစ်ရွယ် လွန်ခဲ့သော သူငယ်တို့သည် ဆင်ခြင်ဉာဏ် မရင့်သန်သေးသဖြင့် ရွံရှာကြောက်မက်ဖွယ်တို့ကိုမြင်လျှင် ကြောက်လန့်တတ်သောကြောင့် မြွေဖြင့် အလိုစမ်းကြဦးမည်ဟု မှူးမတ်တို့က တိုင်ပင်ကြလေ၏။ ထိုနောက် မြွေငန်း၊ မြွေဟောက် စသော ပါးပျဉ်းရှိမြွေများကို အလမ္မာယ်များအားဖမ်းစေ၍ အစွယ်ကိုနုတ်ကာ အန္တရာယ်မပြုနိုင်အောင် စီမံပြီးလျှင် ဘုရားလောင်းအား ကွင်းပြင်၌ထား၍ မြွေများကိုလွှတ်လေ၏။

သူငယ်ဖော်တို့လည်း မြွေများကိုမြင်လျှင် ကြောက်လန့်၍ ထွက်ပြေးကြလေ၏။ ဘုရားလောင်းမှာမူ ငရဲတွင်းသို့ ဝင်ရသည်ထက် မြွေခံတွင်းသို့ ဝင်ရသည်က အဆများစွာ ပျော်သေးသည်ဟု ယူဆလျက် ငြိမ်သက်စွာနေလေ၏။

ထိုနည်းဖြင့် တစ်နှစ်ပတ်လုံး အလိုစမ်းသပ်သော်လည်း မထူးခြားသဖြင့် မင်းကြီးအား လျှောက်ကြားပြီး အခြားနည်းကို ကြံစည်ကြပြန်လေသည်။

## (၉) ၉–နှစ်ရွယ် ကခုန်ပွဲမျိုးစုံဖြင့် အလိုစမ်းခြင်း။

ရှစ်နှစ်ရွယ် လွန်ခဲ့ပြီးသော သူငယ်တို့သည် စိတ်ပျော်ရွှင်စရာ ပွဲလမ်းကို ကြိုက်နှစ်သက်တတ်သဖြင့် မှူးမတ်တို့လည်း ကခုန်ပွဲမျိုးစုံဖြင့် အလိုစမ်းရန် စီစဉ်ကြလေ၏။

မှူးမတ်တို့သည် ဘုရားလောင်းအား သူငယ်ဖော်တို့နှင့်အတူ နန်းတော်ဦး၌ထား၍ ကခုန်ပွဲများကို ပြသလေ၏။ ကပြသူတို့လည်း တိုင်တက်၊ ကွင်းလျှိုး၊ ကြိုးတန်းလျှောက် ကျွမ်းထိုး၊ ကခုန်၊ သီဆို၊ တီးမှုတ်၊ လက်ဝှေ့ထိုးသတ်၊ မျက်လှည့်မျိုးစုံပြ၍ ပျော်စရာ ရယ်ရွှင်စရာ အမျိုးမျိုးကို ပြကြလေသည်။ သူ့ဖော်တို့ကား နှစ်သက်ရယ်မောကြလေ၏။

တေမိယမင်းသားမှာမူ ငြိမ်သက်စွာပင် နေလေသည်။ ပွဲသဘင်ကို ကား ကြည့်ပင်မကြည့်တော့ပေ။

မှူးမတ်တို့မှာ မကြုံဘူးအောင် ထူးခြားနေသော မင်းသား၏အဖြစ်ကို မှန်ကန်အောင် မတွေးတတ်သဖြင့် ရှေးနည်းအတိုင်း မင်းကြီးအား တင်လျှောက်ပြီး အခြားနည်းတစ်မျိုးဖြင့် အလိုစမ်းရန် ကြံစည်ကြပြန်လေသည်။

## (ည) ၁၀-နှစ်ရွယ် သန်လျက်ဖြင့် အလိုစမ်းခြင်း။

ကိုးနှစ်ရွယ်လွန်ခဲ့ပြီးသော သူငယ်တို့သည် စိတ်နှလုံးမငြိမ်ဘဲ ကြောက်လန့်တတ်သည့်အတိုင်း သန်လျက်ဖြင့် အလိုစမ်းရန် မှူးမတ်တို့က လိုင်ပင်ဆုံးဖြတ်ကြလေ၏။

မှူးမတ်တို့လည်း ဘုရားလောင်းကို သူငယ်ဖော်တို့နှင့် အတူထားပြီးလျှင် ခြောက်လှန့်တတ်သော အရုပ်ဆိုးသည့် လူကြမ်းတစ်ယောက်အား ထက်လှသော သန်လျက်ကို ကိုင်စေ၍ ခါးတောင်းကျိုက်စေပြီးလျှင် ခုန်ပေါက်ခြိမ်းခြောက်စေလေ၏။

သို့ရာတွင် ဘုရားလောင်းအား ကြောက်လန့်အောင်ပြု၍ မရသဖြင့် လက်လျှော့ရလေသည်။

ထိုနည်းဖြင့် တစ်နှစ်ပတ်လုံး အခွင့်သင့်တိုင်း ခြိမ်းခြောက်၍ အလိုစမ်းသော်လည်း မရသောကြောင့် မင်းမှူးမတ်တို့ အခြားနည်းကို ရှာကြံကြရပြန်လေ၏။

## (ဋ) ၁၁-နှစ်ရွယ် ခရုသင်းဖြင့် အလိုစမ်းခြင်း။

အမတ်တို့လည်း ဤမင်းသားသည် အလိုတစ်ခုခုကြောင့် မတုန်မလှုပ်ခြင်းကား မဟုတ်နိုင်ရာ။ ရှာန်ရသူ(စိတ်ကို အထူးစေစားနိုင်သူ)ပင်လျှင် အာရုံအမျိုးမျိုးကို မခံစားမိဘဲမရှိရာ၊ နားပင်း၍သာ ဖြစ်ကောင်းဖြစ်မည်ဟု တိုင်ပင်ကြ၍ ခရုသင်းဖြင့် အလိုစမ်းရန် ကြံစည်ကြပြန်လေ၏။

အမတ်တို့သည် မင်းသားငယ်၏ အိပ်ရာခန်းကို လုံအောင်ကာရံပြီးလျှင် အိပ်ရာသလွန်အောက်၌ ခရုသင်းမှုတ်တတ်သူကိုသွင်း၍ အပြင်မှ ချောင်းမြောင်းကြည့်နေကြပြီး ခရုသင်းကိုမှုတ်စေလေ၏။

ဘုရားလောင်းမှာမူကား မိမိအား တစ်နည်းနည်းဖြင့် အလိုစမ်းလိမ့်

ဦးမည်ဟု ကြိုတင်သိထား၍ အမြဲသတိမလစ်အောင်နေလျက်ရှိသဖြင့် မလှုပ်မယှက်သာနေလေ၏။ အပြင်မှချောင်း၍ ကြည့်နေကြသော အမတ်များလည်း လှုပ်ရှားခြင်းကို မတွေ့ရဘဲရှိလေ၏။ ထိုနည်းဖြင့် ခရသင်းမှုတ်သူ ချောင်းမြောင်းကြည့်သူ ပြောင်းလဲ၍ စမ်းသော်လည်း တစ်နှစ်သာ ကုန်၍ အကြောင်းမထူးလျှင် မင်းကြီးအားလျှောက်၍ အခြားနည်းကို ကြံစည်ကြရပြန်လေ၏။

## (ဌ) ၁၂-နှစ်ရွယ် စည်ကြီးဖြင့် အလိုစမ်းခြင်း။

မင်းသားငယ်သည် တစ်ဆယ့်တစ်နှစ်ကျော်လွန်ခဲ့ပြီဖြစ်၍ ခရသင်းဖြင့် အလိုစမ်းနည်းအတိုင်း စည်ကြီးဖြင့် အလိုစမ်းရန် ကြံစည်ကာ ရှေးနည်းတူ စမ်းသပ်ကြပြန်လေ၏။ သို့ရာတွင် မည်သို့မျှလှုပ်ရှားသည်ကို မတွေ့မြင်ရလျှင် မင်းကြီးအား လျှောက်ထား၍ အခြားနည်းကို ကြံစည်ကြပြန်လေ၏။

## (ဍ) ၁၃-နှစ်ရွယ် ဆီမီးဖြင့် အလိုစမ်းခြင်း။

တေမိမင်းသားသည် ဆယ့်နှစ်နှစ် လွန်မြောက်ခဲ့ပြီဖြစ်ရာ အမတ်တို့က ဆီမီးဖြင့် အလိုစမ်းရသော် သင့်မည်ဟုကြံ၍ ညအချိန်သို့ရောက်သောအခါ ဘုရားလောင်း၏ အိပ်ရာခန်းတွင် ဆီမီးမထွန်းဘဲထားလေ၏။ အလင်းရောင်မရှိ၍ အခြားသူများ အိပ်ပျော်နေစဉ်အခါတွင် မုချကိုယ်လက်လှုပ်ရှားလိမ့်မည်ဟု ထင်မှတ်၍ ထိုသို့စမ်းသပ်မိခြင်း ဖြစ်လေသည်။

မှူးမတ်တို့သည် ညအချိန်တွင် မီးရောင်ကို အုပ်ကွယ်၍ အခန်းတွင်းသို့ မသိအောင်ဝင်ပြီးလျှင် ရုတ်တရက်မီးရောင်ကို ဖွင့်လှစ်၍ အနေအထားပြောင်းမပြောင်းကို ကြည့်ရှုကြလေ၏။ သို့သော်လည်း ဘုရားအလောင်းမှာ သတိမလစ်၊ ဆုံးဖြတ်ချက် ခိုင်မြဲသဖြင့် ထူးခြားချက်မတွေ့ရပြန်လျှင် အရွယ်နှင့်လိုက်အောင် တစ်နည်းစမ်းရန် မှူးမတ်တို့ကြံစည်ကြရပြန်လေ၏။

## (ဎ) ၁၄-နှစ်ရွယ် တင်လဲဖြင့် အလိုစမ်းခြင်း။

တစ်ဆယ့်သုံးနှစ်ကျော်လွန်သော သူငယ်တို့သည် စိတ်ထားရင့်သန်

မသာလျှင်ဖြစ်၍ သည်းမခံနိုင်သောအရာ၌ ချက်ခြင်း စိတ်မခံရပ်နိုင်အောင် ဖြစ်တတ်သည့်အတိုင်း တင်လဲဖြင့် အလိုစမ်းရန် မှူးမတ်တို့ ကြံစည်ကြပြန်လေ၏။

မှူးမတ်များသည် မင်းသားငယ်အား တင်လဲရည်ဖြင့်လိမ်းကျံ၍ ခြင်ယင်ရဲတို့ ထူထပ်ရာ၌ ထားလေလျှင် ခြင်ယင်ရဲတို့ဝိုင်းအုံ၍ တင်လဲနှင့်တကွ လူ၏သွေးကိုပါစုပ်ယူထိုးကိုက်ကြလေ၏။ အနာဂါမ်ရဟန္တာမှလွဲ၍ သာမည လူတို့မှာ ခြင်ယင်ကိုက်ခဲခြင်းကို သည်းခံနိုင်ခဲ့ကြသော်လည်း တေမိယမင်းသားမှာ ခိုင်မြဲသော ဆုံးဖြတ်ချက်ရှိသဖြင့် "ငရဲဘေးနှင့် နှိုင်းစာသော်မဖြစ်လောက်သော ဆင်းရဲမျှဖြစ်သည်"ဟု တရားနှင့် စိတ်ကိုချုပ်တီး၍နေလေ၏။

ထိုနည်းဖြင့် တစ်နှစ်ပတ်လုံး အလိုစမ်း၍ အကြောင်းမထူးလျှင် အခြားဖြင့် အလိုစမ်းရန် မင်းမှူးမတ်တို့ ကြံစည်ကြရပြန်လေ၏။

(ဏ) ၁၅-နှစ်ရွယ် မစင်ဖြင့် အလိုစမ်းခြင်း။

တစ်ဆယ့်လေးနှစ်ကျော်လွန်ခဲ့သော သူငယ်ပျိုတို့သည် ကိုယ်ကိုသန့်ပြန့်စွာ ဝတ်စားဆင်ယင်ချင်စိတ် ထူးကဲ၍ အညစ်အကြေးကို အလွန်စက်ဆုပ်တတ်သည်ဖြစ်ရာ ဘုရားလောင်းအား ရွံစရာမစင်တို့ဖြင့် အလိုစမ်းရသော် ကောင်းမည်ဟု မှူးမတ်တို့ ကြံစည်ကြရပြန်လေသည်။

မှူးမတ်တို့သည် ဘုရားလောင်းအား ရေချိုးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ရန် အိမ်သာခန်း (သန့်သက်အိမ်) သို့ပို့ခြင်းတို့ကို မပြုလုပ်ဘဲ အခန်းတစ်ခု၌ ညစ်ပတ်နံစော်အောင် ထားလေ၏။ ထိုအခါ ဘုရားလောင်းသည် မကောင်းသောအနံ့တို့ဖြင့် အလွန်ဒုက္ခဆင်းရဲရောက်လေ၏။

သို့ရာတွင် သည်းခံကာ ငြိမ်သက်စွာပင်နေလေ၏။ အထိန်းတော်တို့လည်း ကြည့်၍မကောင်းမှ သုတ်သင်ဆေးကြောပေးကြ၍ ထိုနည်းအတိုင်း တစ်နှစ်အတွင်း အကြိမ်ကြိမ် စမ်းသပ်ကြရာ အလိုတော်ကို မသိနိုင်ကြဘဲရှိ၍ မှူးမတ်တို့လည်း အခြားတစ်နည်းစမ်းသပ်ရန် ကြံစည်ကြပြန်လေသည်။

## (တ) ၁၆–နှစ်ရွယ် မီးဖိုဖြင့် အလိုစမ်းခြင်း။

မှူးမတ်တို့လည်း မင်းသားငယ်သည် အမှန်ပင် ဆွံ့အနားပင်းရိုးမှန်လျှင် ဤမျှလောက် စမ်းသပ်ခြင်းဖြင့် လှုပ်ရှားမိမည်သာဖြစ်ပါလျက် မလှုပ်ရှားသည်မှာ စိတ်အစွဲ တစ်ခုခုကြောင့်သာ ဖြစ်ရမည်ဟု တွေးကြပြန်လျက် မီးဖိုဖြင့် ပူလောင်အောင်ပြု၍ စမ်းရန် စီစဉ်ကြပြန်လေ၏။

မှူးမတ်တို့သည် မင်းသားငယ်ကို အိပ်ရာသလွန်ထက်၌ တင်၍ အိပ်ရာအောက်က မီးဖိုထား၍ မီးငွေ့ဖြင့် ကျပ်တင်သကဲ့သို့ ပူလောင်စေလေ၏။ မင်းသားလည်း မီးရှိန်ဟပ်သဖြင့် တစ်ကိုယ်လုံး အဖူးပေါက်လျက် ပူလောင်နာကျင်လေ၏။

သို့ရာတွင် ဘုရားလောင်းသည် ဆုံးဖြတ်ချက်မပြောင်းလဲသဖြင့် လက်လျော့ကာ အခြားနည်းကို ကြံစည်ကြရပြန်လေသည်။

## (ထ) ၁၇–နှစ်ရွယ် အငြိမ့်မင်းသမီးဖြင့် အလိုစမ်းခြင်း။

အမတ်ပညာရှိတို့လည်း ဆွံ့အနားပင်းသူ ဖြစ်စေကာမူ တစ်ဆယ့်ခုနစ်နှစ်ရွယ်တွင် ကာမဂုဏ်သာယာမှုကို နှစ်သက်တတ်သည်ဟု ဆင်ခြင်မိကြ၍ ပျို့ရွယ်လှပပြီး အလိုပါအောင် လှည့်ဖျားချော့မြှူနိုင်သော (ကချေသည်) အငြိမ့်မင်းသမီးဖြင့် အလိုစမ်းရန် စီစဉ်ကြလေ၏။

အမတ်တို့လည်း လှပ၍ မင်းသားစိတ်ညွတ်လောက်သော မင်းသမီးပျို့ရွယ်များကို မင်းကြီးအမိန့်ဖြင့် ရွေးချယ်ပြီး မင်းသားငယ်ကို စွဲမက်အောင်ပြုကြလေ၊ ပြုနိုင်ခဲ့လျှင် မင်းသားနှင့် ထိမ်းမြား၍ မင်းသားထီးနန်းရသောအခါ ဖိဖုရားမြှောက်စေမည်ဟု ပြောဆိုကာ တာဝန်ပေးကြလေ၏။ ထိုနောက် မင်းသားကိုလည်း တင့်တယ်အောင်ပြင်ဆင်၍ ပျော်စရာနေရာကို ဖန်တီး၍ထားလေ၏။ အခြားသူများကိုလည်း ဖယ်ရှား၍ မင်းသားနှင့် မိန်းမပျို့ရွယ်တစ်စုကိုသာ အတူထားလျက် ချော့မြှူစေ၏။

အငြိမ့်မင်းသမီးတို့လည်း သီချင်းဆိုခြင်း၊ ကာမဂုဏ်စကားကိုပြောခြင်း၊ အတွေ့ဖြင့်ထိနိုက်ချော့မြှူခြင်းတို့ကို အနည်းနည်းအစွမ်းရှိသမျှ

ပြုလုပ်ကြလေ၏။ သို့ရာတွင် ဘုရားလောင်းမင်းသားကား ကာမဂုဏ်ကို မနှစ်သက်သည့်အတိုင်း ထွက်သက် ဝင်သက်ကို ဖြည်းဖြည်းရှူ၍ စိတ်ချုပ်တည်းနေလေ၏။ ထိုအခါ ကိုယ်လက်အင်္ဂါလည်း ကြမ်းတမ်းမာကျောလျက်ရှိလေ၏။

မင်းသမီးတို့လည်း မင်းသားဘာမျှ မထူးခြားလျှင် ဤမင်းသားကား ဘီလူးပင်ဖြစ်မည်ဟု ထင်မှတ်၍ ဖယ်ပြေးကြလေ၏။ ဤသို့လျှင် အနည်းနည်း အလိုစမ်းသော်လည်း မင်းသားကို တစ်ဦးတစ်ယောက် အလိုစမ်း၍ မရဖြစ်ကြလေလျှင် အားလုံးစိတ်ပျက်ကြလေသည်။

ထိုနည်းဖြင့် ဖွားမြင်စ တစ်လအရွယ်မှ တစ်ဆယ့်ခုနစ်နှစ်တိုင်အောင် တစ်နှစ် တစ်မျိုးကျ အလိုစမ်းသော်လည်း မည်သို့မျှ မတတ်နိုင်ဘဲရကြလေ၏။

## မြေမြှုပ်သတ်ရန် တင်လျှောက်ခန်း

တေမိမင်းသားအား အနည်းနည်းအလိုစမ်း၍ မရလျှင် မင်းကြီးသည် စိတ်မချမ်းသာဖြစ်၍ ဖွားစဉ်က လက္ခဏာဖတ်သော ပုဏ္ဏားတို့အား ခေါ်ယူမေးမြန်းပြန်ရာ၊ ပုဏ္ဏားတို့က အကြောင်းကိုမသိဘဲ ဖွားစဉ်ကပင် ဆွံ့အမှန်းသိလျက်နှင့် မင်္ဂလာရှိအောင် လိမ်လည်တင်လျှောက်ခဲ့လေဟန် လျှောက်ထားရုံသာမက ထိုမင်းသားအား နန်းတော်၌ ထားရှိလျှင် ခိုးသားဆူပူလုယက်မည်ဖြစ်၍ မြေမြှုပ်သတ်ရန်ကိုပင် လျှောက်တင်ကြသဖြင့် မင်းကြီးလည်း ပုဏ္ဏားတို့အကြံပေးချက်ကို လက်ခံလိုက်လေတော့သည်။

## မိဖုရားကြီးတောင်းပန်ခန်း

ထိုအကြောင်းကို တေမိယမင်းသား၏မယ်တော် စန္ဒာဒေဝီမိဖုရားကြီး ကြားသိလျှင် မင်းကြီးထံသို့အမြန်သွား၍ မိမိပြန်၍အပ်ခဲ့သောဆုမျှားအနက် သားတော်အား အိမ်ရှေ့မင်းအရာဖြင့် ချီးမြှောက်ရန် ဆုအဖြစ် တောင်းပန်လေသည်။ မင်းကြီးက ဆွံ့အ,သော သားတော်အား ထီးနန်းမွေကို မပေးနိုင်ကြောင်းဖြင့် ငြင်းပယ်လေ၏။

ထိုအခါ မိဖုရားကြီးက ခုနစ်နှစ်ကာလမျှ လွှဲအပ်ရန် တောင်းပန်ပြန်လေသည်။ တောင်းပန်၍မရလျှင် ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ တစ်နှစ် စသည်ဖြင့် လျှော့၍ တောင်းပန်ပြန်လေသည်။

မင်းကြီးက တစ်နှစ်မျှလည်း မပေးနိုင်ကြောင်းကို ငြင်းပယ်လေလျှင် ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ၊ နှစ်လ၊ တစ်လ စသည်ဖြင့် လျှော့၍ အကြောင်းအမျိုးမျိုး တင်ပြလျှောက်လဲ တောင်းပန်ပြန်လေသည်။

ထိုနောက်တွင် တစ်လမှ တစ်ဆယ့်ငါးရက်၊ တစ်ဆယ့်ငါးရက်မှ ခုနစ်ရက်သို့ လျှော့၍ မင်းကြီးငြင်းပယ်တိုင်း ထပ်ကာထပ်ကာ တောင်းပန်ရာ ၇-ရက်မျှ အတွင်းထီးနန်းကို လွှဲအပ်ရန် မင်းကြီးက ခွင့်ပြုလိုက်လေသည်။

## သားတော်အားမင်းမြှောက်ခန်း

မင်းကြီးနှင့် မိဖုရားကြီးတို့လည်း သားတော်အား မင်းမြှောက်တန်ဆာဆင်၍ ရာဇပလ္လင်ထက်၌ တင်ကာ မင်းမြှောက်ကြလေ၏။

## မင်းမပြုလို၍ စကားမပြောဘဲနေခန်း

တေမိယမင်းသားအား ထီးနန်းအပ်ပြီးနောက် မယ်တော်သည် သားတော်အား စကားပြောရန် ခြောက်ညဥ့်ပတ်လုံး တောင်းပန်လေသည်။ သားတော်မူကား မင်းပြုရမည့်ဘေးကို ကြောက်ရွံ့သဖြင့် မပြောဘဲသာလျှင် နေလေ၏။

## မြှုပ်သတ်ရန်အမိန့်ထုတ်ခန်း

တေမိယမင်းသားအား ထီးနန်းအပ်၍ ခြောက်ရက်ရှိလျှင်သားတော်၏ ထူးခြားခြင်းမရှိကြောင်းကို မင်းကြီးသိရသဖြင့် သုနန္ဒာအမည်ရှိသော ရထားမှူးအားခေါ်၍ တေမိယမင်းသားအား သင်္ချိုင်းတွင် တွင်းတူး၍ မြှုပ်သတ်ရန် အမိန့်ထုတ်ပြန်လေသည်။ မိဖုရားကြီးကား သားတော်အား တစ်ညဥ့်ပတ်လုံး ထပ်မံတောင်းပန်သော်လည်း အချည်းနှီးသာ ဖြစ်လေသည်။

ဘုရားလောင်း မင်းသားကမူကား ထီးနန်းမှ လွတ်ကွာတော့မည်ကိုသိ၍ ဝမ်းမြောက်လျက်ရှိလေ၏။

## မြှုပ်သတ်ရန်တွင်းတူးခန်း

နောက်တစ်နေ့နံနက်တွင် သုနန္ဒာ ရထားမှူးသည် အမိန့်အတိုင်း ရထားပြင်၍ မင်းသားထံသို့လာရောက်ကာ မိဖုရားကြီးအား တောင်းပန်ပြီး မင်းသားကို မြေမြှုပ်သတ်ရန် ခေါ်ဆောင်သွားလေသည်။

မြို့အပြင်သို့ရောက်လျှင် မင်းသား၏ကိုယ်မှ အဝတ်တန်ဆာတို့ကို ဖြုတ်ယူပြီး မင်းသားကို ထားခဲ့လျက် မနီးမဝေးတွင် မြှုပ်သတ်ရန် တွင်းကိုတူးနေလေသည်။

## ဘုရားလောင်းဝမ်းမြောက်ခန်း

ထိုအခါ ဘုရားလောင်းသည် မိမိအင်အားကို စမ်းသပ်ကာ ဝိသုကြံနတ်သား ဖန်ဆင်းပေးသော အဝတတန်ဆာဟို့ကို ဝတ်ဆင်ပြီးနောက် မိမိတရားသဖြင့် ဖြည့်ကျင့်ခဲ့ခြင်းအတွက် ဝမ်းမြောက်နေမိလေ၏။

## ရထားမှူးနှင့်စကားဆိုခန်း

ထို့နောက် တေမိယမင်းသားသည် ရထားမှူး တွင်းတူးရာအရပ်သို့ သွား၍ အဘယ်ကြောင့် တွင်းတူးနေကြောင်းကိုမေး၏။ ရထားမှူးက မော်၍မျှမကြည့်ဘဲ ဆွံ့အ‌သော မင်းကြီး၏ သားတော်ကို မြှုပ်သတ်ရန် ဖြစ်ကြောင်းကို ပြန်ပြောလေ၏။ တေမိယမင်းသားသည် ရထားမှူး မော်၍ကြည့်အောင် မိမိကိုယ်ကို ချီးမြှောက်၍လည်းကောင်း၊ မိမိကိုယ်ကို မင်းကြီး၏ သားဖြစ်ကြောင်း ထင်ရှားစေအောင် ပြောဆို၍လည်းကောင်း ရထားမှူးအား တရားဟောပြလေသည်။

မင်းသားသည် ရထားမှူးအား 'မိတ္တပူဇာဘရား ၁၀--ပါး'ကို ဟောပြောလေသည်၊ ထိုအခါမှ ရထားမှူးသည် မိမိထားခဲ့သောနေရာတွင်

မင်းသားကိုပြန်၍ကြည့်ရာ မတွေ့ရှိရတော့ဘဲ အနီး၌ စကားပြောနေသူမှာ မိမိဆောင်ယူခဲ့သော မင်းသားစင်စစ် ဖြစ်နေကြောင်းကို သိရလေ၏။

ထိုအခါ ရထားမှူးသည် တေမိယမင်းသားအား ကြည်ညိုလျက် ပြည်တော်သို့ပြန်ရန် တောင်းပန်လေသည်။ သို့ရာတွင် တေမိယမင်းသားက မပြန်လိုကြောင်းနှင့် ဆွံ့အ နားပင်းဟန်ဆောင်၍ နေခြင်းမှာ မင်းအဖြစ်ကို စက်ဆုပ်ခြင်းကြောင့် ဖြစ်ကြောင်းကို ရှင်းလင်းပြောပြလေသည်။ ထို့နောက်တွင် ရထားမှူးက မယ်တော် ခမည်းတော်တို့ကို ပင့်ဆောင်လာရန် ခွင့်ပန်သဖြင့် တေမိယမင်းသားက ခွင့်ပြုလေသည်။

## မင်းကြီးအား တင်လျှောက်ခန်း

ရထားမှူးလည်း ဗာရာဏသီပြည်သို့ ပြန်လာရာ သတင်းစောင့်မျှော်နေသော မိဖုရားကြီးနှင့်တွေ့၍ သားတော် မဆွံ့အ ကြောင်းများကို အလုံးစုံ သံတော်ဦးတင်လေ၏။ မင်းကြီးအားလည်း လျှောက်တင်လေသည်။

## ရဟန်းပြုခန်း

ဘုရားလောင်း တေမိယမင်းသားလည်း ရထားမှူး ထွက်သွားလျှင်ပင် ရဟန်းပြုလေတော့၏။ ရဟန်းအဖြစ်သို့ရောက်၍ တရားအားထုတ်လေလျှင် မကြာမြင့်မီပင် သမာပတ်အဘိဉာဉ် ဉာဏ်အမြင်ထူးကို ရရှိလေသည်။

## မယ်တော်၊ ခမည်းတော်တို့ လိုက်လာခန်း

မင်းကြီးနှင့် မိဖုရားကြီးတို့လည်း စကားပြောသော သားတော်အား မင်းပြုစေမည်ဟု ဝမ်းမြောက်စွာဖြင့် အခြွေအရံများနှင့်တကွ ခရီးလမ်းပြင်ဆင်၍ သားတော်ရှိရာသို့ လိုက်ပါခဲ့ကြလေ၏။

သားတော်၏နေရာသို့ ရောက်ကြလျှင် သားတော်တေမိယရသေ့ကို တွေ့မြင်ကြရ၍ နှုတ်ခွန်းစကားများကို အပြန်အလှန်လျှောက်တင်ကြလေသည်။

မင်းကြီး မိဖုရားကြီးနှင့် အခြွေအရံတို့သည်လည်း အလွန်ခြိုးခြံစွာကျင့်သော ဘုရားလောင်းကို အံ့သြချီးမွမ်းပူဇော်ကြလေသည်။

## မယ်တော်၊ ခမည်းတော်တို့ ရဟန်းပြုရန် ကြံစည်ခန်း

ထိုနောက် ခမည်းတော် မင်းကြီးသည် သားတော်အား တိုင်းပြည်သို့ ပြန်၍ ထီးနန်းစိုးအုပ်ရန် တောင်းပန်လေသည်။ သို့ရာတွင် တေမိယက ငြင်းပယ်၍ တရားဟောပြောပြသဖြင့် မင်းကြီး၊ မိဖုရားကြီးနှင့် အခြွေအရံတို့ပါ ရဟန်းပြုရန် ကြံစည်ကြလေသည်။ တိုင်းပြည်တွင် ကျန်ခဲ့သူများကိုလည်း ကြားသိစေလေသည်။

## ပြည်သူပြည်သားတို့ ရဟန်းပြုခန်း

ဗာရာဏသီပြည်သားတို့လည်း စည်းစိမ်ရွှေငွေတို့ကို စွန့်ခဲ့၍ မင်းကြီးနှင့်အတူ ရဟန်းပြုကြလေသည်။ ဘုရားလောင်းတေမိယရသေ့လည်း ရဟန်းအများကို တရားပြသလျက်နေလေသည်။

## ၇—ပြည်ထောင်တို့ ရဟန်းပြုခန်း

ဗာရာဏသီမင်းနှင့် ပြည်သူတို့ ရဟန်းပြုကြကြောင်းကို အနီးပတ်ဝန်းကျင်ရှိ သာမန္တရာဇ်မင်းကြားလျှင် ပြည်ကိုသိမ်းယူရန် လူအများနှင့် ချီတက်လာရာ၌ ဗာရာဏသီပြည်တွင် စွန့်ပစ်ခဲ့သော ဥစ္စာတို့ကိုမြင်လျှင် ပညာဉာဏ်ဖြင့်ဆကာ တရားကိုထင်မြင်ပြီး ဘုရားလောင်းထံသို့ မေးမြန်းလိုက်ပါသွားရာမှ တရားနာကြား၍ ရဟန်းပြုကြပြန်လေသည်။ ခုနစ်ပြည်ထောင်သော မင်းအပေါင်းတို့လည်း ထိုနည်းအတူပင် တောထွက်၍ ရဟန်းပြုကြလေသည်။ သေလွန်ကြသော် ဗြဟ္မာ့ဘုံ အသီးသီးသို့ ရောက်ကြလေ၏။

## ဇာတ်ပေါင်းခန်း

ဇာတ်တော်ပေါင်းသော်-

၁။ ထီးပြူစောင့်နတ်သမီးသည် ဥပ္ပလဝဏ်ထေရီ။
၂။ သုနန္ဒာသည် သာရိပုတ္တရာထေရ်။
၃။ သိကြားမင်းသည် အနုရုဒ္ဓါထေရ်။
၄။ ဗိသုကြိုနတ်သားသည် အာနန္ဒာထေရ်။
၅။ ကာသိကရာဇ်မင်းနှင့် စန္ဒာဒေဝီမိဖုရားတို့သည် ကပိလဝတ်ပြည့်ရှင်မင်းကြီးနှင့် မိဖုရားကြီး။
၆။ ခုနစ်ပြည်ထောင်မှ ပြည်သူပြည်သားရသေ့များသည် ဘုရား၏ပရိသတ်များ။
၇။ တေမိယမင်းသားသည် ဂေါတမမြတ်စွာဘုရား။

ဟူ၍အသီးသီး ဖြစ်လာလေသည်။




# ဇနကဇာတ်တော်

## ဇာတ်တော်အကြောင်း

မဟာဇနကဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် မဟာဇနကမင်း၏ အကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်ကြီး ဆယ်ဖောင်တွင် ဒုတိယဇာတ်တော်ဖြစ်လေသည်။ ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် တောထွက်ခြင်း နိက္ခမပါရမီတော်ကိုအကြောင်းပြု၍ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာသက္ကရာဇ် ၁၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် သောကြာနေ့တွင် ဂါထာပေါင်း ၁၇၇ ဂါထာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူလေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ၊ မင်းပူးမြို့ လေသာဆရာတော် ဦးဩဘာသက ၁၁၄၇ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက်နေ့တွင် မြန်မာစကားပြေသို့ ပြန်ဆိုပြီးစီးတော်မူလေသည်။ ထိုပျို့ကို ၁၁၆၀

ခုနှစ်တွင် တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို(၁၀၈၈–၁၁၇*)က ပျို့ကဗျာဖြင့် ဖွဲ့ဆိုခဲ့၍ ဆီမီးခုံရွာစား မဟာမင်းလှမင်းခေါင်ဦးရွှန်း (၁၁၄၄–၁၂၁၂)နှင့် စာဆိုတော် မောင်နန်းတို့ကလည်း ပျို့ကဗျာဖြင့်ပင် ဖွဲ့ဆိုခဲ့လေသည်။

## ဇာတ်တော်ကိုဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားရှင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ တစ်နေ့သ၌ တရားသဘင်ရှိ ရဟန်းတို့သည် မြတ်စွာဘုရား၏ တောထွက်တော်မူပုံကို အံ့ဩချီးမွမ်းလျက် နေကြလေရာ မြတ်စွာဘုရားသိရှိတော်မူလေလျှင် ဘုရားဖြစ်အံ့ဆဲဘဝ၌ ဉာဏ်ရင့်သန်ပြီးဖြစ်၍ တောထွက်တော်မူသည်မှာ ထိုမျှအံ့ဖွယ်မဟုတ်သေး။ ရှေးဘဝပါရမီနုစဉ်အခါကပင် ယခုမျှလောက် မထင်ရှားလှသော သတိတရားရဖွယ်ကိုမြင်သဖြင့် ထီးနန်းစည်းစိမ်ကိုစွန့်ကာ တစ်ယောက်တည်း ရဟန်းပြု၍ တောထွက်တော်မူခဲ့ဖူးကြောင်းဖြင့် မြွက်ကြားလေသည်။ ထိုအခါ ရဟန်းများက အတိတ်ဘဝက တောထွက်တော်မူကြောင်းများကို အကျယ်သော ကြားတော်မူပါရန် လျှောက်ထားသဖြင့် မြတ်စွာဘုရားရှင်က 'မဟာဇနကဇာတ်တော်' ကြီးကို ဟောကြားတော်မူလေသည်။

# မဟာဇနကဇာတ်တော်

## ညီနောင်နှစ်ပါးစစ်တိုက်ခန်း

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဟာဇနက အမည်ရှိသော မင်းကြီးစိုးစံလေသည်။ ထိုမင်းကြီး၌ အရိဋ္ဌဇနကမင်းသားနှင့် ပေါလဇနကမင်းသားဟူ၍ သားတော်နှစ်ပါးရှိရာ၊ သားတော်ကြီး အရိဋ္ဌဇနကမင်းသားအား အိမ်ရှေ့မင်းအဖြစ်လည်းကောင်း၊ ပေါလဇနကအား စစ်သေနာပတိအဖြစ်လည်းကောင်း ခန့်ထားလေသည်။

မဟာဇနကမင်းကြီး နတ်ရွာစံသောအခါ သားတော်ကြီးသည် ထီးနန်းကို ဆက်ခံပြီး ညီတော်အား အိမ်ရှေ့အရာပေး၏။ တစ်နေ့သ၌ အိမ်ရှေ့မင်း ပေါလဇနက၏ ကျွန်ယုံတစ်ယောက်သည် မိမိသခင်အား မကျေနပ်သဖြင့် အငြိုးထားကာ အရိဋ္ဌဇနကမင်းကြီးထံသို့ ဝင်ရောက်ကာ ညီတော်ပေါလဇနကသည် ထီးနန်းကိုလုယူ၍ မင်းကြီးအသက်ကို အန္တရာယ်ပြု လိမ့်မည်ဟု ကုန်းချောလေ၏။ မင်းကြီးက မယုံကြည်သော်လည်း အကြိမ်ကြိမ်လျှောက်ဖန်များလျှင် အကယ်ထင်မှတ်၍ အမျက်ထွက်ကာ ညီတော်အား ရာထူးချ၍ ဖမ်းဆီးရန် အမိန့်ထုတ်လေရာ မြို့ဝန်တို့က အမိန့်အတိုင်း ဖမ်းဆီးချုပ်နှောင်ထားလေ၏။

ထိုအခါ ညီတော်သည် မိမိ၌ အပြစ်မရှိသည်ကိုသိ၍ မိမိသည် နှောင်တော်၏ ရန်သူမဟုတ်ပါက အနှောင်အဖွဲ့မှ လွတ်စေသောဟု သစ္စာပြုလျှင် အနှောင်ကျွတ်၍ ထွက်သွားပြီး ရွာငယ်တစ်ခု၌ ခိုလှုံနေလေသည်။ ထိုအခါ လူအများက ခစားလာကြသဖြင့် အခြွေအရံ ပေါများလာလေရာ၊ ရေးကရန်ပြုရန် မရည်ရွယ်သော်လည်း မနေသာတော့ဘဲ လက်နက်လူသူစု၍ မိထိလာပြည်ကို သိမ်းယူရန် ချီတက်လေတော့၏။

မြို့တော်အနီးသို့ရောက်လျှင် ထီးနန်းကို အပ်မည်လော သို့မဟုတ် ရန်ဖက်ပြိုင်မည်လောဟု စေလွှတ်မေးမြန်းရာ အရိဋ္ဌဇနကမင်းက စစ်ပြိုင်ရန် ပြန်ကြားပြီး စစ်ပြင်လေ၏။ ထိုအချိန်တွင် မိဖုရားကြီးမှာ ကိုယ်ဝန်အရင့် အမာနှင့်ဖြစ်၍ စစ်အနိုင်အရှုံးကို မသိနိုင်သောကြောင့် မိမိကိုယ်ကို သင့်လျော်သလို သတိမူစောင့်ရှောက်ရန် မှာကြားပြီးနောက် စစ်ထွက်လေ၏။ စစ်ပွဲတွင် အရိဋ္ဌဇနကမင်းကျဆုံး၍ ပေါလဇနကမင်းသားက အနိုင်ရကာ ထီးနန်းသိမ်းယူလေ၏။

## မိဖုရားကြီးထွက်ပြေးခန်း

အရိဋ္ဌဇနကမင်းကြီး၏ မိဖုရားသည် မင်းကြီးကျဆုံးကြောင်းကို သိလျှင် ရွှေငွေပစ္စည်းများတို့ကို တောင်း၌ထည့်ကာ အဝတ်ဟောင်းဖုံးအုပ်၍

သူဆင်းရဲမအသွင် ဟန်ဆောင်လျက် မြို့မှထွက်သွားလေ၏။ မြောက်တံခါး မြို့ပြင်သို့ရောက်လျှင် မိမိကြားဖူးသော ယူဇနာခြောက်ဆယ်ကွာ ကာလ စမ္ပာနဂိုရ်ပြည်သို့ သွားမည့်လူကြုံများကိုမေးရင်း ဇရပ်တစ်ဆောင်၌ ဝင်နား နေလေ၏။

ထိုအခါ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ တင်းသဖြင့် အကြောင်းကို ဆင်ခြင်၍ သိလေလျှင် သူအိုယောင်ဖန်ဆင်းကာ ရထားကို မောင်းလာပြီး မိဖုရားကြီး၏ရှေ့၌ ကာလစမ္ပာနဂိုရ်ပြည်သို့ သွားမည့် အကြောင်းကိုပြော၍ တင်ဆောင်လေ၏။ သိကြားမင်း၏တန်ခိုးကြောင့် မိဖုရားကြီးမှာ သက်သာလွယ်ကူစွာဖြင့် ရထားပေါ်သို့ တက်ရောက်လိုက်ပါ သွားလေ၏။

## မိဖုရားကြီးစမ္ပာနဂိုရ်ပြည်သို့ရောက်ခန်း

သိကြားမင်းလည်း ရထားကိုမောင်းနှင်သွား၍ မိဖုရားကြီးအား လမ်းခရီးတွင် ရေချိုးစေခြင်း၊ အစားအစာကျွေးမွေးခြင်းတို့ကိုပြုပြီး ကာလ စမ္ပာနဂိုရ်ပြည် တောင်တန်းသို့ အရောက်ပို့ခဲ့ပြီးလျှင် မျက်စိတဆုံးရထားကို မောင်းနှင်သွားပြီးမှ တာဝတိံသာနတ်ပြည်သို့ ပြန်တက်ခဲ့လေ၏။

ထိုအချိန်၌ ဒိသာပေါမောက္ခဆရာကြီးဖြစ်သော ဥဒိစ္စပုဏ္ဏားကြီး သည် တပည့်များနှင့်ရေချိုးထွက်အလာတွင် ဇရပ်ပေါ်ရှိ မိဖုရားကြီးကိုမြင် လျှင် မည်သူဟူ၍ မသိရသော်လည်း မိမိနှမသဖွယ် ချစ်ခင်သဖြင့် တပည့်များအားအခြားသို့လွှတ်ပြီး မိမိတစ်ဦးတည်းသွားရောက်၍အကြောင်းကို မေးမြန်းလေ၏။ ပုဏ္ဏားကြီးလည်း အနိစ္စရောက်လေပြီးသော အရိန္ဒမနမင်း ကြီး၏ မိဖုရားဖြစ်ကြောင်းကိုသိလျှင် မိမိနှမသဖွယ် စောင့်ရှောက်ကျွေးမွေး ထားမည်ဖြစ်ကြောင်း နှစ်သိမ့်၍ တပည့်များအား မိမိနှင့်ကွဲကွာနေသော နှမဖြစ်ကြောင်း ပြောပြလျက် အိမ်သို့ခေါ်ဆောင်လာခဲ့လေသည်။

## ဇနကမင်းသားအားဖွားမြင်ခန်း

ပုဏ္ဏားကြီး၏ဇနီးလည်း မိဖုရားကြီးအား မိမိယောက်မအမှတ်ဖြင့် ပြုစုထား၍ နေ့လစေ့သော် မိဖုရားကြီးသည် ဘုရားအလောင်း သားငယ်ကို ဖွားမြင်ရာ ဘိုးတော်၏အမည်အတိုင်း 'ယောဇနကမင်းသား'အမည်ပေးလေ၏။

မင်းသားငယ်သည် သူငယ်အရွယ်ရောက်၍ ကလေးဖော်များနှင့် ကစားရာ သူငယ်များက မင်းသားအား စိတ်ဆိုးသောအခါ မုဆိုးမသားဟု ရေရွတ်ပုတ်ခတ်ခေါ်ဆိုသဖြင့် မင်းသားငယ်သည် မိခင်အားပြန်၍မေးလေသည်။ မိခင်က စိတ်ငယ်မည်စိုး၍ မင်းသား၏ဘခင်မှာ ပုဏ္ဏားကြီးဖြစ်သည်ဟု ပြောပြလေ၏။ သို့ရာတွင် ကလေးဖော်များက ရေရွတ်မြဲရေရွတ်ကြသဖြင့် မိခင်အားထပ်မံ၍ မေးသောအခါမှ မိမိခမည်းတော် အရိဋ္ဌဇနကမင်းကြီးမှာ စစ်ပွဲ၌ကျဆုံးရသည်ကို သိရလေ၏။

မင်းသားငယ်သည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သော် ခမည်းတော်၏ မိထိလာပြည်ကိုပြန်၍ သိမ်းယူနိုင်ရန် ဥစ္စာရရှိနိုင်ရေးအတွက် ကုန်ကူးသန်းရန် မိခင်ထံမှဥစ္စာအရင်းအနှီးတောင်းလေ၏။ မိခင်က မိမိယူဆောင်ခဲ့သော ကျောက်မျက်များရှိကြောင်းပြော၍ တိုင်းပြည်တစ်ပြည်မက တန်သောရတနာဖြင့် မိထိလာပြည်ကို သိမ်းယူရန်ပြောကြားပြီး ကုန်သွယ်ခြင်း မပြုရန် တားမြစ်လေ၏။ သားတော်ကမူ ဥစ္စာကိုတစ်ဝက်စီခွဲ၍ သုဝဏ္ဏဘူမိတိုင်းသို့ သင်္ဘောဖြင့် ကုန်ကူးသွားရန် ခွင့်တောင်းလေရာ မယ်တော်က တားမြစ်လေ၏။

## သင်္ဘောလှေခွင့်ခန်း

ဘုရားလောင်းလည်း မယ်တော်အားတောင်းပန်၍ သင်္ဘောလွှင့်ခဲ့လေရာ ခုနစ်ရက်ခန့် လွှင့်မိလေလျှင် ပင်လယ်တွင်း၌ လေပြင်းကျ၍ သင်္ဘောကွဲ နစ်လေ၏။ ဇနကမင်းသားလည်း ယောက်ျားတို့၏အစွမ်းကို အားကိုးလျက် အသင့်ပြင်ကာ ဝီရိယအထူးဖြင့် ရွက်တိုင်ဖျားသို့တက်၍ မိထိလာပြည်ဘက်

သို့ ခုန်လေလျှင် ငါး၊ လိပ်၊ မိကျောင်းတို့ပေါ်များရာ နေရာကိုလွန်၍ရေပြင်၌ ကျလေ၏။ မင်းသားလည်း အားမလျော့ဘဲ ခုနစ်ရက်ပတ်လုံး ကူးခတ်ကာ ဥပုသ်ဆောက်တည်၍နေလေ၏။

## မေခလာနတ်သမီးကယ်ခန်း

စတုလောကပါလနတ်မင်းကြီး ၄ ပါးသည် မိဘကိုရိုသေစွာလုပ်ကျွေးသူ၊ သူတစ်ပါးအား ချစ်သနားသူ၊ အလှူပေးသူ၊ သီလဆောက်တည်သူတို့အား ရေပြင်၌နစ်မွန်းသေဆုံးခြင်းမရှိအောင် စောင့်ရှောက်စေရန် မဏိမေခလာနတ်သမီးအား အစောင့်ထားရာ မေ့လျော့ပျော်ပါး၍ ခုနစ်ရက်လွန်မှ ဘုရားလောင်း ဇနကမင်းသားအား တွေ့မြင်ရသဖြင့် အနီးသို့ကပ်ကာ အဘယ်ကြောင့် သမုဒ္ဒရာ၌ အားမလျော့ဘဲ ကူးခတ်နေရသနည်းဟုမေးလေ၏။ မင်းသားနှင့် နတ်သမီးသည် အပြန်အလှန်ပြောဆိုရာ မင်းသားက ယောကျ်ားတို့သည် လုံ့လကို မလျှော့သင့်ကြောင်း၊ မိမိသည် လုံ့လအကျိုးကြောင့် ငါးလိပ်တို့ဘေးကို လွတ်ပြီး နတ်သမီးနှင့်လည်း တွေ့ရကြောင်း၊ မလျှော့ဘဲလုံ့လပြုမည်သာ ဖြစ်ကြောင်းဖြင့် ပြောပြလေလျှင် နတ်သမီးက ချီးကျူးလျက် မင်းသား၏အလို အတိုင်း မိထိလာပြည်သို့ ပွေ့ချီဆယ်ယူပို့ဆောင်ပေးလေ၏။ မင်းသားလည်း နတ်သမီး၏အတွေ့ဖြင့် အိပ်ပျော်ရင်းလိုက်ပါသွား၍ မိထိလာပြည် သရက် ဥယျာဉ်ရှိ ကျောက်ဖျာထက်၌ ရောက်ရှိအိပ်ပျော်နေလေ၏။

## ဘထွေးတော်နတ်ရွာစံခန်း

ထိုအချိန်၌ မိထိလာပြည်တွင် ပေါလဇနကမင်းမှာ နာမကျန်းဖြစ်တော်မူရာမှ နတ်ရွာစံလွန်ပြီး၍ ခုနစ်ရက်မျှလွန်ခဲ့ပြီဖြစ်လေသည်။ မင်းကြီးတွင် သားတော်မထွန်းကားဘဲ သီဝလိဒေဝီအမည်ရှိ သမီးတော်တစ်ပါးသာ ကျန်ရစ်လေ၏။ မင်းသမီးသည် အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံလေသည်။ ပေါလဇနကမင်းသည် နတ်ရွာစံခါနီး၌ မှူးမတ်တို့အား သမီးတော်နှစ်သက်၍ ကာယဗလ၊ ဉာဏဗလ နှစ်ပါးနှင့် ပြည့်စုံသူဖြစ်က သမီးတော်နှင့်

ပေးထိမ်းမြား၍ ထီးနန်းအပ်နှင်းရန် မှာကြားခဲ့လေသည်။ **ကာယဗလဆိုရာ၌ မိုဃ်းခြေတစ်ထောင် တင်ရသောလေးကို တစ်ယောက်တည်း တင်နိုင်ရန်ဖြစ်၍ ဉာဏဗလဆိုရာ၌ ပလ္လင်တော်၏ခေါင်းရင်းကို သိနိုင်စွမ်းပြီး တစ်ဆယ့်ခြောက်လုံးသော ရွှေအိုးများကို ဖော်ထုတ်နိုင်ခြင်းကို ဆိုလိုလေသည်။** မင်းကြီးသည် ရွှေအိုးထားရာ အရပ်တစ်ဆယ့်ခြောက်ပါးကိုလည်း လျှို့ဝှက်စကားဖြင့် မိန့်ကြားထားခဲ့လေသည်။

## မင်းသမီးအပျိုစမ်းခန်း

ပေါလဇနကမင်းလွန်၍ သင်္ဂြိုဟ်ပြီးသည့်နောက် ခုနစ်ရက်ကြာလေသော် မှူးမတ်အပေါင်းတို့သည် လျှောက်တော်အစည်းအဝေး ကျင်းပကာ မင်းကြီး၏မိန့်မှာချက်အတိုင်း အရည်အချင်းပြည့်စုံသောသူကို ထီးနန်းအပ်နှင်းရန် တိုင်ပင်ကြပြီး ရှေးဦးစွာ စစ်သူကြီးကိုစုံစမ်းရန် ဆုံးဖြတ်လေသည်။ သီဝလိဒေဝီမင်းသမီးလည်း စစ်သူကြီးအား အရည်အချင်း အကဲစမ်းရန် ပမိတ်ရာကျောင်းတော်ဦးသို့ အမြန်ဝင်စေ၏။ စစ်သူကြီးရောက်လာသောအခါ မင်းသမီးက အရည်အသွေးကို သိရှိလိုသည်ဟု ခေါက်တုံ့ခေါက်ပြန် ပြေးစေရာ စစ်သူကြီးက ခိုင်းသမျှပြေးပြ၍ မောပန်းလေလျှင် မင်းသမီးက ခြေကိုဆုပ်စမ်းပါဟု ဆိုသည့်အတိုင်း တစ်ဖန်မင်းသမီး၏ ခြေကိုနှိပ်နယ်ပေးလေ၏။ ထိုအခါ မင်းသမီးသည် စစ်သူကြီး၏ သမာဓိမရှိပုံ၊ ယုတ်ညံ့ပုံကို သိရှိ၍ ခြေဖြင့်တွန်းဖယ်လိုက်ပြီး အခြွေအရံတို့အား ဆွဲထုတ်သွားစေလေ၏။

မှူးမတ်တို့သည် စစ်သူကြီးအရေးမလှဖြစ်ကြောင်းသိလျှင် ရွှေတိုက်ဝန်အား အကဲစမ်းခံပြန်ရာ ရှေးနည်းအတိုင်းပင် မင်းသမီးက ဖယ်ထုတ်လိုက်ရပြန်လေ၏။

ထိုနောက် သူဌေးကြီး၊ မင်း၏ထီးတော်မိုး၊ သံလျက်စွဲ စသူတို့ကို စေလွှတ်အကဲစမ်းခံစေသော်လည်း ရှေ့နည်းတူအရေးမလှဖြစ်ရာ မင်းကြီး မှာတော်မူခဲ့သည့်အတိုင်း ပလ္လင်ဦးခေါင်းရင်းကိုသိသူ၊ ရွှေအိုးတစ်ဆယ့်ခြောက်လုံးကို ဖော်နိုင်သူ လေးကိုတင်နိုင် ချနိုင်သူတို့ကို အပထား၍

မင်းသမီးနှစ်သက်သူကိုမျှ မရနိုင်ဘဲရှိသဖြင့် မှူးမတ်တို့မှာ စိတ်ပျက်ကြရလေသည်။

## ဖုဿရထားလွှတ်ခန်း

မှူးမတ်ပုရောဟိတ်တို့သည် စည်းဝေးကြပြန်ရာ ပုရောဟိတ်က ထိုက်ရာကံအတိုင်း ဖုဿရထားလွှတ်၍ ဘုန်းရှင်ကံရှင်ရှာရန် အကြံပေးသည်ကို နှစ်သက်ကြသဖြင့် ဖုဿရထားကို ပြင်ဆင်ပြီး အဓိဋ္ဌာန်ဖြင့် စေလွှတ်လေ၏။ ရထားသည် မြို့ကို လက်ျာရစ်လှည့်ပြီး ဘုရားလောင်း ဇနကမင်းသားရှိရာ ဥယျာဉ်သို့သွား၍ စက်တော်ခေါ်ရာကျောက်ဖျာကို လက်ယာရစ်လှည့်လျက် ရပ်တန့်နေလေ၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားလည်း ဘုရားလောင်းကိုတွေ့ရ၍ တူရိယာတို့ကို တီးမှုတ်စေလေလျှင် အလွန်ဆူညံလှသော်လည်း ဘုရားလောင်းသည် မိမိအား ထီးနန်းအပ်ရန်လာကြသူများဖြစ်သည်ဟု ထိတ်လန့်ခြင်းမရှိဘဲ တစ်ဘက်သို့ပြောင်း၍ စက်မြဲစက်တော်ခေါ်နေလေ၏။ ထိုနောက်မှ မှူးမတ်ဗိုလ်ပါတို့က မင်းကြီး ထတော်မူလော့ဟု ပင့်ခေါ်ကြလေရာ အကြောင်းကိုသိရမှ မင်းအဖြစ် ဘိသိက်မြှောက်ခြင်းကို လက်ခံတော်မူလေ၏။ ထိုနောက်မှ နန်းတော်အရှေ့မုခ်ဝမှဝင်ကာ လျှောင်းတော်ဦး၌ စံမြန်းလေ၏။

သီဝလိဒေဝီမင်းသမီးသည် ဇနကမင်းကို အကဲစမ်းလိုသဖြင့် မင်းကြီးအားအခေါ်လွှတ်လေ၏။ သို့ရာတွင် မင်းကြီးသည် ဉာဏ်ပညာရှိသဖြင့် မင်းချင်းယောကျ်ား၏ တင်လျှောက်ချက်ကို သုံးခေါက်တိုင် မကြားဟန်ပြု၍ နေလေသော် မင်းသမီးသည် ဘုန်းရှိသော ယောကျ်ားဖြစ်ကြောင်းကို သိရလေ၏။ ထိုနောက်မှ မင်းသမီး၏နန်းမဆောင်သို့ ကြွချီရာ မင်းသမီးက ခရီးဦးကြိုလျက် ရာဇပလ္လင်တော်၌ အတူစံမြန်းကြလေ၏။

## ပုစ္ဆာဖြေခန်း

မဟာဇနကမင်းကြီးနတ်ရွာစံမီက မည်ကဲ့သို့မှာကြားပုံကြောင်း

များကို မှူးမတ်တို့အား မေးမြန်းလေရာ ရာဇပလ္လင်၏ ဦးခေါင်းရင်းကို သိရှိသော ဘုန်းကံရှင်ဖြစ်စေဟု မှာထားခဲ့ကြောင်းကို သိရှိလေလျှင် ဇနကမင်းသည် ပရိယာယ်ဖြင့် သိအောင်ပြုအံ့ဟု တစ်ဘက်သို့ စကားပြောဟန်ပြုရင်း ရွှေဥသျှောင်ကျင်အား ချွတ်ကာ မိဖုရားသို့ လှမ်းပေးလေ၏။ မိဖုရားသည် ဥသျှောင်ကျင်ကို ရင်ခွင်၌လည်းမထားသာ ကိုင်၍လည်း မဖြစ်သဖြင့် ပလ္လင်၏ခေါင်းရင်းဖက်၌ ချထားလေ၏။ ထိုနောက် အတန်ကြာလျှင် မှူးမတ်တို့ တင်လျှောက်ချက်ကို မကြားဟန်ဖြင့် ထပ်မံမေးပြီး ဥသျှောင်ကျင်ထားရာဖက် ပလ္လင်ခေါင်းရင်းကို ချက်ချင်း ညွှန်ပြလေ၏။

ထိုနောက် တစ်ဖန် ဗိုလ်တစ်ထောင် တင်ရ ချရသည့်လေးကို တင်တော်မူရန် မှာကြားချက်ကို လျှောက်တင်ပြန်လေလျှင် သက်သာစွာပင် တင်ပြလေ၏။

ထိုနောက် တစ်ဖန် ရွှေအိုးကြီးတစ်ဆယ့်ခြောက်လုံး ထားရှိရာကို ဖေါ်ထုတ်ရန် မှာကြားသည့်အတိုင်း မှူးမတ်များက တင်လျှောက်လေလျှင် နောက်တစ်နေ့နံနက်အထိ ဆိုင်းငံ့စေပြီးလျှင် နံနက်လင်း၍ မှူးမတ်များ ရောက်ရှိလာသောအခါ ရွှေအိုးတစ်ဆယ့်ခြောက်လုံးကို ညွှန်ပြဖေါ်ယူစေလေ၏။

မှူးမတ်တို့လည်း ဘုရားလောင်းဇနကမင်း၏ ဉာဏ်ပညာကို အံ့သြချက် ကောင်းစွာချီးမြှောက်ပူဇော်ကာ သဘင်ကြီးကျင်းပလေသည်။ ဝိဒေဟရာဇ်တိုင်းအတွင်းမြို့နယ်၊ ခရိုင်၊ နိဂုံးရွာနေ အကြီးအအုပ်တို့ကလည်း လာရောက်ပူဇော်ကြလေ၏။ မင်းကြီးသည် သီဝလိဒေဝီမင်းသမီးအား မိဖုရားကြီးအရာ ချီးမြှောက်လျက် ကာလစမ္ပာနဂိုရ်ပြည်မှ မယ်တော်ကိုလည်းကောင်း၊ ပါမောက္ခပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမ သားသမီးတို့ကိုလည်းကောင်း၊ မိထိလာပြည်သို့ခေါ်ဆောင်၍ ချီးမြှောက်ထားလေသည်။ မှူးမတ်တို့ကလည်း ဇနကမင်းသည် မိထိလာပြည်၏ ထီးနန်းရှင်ဖြစ်ကြောင်းကို သိရှိကြရလေ၏။ မင်းကြီးသည် များလှစွာသော ဥစ္စာတို့ကို မိမိနှင့်အတူ ပါလေအောင် မြို့လေးမျက်နှာနှင့် မြို့လည်တို့၌ အလှူဇရပ်ငါးဆောင် ဆောက်လုပ်စေပြီး နေ့တိုင်း အလှူပေးကာ မွေ့လျော်နေလေ၏။

## ဥဒါန်းကျူးတော်မူခန်း

ဘုရားလောင်း ဇနကမင်းကြီးလည်း ထီးနန်းစည်းစိမ်ကို စံတော်မူရင် မိမိသည် သမုဒ္ဒရာ၌ နစ်မည့်ဆဲဆဲတွင် လုံ့လထုတ်သဖြင့် မိခင်နှင့်ပြန်၍ တွေ့ရခြင်း၊ ထီးနန်းစည်းစိမ်ကိုရရှိခြင်း စသည်ဖြင့် အကျိုးကျေးဇူး ခံစားရပုံများကို တွေးတောဝမ်းမြောက်လျက် 'လူတို့သည် ခြတ်သော လုံ့လကို အစဉ်အားထုတ်အပ်သည်၊ လုံ့လအစွမ်းဖြင့် အလိုရှိရာ တောင့်တမှုကို ပြည့်စုံစေနိုင်သည်၊ လူတို့၏ဆန္ဒသည် ကြံလျက်လည်း ပျက်တတ်၏၊ မကြံဘဲလည်းဖြစ်တတ်၏၊ လုံ့လကိုသာ မလျော့ဘဲ အားထုတ်သင့်သည်'ဟူ၍ ဝမ်းမြောက်စွာ ပြောဆိုလေ၏။ ကုသိုလ် ကောင်းမှုကိုလည်း ပြုလေ၏။

တစ်ရံခါသော် သီဝလီဒေဝီမိဖုရားကြီးသည် သားတော်တစ်ပါးဖွားမြင်၍ 'ဒီဃာဝု'ဟူ၍ အမည်ပေး၏။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လျှင် မင်းသားတို့တပ်အပ်သော အတတ်များတတ်မြောက်၍ ခမည်း တော်က အိမ်ရှေ့အရာ အပ်နှင်းလေသည်။

## ဥယျာဉ်သို့ထွက်တော်မူခန်း

တစ်နေ့သောအခါတွင် ဥယျာဉ်မှူးသည် ဥယျာဉ်တော်မှပန်းများ သစ်သီးများကို မင်းကြီးအား ဆက်သလေလျှင် မင်းကြီးသည် ဥယျာဉ်တော် သို့ ထွက်လိုစိတ်ဖြင့် ဥယျာဉ်ကို ပြင်ဆင်စေပြီး အခြွေအရံတို့နှင့် ထွက်ဟော်မူလေ၏။ ဥယျာဉ်၌ သရက်ပင်နှစ်ပင်ရှိရာ တစ်ပင်မှာ အသီးမသီး ဘဲ အခြားတစ်ပင်မှာကား အသီးများပြွတ်သိပ်လျက်ရှိ၏။ သရက်သီးကို မင်းကြီးအား ဦးစွာဆက်ပြီးမှ လူအများက ခူးဆွတ်စားလေ့ရှိရာ မင်းကြီးသည် သရက်သီးကို ဆွတ်၍ စားရသော် အရသာရှိလှသဖြင့် အပြန်တွင်မှ ဝအောင်စားမည်ဟု ကြံစည်လျက် ဥယျာဉ်သို့ဝင်လေ၏။ လူအများလည်း စားဦးစားဖျားကို မင်းကြီးအား ဆက်သပြီးပြီဟု ခူးဆွတ်၍ စားသောက်ကြလေရာ နောက်ကျန်သူတို့မစားရသဖြင့် အရွက်များကို ရိုက်ပုတ် လျက် အကိုင်းချည်းကျန်မှ ထွက်သွားကြလေသည်။

မင်းကြီးသည် ဉယျာဉ်တော်မှ အထွက်၌ သရက်ပင်ကိုမြင်သဖြင့် အကြောင်းကိုမေး၍ သိရလေလျှင် အသီးမသီးသော အပင်သည် နစ်သက်ဖွယ် ပကတိအတိုင်းရှိပြီး အသီးသီးသောအပင်မှာ ဖျက်ဆီးသူနှင့်ဆက်ဆံသဖြင့် ပျက်စီးရပုံကို သံဝေဂယူကာ ပြည်စည်းစိမ်သည် ရန်သူနှင့် ဆက်ဆံ၍၊ ရသေ့ရဟန်းအဖြစ်သည် ရန်သူနှင့် မဆက်ဆံသောကြောင့် ကြောင့်ကြ မှုကို ပယ်ကာ ဘေးမရှိသော ရဟန်းအဖြစ်ကိုယူမည်ဟု စိတ်တွင်ကြံ စည်နှလုံးသွင်းလျက် နန်းတော်သို့ဝင်လေ၏။

နန်းတော်တံခါးဝသို့ရောက်လျှင် မင်းကြီးသည် စစ်သူကြီးအားခေါ်၍ "ငါသည် နန်းတော်ပြာသဒ်အထက်ဆင့်၌ တစ်ယောက်တည်းရဟန်းတရားကို အားထုတ်လိုသည်၊ ငါ၏အလိုမပြည့်သမျှ စားတော်အုပ်သွင်းသူ၊ ဒန်ပူ မျက်နှာသစ်ရေဆက်ကပ်သူနှင့် လက်ပါးစေယောကျ်ားတို့မှတစ်ပါး မိဖုရား ကြီး အပါအဝင် မည်သူကိုမျှ မဝင်စေရ"ဟု စောင့်ရှောက်ရန် တာဝန်ပေးပြီး အမတ်ကြီးကိုလည်း မှာကြားကာ ပြာသဒ်ဘုံဆင့်ထက်သို့တက်၍ ရဟန်း တရားကို ပွားနေလေတော့၏။

ထိုအခါ အခြားမှူးမတ်တို့လည်း မင်းကြီး၏ ထူးခြားချက်ကို အံ့သြလျက် အချင်းချင်းတိုင်ပင်၍ တမ်းတကြလေ၏။ မင်းကြီးမှကား **ပစ္စေကဗုဒ္ဓါတို့၏ ဝုဏ်ကျေးဇူးကိုသာ** အောက်မေ့လျက် ရဟန်းတရားကို ပွားများနေသည်မှာ လေးလမျှပင် ကြာမြင့်ခဲ့လေ၏။

## ရဟန်းပြုရန်တောင့်တတော်မူခြင်း

ဇနကမင်းကြီးသည် တရားအားထုတ်လျက်ရှိရာမှ ရဟန်းပြုလိုစိတ် အလွန်ထက်သန်လှသဖြင့် ထီးနန်းကိုစွန့်လျက် တောထွက်ရန် တောင့်တမိ သည့်အတိုင်း မိထိလာပြည် ထီးနန်းကို ချီးကျူး၍လည်းကောင်း၊ နန်းတော်ရဲ့ အတွင်းမြို့၊ နန်းတော်ပြာသဒ်အလုံးစုံသော ပလ္လင်တော်၊ ဝက်လဲတော် ပုဆိုးတို့ကိုချီးကျူး၍လည်းကောင်း၊ ရေကန်တော်၊ ဆင်တော်၊ မြင်းတော်၊ ရထားတော်၊ မင်းသားလုလင်ပျို၊ ပုဏ္ဏားလုလင်ပျို၊ မိဖုရားခုနစ်ရာ၊

ရွှေလင်ပန်းစသည်တို့ကို ချီးကျူး၍လည်းကောင်းပြောဆိုလျက် ထိုအရာတို့ကို ခွဲခွာစွန့်ထွက်၍ မည်သည့်အခါမှ ရဟန်းပြုနိုင်ပါအံ့နည်းဟု တောင့်တမိလေ၏။

## တောထွက်တော်မူခန်း

မင်းကြီးသည် ရဟန်းပြုလိုစိတ် ထက်သန်လှသောကြောင့် စားတော်ကဲ အားခေါ်၍ သက်န်းသုံးထည်၊ မြေသပိတ်တို့ကိုဝယ်ယူစေပြီး ဆတ္တာသည်အား ဆံ ပုတ်ဆိတ်တို့ကို ပယ်စေလျက် ရဟန်းအဝတ်ကို ဆင်မြန်းကာ ပြာသဒ်ထက်၌ နေအရဏ်တက်ချိန်ကို စောင့်ရင်း တောသို့ ကြွအံ့ဟု အကြံယူလျက် စကြံကြွတော်မူနေလေ၏။

မိဖုရားကြီးသည် ဘေး လကျော်မျှ မင်းကြီးကို မဖူးမြော်ရလျှင် မင်းကြီးသည် တစ်စုံတစ်ရာ ဖောက်လွဲသောအကြံရှိသော် ရှိမည်ဟု အထင်ရှိသဖြင့် မိဖုရားငယ်တို့ကိုခေါ်ယူကာ မင်းကြီး၏စိတ်တော်ကို ဆွဲဆောင်ရန် အလို့ငှာ "လှပစွာ ပတ်ဆင်စေပြီး အထက်ဘုံအဆင့်သို့ တက်လေ၏။ ထိုအခိုက်တွင် တောသို့ထွက်ကြွရန့်ဆင်းလာသော ရဟန်းအသွင် နှင့် မင်းကြီးကိုမြင်ကြလေလျှင် မည်သူကမျှ ဇနကမင်းကြီးဟု မမှတ်မိ ကြဘဲ မင်းကြီးထံသို့ကြွလာသည့် ပစ္စေကဗုဒ္ဓါပြန်ကြွသွားသည်ဟု ထင်မှတ် လျက် သင့်ရာနေရာသို့ ဖယ်ရှား၍ရှိခိုးနေကြလေ၏။ မင်းကြီးလည်း ရဟန်းအသွင်ဖြင့် ငြိမ်သက်စွာ ကြွသွားတော်မူလေ၏။

## မိဖုရားခုနစ်ရာတို့လိုက်ခန်း

မိဖုရားခုနစ်ရာတို့လည်း အထက်ဘုံပေါ်၌ ဝက်လဲတော်များနှင့် ဆံပင်တို့ကို တွေ့မြင်ရလေလျှင် ဆင်းကြွသွားသူမှာ ပစ္စေကဗုဒ္ဓါမဟုတ်ဘဲ မင်းကြီးဖြစ်ကြောင်းသိ၍ လိုက်ကြလေ၏။ မိဖုရားတို့သည် အရှေ့စမုခ်ဝတွင် မင်းကြီးကိုမှီလေလျှင် ရင်အုံကိုထု၍ ငိုကြွေးကာ တားဆီးကြလေ၏။ မှူးမတ်ပြည်သူတို့လည်း အုက်အုတ်ကျက်ကျက်လိုက်ပါကြလေ၏။ သီဝလိဒေဝီ မိဖုရားကမူ သိမ်မွေ့စွာဖြင့် နန်းတော်သို့ ပြန်ကြွရန် တောင်းပန်လေသည်။ ထိုနောက် စစ်သူကြီးအား မင်းကြီးကြွရာလမ်း မနီးမဝေးရှိ အိမ်ဟောင်း

ရပ်ပေါင်းများကို မီးတောက်မီးလျှံထအောင် မီးရှို့ရန်စေခိုင်းလိုက်ပြီး မင်းကြီး၏ခြေရင်း၌ ဆံပင်ကိုကြဲဖြန့်ကာ ပြည်ရွာ၌ လောင်နေသောမီးကို ငြိမ်းသတ်ရန်နှင့် ရဟန်းပြုလိုလျှင် နောက်မှပြုရန် တောင်းပန်လေ၏။

ဇနကမင်းကြီးလည်း မိမိ၌ ကြောင့်ကြကင်းပြီးဖြစ်၍ မိမိ ည်းဥစ္စာဟူ၍ အမှတ်မထားကြောင်း ပြောကြားကာ မြောက်တံခါးမှထွက်ကြွတော်မူလေ၏။ မိဖုရားကြီးလည်း ကျေးရွာနိဂုံးတို့၌ လူဆိုးသူခိုးတို့ထကြွဟန်ဖန်တီးစေ၍ မင်းကြီးအား တားမြစ်တော်မူပြန်လေ၏။ သို့ရာတွင် ခင်းကြီးသည် ပြည်စည်းစိမ်ကို အားသုံးပင် ဖျက်ဆီးစေကာမူ တပ်မက်ခြင်းမရှိတော့ကြောင်းနှင့် ငြင်းပယ်ပြီး ကြွမြဲကြွသွားတော်မူလေ၏။

## စည်းသား၍ တားမြစ်ခန်း

သီဝလိဒေဝီမိဖုရားလည်း အခြွေအရံများနှင့်အတူ လိုက်ပြန်လေ၏။ မင်းကြီးလည်း ယူဇနာ ၄၀ ခန့်ရောက်လျှင် မလိုက်ပါကြစေရန် အာဏာဖြင့်တားဆီးမှ ဖြစ်မည်ကို သတိချပ်မိ၍ တောင်ဝှေးဖြင့် စည်းသားကာ ထိုစည်းကို မလွန်ကြရန် အမိန့်ပေးပြီး တစ်ပါးတည်းကြွသွားလေလျှင် မည်သူမျှဆက်၍ မလိုက်ရဲရှိကြလေ၏။ သို့ရာတွင် မိဖုရားကြီးသည် လူးလဲငိုကြွေး၍ စည်းပျက်လေလျှင် ထ၍လိုက်ပြန်လေရာ အခြွေအရံတို့လည်း ဟိမဝန္တာတောကိုရှေးရှု၍ ယူဇနာခြောက်ဆယ်တိုင် ကြွချီရာ အခြွေအရံတို့လည်း လိုက်ပါပြီး ညဉ့်ရောက်လျှင် သစ်တပ်ချ၍ နေကြလေ၏။

## နာရဒရှင်ရသေ့နှင့်တွေ့ခန်း

ထိုအချိန်၌ ‘နာရဒ’ အမည်ရှိသော ရှင်ရသေ့သည် ဟိမဝန္တာတောရှိ တစ်ခုသောရွှေဂူ၌ အဘိညာဉ်ဈာန်သာအားပတ်ဝင်စားရာမှ ခုနစ်ရက်လွန်မြောက်၍ အခြားသောဈာန်ချမ်းသာရှာသူ တစ်ဦးတစ်ယောက်ရှိလေသလောဟု ဉာဏ်တော်ဖြင့်ကြည့်ရာ ဇနကမင်းသည် မိဖုရား၏ ဆွဲဆောင်မှုမှ မလွတ်ခဲ့သော် ရဟန်းပြုနိုင်တော့မည်မဟုတ်ကြောင်းကို သိမြင်၍ ဆုံးမရန်

ဇနကမင်းရှိရာသို့ ကြွလာပြီးလျှင် ကောင်းကင်၌ရပ်၍ "အခြားရဟန်းကဲ့သို့ မဟုတ်ဘဲ အသံများ ဆူညံလှသည်မှာ မည်သို့နည်း"ဟု မေးမြန်းလေ၏။

ထိုအခါ ဇနကမင်းကြီးက မိမိသည် ရဟန်းအဖြစ်ကို ရလို၍ ထွက်လာခဲ့ရာ မိဖုရားနှင့်တကွ ပြည်သူတို့က နောက်မှလိုက်ကြောင်းကို ပြန်ကြားလေလျှင် နာရဒရသေ့ကို ရဟန်းပြုရုံဖြင့် ကိလေသာကို မပယ်နိုင်သေးကြောင်း၊ လုံ့လကိုမလျှော့ဘဲ အားထုတ်ခြင်းမပြုလျှင် ကာမဂုဏ်သို့ပြန်၍ လည်တတ်ကြောင်းများကို ဟောပြော၍ ရွှေဂူသို့ပြန်ကြွသွား၏။ သီဝလိဒေဝီနှင့် အခြွေအရံများလည်း ဇနကမင်းကြီးသွားရာသို့ ဆက်၍ လိုက်ကြပြန်လေသည်။

## မိဂါဇိန်ရှင်ရသေ့နှင့် တွေ့ခန်း

ထိုအခါ ဟိမဝန္တာတောရှိ တစ်ခုသောရွှေဂူ၌ မိဂါဇိန်အမည်ရှိသော ရှင်ရသေ့သည် ဈာန်သမာပတ်မှထ၍ နာရဒရှင်ရသေ့ကဲ့သို့ ဉာဏ်ဖြင့်ရှုကာ မင်းကြီးထံသို့ ကြွလာပြီးလျှင် အဘယ်အကြောင်းကြောင့် တောထွက်လာကြောင်းကို မေးမြန်းလေ၏။ ထိုအခါ မင်းကြီးက သံသရာဝဋ်ဆင်းရဲကို ထိတ်လန့်၍ တောထွက်လာကြောင်းကို ပြန်ကြားလေလျှင် ရှင်ရသေ့က မင်းကြီး၏ဆရာသည် မည်သူဖြစ်ကြောင်း မေးမြန်းပြန်လေ၏။ မင်းကြီးက သရက်ပင်နှစ်ပင်သည်သာ ဆရာဖြစ်ပုံကို အကျယ်ရှင်းပြလေရာ မိဂါဇိန်ရသေ့က မမေ့မလျော့လုံ့လပြုလော့ဟု သွန်သင်ပြီးနောက် ရွှေဂူသို့ ပြန်ကြွသွားလေ၏။

ထိုနောက် မိဖုရားကြီးသည် မင်းကြီးအား နေပြည်တော်သို့ပြန်၍ ဒီဃာဝုသားတော်ကို ထီးနန်းအပ်ပြီးမှ တောထွက်လိုက တောထွက်ပါရန် တောင်းပန်ပြန်လေရာ မင်းကြီးက သားတော်အား စောင်မခြင်းဖြင့် ဒုစရိုက်သာ ပွားကြောင်းကိုပြောကြားလေ၏၊ ဇနကမင်းကြီးသည် ထိုနေ့ညတွင် ထူဏမြို့အနီးသို့ရောက်လေ၏။ နံနက်မိုးသောက်လျှင် ထူဏမြို့တွင်းသို့ ဝင်ကြ၏။

## ပုံသကူကောက်တော်မူခန်း

ထိုအခါ မြွေခွေးတစ်ကောင်သည် အမဲကင်ကို ချီလာရင်း မင်းကြီးအနီးသို့ ရောက်လျှင် လန့်ဖျပ်ကာ အမဲကင်ကိုပစ်ချကာ ထွက်ပြေးလေ၏။ မင်းကြီးလည်း အရှင်မရှိသော အရာဟူ၍ စားသုံးရန် ကောက်ယူလေရာ မိဖုရားကြီးသည် တားမြစ်သော်လည်း သန့်ရှင်းသောအစာဟူ၍ နှစ်ခြိုက်စွာ သုံးဆောင်တော်မူလေသည်၊ မိဖုရားကြီးက ကဲ့ရဲ့စကားဆိုသောအခါ မင်းကြီးက ဤအစာသည် သန့်ရှင်းကြောင်းကိုဟောပြ၍ ဆက်လက်ကြွမြန်းလေ၏။

## သတို့သမီးယော်နှင့်တွေ့ခန်း

မင်းကြီးသည် ထူဏာမြို့တောင်တံခါးဝသို့ရောက်လျှင် ကစားနေသော မိန်းကလေးတစ်ဦးကိုတွေ့မြင်ရာ မိန်းကလေး၏ လက်တစ်ဖက်တွင် လက်ကောက်နှစ်ကွင်းကို ဆင့်ဝတ်ထား၍ အသံမြည်လျက် ကျန်လက်တစ်ဖက်တွင် တကွင်းတည်းသောလက်ကောက်မှာ အသံမမြည်သည်ကို တွေ့ရလေလျှင် သတိသံဝေဂရရန် မိဖုရားကြီးသိရှိစေရန် မိန်းကလေးအနားသို့ကပ်ကာ လက်ကောက်တစ်ဖက်သည် အဘယ်ကြောင့် အသံမြည်၍ ကျန်တစ်ဖက်မှာ အသံမမြည်သည်ကို မေးမြန်းလေ၏။

မိန်းကလေးသည် ဉာဏ်ပညာရှိသူဖြစ်သောကြောင့် လက်တစ်ဖက်၌ အဖေါ်အဖက်ရှိ၍မြည်ပြီး၊ ကျန်တစ်ဖက်၌ တစ်ကွင်းတည်းဖြစ်၍ ကိလေသာကင်းပြီးသော ရဟန်းကဲ့သို့အဖေါ်မရှိ၍ မမြည်ကြောင်းကို ပြန်ကြားပြီး အသင်ရဟန်းသည် အဘယ့်ကြောင့် ရဟန်းဖြစ်လျက် အဖော်အဖက်နှင့် လှည့်လည်နေသနည်းဟုဆိုလေ၏။ ထိုအခါ မိဖုရားအား မိမိသည် မိန်းကလေး၏ ကဲ့ရဲ့ခြင်းကိုခံရသည်မှာ မိဖုရားကြီးကြောင့်သာဖြစ်၍ ရှေ့အဖို့ ခရီးလမ်းခွဲ၍ သွားပါတော့ဟု စိတ်နာဟန်နှင့် ဆိုလေ၏။ မိဖုရားကြီး

သည်လည်း မိန်းကလေးကိုရက်သဖြင့် စိတ်မလိုဘဲ ခရီးခွဲ၍သွားပြီးမှ မခွဲနိုင်သဖြင့် မင်းကြီးသွားရာနောက်သို့ လိုက်ပြန်လေသည်။

## လေးသမားနှင့်တွေ့ခန်း

ရဟန်းဝတ်ထားသော မင်းကြီးသည် မိဖုရား နောက်မှလိုက်လျက်ပင် ထုဏာမြို့တွင်းသို့ ဆွမ်းခံလှည့်ရာ အိမ်တစ်အိမ်ရှေ့တွင် လေးသမားတစ်ယောက်သည် မြားတံကို မီးကင်လျက် မျက်စိတစ်ဖက်မှိတ်ကာ မြား ဖြောင့်မဖြောင့်ကို ကြည့်ရှုနေသည်ကိုတွေ့ရလေ၏။ ထိုအခါ မင်းကြီးက လေးသမား၏ ဉာဏ်ယှဉ်သော စကားကို ကြားလိုသဖြင့် အနီးသို့ကပ်၍ အဘယ်ကြောင့် မျက်စိတစ်ဖက်မှိတ်၍ ကြည့်ရသနည်းဟုမေးလေ၏။ ထိုအခါ လေးသမားက 'မျက်စိနှစ်ဖက်ဖြင့်ကြည့်လျှင် စိတ်များ၍ အဝိန် အကောက်ကို မသိသာ၊ တစ်ဖက်တည်းဖြင့် ကြည့်မှအဖြောင့်ကို သိသာနိုင်သည်၊ ရှင်ရဟန်းသည်တား အဘယ်ကြောင့်ကိစ္စများအောင် မိန်းမအဆေါ်နှင့် အတူသွား လာသနည်း' ဟု ကဲ့ရဲ့ပြောဆိုလေ၏။ မင်းကြီးလည်း ရသင့်သောဆွမ်းကိုခံ၍ သုံးဆောင်ပြီးလျှင် မိဖုရားကြီးအား ရှေးနည်းတူအပြစ်တင်လျက် စိတ်နာဟန်ပြု၍ လမ်းခွဲသွားရန်ပြောဆိုပြန်လေ၏။

သို့ရာတွင် မိဖုရားကြီးမှာ အတန်ငယ်ခွဲသွားပြီးမှ မခွဲနိုင်ဘဲ မင်းကြီးနောက်သို့ လိုက်မြဲလိုက်ပြန်လေသည်။

## မြက်သစ်ပင်ကိုပမာပြု၍ တောဝင်ခန်း

ဆာမိယပင်းကြီးသည် ခရီးဆက်၍သွားပြန်ရာ ရှေ့တွင် မှိုင်းညိုသော တောကြီးကိုမြင်လေလျှင် အနီးရှိမြူဆံမြက်ညွန့်တို့ကို ဆွဲဖြတ်၍ မိဖုရားကြီးအားပြကာ မြက်ပြတ်တို့သည် မူလအပင်ငုတ်နှင့်ပြန်၍ ဆက်မရနိုင်တော့သကဲ့သို့ ပယ်ပြီးသော ကိလေသာတို့ကို ပြန်၍မသွင်းလိုကြောင်းနှင့်

ပြောကြားရာမိဖုရားကြီးလည်း ပူပင်ပြင်းပြ၍ လဲကျမိန်းမောလေ၏။ မင်းကြီးလည်း ခြေရာဖျက်၍ တောသို့ငင်ပြေးလေ၏။ အခြွေအရံကို့လည်း မိဖုရားကြီးကို ပြုစုလျက် ကျန်ခဲ့ကြလေ၏။

မိဖုရားကြီးလည်း သတိရလျှင် ခြေရာမျှကို မတွေ့ရတော့သဖြင့် ပူပန်လျက် ထိုနေရာတွင် စေတီတစ်ဆူတည်ကာ ဗိုလ်ထုနှင့်တကွ နေပြည်တော်သို့ ပြန်လေ၏။ မင်းကြီးလည်း ဟိမဝန္တာ၌ တရားအား ထုတ်သဖြင့် ခုနစ်ရက်အတွင်း၌ပင် အဘိညာဉ်သမာပတ်ရ၍ အနှစ်သုံးထောင် ပတ်လုံး လူတို့ဒေသသို့ မကြွတော့ဘဲ ဟိမဝန္တာ၌ပင် သီတင်းသုံးနေတော်မူလေ၏။

## မိဖုရားမှူးမတ်တို့ပြန်ခန်း

သိဝလိဒေဝီသည် တောစပ်မှပြန်လာခဲ့စဉ် ထုဏာမြို့၌ လေးသမားနှင့် စကားပြောရာ၊ မိန်းကလေးနှင့်စကားပြောရာ၊ အမဲကင် ပုံသကူကောက်ရာတို့၌ စေတီတစ်ဆူစီ တည်ထားခဲ့ပြီး မိဂါဇိန်ရသေ့၊ နာရဒရသေ့တို့နှင့် တွေ့ရာများ၌လည်းကောင်း၊ တောင်ဝှေးဖြင့် စည်းသားရာ အရပ်၌လည်းကောင်း၊ မိထိလာပြည်အနီး လူဆိုးများအကြောင်းလျှောက်ထားရာ၌လည်းကောင်း၊ မီးလောင်ကြောင်းကို လျှောက်ထားရာ၌လည်းကောင်း၊ စေတီများတည်၍ ပူဇော်ကိုးကွယ်ခြင်းပြုပြီးမှ နေပြည်တော်သို့ရောက်လျှင် ဥယျာဉ်တော်သို့ ထွက်ကာ သားတော်အိမ်ရှေ့မင်း ဒီဃာဝုမင်းသားအား ဘိသိက်သွန်း၍ ထီးနန်းအပ်နှင်းလေ၏။ ထိုနောက် မယ်တော်သည် ဆံပင်ကိုပယ်၍ ဥယျာဉ်၌ရဟန်းပြုကာ တရားအားထုတ်သဖြင့် မကြာမီ ဈာန်သမာပတ် ရရှိလေ၏။ သိဝလိဒေဝီသည် ဈာန်သမာခံစားလျက် အနှစ်သုံးထောင်ပတ်လုံး နေ၍ စုတေသော် 'ဗြဟ္မာ့ဝါရီသဗ္ဗာဘုံ' သို့ရောက်လေ၏။ ဘုရားလောင်းမင်းကြီးလည်း ဟိမဝန္တာ၌ အနှစ်သုံးထောင်ပတ်လုံး ဈာန်သမာပတ်ခံစားလျက် စုတေသော် 'ဝေဟာဖ္ဖိုလ်ဘုံ' သို့ရောက်လေ၏။

## ဇာတ်တော်ပေါင်းသော်

မဏိမေခလာနတ်သမီးသည် ဥပ္ပလဝဏ်ထေရီ
လက်ကောက်နှင့်မိန်းကလေးသည် ခေမာထေရီ
မိဂါဇိန်ရသေ့သည် မဟာမောဂ္ဂလာန်ထေရ်
နာရဒရသေ့သည် သာရိပုတ္တရာထေရ်
လေးသမားသည် အာနန္ဒာထေရ်
သီဝလိဒေဝီသည် ဇိမ္မာထေရီ(ယသောဓရာ)
ဒီဃာဝုမင်းသားသည် ရာဟုလာထေရ်
ခမည်းတော်မယ်တော်သည် သာကီဝင်မင်းမျိုး
ဇနကမင်းကြီးသည် ဂေါတမမြတ်စွာဘုရား
အသီးသီးဖြစ်လာလေသည်။

[illegible]




# သုဝဏ္ဏသာမဇာတ်တော်

## ဇာတ်တော်အကြောင်း

သုဝဏ္ဏသာမဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် သုဝဏ္ဏသာမ သတို့သားအကြောင်းကို ပြဆိုသော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီး ဆယ်ဆောင်တွင် တတိယဇာတ်တော်စာရင်းဝင်ဖြစ်လေသည်။

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် မေတ္တာပါရမီတော်ကို အကြောင်းပြုလျက် မိဘတို့အား လုပ်ကျွေးပြုစုသော ရဟန်းတစ်ပါးနှင့်စပ်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် မဟာသက္ကရာဇ် ၁၁၇ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့တွင် ဂါထာပေါင်း ၁၂၄ ဂါထာဖြင့် တန်ဆာဆင်လျက် ဟောကြားတော်မူလေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၈၈ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်နေ့တွင် မကွေးမြို့နယ် ပုံဂံစစ်ကျောင်း ဆရာတော် သျှင်ပညာတိက္ခက မြန်မာစကားပြေဖြင့် ပြန်ဆိုရေးသားပြီးစီးတော်မူခဲ့လေသည်။

ထိုဇာတ်တော်ကို သက္ကရာဇ် ၈၁၉ ခုနှစ်တွင် သျှင်အဂ္ဂသမာဓိ (၈၄၁-၉၁၉)သည် ပျို့ကဗျာဖြင့် စီကုံးဖွဲ့နွဲ့ခဲ့ရာ သူဌေးခန်း၊ မြားပစ်ခန်း၊ သစ္စာခန်းဟူ၍ ပျို့သုံးစောင်ပေါ်ထွက်ခဲ့ဖူးလေသည်။

## ဇာတ်တော်ကိုဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် အမိအဘကို လုပ်ကျွေးသော ရဟန်းတစ်ဦးအား အကြောင်းပြု၍ သုဝဏ္ဏသာမဇာတ်တော်ကို ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားလက်ထက်တော်တွင် သာဝတ္ထိပြည်၌ဝယ် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးတစ်ယောက်၌ သားတစ်ယောက်ရှိလေသည်။ ထိုသားငယ်သည် တစ်နေ့သောအခါ မြတ်စွာဘုရားထံတော်သို့ တရားနာသွားကြသူများကို မြင်၍ အားကျကာ မိမိလည်း မြတ်စွာဘုရားထံတော်သို့ သွားရောက်တရားနာကြပြီး ရဟန်းပြုလိုသဖြင့် အမိအဘတို့အားခွင့်တောင်းလေ၏။ မိဘတို့မှာ ခွင့်မပြုလိုလှသော်လည်း သားငယ်က ဆန္ဒထက်သန်လွန်းသောကြောင့် ခွင့်ပြုရလေ၏။ သူဌေးသားသည် ရဟန်းပြုပြီးနောက် ဆယ့်နှစ်နှစ်ပတ်လုံး တောရဆောက်တည်နေလေရာ ထိုအချိန်အတွင်း မိဘများမှာ ဆင်းရဲသွားလေတော့၏။ သူဌေးလင်မယားတို့မှာ ကြွေးမြီ တောင်းရမ်းပြုစုမည့်သူမျှမရှိသဖြင့် အိမ်ကိုပင် ရောင်းချစားသောက်ကြရပြီး နောက်ဆုံးတွင် တောင်းရမ်းစားသောက်ရန် လှည့်လည်ကြရလေ၏။

ထိုအချိန်တွင် သားရဟန်းသည် သာဝတ္ထိပြည်မှလာသော အာဂန္တု ရဟန်းတစ်ပါးအား မိဘတို့အကြောင်းကို မေးရာမှ မိဘများသည် သား ရဟန်းပြုသွားသည်မှစ၍ ပြုစုမည့်သူမရှိတော့ဘဲ ဆင်းရဲကာ တောင်းရမ်း စားရမည့်အခြေသို့ ရောက်ရှိနေကြောင်းကို သိရှိရလေလျှင် စိတ်ဆင်းရဲခြင်းဖြစ်၍ လူထွက်ကာ လုပ်ကျွေးပြုစုမည်ဟု ထွက်လာခဲ့လေ၏။ လမ်းခရီးတွင် မြတ်စွာဘုရားရှင်အား ဝင်ရောက်ဖူးမြော်ရာ မြတ်စွာဘုရားရှင်က အကြောင်း ကိုသိရှိပြီး၍ မိဘကျေးဇူးအကြောင်းကို ဟောပြောလေလျှင် ရဟန်းအဖြစ်ဖြင့်ပင်

မိဘတို့အားလုပ်ကျွေးပြုစုရန် ဆုံးဖြတ်လိုက်လေ၏။ ထိုနောက်တွင်ကား ရဟန်းသည် ဆွမ်း၊ ယာဂုတို့ကို အလှူခံပြီးနောက် မိဘတို့ထံသို့ သွားရောက်လုပ်ကျွေးကာ မိမိမှုကား ပိုလျှံမှသာ ဘုဉ်းပေးလေ၏။ နေ့ရက်ကြာရှည်သော် ထိုရဟန်းသည် ဆွမ်းသင်္ကန်းချို့တဲ့နွမ်းပါးလာသဖြင့် ကြုံလှီလာလေရာ တွေ့မြင်ရသော ရဟန်းတို့က သိရှိပြီး ကဲ့ရဲ့စကားတင်း ဆိုကြလေ၏။ မြတ်စွာဘုရားထံသို့ သွားရောက်ကြပြီး ထိုရဟန်းသည် မိမိအားသဒ္ဓါ၍လှူသော ဆွမ်းသင်္ကန်းတို့ကို လူတို့အား စွန့်ပေးကြောင်းနှင့် လျှောက်ထားကြလေ၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းအားခေါ်ယူမေးမြန်းပြီးနောက် မိဘတို့အား လုပ်ကျွေးခြင်းသည် ကောင်းသည်သာတည်းဟု သာဓုသုံးကြိမ်ခေါ်ပြီးလျှင် ငါဘုရားသည်လည်း ရှေးရှေးဘဝကပင် ဤကဲ့သို့ မိဘတို့အား ရဟန်းဘဝဖြင့် လုပ်ကျွေးပြုစုခဲ့ဖူးသည်ဟု မိန့်ကြား၍ ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတို့က လျှောက်ထားတောင်းပန်သဖြင့် သုဝဏ္ဏသာမဇာတ်တော်ကို ဟောကြားတော်မူလေသည်။

# ဇာတ်တော်အကျဉ်း

## ဒုကူလနှင့် ပါရိကာတို့ကိုဖွားမြင်ခန်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ မြစ်တစင်းရှိရာ ထိုမြစ်၏ ကမ်းတစ်ဘက်တစ်ချက်၌ တံငါရွာ တစ်ရွာစီရှိလေသည်။ တစ်ဘက်ရွာရှိ တံငါအကြီးအကဲနှင့် ကျန်တစ်ဘက်ရွာရှိ တံငါအကြီးအကဲတို့သည် မိမိတို့၌ သားနှင့်သမီး အသီးသီးဖွားမြင်ပါက တစ်ဘက်သားနှင့် တစ်ဘက်သမီး ထိမ်းမြားရန် ကတိပြုထားကြလေသည်။ ထိုနောက် များမကြာမီ တစ်ဘက်ရွာသူကြီး တံငါသည်၌ ဒုကူလအမည်မှည့်

သော သားတစ်ယောက်ဖွားမြင်၍ ကျန်တစ်ဘက်ရွာသူကြီး တံငါသည်၌ ပါရိကာအမည်မှည့်သော သမီးတစ်ယောက် ဖွားမြင်လေသည်။

ဒုကူလနှင့် ပါရိကာတို့သည် တံငါမျိုး၌ဖြစ်သော်လည်း သူ့အသက်သတ်ခြင်း စသော အကုသိုလ်မှုများကို ပြုလေ့မရှိပေ။ ဗြဟ္မာ့ပြည်မှလာသူများဖြစ်၍လည်း အိမ်ထောင်မှုကို စက်ဆုပ်ကြလေသည်။ သို့ရာတွင် မိဘများမှ ကတိရှိသည့်အတိုင်း အရွယ်ရောက်သော် ထိမ်းမြားလက်ထပ်ရန် စကားသွင်းကြလေသည်။ ထိုအခါ ဒုကူလနှင့် ပါရိကာတို့သည် တစ်ဦးထံသို့ တစ်ဦး လျှို့ဝှက်သတင်းပါးလျက် အကယ်၍ မေထုန်မှုကိုအလိုရှိခဲ့သော် တစ်ပါးသူထံသို့ သွားပါလေဟုစေကြ၏။ သို့ရာတွင် မိဘများ၏ဆန္ဒအလျောက် အလိုမတူဘဲ ထိမ်းမြားပေးခြင်းခံကြရလေသည်။ မည်သို့ပင်ဖြစ်စေ ဒုကူလနှင့် ပါရိကာတို့ကား ကိလေသာမှုကို မလိုလားဘဲ သန့်စင်စွာပင် အတူတကွနေကြလေသည်။

ထိုသို့နေခဲ့ကြရာ ဒုကူလသည် သားငါးကိုလည်းမသတ်၊ အမဲကိုလည်းမရောင်း နေသဖြင့် မိဘတို့က အပြစ်တင်လေသော် မိမိတို့သည် ရဟန်းအဖြစ်ကိုသာ အလိုရှိပါသည်ဟု ခွင့်ပန်သဖြင့် မိဘများလည်း ခွင့်ပြုကြရလေတော့၏။

## ဒုကူလ ပါရိကာတို့တောထွက်ခန်း

ဒုကူလနှင့် ပါရိကာတို့သည် မိဘတို့၏ခွင့်ရလျှင် ဝမ်းမြောက်စွာဖြင့် တံငါရွာမှထွက်ခဲ့ကြပြီးနောက် ဂင်္ဂါမြစ်သို့စီးဝင်သော မိဂသမ္မတာမြစ်အနီး ဟိမဝန္တာတောသို့ဝင်၍ မြစ်အတိုင်းဆန်တက်သွားကြလေသည်။

ထိုခဏ၌ တာဝတိံသာပြည်ရှိ သိကြားမင်းထိုင်ရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူပြင်းမာကျောသဖြင့် သိကြားမင်းသည် အကြောင်းကိုဆင်ခြင်လေသော် ဒုကူလနှင့် ပါရိကာတို့ တောထွက်လာသည်ကို သိမြင်သဖြင့် ဝိသကြုံနတ်သားအား စေလွှတ်၍ ကျောင်းသင်္ခမ်းနှင့် ရဟန်းပရိက္ခရာတို့ကို ဖန်ဆင်းစေလေသည်။ ဝိသကြုံနတ်သားလည်း အဆောင်ဆောင်

သော ကျောင်းသခ်မ်းတို့ကိုလည်းကောင်း၊ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်၊ သစ်သီးသစ်ပင်များ၊ ရဟန်းပရိက္ခရာနှင့် အိုးခွက်စသည်ပါမကျန် ဖန်ဆင်းပေး၍ ရဟန်းပြုလိုသူတို့ အလိုရှိသမျှသုံးဆောင်နိုင်ကြောင်း ကမ္ပည်းထိုး ခဲ့လေသည်။

ဒုကူလနှင့်ပါရိကာတို့သည် ကျောင်းသခ်မ်းကိုတွေ့၍ သိကြား ဖန်ဆင်းပေးသော ကျောင်းဖြစ်ကြောင်းကို သိရလေလျှင် ဒုကူလသည် ခါးဝတ်ပုဆိုးတို့ကိုစွန့်၍ လျှော်တေသင်္ကန်းကိုဝတ်ရုံကာ ဆံကျစ်ကိုထုံးလျက် ပါရိကာအားလည်း အလားတူ ရသေ့အဖြစ်ကိုယူစေလေ၏။ ရသေ့နှစ်ပါးတို့ သည် ဗြဟ္မစိုရ်ကမ္မဋ္ဌာန်းကို ပွားများလျက် နေကြလေရာ ပါရိကာသည် တံမြက်လှည်းခြင်း၊ သောက်ရေ သုံးရေသယ်ဆောင်ခြင်း၊ သစ်သီးသစ်မြစ်ရှာ ဖွေခြင်းတို့ကို ဆောင်ရွက်လေ၏။

သိကြားမင်းသည် ဒုကူလ၊ ပါရိကာတို့ထံသို့လာရောက်ခစားလေရာ ကာစ်နေ့သောအခါတွင် ဒုကူလနှင့် ပါရိကာတို့ နောင်အခါ၌ မျက်စိအလင်း ကွယ်မည့်အကြောင်းကို ကြိုတင်မျှော်ခေါ်မိသဖြင့် ရသေ့တို့အဖို့ လုပ်ကျွေး မွေးမြူမည့်သားသမီးရအံ့သောငှါ လူတို့၏မေထုန်အမှုကိုပြုရန် ဒုကူလအား တိုက်တွန်းလေသည်။ ထိုအခါ ဒုကူလက လူတို့၏အမှုကို စက်ဆုပ်၍ တောထွက်လာခဲ့ကြောင်း ပြောပြငြင်းဆန်လေလျှင် သိကြားမင်းက ပါရိကာ ဥတုလာသောအခါ၌ ချက်ကိုလက်ဖြင့် သုံးသပ်ပါရန် တောင်းပန်ပြန်သဖြင့် ဝန်ခံ၍ သိကြားဆိုတိုင်းပြုလေသည်။

ရသေ့မလည်း သန္ဓေရှိ၍ အချိန်စေ့သော် သားယောကျ်ားတစ်ပါးကို ဖွားမြင်ရာ **'သုဝဏ္ဏသာမ'** ဟု အမည်ပေးလေသည်။ သားငယ်အား ကိန္နရာမတို့ က ကူညီပြုစုကြလေသည်။ သုဝဏ္ဏသာမသည် ကြီးပြင်းလာခဲ့၍ အသက် ဆယ့်ခြောက်နှစ်သို့ရောက်လေလျှင် မိခင် ဘခင်တို့ သစ်သီး သစ်မြစ်ရှာဖွေရန် သွားရောက်ရာအရပ်ကို မှတ်သားသတိပြု၍ထားလေသည်၊

တစ်နေ့သောအခါ မိုးကြီးရွာသဖြင့် သစ်သီးရှာဖွေရာမှပြန်လာသော ဒုကူလနှင့် ပါရိကာတို့သည် လမ်းခရီးသစ်ပင်ရင်းရှိ တောင်ပို့ပေါ်တွင်

မိုးခို၍နေကြရာ ရသေ့တို့၏ကိုယ်မှ ချွေးနှင့်မိုးရေတို့စီးကျသဖြင့် တောင်ပို့ခေါင်းတွင်းရှိ မြွေဟောက်သည် အမျက်ထွက်၍ မှုတ်လိုက်လေလျှင် ရသေ့တို့သည် အငွေ့သင့်၍ မျက်စိအလင်းကွယ်ကြရလေသည်။

သုဝဏ္ဏသာမလည်း မိခင် ဘခင်တို့ ပြန်ချိန်တန်၍ မပြန်လာလေသော် မိမိသတိပြုမှတ်သားထားသော ခရီးအတိုင်းလိုက်လေရာ တောင်ပို့ထက်၌ မျက်စိကွယ်သော မိဘတို့ကိုတွေ့ရလေသည်။ ရသေ့တို့က သား၏အသံကိုကြားလျှင် အနီးသို့ မလာစေဘဲ နွယ်ကြိုးအစွန်းကိုသာကမ်းစေလျက် သားထံသို့ ချဉ်းကပ်လာကြ၍ အကြောင်းကိုပြောလျှင် မြွေဟောက်အခိုးသင့်၍ မျက်စိကွယ်ခြင်းဖြစ်မည်ကို တွေးဆမိသဖြင့် ငိုလည်းငို၊ ရယ်လည်းရယ်လေသည်။ ငိုခြင်းမှာ မိဘတို့ မျက်စိကွယ်ရခြင်းကြောင့်ဖြစ်၍ ရယ်ခြင်းမှာ မိမိက ပြုစုလုပ်ကျွေးခွင့်ရခြင်းကြောင့် ဖြစ်လေသည်။

သုဝဏ္ဏသာမသည် အမိအဘတို့ကို ကျောင်းသခ်မ်းသို့ခေါ်ယူလာပြီး ထိုနေ့မှစ၍ အမှုကြီးငယ်တို့ကို လုပ်ကိုင်ပြုစုပေးလေသည်။ စားသောက်ရန် သစ်မြစ်သစ်သီးများကိုလည်းရှာဖွေ၍ မိဂသမ္မတာသို့ သမင်များခြံရံလျက် သွားကာ သောက်ရေကိုလည်းခပ်လေသည်။ ဤနည်းဖြင့် မိဘတို့ကို ရိုသေစွာလုပ်ကျွေးနေလေသည်။

## သုဝဏ္ဏသာမ မြားခံခန်း

ထိုအချိန်၌ ဗာရာဏသီပြည့်ရှင် ပိဠိယက္ခမင်းကြီးသည် သမင်သားကို အလွန်တပ်မက်လှသောကြောင့် မယ်တော်အား တိုင်းပြည်ကိုအပ်ခဲ့ပြီး လက်နက်ငါးပါးကို စွဲကိုင်လျက် ဟိမဝန္တာတောသို့ထွက်ခွာလာကာ သမင်များကို ပစ်ခတ်စားသောက်နေလေသည်။ ထိုနေ့တွင် မင်းကြီးသည် သမင်ပစ်ခတ်ရင်း သုဝဏ္ဏသာမ ရေခပ်ရာရေဆိပ်သို့ ရောက်ရှိလေရာ သမင်ခြေရာများကို တွေ့မြင်သဖြင့် ချောင်းမြောင်းစောင့်စားလျက် လေးဖြင့်ချိန်ရွယ်နေလေသည်။

မင်းကြီးသည် သမင်ဆေါင်းများစွာဖြင့် ရေခပ်ဆင်းလာသော သုဝဏ္ဏသာမကို မြင်လေလျှင် လူလော–နတ်လော–နဂါးလောဟု သိလိုစိတ်ပြင်းထန်လှသဖြင့် အားနည်းအောင်ပြုပြီးမှ မေးအံ့ဟုကြံစည်မိလေ၏။ သုဝဏ္ဏသာမသည် ရေခပ်ပြီး၍ ပြန်မည်ပြုသောအခါ မင်းကြီးသည် မြားဖြင့် ပစ်လိုက်လေရာ မြားသည် ထိမှန်၍ လက်ယာနံပါးမှဝင်လျက် လက်ဝဲနံပါးမှ ထွက်သွားကာ သမင်များလည်း အလန့်တကြား ထွက်ပြေးကြလေသည်။

သုဝဏ္ဏသာမသည် မြားမှန်ကြောင်းသိလျှင် သတိထား၍ ရေအိုးကို ပုခုံးထက်မှ အသာချပြီးလျှင် မယ်တော် ခမည်းတော်တို့ရှိရာအရပ်ကို ဦးခေါင်းပြု၍ လှဲချလိုက်ပြီး မြားဒဏ်ရာကို ပြင်းထန်စွာ ခံစားရရှာလေသည်။ သုဝဏ္ဏသာမသည် ခံတွင်းမှသွေးများကို ထွေးထုတ်လျက် ရေခပ်လာသော ငါ့အား အဘယ်သူများဖြင့် ချောင်းမြောင်းပစ်ခတ်လေသနည်း။ ငါ၏အသားသည် စားကောင်းသည်လည်း မဟုတ်ပါဘဲလျက် အဘယ်ကြောင့် ပစ်ခတ်လေသနည်းဟု မြည်တမ်းလေသည်။

## သုဝဏ္ဏသာမ ပီဠိယက္ခမင်းနှင့် စကားဆိုခန်း

ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမ၏စကားကိုကြားလျှင် "ဤသူသည် မြားဖြင့်အပစ်ခံရပါလျက် ဆဲရေးရေရွတ်ခြင်းမပြုဘဲ သာယာစွာ ပြောဆိုဘိသည်။ ငါသွား၍မေးအံ့" ဟု ကြံလျက် မိမိသည် ကာသိကရာဇ် ပြည့်ရှင်ဖြစ်ကြောင်း၊ သမင်သားကိုစားလို၍ တောသို့ထွက်ခဲ့ကြောင်း၊ လေးအတတ်၌ လိမ္မာကျွမ်းကျင်ကြောင်း စသည်တို့ကိုပြောပြ၍ သုဝဏ္ဏသာမအား မည်သူမည်ပါဖြစ်ကြောင်းကို မေးမြန်းလေသည်။

သုဝဏ္ဏသာမလည်း မိမိသည် တံငါသားဖြစ်၍ သုဝဏ္ဏသာမအမည်ရှိကြောင်းကို ပြန်ကြား၍ မိမိအား ထိုမျှဝေဒနာကြီးမားအောင် အဘယ်ကြောင့် မြားနှင့်ပစ်လေသနည်းဟု မေးမြန်းလေ၏။ မင်းကြီးလည်း မိမိပစ်အံ့ဆဲဆဲသမင်သည် သုဝဏ္ဏသာမကိုမြင်၍ လန့်ဖျပ်ထွက်ပြေးသောကြောင့် အမျက်ထွက်၍ ပစ်သည်ဟု လိမ်လည်ပြောဆိုလေ၏။ သုဝဏ္ဏသာမကမူ မိမိအားမည်သည့်တိရစ္ဆာန်မျှ ထိတ်လန့်ခြင်းမရှိကြောင်း။ အလွန်

ကြောက်တတ်သော ကိန္နရာတို့ပင်လျှင် အတူလိုက်ပါသွားလာကြောင်းတို့ကို ပြန်ကြားပြောဆိုလေသည်။ ထိုအခါ မင်းကြီးသည် လိမ်၍ပြောရန်မသင့်တော့ကြောင်းသိ၍ မိမိအမျက်ထွက်သဖြင့်သာ ပစ်မိကြောင်း ဝန်ခံပြီးနောက် သုဝဏ္ဏသာမအား မည်သူက ရေခပ်ခိုင်းကြောင်းကို မေးမြန်းပြန်လေသည်။

သုဝဏ္ဏသာမက မိမိ၏အမိအဘတို့သည် မျက်စိအလင်းမရသောကြောင့် မိမိလုပ်ကျွေးပြုစုလျက် ထိုသို့ ရေခပ်လာကြောင်းကိုပြောပြ၍ မိမိမရှိသဖြင့် ကန်းကုန်သော အမိအဘတို့သည် ဆင်းရဲဒုက္ခရောက်ကြဖွယ်ရှိကြောင်း။ မိမိအဖို့တွင် မြားမှန်သောဆင်းရဲထက် အမိအဘတို့အား မမြင်ရခြင်းသည် ပို၍ဆင်းရဲကြောင်း၊ အမိအဘတို့သည် အားကိုးရာမဲ့လျက် တောထဲ၌ လည်ပတ်နေရမည်ဖြစ်ကြောင်းတို့ကို မြည်တမ်းငိုကြွေးလေသည်။

ပီဠိယက္ခမင်းကြီးက သုဝဏ္ဏသာမသည် သူတော်ကောင်းဖြစ်၍ အမိအဘတို့အား လုပ်ကျွေးနေသူဖြစ်ကြောင်းကို သိရှိရသောအခါ မိမိပြစ်မှားမိသည့်အန္တရာယ်ကို နောင်တရ၍ သုဝဏ္ဏသာမ၏ မိဘတို့အား သုဝဏ္ဏသာမကဲ့သို့ လုပ်ကျွေးတော့မည်ဟုကြံလျက် အမိအဘတို့၏နေရာကို ရှာစမ်းလေသည်။ သုဝဏ္ဏသာမလည်း မိဘတို့၏နေရာကို ကောင်းစွာညွှန်လိုက်၍ အမိအဘတို့အား မိမိက လက်အုပ်ချီမိုး ရှိခိုးလိုက်ကြောင်းကိုလည်း ပြောကြားပါဟု ပီဠိယက္ခမင်းကြီးအား မှာကြားလိုက်လေသည်။

## သုဝဏ္ဏသာမ မိန်းမောခန်း

သုဝဏ္ဏသာမသည် မှာကြားပြီး၍ မိန်းမောလေလျှင် ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမအား လွန်စွာသနားလှသဖြင့် ဟစ်အော်ငိုကြွေးလေသည်။ ပီဠိယက္ခမင်းကြီးက မိမိသည် သေခြင်းတရားရှိပုံကို ယခုမှပင် သိရှိရကြောင်း၊ မိမိသည် သုဝဏ္ဏသာမအား သတ်မိသဖြင့် ငရဲသို့လားရမည်ဖြစ်ကြောင်း၊ ထိုမကောင်းမှုကြောင့် မိမိအား မင်းယုတ်မာဟူ၍ လူအပေါင်းတို့က ကဲ့ရဲ့မည်ဖြစ်၍ တောအရပ်၌သာ ကဲ့ရဲ့သူနှင့် လွတ်ကင်းမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုငိုကြွေးလေ၏။

ထိုကဲ့သို့ မင်းကြီးငိုကြွေးသောအချိန်၌ လွန်ခဲ့သော ရှေးခုနစ်ဘဝက သုဝဏ္ဏသာမ၏ မိခင်ဖြစ်ခဲ့ဖူးသော ဂန္ဓမာဒနတောင်နေ ဗဟုသုန္ဒရီနတ်သမီးသည် မိမိ၏သားဟောင်းဖြစ်သော သုဝဏ္ဏသာမကို စောင့်ရှောက်ရန် တာဝန်အရ မျှော်ကြည့်လေရာ မြားမှန်ကြောင်းကို သိရှိလေသည်။ နတ်သမီးသည် အကယ်၍ မိမိမသွားရောက်ပါက သုဝဏ္ဏသာမသည် မိန်းမောရာမှ အမှန်ပင် သေဆုံးရမည်ကို သိသဖြင့် သုဝဏ္ဏသာမ အသက်ရှင်ခြင်း၊ ဒုကူလနှင့် ပါရိကာတို့ မျက်စိအလင်းရခြင်း၊ ပီဠိယက္ခမင်းကြီးတရားရ၍ နတ်ပြည်သို့ လားရခြင်းဟူသော အကျိုးသုံးပါးကို မျှော်ကာ သုဝဏ္ဏသာမ မြားမှန်ရာ မိဂသမ္မတာမြစ်အနီး၌ ကိုယ်ထင်ပြ၍ ပီဠိယက္ခမင်းကြီးနှင့် စကားဆိုလေသည်။

နတ်သမီးက "အသင်မင်းကြီးသည် မြားတစ်စင်းတည်းဖြင့် သုဝဏ္ဏသာမနှင့်တကွ အမိအဘတို့ပါ သုံးဦးလုံးကိုသတ်ရာရောက်သည်။ သင်မင်းကြီးသည် သုဝဏ္ဏသာမ၏ ကန်းသော အမိအဘတို့ကို ကောင်းစွာ လုပ်ကျွေးခြင်းဖြင့် ကောင်းသော လားရာသို့ ရောက်ပါစေ"ဟုဆိုလေသည်။

## ပီဠိယက္ခမင်း ဒုကူလတို့ထံသွားခန်း

ပီဠိယက္ခမင်းကြီးသည် နတ်သမီး၏စကားကိုကြားလျှင် သုဝဏ္ဏသာမကို သေပြီအမှတ်ဖြင့် ပန်းခက်အမျိုးမျိုးဖြင့် ပူဇော်ရေသွန်းပြီးနောက် သောက်ရေအိုးကိုယူကာ ဒုကူလနှင့် ပါရိကာတို့ရှိရာသို့ သွားလေသည်။

သို့ဖြင့် ပီဠိယက္ခမင်းကြီးသည် ဒုကူလ ပါရိကာတို့၏ သင်္ခမ်းသို့ ရောက်လေသော် ခြေသံပြင်းစွာဖြင့် ဝင်သွားလေရာ ဒုကူလသုခမိန်က သုဝဏ္ဏသာမ၏ ခြေသံမဟုတ်ကြောင်းကို သိ၍ မည်သူနည်းဟုမေးလေသည်။ ထိုအခါ မင်းကြီးက မိမိသည် သုဝဏ္ဏသာမအား သတ်မိခဲ့ကြောင်းကို ရှေးဦးစွာ ပြောလျှင် ဒုကူလနှင့် ပါရိကာတို့အမျက်ထွက်၍ ဆဲရေးရေရွတ်သော် မိမိက ထပ်မံညှဉ်းဆဲမိမည်စိုး၍ မိမိသည် လေးအတတ်ကျွမ်းကျင်သော သမင်သားအစားကြူးသည့် ပီဠိယက္ခမင်းဖြစ်သည်ဟု ပြောပြလေသည်။

ထိုအခါ ဒကူလက သုဝဏ္ဏသာမအကြောင်းကို ဖွဲ့နွဲ့ပြောဆို၍ သုဝဏ္ဏသာမ ရှာဖွေထားသော သစ်သီးတို့ကို ကျွေးမွေးကာ သုဝဏ္ဏသာမ ရေခပ်ရာမှ ပြန်လာချိန်နီးကြောင်းပြောလေသည်။ ထိုစကားကိုကြားလျှင် မင်းကြီးက မိမိသည် သုဝဏ္ဏသာမကို မြားနှင့်ပစ်ခဲ့မိကြောင်းပြောလေရာ ပါရိကာလည်း စကားသံသဲ့ကြားလိုက်သဖြင့် အနီးသို့လာရောက်ကာ ထပ်၍မေး ပြန်လေသည်။ ထိုအခါ ဒကူလက အမျက်မထွက်ရန် ဆုံးမ၍ အကြောင်းကို ပြောပြီးလျှင် နှစ်ယောက်လုံး ပြင်းဖွာငိုကြွေးကြလေသည်။

မင်းကြီးသည် ဒကူလတို့အား နှစ်သိမ့်စေလျက် မိမိသည် သုဝဏ္ဏသာမကိုယ်စား လုပ်ကျွေးပါမည်ဟု ပြောကြားလေသည်။ ဒကူလတို့ကမူ မင်းကြီးသည် မိမိတို့အား မလုပ်ကျွေးအပ်ဟု မင်းကြီး၏ဂုဏ်ကို ချီးကျူး ပြောဆို၍ သုဝဏ္ဏသာမရှိရာသို့သာ ပို့ဆောင်ပေးရန် တောင်းပန်သဖြင့် မင်းကြီးသည် ထိုနေ့ညမသွားရန် တော၏အန္တရာယ်ကို ပြောပြခြိမ်းခြောက် ၍ မရသည့်အဆုံး၌ လက်ကိုတွဲ၍ ပို့ဆောင်ပေးရလေသည်။

## ဒကူလ ပါရိကာတို့ သုဝဏ္ဏသာမထံ လိုက်လာခန်း

ဒကူလနှင့် ပါရိကာတို့သည် ပီဠိယက္ခမင်းကြီး၏ ရှေ့ဆောင်ချက်ဖြင့် သုဝဏ္ဏသာမ မိန်းမောလဲလျောင်းနေရာသို့ ရောက်လျှင် ခြေရင်းခေါင်းရင်း တို့၌ တစ်ယောက်စီထိုင်ကြ၍ ငိုကြွေးကြလေ၏။ ထို့နောက် သုဝဏ္ဏသာမ၏ ရင်ကိုလက်တင်၍ ရင်ကိုစူးစမ်းလေသော် အသက်မသေသေးဘဲရှိသည်ကို သိ၍ သစ္စာပြုလျက် အဆိပ်ငွေ့ ပြေလေအောင် ကြိုးစားကြလေသည်။

## သစ္စာပြုခန်း

ပါရိကာသည် ရှေးဦးစွာသစ္စာဆိုလေရာ သစ္စာ ၇ ချက်မှာ-

၁။ ငါ့သား သုဝဏ္ဏသာမသည် ရှေးက ဆယ်ပါးသော ကုသိုလ်ကမ္မပထ တရားတို့ကို ကျင့်ခဲ့သည်။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၂။ ငါ့သား သုဝဏ္ဏသာမသည် ရှေး၌မြတ်သော အကျင့်ကိုကျင့်၏၊ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၃။ ငါ့သား သုဝဏ္ဏသာမသည် ရှေးက ဟုတ်မှန်သော သစ္စာစကားကိုသာ ဆိုတတ်သည်။ ဤမှန်သောသစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၄။ ငါ့သား သုဝဏ္ဏသာမသည် မိဘတို့ကို လုပ်ကျွေးသည်။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၅။ ငါ့သား သုဝဏ္ဏသာမသည် အသက်ကြီးသောသူတို့ကိုလည်းကောင်း၊ အမိအဘတို့ကိုလည်းကောင်း ရိုသေ၏။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၆။ ငါ့သားသုဝဏ္ဏသာမအား ငါသည် အသက်ထက်ချစ်မြတ်နိုး၏။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၇။ ငါ့၌လည်းကောင်း၊ အဘ၌လည်းကောင်း အမှတ်မထားဘဲ ပြုအပ်သော ကောင်းမှုရှိ၏။ ထိုကောင်းမှုကြောင့် မြားဆိပ်ပျောက်စေသတည်း။

ဟူ၍ဖြစ်လေသည်။

ထိုသို့သစ္စာဆိုပြီးလေလျှင် သုဝဏ္ဏသာမသည် တစ်ဘက်သို့စောင်း၍ အိပ်လေသည်။ ထိုအခါ ဘခင်ဒုကူလကလည်း အလားတူသစ္စာ ၇-ချက်ကိုဆိုလေလျှင် သုဝဏ္ဏသာမသည် တစ်ဘက်သို့ပြောင်း၍ အိပ်ပြန်လေသည်။

ထိုခဏ၌ မိခင်ဟောင်း ဗဟုသုန္ဒရီနတ်သမီးသည် သစ္စာပြုပြန်လေသည်။ နတ်သမီး၏ သစ္စာ ၂-ချက်မှာ–

၁။ ငါသည်အမြဲသဖြင့် ဂန္ဓမာဒနတောင်၌နေ၍ သုဝဏ္ဏသာမမှတစ်ပါး ချစ်မြတ်နိုးသူဟူ၍မရှိ။ ဤမှန်ကန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

၂။ ဂန္ဓမာဒနတောင်၌ တောအားလုံးသည် နံ့သာအတိရှိ၏။ အခြား သစ်ပင်မရှိ။ ဤမှန်ကန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေ သတည်း။

ဟူ၍ ဖြစ်လေသည်။

နတ်သမီးသစ္စာပြုပြီးသည်နှင့်တစ်ပြိုင်နက် သုဝဏ္ဏသာမသည် မြား ဒဏ်ရာပင်မထင်ဘဲ ကောင်းစွာထနိုင်လေသည်။ မယ်တော် ခမည်းတော်တို့ လည်း မျက်စိအလင်းရကြလေသည်။ တစ်ပြိုင်တည်းမှာပင် နေအရုဏ်တက်လာ ၍ နတ်တို့တန်ခိုးဖြင့် သုဝဏ္ဏသာမ၊ ဒုကူလ၊ ပါရိကာနှင့် ပီဠိယက္ခ မင်းကြီးတို့သည် ကျောင်းသင်္ခမ်းသို့ အလိုလိုပြန်ရောက်နေကြလေသည်။ အားလုံးပင် ဝမ်းမြောက်ကြလေသည်။

## သုဝဏ္ဏသာမ တရားတောခန်း

သုဝဏ္ဏသာမသည် ပီဠိယက္ခမင်းကြီးကို မြင်သောအခါ ကောင်းမွန် စွာ နှုတ်ဆက်လေသည်။ မင်းကြီးက သုဝဏ္ဏသာမအား မည်ကဲ့သို့ သေရာမှ ရှင်လာကြောင်းကို မေးလေသည်။ သုဝဏ္ဏသာမက မိမိသည် ဝေဒနာပြင်းထန်၍ မိန်းမောခြင်းသာ ဖြစ်ကြောင်းကိုပြောပြလျက် မိဘတို့အား လုပ်ကျွေးသူကို နတ်တို့က ဆေးကုပေးကြောင်းနှင့် လူခပ်သိမ်းတို့က ချီးကျူးလျက် သေသောအခါ နတ်၏စည်းစိမ်ကို ရနိုင်ကြောင်းများကို ပြောပြ၍ မင်းတို့ကျင့်ရန် တရားဆယ်ပါးကို ဟောကြားလေသည်။

ထိုတရားဆယ်ပါးမှာ-

၁။ အမိအဘတို့အား လုပ်ကျွေးခြင်း။
၂။ သားမယားတို့အား လုပ်ကျွေးခြင်း။
၃။ မှူးမတ်ဗိုလ်ပါ လူအပေါင်းတို့အား စွန့်ကြဲခြင်း။
၄။ ဆင်မြင်းဗိုလ်ပါတို့၌ တရားသဖြင့် ကျင့်ခြင်း။

၅။ ရှာနိဂုံးတို့၌ တရားသဖြင့်ကျင့်ခြင်း။
၆။ ပြည်၊ တိုင်းကားတို့၌ တရားသဖြင့်ကျင့်ခြင်း။
၇။ ရဟန်းပုဏ္ဏားတို့၌ တရားသဖြင့်ကျင့်ခြင်း။
၈။ သားငှက်တို့၌ တရားသဖြင့်ကျင့်ခြင်း။
၉။ တရားကိုကောင်းစွာကျင့်ခြင်း။
၁၀။ တရားကိုမမေ့မလျော့ကျင့်ခြင်း။

ဟူ၍ဖြစ်လေသည်။

ထိုနောက် ငါးပါးသီလကိုလည်းပေး၏။ မင်းကြီးသည် ဗာရာဏသီပြည်သို့ ပြန်၍ ကောင်းမှုပြုလျက် နတ်ရွာလားလေသည်။ သုဝဏ္ဏသာမနှင့် ဒုကူလ-ပါရိကာတို့လည်း အဘိညာဉ်သမာပတ်ရ၍ အသက်အဆုံး၌ ဗြဟ္မာပြည်သို့ လားလေသည်။

## ဇာတ်တော်ပေါင်းခန်း

ဇာတ်ပေါင်းသော်-

| | |
|---|---|
| ပိဠိယက္ခမင်းကြီးသည် | အာနန္ဒာထေရ်။ |
| ဗဟုသုန္ဒရီနတ်သမီးသည် | ဥပ္ပလဝဏ်ထေရီ။ |
| သိကြားမင်းသည် | အနုရုဒ္ဓါထေရ်။ |
| ဒုကူလသည် | မဟာကဿပထေရ်။ |
| ပါရိကာသည် | ဘဒ္ဒါကာပိလာနီထေရီ။ |
| သုဝဏ္ဏသာမသည် | ဂေါတမမြတ်စွာဘုရား။ |

အသီးသီးဖြစ်လာလေသည်။




# နေမိဇာတ်တော်

## ဇာတ်တော်အကြောင်း

နေမိဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် နေမိမင်းကြီး အကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီးဆယ်ဇောင်တွင် စတုတ္ထဇာတ်တော်စာရင်းဝင် ဖြစ်လေသည်၊

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် ဒါနပါရမီတော်ကို အကြောင်းပြု၍ မိထိလာပြည် သရက်ဥယျာဉ်၌ မဟာသက္ကရာဇ် *ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ဂါထာပေါင်း ၁၂၀ ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူလေသည်။ တရားပွဲတွင် ပရိသတ် ၈၄၀၀၀ ကျွတ်တမ်းဝင်လေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၈ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ သောကြာနေ့တွင် မင်းပူးရွာ လေသာဆရာတော်

---

*သက္ကရာဇ်တော်ကျ မှတ်တမ်း မတွေ့ရချေ။

ဦးသြဘာသက မြန်မာဘာသာ စကားပြေဖြင့် ပြန်ဆိုရေးသားပြီးစီးတော်မူလေသည်။

ထိုခေတ်မတိုင်မီ သက္ကရာဇ် ၈၉၇ ခုနှစ်ကျော်ကပင် ရှင်အဂ္ဂသမာဓိကလည်း ပျို့ကဗျာဖြင့် နေမိဂ္ဂမဖိုးခန်းပျို့၊ နေမိငရဲခန်းပျို့၊ နေမိဘုံခန်းပျို့ဟူ၍ ပျို့သုံးစောင်ဖြင့် ဖွဲ့ဆိုခဲ့ဖူးလေသည်။

## ဇာတ်တော်ကို ဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားရှင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ အာနန္ဒာထေရ်ကို နောက်ပါပြုလျက် ဒေသစာရီလှည့်လည်တော်မူရာ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ရောက်လျှင် မင်း၏သရက်ဥယျာဉ်၌ နေတော်မူလေသည်၊ ထိုအခါ၌ ညချမ်းအချိန်သို့ ရောက်၍ သရက်ဥယျာဉ်၌ လှည့်လည်လေသော် ထိုအရပ်၌ ရှေးသသရောက မင်းဖြစ်တော်မူဖူးသော မြေအရပ်ကိုမြင်သဖြင့် ပြုံးတော်မူလေသည်။ ထိုအခါ အာနန္ဒာထေရ်က အကြောင်းကိုလျှောက်ထားမေးမြန်းရာ ရှေးအခါ မဃဒေဝမင်းဖြစ်တော်မူစဉ်က ထိုအရပ်၌ အရဟတ္တဖိုလ်ကို ရဖူးကြောင်းဖြင့် မိန့်ကြား၍ ရဟန်းတို့က ရှေးအတိတ်ကိုဆောင်၍ အကျယ် ဟောတော်မူပါဟု လျှောက်ထားသဖြင့် နေမိဇာတ်တော်ကို ဟောကြားတော်မူလေသည်။

# နေမိဇာတ်တော်

## မဃဒေဝမင်းဟောထွက်ခန်း

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဃဒေဝအမည်ရှိသော မင်းသည် မင်းပြုလေသည်။ ထိုမင်းသည် မင်းမျိုးဖြစ်၍ မင်းသားငယ်ဘဝ၌ အနှစ် ၈၄၀၀၀ အိမ်ရှေ့မင်းဘဝ၌ အနှစ် ၈၄၀၀၀ ခံစားခဲ့ပြီးမှ မင်းအဖြစ်ကိုရလေသည်။ မင်းပြု၍ အနှစ် ၈၄၀၀၀ ကြာ

လေသော် အသက်တမ်း၏ လေးပုံသုံးပုံသို့ရောက်ပြီဖြစ်ရာ တစ်နေ့တွင် ဆံပင်ပြုပြင်သော ဆတ္တာသည်က မင်းကြီး၏ ဦးခေါင်းမှ ဆံပင်ဖြူတစ်ပင်ကို နုတ်၍ပြလေရာ သေဘေးကို သတိသံဝေဂရ၍ ရဟန်းပြုလေတော့သည်။ ရဟန်းဘဝတွင် နှစ်ပေါင်း ၈၄၀၀၀ ဈာန်ချမ်းသာကို ခံစားပြီးနောက် ဗြဟ္မာ့ပြည်သို့ လားရလေသည်။

မဃဒေဝမင်းကြီး၏ သားမြေးအစဉ်အဆက်တို့လည်း ဆံဖြူတစ်ချောင်း မြင်လျှင် တောထွက်ကြသည်ချည်း ဖြစ်လေသည်။

## နေမိမင်း ပဋိသန္ဓေနေခန်း

မဃဒေဝမင်းမှဆင်းသက်၍ မင်းပေါင်း ၈၃၉၉၉ ယောက်၏ နောက်ဆုံးမင်းလက်ထက်တွင် ပထမအစဖြစ်သော ထိုမဃဒေဝမင်းသည် ဗြဟ္မာပြည်သို့ရောက်နေရာ မိမိ၏အနွယ်ဆက်သည် ထိုမှနောက်တွင် တောထွက်သောအမျိုး အစဉ်ပျက်တော့မည်ကိုမြင်၍ မိမိပင်လျှင် အဆုံးသတ်၍ ဆက်စပ်တော့မည်ဟုကြံကာ မိထိလာပြည်မင်းကြီး၏ မိဖုရားဝမ်းတွင် သန္ဓေယူလေသည်။

အချိန်စေ့၍ ဖွားမြင်လေသော် ခမည်းတော်က အမျိုးအနွယ်ကို သတ်ကွပ်မည့် မင်းသားဖြစ်ကြောင်းကိုသိ၍ နေမိမင်းသားဟု အမည်ပေးကာ ခမည်းတော်သည် ဆံဖြူမြင်၍ တောထွက်သောအခါ သား နေမိမင်းသားကို ထီးနန်းအပ်ခဲ့လေသည်။ နေမိမင်းသည် ပြည်သူအများကို တရားပြသဆုံးမ၍ အလှူကောင်းမှုပြုကာ နေလေသည်။

## နေမိမင်းကြီး အကြံပြုခန်း

နေမိမင်းကြီးသည် တစ်နေ့သ၌ ဒါနကမြတ်သလော၊ သီလကမြတ် သလောဟု တွေးတောကြံစည်ရာ ကြံစည်၍မရဘဲရှိလျှင် သိကြားမင်းက ပဏ္ဍုကမ္ဗလာတင်းသဖြင့် အကြောင်းကိုသိ၍ နေမိမင်းကြီးထံသို့ လာရောက် ပြီးလျှင် အကြောင်းကိုပြောပြ၍ ပြဿနာကို မေးခွင့်ပြုလေသည်။

# ပြုသနာကို သိကြားမင်းဖြေခန်း

နေမိမင်းကြီး၏အမေးကို ကြားရလျှင် သိကြားမင်းက သီလသည်သာ ပို၍ မြတ်ကြောင်း၊ အမြတ်ဆုံးဒါနသည် အယုတ်ဆုံးသီလကိုပင်မမှီကြောင်း၊ သီလကြောင့်သာ ဗြဟ္မာပြည်သို့ရောက်နိုင်ကြောင်းတို့ကို ရှင်းလင်း၍ မိမိကြားဖူးသောပုံကိုလည်း ဆောင်လေသည်။ ရှေးအခါက ဒုပတိမင်း၊ သာဂရမင်း၊ သေလမင်း၊ မုစလိန္ဒမင်း၊ ဘဂီရသမင်း၊ ဥသိန္နရမင်း၊ ပုထုဇ္ဇနမင်း စသည်တို့သည် ဒါနကြောင့် ကာမာဝစရနတ်ဘုံအကျွင်း၌သာ အကျိုးခံစားရ၍ အိမ်ရာမထောင်ဘဲ ခြိုးခြံစွာကျင့်သော ယာမဟနုရသေ့၊ သောမယာဂရသေ့၊ မနောဇရသေ့၊ သမုဒ္ဒရသေ့၊ မာဃရသေ့၊ ဘရတရသေ့၊ ကာလပုရက္ခိတရသေ့၊ အင်္ဂီရသရသေ့၊ ကဿပရသေ့၊ ကိသဝစ္ဆရသေ့၊ အကတ္တိရသေ့တို့ ဗြဟ္မာဘုံအထိပင် ရောက်ကြောင်းတို့ကို ပြောပြလေသည်။ ကိုမှတစ်ပါး သီဒါမြစ်ကမ်း၌နေသော ဈာန်ရ ရသေ့တစ်ပါးအကြောင်းကိုလည်း ပြောပြလေသည်။

တစ်ရံရောအခါ သီဒါမြစ်ကမ်းအနီးမှ ဈာန်ရ ရသေ့တစ်ပါးသည် ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံဝင်လေရာ ပုဏ္ဏားတစ်ယောက်သည် ကြည်ညို၍ ပင့်ဆောင်ဆွမ်းလုပ်ကျွေးပြီးလျှင် ဈာန်ချမ်းသာအကြောင်းကိုသိ၍ မိမိကိုပါ ရသေ့ပြုရန် တောင်းပန်လေသည်။ ရသေ့က ပုဏ္ဏားအား မင်း၏အခွင့်ရမှ ရသေ့ပြုမည်ဟုဆိုသဖြင့် ပုဏ္ဏားကလည်း မင်းကြီးထံခွင့်ပန်လေရာ မင်းကြီးက ခွင့်ပြု၍ ရသေ့ပြုပြီးသော် မိမိထံသို့လည်းကြွလာရန် ပင့်ဖိတ်လေသည်။ ပုဏ္ဏားလည်း ဈာန်ရ ရသေ့ထံတွင် လိုက်ပါရသေ့ပြု၍ တရားအားထုတ်သဖြင့် ဈာန်ရလေသည်။ ထိုရသေ့သည် မိမိဝန်ခံချက်အတိုင်း မင်းကြီးထံသို့ကြွလာရာ မင်းကြီးလည်း ကြည်ညို၍ ကျန်ဈာန်ရ ရသေ့တစ်သောင်းကိုပါ ဆွမ်းလုပ်ကျွေးရန် အခြွေအရံနှင့်တကွ ဟိမဝန္တာသို့ လိုက်ပါလေသည်။ ထိုနည်းဖြင့် မင်းကြီးသည် ရသေ့တစ်သောင်းတို့အား တစ်နေ့မပြတ် ဆွမ်းလုပ်ကျွေးသည်မှာ အနှစ်တစ်သောင်းမျှပင် ကြာရှည်လေသည်။ ထိုအကျိုးဖြင့် မင်းကြီးသည် သိကြားမင်းဖြစ်လာ၍ ရသေ့တို့သည်

ကား ဗြဟ္မာ့ဘုံသို့ရောက်ရကြောင်းကို သိကြားမင်းက ပြောပြလေသည်။
ထိုနောက် သိကြားမင်းပြန်၍ တာဝတိံသာနတ်ပြည်သို့ ရောက်လျှင် သုဓမ္မာသဘင်၌ နတ်များမေးမြန်းကြသဖြင့် မိမိလူ့ပြည်၌ ဂုဏ်သတင်း ကြီးသော နေမိမင်းကြီး၏ ပြဿနာကို ဖြေကြားပေးခဲ့ကြောင်း ရှင်းပြလေ သည်။

## နေမိမင်းကြီးကို နတ်ပြည်ဆောင်ခန်း

ထိုအခါ နတ်အပေါင်းက ဂုဏ်သတင်းကြီးသော နေမိမင်း ကြီးကို ဖူးမြင်လိုသည်ဟု တောင်းပန်ကြသဖြင့် သိကြားမင်းလည်း မာတလိနတ်သားကိုခေါ်ကာ သိန္ဓောမြင်းတစ်ထောင်ကသော ရထားဖြင့် နေမိမင်းကြီးအား နတ်ပြည်သို့ဆောင်ယူစေလေသည်။ မာတလိနတ်သားလည်း သိကြားမင်းစေတိုင်းသွားလေ၍ မိထိလာပြည်သို့ရောက်လျှင်နေမိမင်းကြီး အား သိကြားမင်းက ပင့်ဆောင်ရန် စေလွှတ်ကြောင်း ပြောပြလေသည်။ နေမိမင်းကြီးလည်း အများကို တရားမမေ့လျော့ရန် မှာကြား၍ ဝေဇယန္တာ ရထားယာဉ်သို့ တက်၍လိုက်လေသည်။
ရထားပေါ်သို့ရောက်လျှင် နေမိမင်းကြီးအား ငရဲပြည်အနီးကို ဖြတ်သွားသောလမ်းနှင့် နတ်ပြည်အနီးကို ဖြတ်သွားသောလမ်းဟူ၍ ခရီးနှစ် ကြောင်းအနက် မည်သည့်ခရီးဖြင့် သွားလိုကြောင်းကို မာတလိနတ်သားက မေး၍ နေမိမင်းကြီးက နှစ်ကြောင်းလုံးဖြင့် သွားလိုကြောင်းဖြင့် ပြန်လည် ပြောကြားလေသည်။ ထိုနောက် မာတလိနတ်သားက မေးပြန်သဖြင့် ငရဲပြည်အနီးမှ ရှေးဦးစွာသွားလိုကြောင်း ပြန်ကြားပြောဆိုလေသည်။

# ငရဲခန်းများ

၁။ ဝေတရဏီ ဥဿဒရတ်ငရဲ

မာတလိနတ်သားသည် သိဋ္ဌိုးငရဲကြီး၏ အရံဖြစ်သော ဝေတရဏီ

ကြိမ်ပိုက်ချောင်းဥဿဒရက်ငရဲသို့ ရေးရှုနှင်လေသည်။ ရောက်သောအခါ ငရဲခံနေရသူများကို မင်းကြီးအားပြလေသည်။ ထိုငရဲတွင် သံရည်ပူထဲ၌ အလျှံတောက်သော သံကြာရွက်များပြည့်၍ ရေတာစ်ပြင်လုံး၌လည်း သင်ခုန်းဓား သွားများ စိုက်ထား၍ သံဆူးကြိမ်နွယ်တို့လည်းများလှ၏။ ငရဲထိန်းတို့က ငရဲခံရသူတို့အား နှိပ်စက်၍ မခံနိုင်ဘဲ ကြိမ်ပိုက်ချောင်းထဲသို့ ဂျကာ ရူးရပေါက်ပြိုကြကုန်၏။ ဤနည်းဖြင့် နှစ်ပေါင်းများစွာ သံကြာရွက်၊ သံဆူး၊ သံရေပူထဲတွင် ဒုက္ခခံစားကြရလေသည်။

ထိုသူများကို နေမိမင်းကြီး မြင်ရသောအခါ ထိတ်လန့်၍ မာတလိအားမေးလေလျှင် ထိုငရဲခံသူများသည် လူ့ဘဝက အားနည်းသောသူတို့ကို နိုင်ထက်စီးနင်းပြုခဲ့၍ မိမိတို့အာဏာဖြင့်လည်းကောင်း၊ စည်းစိမ်ဖြင့်လည်းကောင်း၊ လက်ရုံးအားဖြင့်လည်းကောင်း ညှဉ်းဆဲသူများဖြစ်ကြောင်း မာတလိနတ်သားက ရှင်းပြလေသည်။

## ၂။ သုနခ ဥဿဒရက်ငရဲ

ထိုနောက် မာတလိနတ်သားသည် ခွေးကျားကြီးငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲ၌ ခွေးကို့သည် ဆင်မျှလောက်ကြီး၍ မီးတောက်မီးလျှံရောင်၊ အရွေ၊ အနီ၊ အညို၊ အကျား စသည်ရှိ၍ ကျီး၊ လင်းတတို့လည်း မှည်းဘိုးခန့်ကြီးမား၏။ သွား နှုတ်သီးတို့သည် သံဖြင့်ပြီး၏။ ငရဲခံသူတို့၏ ကိုယ်ကား သုံးဂါဝုတ်မျှကြီး၍ ငရဲခွေးနှင့် ကျီး လင်းတတို့သည် ကိုက်ဖြတ် ထိုးဖောက်ကြလေသည်။ ဤသို့အားဖြင့် ဖြစ်ပြန်ပျက်ပြန် အဖန်ဖန်လျှင် နှစ်ပေါင်းများစွာ ခံရလေသည်။

ထိုသူများကို နေမိမင်းကြီးမြင်ရလျှင် ထိတ်လန့်၍ မာတလိအားမေးရာ ထိုငရဲသူတို့မှာ လူဖြစ်သောအခါက စဉ်းလဲဝန်တို ဆဲဆိုနှုတ်ကြမ်းသူများ ဖြစ်ကြောင်းကို ရှင်းလင်းပြလေသည်။

## ၃။ သဃောတ် ဥဿဒရက်ငရဲ

ထိုနောက် မာတလိနတ်သားသည် သဃောတ်ငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲ၌ ကိုးယူဇနာခန့် အလျှံပြောင်ပြောင်တောက်သောမြေ၌ ငရဲသူတို့သည် ရဲရဲညီးသော ကိုယ်ဖြင့် နင်းသွား၍ ငရဲထိန်းတို့က ထန်းလုံးခန့်ရှိ တောက်လောင်သော လှံတံဖြင့် ရိုက်ပုတ်နှိပ်စက်ခြင်းကို ခံရလေသည်။

ထိုသူများကို နေမိမင်းကြီးမြင်ရ၍ မေးလျှင် ထိုသူများသည် လူဖြစ်သောအခါက ကုသိုလ်ပြုသည်ကိုမနာလိုခြင်း၊ သူတော်ကောင်းညှဉ်းဆဲခြင်း၊ စောင်းမြောင်းခြင်း စသည်တို့ကို ပြုခဲ့ကြသူများဖြစ်ကြောင်းကို မာတလိနတ်သားက ရှင်းပြလေသည်။

## ၄။ အဂ္ဂိရတာသု ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် မီးကျီးတွင်းငရဲသို့နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲထိန်းတို့သည် အလျှံပြောင်ပြောင်တောက်လောင်သော သန်လျက်၊ လှံတို့ကိုစွဲကိုင်၍ ငရဲသားများအား ထိုးခုတ်ရိုက်ပုတ်ကာ မီးကျီးတွင်းသို့ ဆင်းစေပြီး သံခြင်းတောင်းဖြင့် မီးကျီးခဲကို အပေါ်မှလောင်းချလေသည်။

ထိုငရဲသူများကို မြင်ရသောအခါ နေမိမင်းကြီးက ထိတ်လန့်၍ မေးမြန်းရာ မာတလိနတ်သားက ထိုသူများသည် လူဖြစ်စဉ်က လိမ်လည်အလှူခံ၍ ကိုယ်ကျိုးစားသုံးသူများ ဖြစ်ကြောင်းကို ရှင်းလင်းပြောပြလေသည်။

## ၅။ လောဟကုမ္ဘီ ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် သံအိုးငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲတွင် သံတောင်ကြီးကဲ့သို့သော အိုးထဲ၌ သံရည်ပူတို့ရှိရာ ငရဲထိန်းတို့က ငရဲသူတို့ကို ထိုအိုးထဲသို့ ဇောက်ထိုးပစ်ချလေသည်။

ထိုငရဲသူများကို မြင်ရသောအခါ နေမိမင်းကြီးက ထိတ်လန့်သံဝေဂရ၍ မေးမြန်းလျှင် မာတလိနတ်သားက ထိုသူတို့မှာ လူ့ဘဝက အကျင့်သီလရှိသူများအား ဆဲရေးသတ်ပုတ်ခဲ့သူများဖြစ်ကြောင်းကို ရှင်းပြလေသည်။

## ၆။ ဒုတိယလောဟကုမ္ဘီ ငရဲသားဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် ဒုတိယလောဟကုမ္ဘီငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲထိန်းတို့သည် ငရဲသူတို့ကို ရဲရဲတောက်သော သံကြိုးဖြင့် စည်းနှောင်၍ သံရည်အိုးကင်းထဲသို့ ပစ်ချလေသည်။

ထိုငရဲသူများကို မြင်ရ၍ နေမိမင်းကြီးက အကြောင်းကိုမေးလျှင် ထိုသူသည် လူ့ဘဝက ငှက်ခတ်မုဆိုးများ ဖြစ်ခဲ့ကြောင်းကို ရှင်းပြလေသည်။

## ၇။ တပေါဒါနဒီ ငရဲသားဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် ပြာပူမြစ်ငရဲသို့ နှင်ပြန်လေ၏။ ထိုငရဲ၌ သံမြေအပြင်၌ မြစ်တစ်စင်းရှိ၏။ ငရဲသူတို့သည် ပူပြင်းသော သံမြေကိုနင်း၍ ရေမွတ်သိပ်သဖြင့် မြစ်သို့ဆင်းသောက်လျှင် မြစ်သည် ပြာပူအတိဖြစ်၍ နှုတ်ခမ်း၊ အူ၊ အသည်းတို့ လောင်မြိုက်၍ ယိုထွက်လေသည်။

ထိုငရဲသူများကိုမြင်ရ၍ နေမိမင်းကြီးက အကြောင်းကိုမေးလျှင် ထိုသူတို့သည် လူ့ဘဝက လှည့်စားသော စပါးကုန်သည်တို့သာဖြစ်၍ စပါးကို သဲ၊ မြေ၊ ဆီးစေ့ စသည်တို့ကို ရောပြွမ်းရောင်းချခဲ့ကြသူများ ဖြစ်ကြောင်းကို မာတလိနတ်သားက ရှင်းပြလေသည်။

## ၈။ သဏ္ဍာသတ ငရဲသားဒရက်ငရဲ။

မာတလိနတ်သားသည် ထိုမှတစ်ဖန် လက်နက်ငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲထိန်းတို့သည် ငရဲသားတို့အား လက်နက်မျိုးစုံဖြင့် အပိုင်းအပိုင်းဖြတ်ခြင်း၊ သီခြင်း၊ ထိုးဆွခြင်း၊ ရိုက်နှက်ခြင်း တို့ကို ပြုလေသည်။

ထိုငရဲသူများကို နေမိမင်းကြီးမြင်သောအခါ ထိတ်လန့်၍ မာတလိကို မေးလေလျှင် မာတလိက ထိုသူများသည် လူ့ဘဝက သက်ရှိသက်မဲ့ ဥစ္စာတို့ကို ခိုးယူခဲ့သူဖြစ်ကြောင်းကို ရှင်းပြလေသည်။

## ၉။ သူနာဝဏ ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် အသားစုငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲထိန်းတို့သည် ငရဲသူတို့အား ရဲရဲတောက်သော သံကြိုးဖြင့်ချည်၍ လက်နက်တို့ဖြင့် ထိုးခုတ်သဖြင့် ငရဲသူတို့ မသေမရှင် ခံစားနေကြရလေသည်။

နေမိမင်းကြီးလည်း ထိတ်လန့်စွာဖြင့် မေးမြန်းလေသော် မာတလိနတ်သားက ထိုသူများသည် လူ့ဘဝက တံငါသားထိုးလုပ်ကိုင်အသက်မွေးခဲ့သူများဖြစ်ကြောင်းကို ရှင်းလင်းပြောပြလေသည်။

## ၁၀။ မုတ္တကရီသ ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် ကျင်ကြီးကျင်ငယ်တွင်းငရဲသို့ ချေးရှုနှင်ပြန်လေသည်။ ထိုငရဲတွင် ရွံ့ဖွယ်စလိဖြစ်သော အညစ်အကြေးမစင်တို့ကို ငရဲသူတို့အလုပ်အလွေး စားသောက်ကြရလေသည်။

ထိုသူတို့ကို နေမိမင်းကြီး မြင်လေလျှင် ထိတ်လန့်ရွံ့ရှာ၍ မာတလိကိုမေးသောအခါ မာတလိက ထိုသူများသည် လူဖြစ်ရစဉ်က အမှုမရှိသူကို အမှုရှာ၊ အမှုရှိသူကို မျက်နှာသာပေး၍ အဂတိလိုက်စားခဲ့သူများဖြစ်ကြောင်းကို ရှင်းလင်းပြောပြလေသည်။

## ၁၁။ လောဟိတပုဗ္ဗ ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် သွေးပြည်တွင်းငရဲသို့ နှင်ပြန်လေသည်။ ထိုငရဲတွင် ရွံ့ဖွယ်ကောင်းသော သွေးပြည်အရိအရွဲတို့ကို ငရဲသားတို့ အလုပ်အလွေးစားသောက်ကြရလေသည်။

ထိုသူတို့ကို နေမိမင်းကြီးမြင်သော် ရွံရှာထိတ်လန့်၍ မာတလိကို မေးမြန်းလေလျှင် ထိုသူများသည် လူဖြစ်စဉ်က အမိအဘသံဃာတို့ကို ပြစ်မှားသတ်ဖြတ်ခဲ့ဖူးသူများ ဖြစ်ကြောင်းကို မာတလိနတ်သားက ရှင်းပြလေသည်။

## ၁၂။ ဝိဒ္ဓဝိဟာတ ဥဿဒရက်ငရဲ။

ထိုနောက်တွင် မာတလိနတ်သားသည် အရေဆုတ်၊ အသားဖြတ် ငရဲသို့နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲထိန်းတို့သည် ငရဲသူတို့အား သံမြှားကောက်ဖြင့် အာစောက်လျှာရင်းကို ဖောက်ထွင်းဆွဲချိတ်လျက် ပူပြင်းသော သံမြေပြင်ပေါ်သို့တင်ကာ သားရေကဲ့သို့ကား ကြက်စို့ရိုက်၍ နှိပ်စက်ကြလေသည်။

ထိုငရဲသူတို့ကို နေမိမင်းကြီးမြင်ရသောအခါ ထိတ်လန့်၍ မေးလေလျှင် မာတလိနတ်သားက ထိုသူများသည် လူဖြစ်စဉ်က ဂဉ်းလဲမှုများတွင် အဂတိလိုက်စား၍ ခုံသမတ်၊ ရာပြတ်ပွဲစား ပြုလုပ်ခဲ့သူများနှင့် ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ ငွေစဉ်းလဲပြုခဲ့သူများ ဖြစ်ကြောင်းကို ရှင်းလင်းပြလေသည်။

## ၁၃။ သပရိဘိန္နဂတ္တာဒိ ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် သံကြိတ်လုံး ငရဲသို့နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲသူမိန်းမများသည် သံလိုမ့်လုံးကြီးများ အလိမ့်ခံရ၍ အပိုင်းပိုင်းပြတ်ကာ သွေးအလိမ်းလိမ်းခံစားရလေသည်။ ထိုငရဲသူတို့ကို နေမိမင်းကြီးမြင်ရ၍ မာတလိနတ်သားကို မေးမြန်းသည့်အခါ ထိုသူများသည် လူ့ဘဝက သယောင်လင်စောင်ထားသော မိန်းမများချည်းဖြစ်ကြောင်းကို ပြောပြလေသည်။

## ၁၄။ အဝံသိရဝတ ဥဿဒရက်ငရဲ။

ထိုနောက် မာတလိနတ်သားသည် ဦးစောက်ကျငရဲသို့ နှင်ပြန်လေသည်။ ငရဲတွင် ထိုငရဲထိန်းတို့သည် ငရဲသူတို့အား မီးကျီးစုပေါ်သို့ ကိုယ်ကိုစောက်ထိုးကိုင်ညှစ် ပစ်ချကြလေသည်။ ထိုအကြောင်းကို နေမိမင်းကြီး သိလို၍ မာတလိနတ်သားအားမေးမြန်းရာ ထိုသူများသည် လူ့ဘဝ၌ သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်ခဲ့သူများဖြစ်ကြောင်း ရှင်းလင်းပြလေသည်။

၁၅။ တောင်ရိုသိမ္မလိဝန ဥဿဒရက်ငရဲ။

မာတလိနတ်သားသည် လက်ပံတောငရဲသို့ တစ်ဖန်နှင်ပြန်လေသည်။ ထိုငရဲတွင် ငရဲသူတို့အား သံဆူးဖြင့် ပြည့်သော လက်ပံပင်၌၊ လင်သည်အောက်မှ အထက်သို့လည်းကောင်း၊ မယားသည်အထက်မှ အောက်သို့လည်းကောင်း တက်စေဆင်းစေသဖြင့် ဆူးများစူးရှ၍ ပျက်စီးကြလေသည်။ ဤသို့အားဖြင့် ဖြစ်ချည်ပျက်ချည် ဒုက္ခခံစားရသူများကို နေမိမင်းကြီးမြင်၍ မေးလေလျှင် မာတလိနတ်သားက ထိုသူများသည် လူ့ဘဝက ကာ၊ ကာ၏အကျိုးကို မယုံကြည်ဘဲ မှားသောအယူကို ယူခဲ့ကြသူများဖြစ်ကြောင်းကို ရှင်းပြလေသည်။

# ဘုံခန်းများ

၁။ ဗီရဏီ ဘုံ။

မာတလိနတ်သားသည် ငရဲပြည်ကိုပြပြီးနောက် ရထားကို လှည့်ကာ ပြန်တက်၍ ကောင်းကင်လမ်းခရီးဖြင့် နှင်လေရာ မြင်းမိုရ်တောင်စဉ် ခုနစ်ထပ်သို့မရောက်မီ ဘုံငါးဆင့်ရှိ၍ အမြင့် ၁၂ ယူဇနာရှိသော ပတ္တမြားဗိမာန်ရှိသည့် ဗီရဏီနတ်သမီး၏ဘုံသို့ ရောက်လေသည်။ ရတနာမျိုးစုံဖြင့် ထွန်းလင်းသော ထိုနတ်ဘုံကိုမြင်ရသောအခါ နေမိမင်းကြီးက ထိုဗိမာန်ရှင် နတ်သမီးသည် မည်သို့သောအကြောင်းဖြင့် ထိုစည်းစိမ်ကို ရရှိကြောင်းမေးလေလျှင် မာတလိနတ်သားကို ထိုနတ်သမီးသည် ကဿပဘုရားလက်ထက်က အစေခံဖြစ်သော်လည်း စိတ်နှလုံးကောင်းမြတ်၍ သခင်ပုဏ္ဏားကြီး လှူလိုသောအတိုင်း၊ သံဃာတော်ရှစ်ပါးအား နေ့စဉ်ဆွမ်းလုပ်ကျွေးရန် စီစဉ်ပေးခဲ့၍ မိမိရသည့်ဥစ္စာဖြင့်လည်း လှူတန်း၍ သီလဆောက်တည်သဖြင့် ဤသို့ ဗိမာန်ရှင်ဖြစ်လာရကြောင်းကို ပြောပြလေသည်။

၂။ သောဏဒိန်ဘုံ။

မာတလိနတ်သားသည် ရထားကို ဆက်လက်နှင်ပြန်ရာ ရွှေဗိမာန်

ခုနစ်ဆောင်နှင့်တကွသော သောဏဒိန်နတ်သား၏ ဗိမာန်သို့ရောက်ပြန်လေသည်။ နေမိမင်းကြီးလည်း နတ်သမီးခုနစ်ဖော်နှင့်တကွသော သောဏဒိန်နတ်သား၏ အတိတ်ဘဝကို မေးမြန်းရာ မာတလိနတ်သားက ထိုနတ်မင်းသည် ကဿပဘုရားလက်ထက်က သူကြွယ်ဖြစ်၍ ဥပုသ်သီတင်းနေ၍ သီလစောင့်သုံးခဲ့ခြင်းကြောင့် ထိုစည်းစိမ်ကို ရရှိကြောင်းပြန်ကြားပြောပြလေသည်။

## ၃။ ဖလိကာဝိမာနဗိမာန်

မာတလိနတ်သားသည် ရထားကို ဆက်လက်နှင်ပြန်ရာ အမြင့် ၂၅ ယူဇနာရှိ၍ ရတနာ ၇ ပါးချယ်လှယ်လျက် ဖလ်သားအတိပြီးသော နတ်သမီးများစံရာ ဘုံသို့ ဖြတ်သန်းမိလေသည်။ နေမိမင်းကြီးလည်း ထိုနတ်သမီးတို့၏ အတိတ်ကောင်းမှုကို သိလို၍မေးရာ မာတလိနတ်သားက ထိုဖလ်နန်းသူများသည် ကဿပဘုရားလက်ထက်တော်က ဗာရာဏသီပြည်၌ သူငယ်ချင်းတစ်စုဖြစ်၍ သီလဆောက်တည်ကြလျက် ကုသိုလ်ဒါနကို အကူစီမံပြုလုပ်ခြင်း၊ ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းစသည်အားဖြင့် အားထုတ်ခဲ့ကြောင်းကို ပြန်ကြားပြောဆိုလေသည်။

## ၄။ ဝေဠုရိယ ဝိမာနဗိမာန်။

မာတလိနတ်သားသည် ရထားကိုဆက်၍နှင်ပြန်ရာ ကျောက်မျက်ရွှဲ၊ မြပုလဲမျက်ရှင်တို့ ထွန်းတောက်လျက်ရှိသော ဘုံဗိမာန်တွင် နတ်သမီးပေါင်းများစွာ ခြံရံလျက် နတ်သားနတ်သမီးအစုံတို့ စံမြန်းနေသည်ကို ဆက်လက်တွေ့မြင်ရပြန်လေသည်။ ထိုအခါ နေမိမင်းကြီးက သိလိုလှသဖြင့် မေးမြန်းပြန်လေရာ ထိုသူများသည် ကဿပဘုရားလက်ထက်တော်က ဗာရာဏသီပြည်တွင် အတူစုပေါင်းလျက် ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ သံဃာတော်များအား ဝတ္ထုပစ္စည်း ဆွမ်းသင်္ကန်းလှူဒါန်းခြင်း၊ ရေကန်ရေတွင်း၊ဇရပ်ဆောက်လုပ်ခြင်းစသော ကောင်းမှုတို့ကို ပြုလုပ်ခဲ့ကြကြောင်းဖြင့် မာတလိနတ်သားက ရှင်းလင်းပြောပြလေသည်။

## ၅။ ဒုတိယဖလိတာဝိမာနဝိမာန်။

မာတလိနတ်သားသည် ရထားကိုဆက်၍နှင်ပြန်ရာ ရတနာအတိပြီးလျက် မွှေးထုံသော ပန်းဥယျာဉ်တို့ခြံရံသော ဖလ်နန်းဗိမာန်ကြီးကို တွေ့ရှိရပြန်လေသည်။ နေမိမင်းကြီးလည်း အလွန်အံ့သြနှစ်သက်လျက် ထိုဗိမာန်ရှင်၏ အတိတ်ကိုမေးမြန်းလေသော် မာတလိနတ်သားက ထိုနတ်သားသည် ကဿပဘုရားလက်ထက်က မိထိလာပြည်၌ သူကြွယ်ဖြစ်၍ သီတင်းသီလစောင့်သုံးပြီး ရဟန်းတို့အား ပစ္စည်းပရိက္ခရာနှင့် ကျောင်းကန် လှူဒါန်းခြင်းကြောင့် ဤသို့ခံစားရကြောင်းကို ပြောပြလေသည်။

## ၆။ တတိယ ဖလိတာဝိမာနဝိမာန်။

မာတလိနတ်သားသည် ရထားကို ဆက်လက်၍နှင်ပြန်လေရာ ဖလ်အတိပြီး၍ ရေကန်ဥယျာဉ်နှင့်တကွ ချာနာ ၇ ပါးနှင့် ချယ်လှယ်အပ်သော ဗိမာန်ကြီးကို တွေ့မြင်ကြပြန်ရာ ထိုဗိမာန်ရှင်၏ အတိတ်ကိုသိလိုသောကြောင့် နေမိမင်းကြီးက မေးပြန်လေသည်။ ထိုအခါ မာတလိနတ်သားက ထိုနတ်သားသည် ကဿပဘုရားလက်ထက်က မိထိလာပြည်၌သူကြွယ်ဖြစ်သောအခါ ရဟန္တာတို့အား ဥယျာဉ်၊ ရေကန်၊ စောင်းတန်း၊ တံခါးစသည် ဆောက်လုပ်လှူဒါန်းဖူးကြောင်းကို ရှင်းလင်းပြောပြလေသည်။

## ၇။ ဒုတိယ ဝေဠုရိယဝိမာနဝိမာန်။

မာတလိနတ်သားလည်း ရထားကိုဆက်၍နှင်ပြန်သော် ဝေဠုရိယကျောက်မျက်ရတနာများဖြင့် ရွှန်းလင်းတောက်ပသောဗိမာန်သို့ ရောက်ရှိကြပြန်ရာ နေမိမင်းကြီးက သိလိုသဖြင့် မေးမြန်းလေသော် မာတလိနတ်သားက ထိုဗိမာန်ရှင်သည် ကဿပဘုရားလက်ထက် သူကြွယ်ဘဝက ကံကံ၏အကျိုးကို ယုံကြည်လျက် သံဃာတော်တို့အား လှူဒါန်းထောက်ပံ့ခဲ့သောအကျိုးကြောင့် ဖြစ်ကြောင်းကို ရှင်းပြလေသည်။

## ၈။ ကဋ္ဌနဝိမာနဗိမာန်။

ထိုနောက် မာတလိနတ်သားသည် ရထားကိုဆက်၍နှင်ပြန်ရာ ရွှေစင်အတိပြီးသော ဗိမာန်သို့ရောက်ပြန်လေလျှင် ထိုဗိမာန်ရှင်၏ အတိတ်ကုသိုလ်ကံကို မေးမြန်းပြန်သဖြင့် မာတလိနတ်သားက ထိုဗိမာန်ရှင်သည် ကဿပဘုရားလက်ထက်တော်က သာဝတ္ထိပြည်တွင် သူကြွယ်ဖြစ်၍ ကျောင်းဇရပ်၊ ရေတွင်း၊ ရေကန်ဆောက်လုပ်ကာ ဥပုသ်သီတင်းစောင့်သုံးခြင်းကြောင့် ဤသို့ခံစားရသည်ဟူ၍ ရှင်းလင်းပြောပြလေသည်။

## ၉။ အာကာသဋ္ဌဝိမာန ဗိမာန်။

မာတလိနတ်သားသည် ဗိမာန်ရှစ်ဦးကို ပြသနေခိုက်တွင် သုဓမ္မာသဘင်၌ သိကြားမင်းသည် မာတလိနတ်သား နေမိမင်းကြီးကို ပင့်ဆောင်သည်မှာ ကြာလှသည်ဟု အကြောင်းကိုရှုလတ်သော် မာတလိနတ်သားအား ကောင်းကင်ပြင် ဘုံဟူသမျှကိုပြ၍နေလျှင် အချိန်သာကုန်၍ ဆုံးနိုင်မည်မဟုတ်သဖြင့် အမြန်လာရန် မာတလိရထားမှူးထံ စေလွှတ်လိုက်လေသည်။ ထိုအခါ မာတလိလည်း ဗိမာန်များကို တစ်ခုစီမပြတော့ဘဲ အားလုံးကို တစ်စုတည်း ရှုမြင်သာအောင် ပြလေသည်။

နေမိမင်းကြီးလည်း လျှပ်စစ်ပြက်သကဲ့သို့ ဝင်းလျှပ်သောပြာသဒ် ဗိမာန်ကြီးတို့တွင် စံမြန်းသည့် ဗိမာန်ရှင်တို့၏ အတိတ်ကို သိလိုပြန်ရာ မာတလိနတ်သားက ထိုဗိမာန်ရှင်တို့သည် ကဿပဘုရားလက်ထက်က ရဟန်းသာမဏေပြု၍ သာသနာတော်ကို ချီးမြှောက်ကာ သီလဘာဝနာ ဖြည့်ဆည်းခဲ့ကြကြောင်းကို ရှင်းလင်းပြလေသည်။

## ၁၀။ စတုဒွာရာဇ်ဘုံ။

မာတလိနတ်သားသည် ရထားကို ဆက်လက်နှင်၍ မြင်းမိုရ်တောင် သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်သို့ ရောက်ရှိ၍ ထိုတောင်စဉ်ခုနစ်ထပ်တို့သည် ဘုန်းတန်ခိုးကြီးသော နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခိုုသ်တို့၏ သေနင်းနတ်မင်းကြီးလေးပါး ပျော်စံရာ ဌာနဖြစ်ကြောင်းကို ရှင်းပြလေသည်။

## တာဝတိံသာသို့ရောက်ခန်း

မာတလိနတ်သားသည် ရထားကိုဆက်၍နှင်လေသော် တာဝတိံသာနတ်ပြည်သို့ရောက်၍ သုဒဿနမြို့ အရှေ့မျက်နှာ စိတ္တကုဋ်တံခါးမုခ်ပြတန်ဆောင်း၌ထားသော သိကြားရုပ်တို့ကို နေမိမင်းကြီးအားပြလေသည်။ နေမိမင်းကြီးလည်း မိမိသိလိုသမျှ မာတလိနတ်သားကိုမေးလေလျှင် ထိုနတ်မင်းရုပ်ပေါင်းများစွာဖြင့်ပြီးသော စိတ္တကုဋ်တံခါးမုခ်သည် ရှေးရှေးသောအခါ လူ့ပြည် မဂဓရာဇ်တိုင်း မဇလရွာ၌ မာဃလုလင်နှင့်အဖော် သုံးကျိပ်နှစ်ယောက်တို့ ပုသိုလ်ကံကြောင့် သိကြားမင်းဖြစ်လာသောအခါ ရှိရင်းသိကြားဟောင်းနှင့် မြို့ကိုထက်ဝက်စီခွဲ၍ အုပ်ချုပ်ရာမှ သိကြားဟောင်းသည် ကာမဂုဏ်ကျူး၍ ယစ်မူးမေ့လျော့သဖြင့် နတ်ပရိသတ်နှင့်တကွ မာဃသိကြားသစ်က တွန်းဖယ်ရာ မသေမပျောက်ဘဲ မြင်းမိုရ်တောင်ခြေအဆုံး၌ အသုရာပြည်ကိုတည်၍ရန်ငြိုးပြုပြီး နှစ်စဉ်သခွတ်ပွင့်ချိန်တိုင်း သိကြားမင်းကို တက်ရောက်စစ်ပြုသဖြင့် အစောင့်အရှောက်ဖြစ်စေခြင်းငှာ အသုရာစစ်သည်တို့ မကပ်ဝံ့အောင် သိကြားမင်း၏ရုပ်သွင်များကို ထုလုပ်ထားကြောင်း ရှင်းပြလေသည်။ ထိုနောက် ရေကန် ဥယျာဉ်တို့ကိုပြပြီး၍ မြို့တွင်းသို့ ရထားနှင့်ဝင်လေသည်။

နေမိမင်းကြီးလာသည်ကိုမြင်လျှင် နတ်သဘင်၌ စည်းဝေးနေကြသော နတ်ပရိသတ်တို့က နတ်ပန်းတို့ဖြင့် ပူဇော်ကြိုဆိုကြလေသည်။ မင်းကြီးလည်း ရွှေ၊ ငွေ၊ ဖလ်ပုလဲ၊ ကျောက်မျက်ရွဲတို့ဖြင့် ပြီးသောသုဓမ္မာသဘင်ကိုမြင်ရလေသည်။ ထိုအခါ မင်းကြီးက မေးမြန်းသဖြင့် မာတလိနတ်သားက နတ်အပေါင်းတို့သည် သုံးလေးလတစ်ကြိမ် လူ့ပြည်သို့စေလွှတ်၍ ကောင်းမှုပြုသူတို့၏ စာရင်းကို ကောက်ယူလျက် မှတ်တမ်းဖတ်ကြားရာတွင် ဝမ်းသာပီတိဖြစ်ကြ၍ သာဓုခေါ်ရာဖြစ်သော သုဓမ္မာဇရပ်ကြီးဖြစ်ကြောင်းနှင့် သိကြားမင်း၏ မိဖုရားသုဓမ္မာဒေဝီ၏ ကောင်းမှုအာနိသင်ကြောင့် ပေါ်လာကြောင်းများကို ရှင်းလင်းပြောပြလေသည်။

## နတ်သဘင်သို့ဝင်ခန်း

ဝေဇယန္တာရထားလည်း သုဓမ္မာဇရပ် အရှေ့မျက်နှာတွင် ဆိုက်ရပ်သောအခါ နေမိမင်းကြီးလည်းဆင်း၍ သိကြားမင်းပေးသော တရားဟောပလ္လင်ထက်သို့ ကြွရောက်လေသည်။ ထိုအခါ နတ်သားတို့လည်း နတ်ပြည်၏စည်းစိမ်အလုံးစုံကို အပ်နှင်း၍ မင်းကြီး၏ အဆုံးအမကို ခံယူလိုကြောင်း လျှောက်ထားကြ၍ လူ့ပြည်သို့မပြန်ဘဲ နတ်ပြည်၌စိုးစံရန် ဖိတ်မန္တကပြုလေသည်။

နေမိမင်းကြီးလည်း မိမိကံအလျောက် ရရှိခြင်းမဟုတ်သော စည်းစိမ်ကို မလိုသော်လည်း စကားဆန့်ကျင်ငြင်းပယ်ရန် မသင့်သဖြင့် အလိုက်သင့်အောင် စကားပြု၍ မိမိသည် လူ့ပြည်သို့ဆင်း၍ သီတင်းသီလဆောက်တည်ကာ ထိုနတ်စည်းစိမ်ကို ထာဝရပိုင်အောင်သာ ကြိုးစားလိုကြောင်းနှင့် ဂုဏ်အများကိုလည်း ဒါနသီလဖြည့်ဆည်းအောင် တိုက်တွန်းနှိုးဆော်ကာ ကုသိုလ်မျိုးစေ့ စိုက်ပျိုးခွင့်ရခိုက် စိုက်ပျိုးလိုပါသေးကြောင်းကိုပြန်ကြားပြောဆိုလေသည်။

ထိုနောက် နတ်ပရိသတ်အပေါင်းအား အလှူပေးခြင်း၏ အကျိုးရှိခြင်း၊ ကံ ကံ၏အကျိုးကို ယုံကြည်သဖြင့် အကျိုးရှိခြင်း၊ သီလ၏အကျိုးရှိခြင်း ဒသောဘတရေးစကားတို့ကို ဟောပြောပြီးလျှင် လူ့ပြည်မှ မိဖုရားကြီးနှင့်တကွ ဆွေတော်မျိုးတော် လူအများတို့လည်း မင်းကြီးရောက်ချိန်တန်လျက် မရောက်သော် စိတ်ပူပန်ခြင်းဖြစ်မည့်အကြောင်းကိုပြောကြားကာ လူ့ပြည်သို့ ပြန်ခွင့်တောင်းလေသည်။

## လူ့ပြည်သို့ဆင်းသက်ခန်း

သိကြားမင်းလည်း ခွင့်ပြုသဖြင့် နေမိမင်းကြီးသည် မာတလိနတ်သားကိုပင်စေ၍ ဝေဇယန္တာရထားဖြင့် လိုက်ပို့စေလေသည်။ နေမိမင်းကြီး ပြန်ရောက်လာသောအခါ မိထိလာပြည်သူတို့လည်း နတ်ပြည်စည်းစိမ်ကို

မေးမြန်းသဖြင့် နေမိမင်းကြီးသည် မိမိမြင်ခဲ့သော ငရဲပြည် နတ်ပြည် အကြောင်းတို့ကို ပြန်ပြောင်းပြောပြ၍ တရားဟောပြော ဆုံးမလေသည်။ လူအများလည်း အဆုံးအမနှင့် တည်ကြလေသည်။

## နေမိမင်းတောထွက်ခန်း

နေမိမင်းကြီးသည် တတိယအရွယ်သို့ ရောက်သောအခါ တစ်နေ့ သ၌ ဆတ္တာသည်အား ဆံပြုပြင်စေရာ ဆံဖြူတစ်ချောင်းတွေ့ရလေလျှင် ရေးမင်းကိုးအဆက်ဆက် ထုံးကဲ့သို့ ရဟန်းပြုရန်စိတ်သန်၍ 'ကာဠရဋ္ဌ'အမည် ရှိသော သားတော်ကို ထီးနန်းလွှဲအပ်ကာ တောထွက်တော်မူလေသည်။

## ဇာတ်ပေါင်းခန်း

ဟေမိယဇာတ်တော်ကို ပေါင်းသော် ဂေါတမမြတ်စွာဘုရားလက်ထက် တော်တွင်—

သိကြားမင်းသည် အနုရုဒ္ဓါထေရ်ဖြစ်၍လာ၏။
မာတလိနတ်သားသည် အာနန္ဒာထေရ်။
နေမိမင်းကြီး၏မယ်တော်မှာ သိရိမဟာမာယာဒေဝီ။
မဃဒေဝမင်းနှင့်နေမိမင်းအကြား
မဃဒေဝမင်းတို့သည် ဖြတ်စွာဘုရား၏ ပရိသတ်။
နေမိမင်းသည် ဂေါတမမြတ်စွာဘုရား။
ဟူ၍ ဤသို့ ဖြစ်လာလေသည်။




# မဟော်သဓာဇာတ်တော်

## ဇာတ်တော်အကြောင်း

မဟော်သဓာဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် နေမိမင်းကြီးအကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီး ဆယ်ဆောင်တွင် ပဉ္စမဇာတ်တော်အခန်းဝင် ဖြစ်လေသည်။

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ မဟာသက္ကရာဇ် ၁၁၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူလေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၆ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် မင်းပုံးရွာ လေသာဆရာတော်က မြန်မာဘာသာစကားပြေဖြင့် ပြန်ဆိုရေးသား ပြီးစီးတော်မူခဲ့လေသည်။ ထိုဇာတ်တော်ကို တွင်းသင်းတိုက်ဝန် မဟာစည်သူက မဟော်ဥမင်ခန်းပျို့ဟူ၍ ပျို့တစ်စောင်ရေးဖွဲ့ခဲ့၍ ဦးရွှန်းကလည်း မဟော်ဥမင်ခန်းပျို့၊ မဟော်ပြဿနာခန်းပျို့၊ မဟော်ကျေးစေခန်းပျို့ဟူ၍ ပျို့သုံးစောင်ရေးဖွဲ့ခဲ့သေးသည်။

## ဇာတ်တော်ကို ဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ တရားသဘင်၌ ရဟန်းတို့သည် မြတ်စွာဘုရား၏ ပညာပါရမီတော်ကို ချီးမွမ်းပြောဆိုနေကြသောအခါ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ကို ရပြီးသည်၌ ပညာတော်ကို ချီးမွမ်းခြင်းကား အံ့ဘွယ်မရှိ။ ရှေးသံသရာပါရမီ မရင့်သေးမီကာလကပင်လျှင် ပညာရှိခဲ့ဖူးသည် ဟု မြွက်ကြား၍ ရဟန်းတို့က အတိတ်ကိုဆောင်၍ အကျယ်ကိုဟော ကြားတော်မူပါဟု လျှောက်တင်သည့်အခါမှ မဟော်သဓာဇာတ်တော်ကို ဟောကြားလေသည်။

# မဟော်သဓာဇာတ်တော်

## မဟော်သဓာကိုဖွားမြင်ခန်း

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ ဝိဒေဟအမည်ရှိသော မင်းကြီး မင်းပြုလေ၏။ ထိုမင်းကြီး၌ ၁။ သေနကအမတ်၊ ၂။ ပက္ကုသအမတ်၊ ၃။ ကာမိန္ဒအမတ်၊ ၄။ ဒေဝိန္ဒအမတ် ဟူ၍ အမတ်ကြီး လေးယောက်ရှိလေသည်။

မင်းကြီး၏နေပြည်တော်၏ အရှေ့မျက်နှာ၌ ပါစိနယဝမဇ္ဈကုံးရွာသည် လည်းကောင်း၊ တောင်မျက်နှာ၌ ဒက္ခိဏယဝမဇ္ဈကုံးရွာသည်လည်းကောင်း၊ အနောက်မျက်နှာ၌ ပစ္ဆိမယဝမဇ္ဈကုံးရွာသည်လည်းကောင်း၊ မြောက်မျက်နှာ၌ ဥတ္တရယဝမဇ္ဈကုံးရွာသည်လည်းကောင်း အသီးသီးရှိ၍ သူဌေး သူကြွယ် ကုန်သည်လယ်လုပ်တို့ဖြင့် စည်ကားလှလေသည်။

ထိုရွာများအနက် ပါစိနယဝမဇ္ဈကုံးရွာ၌ သိရိဝဍ္ဎနအမည်ရှိသော သူဌေးကြီးနှင့် သူဌေးကတော် သုမနဒေဝီတို့ကား ဆွေမျိုးအခြံအရံတို့နှင့် ပြည့်စုံချမ်းသာလေသည်။

ဘုရားလောင်းသည် သုမနဒေဝီ၏ဝမ်း၌ ပဋိသန္ဓေယူ၍ ဖွားမြင်

သောအခါ သိကြားမင်းထားလှာသော ဆေးလုံးကိုကိုင်၍ ဖွားမြင်သောကြောင့် မဟော်သဓာဟူ၍ အမည်မှည့်လေသည်။ ထိုဆေးလုံးအဖွမ်းဖြင့် ၇ နှစ်တိုင် စွဲကပ်သော သူဌေးကြီး၏ ခေါင်းကိုက်နာနှင့် လူအပေါင်း၏ ဝေဒနာတို့သည်လည်း ပျောက်ကင်းလေသည်။ မဟော်သဓာပဋိသန္ဓေယူသော နေ့ကပင် ဝိဒေဟရာဇ်မင်းကြီးလည်း နန်းရင်ပြင်၌ မီးတောက် ၄ ပုံ အကြားမှ သေးငယ်ဆုံးသော မီးတောက်တစ်ခုက လျှံတက်လွှမ်းမိုးနေသည်ဟု အိပ်မက်လေသည်။

မဟော်သဓာသည် ဖွားဖက်ငယ်ဖော်တစ်ထောင်တို့နှင့်အတူကြီးပြင်း၍ ခုနစ်နှစ်သားအရွယ်သို့ရောက်လျှင် ထူးဆန်းအံ့ဩဖွယ်ကောင်းသော ဇရပ်တစ်ဆောင်ကို ကြီးကြပ်ဆောက်လုပ်လေသည်။

ထိုအချိန်တွင် ဝိဒေဟရာဇ်မင်းကြီးသည် အိပ်မက်အရ ပေါ်ပေါက်မည့် ပညာရှိကို မြို့တော်အရပ်လေးမျက်နှာတို့သို့ မင်းချင်းတို့အား စေလွှတ်ရှာဖွေစေရာ အရှေ့ပါစိနယဝမဇ္ဈဂုံးရွာ၌ ထူးဆန်းလှပသော ဇရပ်ကို တွေ့ရာမှ ဇရပ်ကို စီမံသူ မဟော်သဓာအကြောင်းကို သိရှိ၍ မင်းကြီးအား တင်လျှောက်ကြလေသည်။ မင်းကြီးလည်း နှစ်ကာလကိုထောက်ချင့်၍ ပညာရှိဖြစ်မည်ဟု ဝမ်းသာလျက် ခေါ်ယူရန် သေနကအမတ်ကို တိုင်ပင်ရာ သေနကအမတ်က ဝန်တိုသဖြင့် ဖျက်လိုဖျက်ဆီးကန့်ကွက်တင်လျှောက်လေသည်။ မင်းကြီးလည်း အမတ်ကြီး၏စကားကို ယုံကြည်၍ မင်းချင်းတို့အား မဟော်သဓာကို ဆက်လက်စူးစမ်းစောင့်ကြည့်ရန်သာ မှာကြားလိုက်လေသည်။

# ပညာစွမ်းပြခန်း

## ၁။ အမဲသား တရားစီရင်ခြင်း

တစ်နေ့သောအခါ မဟော်သဓာသည် သူငယ်ဖော်များနှင့် ကစားနေစဉ် လူတစ်ယောက်သည် ဈေးမှ အမဲသားဝယ်ယူလာရာ စွန်တစ်ကောင်သည် အမဲသားကို သုတ်ချီသွားလေသည်၊ ထိုအခါ အမဲသားပြန်ရအောင်

သူငယ်ဖော်တို့ လိုက်ကြရာ အချင်းချင်းတိုက်မိ၍ လဲပြိုကြလေ၏။ အမဲသားကိုကား မရကြပေ။ မဟော်သဓာလည်း စွန်၏အရိပ်ကိုမှန်းကာ လက်ခုပ်တီးလျက် အထက်သို့မော့၍ ဟစ်အော်လေလျှင် စွန်လည်း အသံမှာ ငမ်းထဲသို့ပေါက်ဝင်သကဲ့သို့ ထင်ရ၍ အမဲသားကို ပစ်ချပျံသန်း ပြေးလေ၏။ မဟော်သဓာသည် အမဲသားကိုဖမ်းယူ၍ ပိုင်ရှင်အားပေးလိုက် လေသည်။ ထိုသတင်းကို စုံစမ်းနေသော မင်းချင်းတို့ကြား၍ ဝိဒေဟရာဇ် မင်းကြီးအား တင်လျှောက်ရာ မင်းကြီးက သေနကသိန်းအမတ်ကို တိုင်ပင်သည်တွင် သဘောမတူ၍ မခေါ်ယူနိုင်ဘဲ ရှိရလေသည်။

## ၂။ နွားလုတရားစီရင်ခြင်း။

တစ်နေ့သောအခါ ထိုအရပ်၌ နေထိုင်သူတစ်ဦးသည် မိမိနွားကို ကျောင်းနေစဉ် အိပ်ငိုက်နိုက် သူ၏နွားကို သူခိုးတစ်ယောက်က ယူသွား လေသည်။ သူသည် သတိရ၍ သူခိုးကိုမြင်လျှင် ပြေးလိုက်၍ နွားကို လုယူရာ ခိုးသူကလည်း မိမိနွားဖြစ်သည်ဟု အပြန်အလှန် လုပြန်လေသည်။ ထိုအချင်းအရာကို မဟော်သဓာသိလျှင် ခေါ်ယူ၍ သူခိုးကို မိမိသိရှိပြီး သော်လည်း အခြားသူများသိရှိစေရန် လူအများရှေ့၌ နွားခိုးသူအား နွားကို မည်သည့်အစာကျွေးသနည်းဟု မေးလေသည်။ နွားခိုးသူက ယာဂုနှင့် နှမ်းဖတ်ကျွေးသည်ဟုဖြေ၍ နွားရှင်အား မေးပြန်သောအခါတွင်မူ မြက်ကိုသာကျွေးသည်ဟု ဖြေလေ၏။ ထိုနောက်တွင် သျှစ်သျှားရွက်ကို အရည်ဖျော်၍ နွားကိုတိုက်စေသဖြင့် နွားဝမ်းသက်၍ မြက်ဖတ်တို့ကိုသာ တွေ့လေလျှင် သူခိုးလည်း ဝန်ခံရလေသည်။ လူအများလည်း အံ့သြ၍ မဟော်သဓာတရားစီရင်ပုံကို ချီးမွမ်းကြလေသည်။ ဝိဒေဟရာဇ်မင်းကြီး လည်း မဟော်သဓာ၏အကြောင်းကိုကြား၍ ခေါ်ယူချင်ပြန်လေသည်။ သို့ရာတွင် သိန်းအမတ်၏စကားကြောင့် မခေါ်သေးဘဲရှိရလေသည်။

## ၃။ လည်ရွဲခိုးမှုစီရင်ခြင်း။

တစ်နေ့သ၌ ဆင်းရဲသော မိန်းမတစ်ဦးမှာ ချည်လည်ရွဲကို ဝတ်ဆင်၍လာ၍ ရေကန်သို့ရောက်လျှင် လည်ရွဲကိုချထားကာ ရေချိုးလေလျှင် အခြားမိန်းမငယ်တစ်ဦးက ကိုင်ကြွယ်ဝတ်ဆင်ကြည့်ပြီး ခိုးယူသွားလေသည်။ လည်ရွဲရှင်က လိုက်လံ၍ အပြန်အလှန် လုယူကြလေ၏။ နှစ်ဦးလုံးက မိမိ၏လည်ရွဲသာဖြစ်သည်ဟု ငြင်းခုံမှု မပြတ်သားသဖြင့် မဟော်သဓာထံသို့ ရောက်ရှိလေရာ မဟော်သဓာက မည်သည့်အနံ့ဖြင့် ဆွတ်ဖျန်းထားသနည်းဟု နှစ်ဦးလုံးကိုမေးမြန်းရာ ရွဲခိုးသူက ရနံ့ပေါင်းစုံဖြင့် ဆွတ်ဖြန်းထားသည်ဟု ဆို၍ လည်ရွဲရှင်က သျှစ်သျှားပွင့်ဖြင့်သာ အနံ့ပေးထားသည်ဟုထွက်ဆိုလေသည်။ ထိုအခါ အနံ့ခံကောင်းသူတစ်ဦးအား လည်ရွဲကို အနံ့ခံစေသောအခါ သျှစ်သျှားပွင့်နံ့ရကြောင်းသိ၍ သူခိုးမည်သူဖြစ်ကြောင်း သိရှိရလေသည်။ ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းကြီး ကြားသိရလေသော်လည်း သိန်းအမတ်၏ စကားကြောင့် မခေါ်သာဘဲ ရှိရလေသည်။

## ၄။ ချည်ထွေးခိုးမှုစီရင်ခြင်း။

တစ်နေ့သ၌ ဝါခင်းစောင့် မိန်းမတစ်ယောက်သည် ချည်လုံးတစ်ခု ကို ယူဆောင်လာ၍ ရေကန်သို့ရောက်သော် ချည်လုံးကိုချထား၍ ရေချိုး လေသည်။ ထိုအခါ အခြားမိန်းမတစ်ယောက်က ခိုးယူထွက်ပြေးလေရာ လိုက်၍မိလျှင် အပြန်အလှန်လုယူ၍ သူပိုင် ငါပိုင် ငြင်းခုံကြလေသည်။ မဟော်သဓာသည် ထိုမိန်းမနှစ်ယောက်ကိုမြင်သောအခါ ခေါ်ယူ၍ မိမိသိပြီး ဖြစ်သော်လည်း အခြားသူများသိစေရန် ချည်လုံးထဲ၌ မည်သည့်အရာခံ၍ ထားကြောင်း မေးမြန်းစစ်ဆေးလေသည်။ ထိုအခါ သူခိုးမက ဝါစေ့ကို ထည့်၍လုံးသည်ဟူ၍လည်းကောင်း၊ ချည်လုံးရှင်က တည်စေ့ကိုထည့်၍လုံး သည်ဟူ၍လည်းကောင်း ဖြေဆိုသည်တွင် ချည်လုံးကိုဖြေ၍ ကြည့်သော် တည်စေ့ကိုတွေ့ရ၍ သူခိုးမည်သူဖြစ်သည်ကို ထင်ရှားစေလေသည်။

ဤအကြောင်းကို ဝိဒေဟရာဇ်မင်းကြီးကြားသော်လည်း သိန်းအမတ်ကြောင့် မခေါ်ယူနိုင်ဘဲရှိပြန်လေသည်။

## ၅။ သားတရားစီရင်ခြင်း။

တစ်နေ့သ၌ မိန်းမတစ်ယောက်သည် သားငယ်ကိုချီလာ၍ ရေကန်သို့ရောက်လျှင် သားငယ်ကိုချထားပြီး မျက်နှာသစ်လေသည်။ ထိုအခါ ဘီလူးမတစ်ယောက်သည် ကလေးငယ်ကို စားလိုသဖြင့် ချီဟန်ပြု၍ ထွက်ပြေးလေရာ မိခင်မိန်းမ သိ၍ လိုက်လံပြီး မှီလျှင် ကလေးကို လုကြလေသည်။ နှစ်ဦးလုံးက မိမိ၏သားဖြစ်ကြောင်းကို ငြင်းခုံကြလေရာ မဟော်သဓာသိလျှင် ခေါ်ယူပြီးနောက် ကလေးငယ်ကို စည်းပေါ်၌ထား၍ ခြေနှင့်လက်တို့ကို မိန်းမနှစ်ယောက်အား အသီးသီးကိုင်စေပြီး ပါအောင်လုနိုင်သူ ယူလေဟု ပရိယာယ်ဖြင့်ဆိုလေသည်။ ထိုအခါ လုကြရာ ကလေးငိုလျှင် မိခင်ဖြစ်သူက သနား၍ မဆွဲငင်ရက်ဘဲ လွှတ်လေသည်။ ဘီလူးမကမူကား မညှာမတာ ဆွဲငင်၍သာနေလေရာ ခြိမ်းခြောက်စစ်မေးလျှင် ဘီလူးမလည်း အမှန်ပြောရလေသည်။ မဟော်သဓာလည်း ဘီလူးမကိုတရားပြ၍ လွှတ်လိုက်လေသည်။ ဤအကြောင်းကို ဝိဒေဟရာဇ်မင်းကြီးကြားသော်လည်း သိန်းအမတ်၏ စကားကြောင့် မခေါ်ယူနိုင်ဘဲ ရှိရပြန်လေသည်။

## ၆။ ဃေားခိုးတရားစီရင်ခြင်း။

တစ်နေ့သောအခါ ဂေါတကာဠဆိုသူတစ်ဦးသည် ခုနစ်နှစ်ကျွန်ခံမှ ရသော ဇနီးဖြစ်သူ ဒီဃတာလနှင့်အတူ မိမိ၏မိဘများထံသို့သွားရောက်လေရာ လမ်းခရီးအကြားတွင် မြစ်တစ်ခုသို့ရောက်ကြလေသည်။ သူတို့သည် မြစ်ကို မကူးဝံ့ဘဲရှိစဉ် ဒီဃပိဋ္ဌိဆိုသူတစ်ဦးနှင့် တွေ့လျှင် ထိုသူက မြစ်ရေတိမ်မှန်းသိသော်လည်း လင်မယားနှစ်ယောက်တို့ ကြောက်ရွံ့တတ်သည်ကိုသိ၍ မြစ်သည် အလွန်နက်၍ မိကျောင်း၊ လင်းပိုင်တို့ ပေါများကြောင်း မိမိကမူ မိကျောင်းများနှင့်မိတ်ဆွေဖြစ်၍ တစ်ဦးစီပို့ပေးမည်ဖြစ်ကြောင်း

ပြောဆိုလေသည်။ ထိုအခါ ဂေါတကာဠက ယုံကြည်၍ မိမိမယားကို အလျင်ပို့စေရာ ဒီဃပိဋ္ဌိသည် ဒီဃတာလကိုထမ်း၍ ရေထဲတွင် ထိုင်လျက် ကူးသွားပြီး တစ်ဘက်ကမ်းသို့ရောက်လျှင် မိန်းမအား သွေးဆောင်ဖျားယောင်း၍ ခေါ်ဆောင်သွားလေသည်။ ဂေါတကာဠလည်း မိမိမယားအား ခိုးယူသွားကြောင်းသိ၍ သေလိုသေစေဟု မြစ်ထဲသို့ခုန်ချလေရာ ရေတိမ်မှန်းကိုသိလျှင် ကူးပြီး နောက်မှလိုက်လေသည်။ မှီလေလျှင် သူ့မယားဖြစ်သည် ငါ့မယားဖြစ်သည်ဟု အငြင်းပွားကြလေသည်။ ထိုအကြောင်းကို မဟောသဓာသိလေသော် ခေါ်ယူ၍ လူသုံးဦးကို သီးခြားခွဲထားပြီးလျှင် စစ်မေးလေသည်။ မိန်းမဖြစ်သူ ဒီဃတာလမှာ နောက်လူကိုသာ မိမိလင်ဖြစ်သည်ဟု ထွက်ဆိုလေသည်။ သို့ရာတွင် ဒီဃပိဋ္ဌိကို စစ်ဆေးသောအခါတွင်လည်း ဒီဃတာလနှင့် သူ၏မိဘအမည်များကိုပါ မပြောပြတတ်ချေ။ သို့ရာတွင် ဂေါတကာဠကမူ ဒီဃတာလအမည်နှင့် သူ၏မိဘအမည်တို့ကို အမှန်ဖြေကြားနိုင်သဖြင့် မည်သူသည် ဒီဃတာလ၏ လင်အမှန်ဖြစ်သည်ကို သိရှိရလေလျှင် မယားခိုးသူအား ဆုံးမ၍လွှတ်လိုက်လေသည်။ ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းကြီး သိရှိသော်လည်း သိန်းအမတ်၏စကားကြောင့် ရှေးနည်းတူပင် မခေါ်ယူရဘဲရှိပြန်လေသည်။

## ၇။ ရထားတရားစီရင်ခြင်း။

တစ်နေ့သ၌ ယောက်ျားတစ်ယောက်သည် လှည်းရထားကိုစီးသွားခိုက် မဟောသဓာ၏ ပညာဉာဏ်ကြီးပုံကို ပြလိုသော သိကြားမင်းသည် လုလင်ယောကျ်ားတစ်ယောက်အသွင် ဖန်ဆင်း၍ ရထားနောက်ကလိုက်ပြီး ရထားရပ်၍ ရထားရှင်ဆင်းခိုက် ရထားကိုမောင်းယူပြေးလေသည်။ ရထားရှင်က လိုက်၍ မိသဖြင့် အပြန်အလှန်လုကြရင်း မဟောသဓာရှေ့သို့ရောက်လေလျှင် မဟောသဓာက ခေါ်ယူပြီးနောက် အမှုစီရင်ပေးလေသည်။ မဟောသဓာက လူတစ်ယောက်အား ခေါ်ယူပြီးနောက် ရထားကို မောင်းပြေးစေကာ အငြင်းဖြစ်သူနှစ်ဦးအား ရထားကို လက်မလွှတ်စေဘဲ ပြေး၍လိုက်စေရာ၊

ရထားရှင်မှာလူဖြစ်၍ မောပန်းသဖြင့် မလိုက်နိုင်ဘဲ လက်လွှတ်လိုက်ရလေသည်။ ထိုအခါမှ မဟော်သဓာက ရထားရှင်အစစ်ကို ဖော်ပြောရာ သိကြားမင်းက ချီးမွမ်း၍ နတ်ပြည်သို့ ပြန်သွားလေသည်။ ထိုသတင်းကို မင်းကြီးကြား၍ ခေါ်ယူလိုသော်လည်း သေနကအမတ်၏စကားကြောင့် မခေါ်ယူနိုင်ဘဲရှိပြန်လေသည်။

## ၈။ ရှားလှံတံပြဿနာဖြေရှင်းခြင်း။

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် မဟော်သဓာ၏ပညာဉာဏ်ကို စမ်းသပ်ရန် တစ်ထွာမျှရှိသော ရှားတုတ်တစ်ခုကို အရင်းအဖျားညီစွာပွတ်စေပြီး အရှေ့ပါစိနယဝမရွာကုံးမှာသို့ပို့ပြီး အရင်းအဖျားကိုဖော်စေ၊ မဖော်နိုင်က ရာဇဒဏ်ဟာစ်ဆောင်ခတ်မည်ဟု အမိန့်နှင့်စေလွှတ်ရာ ရွာသားများမသိကြ၍ မဟော်သဓာထံသို့ ရောက်လာလေသည်။ ထိုအခါ မဟော်သဓာက တုတ်၏အလယ်ချက်၌ ကြိုးချည်ပြီး ရေထဲသို့ချစေလျက် အရင်နစ်သောအပိုင်းသည် အရင်း၊ နောက်မှနစ်သောအပိုင်းသည် အဖျားဖြစ်ကြောင်း ပြောပြဖြေကြားစေလေသည်။ မင်းကြီးလည်း မဟော်သဓာ၏ အစွမ်းဖြစ်ကြောင်းသိရ၍ ခေါ်ယူလိုသော်လည်း သိန်းအမတ်၏စကားကြောင့် မခေါ်ရဘဲရှိလေသည်။

## ၉။ ဦးခေါင်းခွံပြဿနာဖြေရှင်းခြင်း။

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် မဟော်သဓာ၏ ပညာကို စမ်းသပ်လိုပြန်သောကြောင့် ယောက်ျားဦးခေါင်းခွံနှင့် မိန်းမဦးခေါင်းခွံတို့ကို ရှာဖွေပြီး ယောက်ျားခေါင်းခွံ၊ မိန်းမခေါင်းခွံဟု ခွဲခြားဖော်ပြရန် အရှေ့ပါစိနယဝမရွာကုံးမှာသို့ပို့ပြန်လေရာ ရွာသားများမဖြေနိုင်၍ မဟော်သဓာထံသို့ ရောက်ရှိလာကြလေသည်။ မဟော်သဓာက ဦးခြာရေး လိမ်ယှက်သောခေါင်းခွံသည် မိန်းမ၏ခေါင်းခွံဖြစ်သည်ဟု ပြောပြဖြေကြားစေလေသည်။ ဝိဒေဟရာဇ်မင်းကြီးလည်း အကြောင်းကိုသိ၍ ချီးမွမ်းလျက် ခေါ်ယူလိုပြန်လေသည်။ သို့ရာတွင် သိန်းအမတ်၏စကားကြောင့် မခေါ်ယူနိုင်ဘဲရှိရပြန်လေသည်။

## ၁၀။ မြွေပြဿနာဖြေခြင်း။

ဦးခေါင်းခွံပြဿနာဖြေဆိုပြီး နောက်တစ်နေ့တွင် ဝိဒေဟရာဇ်မင်းကြီးသည် မြွေဖို မြွေမနှစ်ကောင်ကို ဖမ်းစေ၍ အရှေ့ပါစီနယဝမဇ္ဈုံးရွာသို့ မြွေဖို မြွေမ ခွဲခြားဖြေစေ။ မဖြေနိုင်က ဒဏ်တစ်ထောင်သင့်စေဟူသော အမိန့်နှင့်ပေးပို့လေသည်။ ရွာသားတို့မဖြေနိုင်၍ မဟော်သဓာထံသို့ တင်ပို့ကြရာ မဟော်သဓာက ဦးခေါင်းကြီး အမြီးလည်းဖွံ့၊ မျက်စိလည်းကျယ်၊ လည်လည်းစပ်သော မြွေသည် မြွေဖို၊ ဦးခေါင်းငယ်၍ အမြီးလည်းသွယ်၊ မျက်စိလည်းကျဉ်း၊ လည်ရေးလည်းမစပ်သောမြွေသည် မြွေမဟု ခွဲခြားပြလေရာ မင်းကြီးသိရလျှင် ဝမ်းမြောက်၍ ခေါ်လိုပြန်၏။ သို့ရာတွင် သိန်းအမတ်ကြောင့် မခေါ်ယူရဘဲ ရှိပြန်လေသည်။

## ၁၁။ ကြက်ပြဿနာဖြေခြင်း။

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် ထိပ်ပေါ်၌ လဘို့ရှိ၍ ခြေနှစ်ဖက်၌ ဦးချိုရှိပြီး ကိုယ်လုံးဖြူလျက် အခါသုံးချိန်လုံး တွန်တတ်သော နွားလားဥသဘကို ပို့စေဟု ပါစီနယဝမဇ္ဈုံးရွာသို့ ဒဏ်ထား၍ စေပြန်လေရာ မဟော်သဓာက ထိုအချက်များနှင့်ပြည့်စုံသော သတ္တဝါမှာ ကြက်ဖသာဖြစ်မည်ဟု ကြက်ဖအဖြူကိုပို့စေရာ မဟော်သဓာ၏ဉာဏ်ဖြစ်ကြောင်းကို မင်းကြီးသိလေလျှင် ဝမ်းမြောက်၍ ခေါ်လိုပြန်၏။ သို့ရာတွင် သိန်းအမတ်ကြောင့် မခေါ်ဖြစ်ချေ။

## ၁၂။ ပတ္တမြား ပြဿနာဖြေခြင်း။

ဝိဒေဟရာဇ်မင်းကြီး၌ ရှေးရှေးဘေးလောင်းတော် ကုသမင်းကြီး လက်ထက်ကပင် သိကြားပေးဆက်သော အကောက်ရှစ်ပါးပါသည့် နန်းစဉ်ပတ္တမြားမှာ ကြိုးဟောင်းပြတ်လေရာ ကြိုးမတတ်နိုင်ဘဲရှိသည်ကို အရှေ့မဇ္ဈုံးရွာသို့ပို့၍ ကြိုးသစ်တပ်စေလေသည်။ ရွာသားတို့မတပ်နိုင်၍ မဟော်သဓာထံသို့ ရောက်လာကြရာ မဟော်သဓာက ပတ္တမြားအပေါက်ဝ တစ်ဘက်ကို

ပုရွက်ကျဉ် တွင်းဝ၌တွေ့ထား၍ ကျန်တစ်ဘက် အပေါက်ဝနားတွင် ပျားရည်သုတ်ထားသည့် ကြိုးစကို ဆွဲယူသွားသော် ထိုကြိုးစသည် တစ်ဘက်အဝသို့ ပေါက်ရောက်သွားလေသည်။ ဤနည်းဖြင့် ပတ္တမြားကို ကြိုးသီပြီးဖြစ်လေလျှင် မင်းကြီးအား ဆက်သလေသည်။ မင်းကြီးလည်း ဝမ်းသာ၍ ခေါ်ယူလိုပြန်လေသည်။ သို့ရာတွင် သိန်းအမတ်ကြောင့် မခေါ်ဖြစ်ပြန်ချေ။

## ၁၃။ သားဖွားခြင်းပြဿနာဖြေခြင်း။

နောက်တစ်နေ့၌ ဝိဒေဟရာဇ်မင်းကြီးသည် နွားလားတစ်ကောင်အား ဝမ်းဖောင်းအောင် ပဲပြုတ်ကိုကျွေး၍ ကိုယ်ကို နှမ်းသုတ်လိမ်းပြီးလျှင် ထိုနွားလားကို သားဖွားစေ၍ ပို့ဆက်ရမည်ဟု ဒဏ်တစ်ထောင်ထားလျက် အရှေ့မန္ဒကုံးရွာသို့ ပို့လေရာ ရွာသားများ မကြံနိုင်၍ မဟော်သဓာထံသို့ ရောက်သည့်ကာလ ယောကျ်ားတစ်ယောက်အား မင်းကြီးထံသို့အရောက် ငိုယိုသွားပြီး မိမိအဖေ သားမဖွားနိုင်၍ ပယ်တော်မူပါဟု တင်လျှောက်စေ၍ မင်းကြီးက မဖြစ်နိုင်ဟုဆိုခဲ့လျှင် သို့ဖြစ်လျှင် မင်းကြီး၏နွားလားဥသဘသည်လည်း သားဖွားနိုင်မည်မဟုတ်ပါဟု ချေဆိုတင်လျှောက်ပါဟု မှာထားလေ၏။ ထိုယောကျ်ားလည်း ဆိုဟိုင်းပြုလေသော် မင်းကြီးလည်း မဟော်သဓာ၏ ဉာဏ်ဖွမ်းဖြစ်ကြောင်းသိ၍ ခေါ်ယူလိုစိတ်ပေါ်ပြန်လေသည်။ သို့ရာတွင် သိန်းအမတ်ကြောင့် မခေါ်ယူနိုင်ခဲ့ပေ။

## ၁၄။ ထမင်းချဉ် ပြဿနာဖြေခြင်း။

နောက်တစ်နေ့တွင် ဝိဒေဟရာဇ်မင်းကြီးသည် ဆန်လည်းမဟုတ်၊ ရေလည်းမဟုတ်၊ ထမင်းအိုးလည်းမဟုတ်၊ ခုံလောက်လည်းမဟုတ်၊ မီးလည်းမဟုတ်၊ ထင်းလည်းမဟုတ်၊ မိန်းမ၊ ယောကျ်ားလည်းမဟုတ် စသည်ဖြင့် စီမံချက်ပြုပ်၍ လမ်းမ မဟုတ်သည်မှ ပို့ဆက်သော ထမင်းချဉ်ကို ပို့ဆက်ရမည်ဟု ဒဏ်တစ်ထောင်ထားလျက် အရှေ့မန္ဒကုံးရွာသို့ စေလွှတ်ပြန်ရာ

ထိုပြဿနာ မဟောသဓာထံသို့ရောက်လျှင် ဆန်ကွဲကို နှင်းရေဖြင့် ဒိုးသစ်၌ ထည့်ပြီး သစ်သားစိမ်း သုံးချောင်းထောက်ပေါ်တွင် ပွတ်မီးဖြင့် သစ်ရွက် ခြောက်ကိုလောင်စေ၍ ချက်ပြီးလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော လမင်းချဉ်ဟု ကမ္ဗည်းတပ်ကာ နပုံးပဏ္ဍုတ်ကိုရွက်စေ၍ တောလမ်းမှသွားစေလေသည်။ မင်းကြီးလည်း ဝမ်းသာလှ၍ မဟောသဓာကို ချီးကျူးကာ ခေါ်ယူလိုသော် လည်း သိန်းအမတ်ကြောင့် မခေါ်သာဘဲ ရှိရလေသည်။

## ၁၅။ သဲလွန်ပြဿနာဖြေခြင်း။

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် အရှေ့ပါစိနယဝမဇ္ဈိုးရွာသား တို့၏ ပညာကိုစမ်းရန် ပုခက်ယာဉ်ကိုဆွဲရန် သဲလွန်ကြိုးကျစ်၍ ပို့ဆက် ကြရမည်ဟု ရာဇဒဏ် တစ်ထောင်ထား၍ စေလွှတ်ပြန်ရာ ရွာသားများ မဖြေနိုင်၍ မဟောသဓာထံသို့ ရောက်လာကြလေသည်။ မဟောသဓာက စကားပြောလိမ္မာသူနှစ်ဦးအား သဲလွန်ကျစ်ရန် မူလသဏ္ဌာန်အလုံးအထွာကို သိရလေအောင် မင်းကြီး၏ သဲလွန်ဟောင်းအပြတ် တစ်ထွာလေးသစ်မျှ ပေးတော်မူပါဟု လျှောက်ထားချေဟု စေလိုက်လေသည်။ ထိုသူတို့လည်း မဟောသဓာစေတိုင်း မင်းကြီးအားလျှောက်သော် မင်းကြီးက သဲကိုလွန်ကျစ်၍ မဖြစ်နိုင်ဟုဆိုသည့်အခါ လျှောက်ထားသူတို့က သို့ဖြစ်လျှင် အဘယ် ကြောင့် အကျွန်ုပ်တို့အား သဲလွန်ကျစ်စေသနည်းဟု ပြန်၍တင်လျှောက်သဖြင့် ပြဿနာပြေလေသည်။ မင်းကြီးလည်း ထိုအကြောင်းကို မဟောသဓာ၏ ပညာပေးချက်ဟုသိ၍ ချီးကျူးဝမ်းသာဖြင့် ခေါ်ယူလိုပြန်၏။ သို့ရာတွင် သိန်းအမတ်ကြောင့် မခေါ်ယူဖြစ်ခဲ့ပေ။

## ၁၆။ ရေကန်ပြဿနာဖြေခြင်း။

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် အရှေ့ပါစိနယဝမဇ္ဈိုးရွာသို့ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကို ပို့ဆက်ရမည်ဟု ဒဏ်ထား၍ စေတော်မူပြန်လျှင် ရွာသားတို့လည်း မဟောသဓာအား ချဉ်းကပ်ကြရပြန် လေသည်။ မဟောသဓာက ရဲရင့်စကားတတ်သော လူတစ်ယောက်အား

ရေစွတ်စို၍ ရွံ့ညွှံလိမ်းကျံလျက် မင်းကြီးထံသို့သွားပြီး တောမှရေကန်ကို ဖမ်းဆီးယူဆောင်လေရာ မြို့တော်ကိုမြင်လျှင် ထိတ်လန့်ထွက်ပြေးသဖြင့် ယဉ်ကျေးပြီးသော မင်းကြီး၏ ရေကန်တော်နှင့် မျှားခေါ်ရန် ရေကန်ကို စေလွှတ်ပေးရန် လျှောက်တင်ချေဟု စေလိုက်လေသည်။ ထိုသူလည်း မှာထားသည့်အတိုင်း လျှောက်တင်လေသော် မင်းကြီးက ရေကန်ကိုဆောင်ယူ၍ မရနိုင်ဟုဆိုသဖြင့် သို့ဖြစ်သော် ကျွန်တော်မျိုးတို့လည်း ဆောင်ယူ၍ ရမည်မဟုတ်ပါဟု ပြန်ကြားတင်လျှောက်လေရာ ပြဿနာပြေလေသည်။

ထိုပြဿနာကိုအကြောင်းပြု၍ မဟော်သဓာ၏ အကြံဖြစ်ကြောင်းကို သိရှိရလျှင် မဟော်သဓာအား အလွန်ခေါ်ယူလိုပါသော်လည်း သိန်းအမတ်၏ စကားကြောင့် မခေါ်ယူရဘဲရှိလေသည်။

## ၁၉။ ဥယျာဉ်ပြဿနာဖြေခြင်း။

နောက်တစ်နေ့၌ ဝိဒေဟရာဇ်မင်းကြီးသည် အရှေ့ပါစိနယဝမဇ္ဈကုံး ရွာသို့ပင်လျှင် ဥယျာဉ်တော်သစ် ပို့ဆက်ရမည်ဟု ဒဏ်ထား၍ စေပြန်လေရာ ရွာသားတို့ မတတ်နိုင်ကြလျှင် မဟော်သဓာက ရေးနည်းတူ ရဲရင့်စကားတတ် သူကို စေလွှတ်၍ တောမှဥယျာဉ်ကို ဖမ်းယူလာရာ ထွက်ပြေး၍ မျှားယူရန် မင်းကြီး၏ ဥယျာဉ်တော်ကို စေလွှတ်ပေးတော်မူပါဟု လျှောက်တင်စေရာမှ ပြဿနာပြေရှင်းလေသည်။

မင်းကြီးလည်း မဟော်သဓာကို ခေါ်ယူချင်ပါလျက် သိန်းအမတ်က တစ်နည်းတစ်ဖုံ ထပ်၍စုံစမ်းရန် တင်လျှောက်ပြန်သဖြင့် မခေါ်ယူရဘဲ ရှိလေသည်။

မင်းကြီးသည် အကြိမ်ကြိမ် ခေါ်ယူခွင့်မရလျှင် နှလုံးမသာရှိ၍ မိမိကိုယ်တိုင် အရှေ့မဇ္ဈကုံးရွာသို့ ထွက်လေ၏။ သို့ရာတွင် လမ်းခရီး၌ မင်းကြီး၏ မြင်းတော်ခြေကျိုးကာ ခြေကျိုးသဖြင့် ဆက်လက်မသွားနိုင်ဘဲ နန်းဂေဟာသို့ ပြန်လာရလေ၏။ ထိုအကြောင်းကို သိန်းအမတ်သိလျှင် မင်းကြီးသည် မိမိတင်လျှောက်ချက်ကို မနာယူ၍ဖြစ်ရကြောင်းဖြင့် အပြစ်တင် လျှောက်ထားသဖြင့် မင်းကြီးလည်း ဆိတ်ဆိတ်နေရလေသည်။

## ၁၈။ မြည်းမြသနားဖြေခြင်း။

နောက်တစ်နေ့တွင် မင်းကြီးသည် သိန်းအမတ်၏ အကြံပေးချက်အရ မဟော်သဓာအလိုအလျောက် ရောက်လာစေရန် အရှေ့ပါစိနယဝမဇ္ဈဂိုးရွာသို့ သူဌေးတစ်ယောက်နှင့် မြင်းကောင်းတစ်စီးပို့ဆက်မေဟု အမတ်အလိမ္မာတစ်ဦးကို စေလွှတ်လေသည်။ မဟော်သဓာလည်း မြင်းကောင်းတစ်စီးဟူသည်မှာ မိမိကိုရည်၍ဆိုကြောင်းသိ၍ ဘခင် သိရိဝဍ္ဎနသူဌေးကြီးကို ရှေးဦးစေလွှတ်၍ မိမိက နောက်မှလိုက်ပါခဲ့စေလေသည်။ လမ်းတွင် မဟော်သဓာသည် မြည်းတစ်ကောင်ကို သူငယ်ဖော်များအား ဖမ်းယူခဲ့စေလေသည်။

နန်းတော်သို့ရောက်လျှင် ဘခင်သူဌေးနေရာတွင်ဝင်၍ ခစားရာ အမတ်ကြီးများနှင့် လူအများက ကဲ့ရဲ့ကြ၍ မင်းကြီးလည်း မဟော်သဓာအား မိဘတို့ကို မရိုသေတတ်သူဟူ၍ ကဲ့ရဲ့လေသည်။ ထိုအခါ မဟော်သဓာက ယူလာသောမြည်းကို ယူလာစေ၍ မြည်းတစ်ကောင်သည် မည်မျှအဖိုးတန်ကြောင်း မေးမြန်းတင်လျှောက်ရာ မင်းကြီးက ရှစ်ကျပ်မျှတန်မည်ဟုဆိုလျှင် တစ်ဖန် မဟော်သဓာက မြည်းထီးနှင့်ဆက်ဆံသော မြည်းမမှပေါက်ဖွားသော အဿတရိုမြင်းသည် မည်မျှအဖိုးတန်ကြောင်း မေးမြန်းတင်လျှောက်ပြန်၍ အဖိုးအတိုင်းမသိဟု မင်းကြီးဆိုလေသော် သားသည် အဘထက်မြတ်သည်လည်း ရှိပေသည်။ မင်းကြီး၏အမတ်တို့ကား ဘာမျှ မသိတတ်ပါကလားဟု ပြန်လှန်ပြက်ရယ်ပြုလေသည်။

မင်းကြီးလည်း မဟော်သဓာ၏စကားကို သဘောကျ၍ သားအမှတ်မွေးမြူလျက် သူဌေးကြီးကိုလည်း အရှေ့မဇ္ဈဂိုးရွာကို အုပ်ချုပ်ရန် မင်းငယ်အဖြစ်ဘိသိက်ရေသွန်းချီးမြှောက်လေသည်။ ထိုနောက် မဟော်သဓာလည်း အခွင့်အရပြင်ပတွင်နေ၍ ခစားလေသည်။

## ပဉ္စာမြားယူဆောင်ခန်း

မြို့၏တောင်တံခါးဝအနီးရှိ ရေကန်အနီးတွင် ထန်းပင်ရှိပြီး ထန်းပင်ပေါ်၌ ကျီးသိုက်ရှိ၍ ကျီးသိုက်ထဲတွင် အလွန်တောက်ပြောင်သော ပဉ္စာမြား

တစ်လုံးရှိလေသည်။ ထိုပတ္တမြားသည် ရေကန်၌ အရိပ်ထင်ရာ လူများက ရေထဲ၌ပင် ပတ္တမြားရှိသည်ထင်၍ ဝိဒေဟရာဇ်မင်းကြီးအား တင်လျှောက်ကြလေသည်။ မင်းကြီးသိရှိသော် လူအပေါင်းကို စည်းဝေး၍ ရေကန်မှ ရေကို သွန်ထုတ်တူးဆွ ရှာဖွေသော်လည်း မတွေ့ဘဲရှိလေလျှင် မဟော်သဓာက ပတ္တမြားသည် ကျီးသိုက်၌ ရှိမည်ကိုသိ၍ လူတစ်ယောက်ကို တက်စေကာ အလွယ်နှင့် ယူဆောင်ပေးလေသည်။ လူအပေါင်းတို့လည်း သိန်းအမတ်ကို ရွတ်ချ၍ မဟော်သဓာအား ချီးမွမ်းလေသည်၊ မင်းကြီးကလည်း ဆုလာဘ် ချီးမြှင့်၍ အလိုရှိသမျှ ဝင်ထွက်ခစားခွင့်ပြုလေသည်။

## ပုတ်သင်၏ အလိုကိုသိခန်း

တစ်နေ့သ၌ မင်းကြီးသည် မဟော်သဓာနှင့်အတူ ဥယျာဉ်တော်သို့ ထွက်ရာ ပုတ်သင်တစ်ကောင်က ခြေရင်း၌ ခစားမြဲပြုသဖြင့် မင်းကြီးက ပုတ်သင်အား အသပြာ လေးရွေးဖိုး အမဲဝယ်၍ ကျွေးရန် ဥယျာဉ်စောင့်ကို အမိန့်ပေးလေသည်။ တစ်နေ့သ၌ ဥယျာဉ်စောင့်က ဥပုသ်နေ့ဖြစ်၍ အမဲဝယ်မရသဖြင့် အသပြာလေးရွေးကို ပုတ်သင်၏လည်၌ ဆွဲပေးထားရာ ဥစ္စာမာန်တက်၍ နောက်တစ်နေ့သော် မင်းကြီးအား အရိုအသေမပြုဘဲ နေလေသည်။ ထိုအကြောင်းကို မဟော်သဓာက ကျနစွာ ထုတ်ဖော်ပြော ဆိုနိုင်သဖြင့် မဟော်သဓာအား မင်းကြီးက ချီးမွမ်းမြှောက်စားပြန်လေသည်။

## မင်းကြီးက မိဖုရားကြီးတင်မြှောက်ခန်း

ထိုကာလ၌ မိထိလာပြည်သား ပိင်္ဂုတ္တရ အမည်ရှိသော လုလင် တစ်ယောက်သည် တက္ကသိုလ်ပြည်၌ ပညာသင်ကြားရာ ပါမောက္ခဆရာ ကြီးက မိမိသမီးနှင့် ထိမ်းမြားပေးလေ၏။ သို့ရာတွင် ပိင်္ဂုတ္တရလုလင်သည် ဘုန်းမရှိသောကြောင့် သတို့သမီးအနီးကိုမျှ မကပ်လိုဘဲ ခုနစ်ရက်လွန်၍ မိမိ၏ မိဘများထံသို့ ပြန်လာခဲ့လေသည်။ လမ်းတွင် သဖန်းပင်ကိုတွေ့ သောအခါ ပိင်္ဂုတ္တရလုလင်က တက်၍ သဖန်းသီးများကို ချူးဆွတ်စားလေလျှင်

သတို့သမီးက တောင်းရာ မရသဖြင့် ဆာမွတ်လှသောကြောင့် သဖန်းပင်ထက်သို့ ကိုယ်တိုင်တက်၍ ခူးဆွတ်စားလေသည်။ ထိုအခိုက် လုလင်သည် ဆင်း၍ အပင်ရင်း၌ ဆူးများရံကာ သတို့သမီးကို ထားခဲ့၍ ထွက်ပြေးလေသည်။ သတို့သမီးလည်း မဆင်းနိုင်ဘဲ ရှိလေသည်။

ထိုနေ့၌ ဝိဒေဟရာဇ်မင်းကြီးသည် ဥယျာဉ်တော်မှအပြန်တွင် သဖန်းပင်ပေါ်မှ သတို့သမီးကိုမြင်လျှင် နှစ်သက်သဖြင့် ဆင်တော်နှင့် တင်ယူ၍ ဥဒုမ္ဗရဒေဝီဟူသော ဘွဲ့ဖြင့် မိဖုရားကြီး မြှောက်တင်လေသည်။

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် ဥယျာဉ်သို့ထွက်ရာ ပိဂုတ္တရ လုလင်သည် လမ်းပြုပြင်နေသည်ကို မင်းကြီးနှင့်အတူပါသော မိဖုရားကြီးက ရယ်မိလေသည်။ မင်းကြီးက မေးသော် မိဖုရားကြီးက အဖြစ်အမှန်ကို လျှောက်တင်သော်လည်း မယုံမကြည် အထင်လွဲ၍ သတ်မည်ပြုလေသည်။ မိဖုရားကြီးက တောင်းပန်၍ သိန်းအမတ်ကို တိုင်ပင်ရာ သိန်းအမတ်က မယုံမကြည်ဟု တင်လျှောက်လေသည်။ သို့ရာတွင် မဟော်သဓာကမူ ယုံကြည်ကြောင်း တင်ပြလျှောက်ထား၍ မိဖုရားကြီးချမ်းသာရလေသည်။ မင်းကြီးလည်း မိမိအမှားပြုမိခြင်းမှ ကင်း၍ မဟော်သဓာကို ချီးမြှောက်လေ၏။ မိဖုရားကြီးကလည်း ကျေးဇူးတင်၍ မောင်အဖြစ် ကျွေးမွေးခွင့်နှင့် အစားအစာ အချိန်မရွေးပို့နိုင်ရန် တံခါးကို ပိုင်ခွင့်တောင်းပန်သဖြင့် မင်းကြီးက ပေးအပ်လေသည်။

တစ်နေ့သ၌ မင်းကြီးသည် နန်းရင်ပြင်၌ စင်္ကြံလျှောက်နေစဉ် ဆိတ်နှင့်ခွေးတို့ သင့်တင့်မိတ်ဆွေဖြစ်သည်ကို တွေ့ရလေသည်။ ထိုသို့မိတ်ဆွေဖြစ်ခြင်းမှာ ဆိတ်က ခွေးမဝင်ရသော စားဖိုဆောင်မှ အမဲကို ခိုးပေး၍၊ ခွေးက ဆိတ်မဝင်ရသော ဆင်တင်းကုပ်မှ မြက်ကို ခိုးပေးခြင်းကြောင့် ဖြစ်လေသည်။ မင်းကြီးသည် ထိုအကြောင်းကို ပြဿနာပြုလျက် အမတ်များအား မေးလေရာ အခြားအမတ်တို့က စဉ်းစားချိန်တောင်းကြလေသည်။ မဟော်သဓာကား ဆိတ်ဆိတ်နေပြီး ဥဒုမ္ဗရဒေဝီ မိဖုရားကြီးထံသို့သွား၍ ယမန်နေ့က မင်းကြီးရပ်ရာနေရာကို မေးမြန်းဆင်ခြင်သော် အဖြေမှန်ကို

ရလေ၏။ အခြားအမတ်လေးဦးလည်း မဟော်သဓာကိုတောင်းပန်ကာ အဖြေအမြွက်ကိုရရှိကြ၍ အကျဉ်းမှုဖြေနိုင်ကြလေသည်။ မဟော်သဓာကား အပြည့်အစုံဖြေလေသည်။ မင်းကြီးလည်း အမတ်လေးယောက်ကို မဟော်သဓာ သင်ကြားပေးကြောင်းမသိဘဲရှိ၍ အားလုံးကိုပင် ချီးကျူးလေသည်။ ထိုအခါ မိဖုရားကြီးက မင်းကြီးအား အမှန်ကို တင်လျှောက်လေရာ နောက်တစ်ကြိမ်မှ မဟော်သဓာကို ပိုမိုချီးမြှောက်မည်ဟု ဝန်ခံလေသည်။

တစ်နေ့သ၌ မင်းကြီးသည် အမတ်တို့အား ပညာနှင့်ဥစ္စာမည်သည်က မြတ်ကြောင်းကို မေးမြန်းလေရာ သိန်းအမတ်က ပညာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဥစ္စာရှင်၏ အစေအပါးသာဖြစ်၍ ဥစ္စာကမြတ်သည်ဟု တင်လျှောက်လေ၏။ မဟော်သဓာကမူကား ဥစ္စာကြောင့် လူများသည် မကောင်းမှုပြု၍ အပါယ်၌ကျတတ်သည် ပညာရှင်မှသာ အပြစ်ကိုမြင်၍ ပညာက မြတ်သည်ဟု လျှောက်ထားလေသည်။

တစ်ဖန် မင်းကြီးက သိန်းအမတ်ကိုကြည့်၍ စောဒကတက်စေလျှင် သိန်းအမတ်က ပညာမရှိသော ဂေါဝိန္ဒသူဌေးကို လူအများမှီခိုကြရသည်ဟု သက်သေထုတ်ကာ ဥစ္စာမြတ်ကြောင်းကို ဆိုပြန်လျှင် မဟော်သဓာက ဥစ္စာသည် အခိုက်အတံ့သာတည်၍ ပညာမရှိမူ အသစ်သောဥစ္စာကို မဖန်တီးနိုင်သဖြင့် ပညာသာမြတ်သည်ဟု လျှောက်တင်ပြန်လေသည်။

ထိုအခါ သိန်းအမတ်က ဥစ္စာကြွယ်ဝသူကို အရပ်ရပ်မှ လူများခိုလှုံရကြောင်းကိုတင်ပြ၍ ဥစ္စာသာမြတ်သည်ဟု တင်လျှောက်ပြန်လေရာ မဟော်သဓာက ပညာရှိမှသာလျှင် သံသရာ၌ မကောင်းမှု၏ ငရဲဘေးကို မြင်နိုင်သဖြင့် ပညာမြတ်သည်ဟု ချေဆိုလျှောက်တင်ပြန်လေသည်။

တစ်ဖန် သိန်းအမတ်က ပညာရှင်သည် ဥစ္စာရှင်ထံသို့သာ ဝင်ခိုရမြဲဖြစ်၍ ဥစ္စာကသာ မြတ်ကြောင်းကို တင်လျှောက်ပြန်ရာ မဟော်သဓာက ဥစ္စာရှင်ဖြစ်သော်လည်း သူမိုက်၏ စကားသည် ပညာရှိကို မလွန်နိုင်သဖြင့် ပညာက သာမြတ်ကြောင်း ချေဆိုတင်လျှောက်ရပြန်လေသည်။

ထိုအခါ သိန်းအမတ်က ဥစ္စာရှင်၏စကားကိုသာ လူအများနားထောင်

ကြောင်းကို တင်လျှောက်၍ မဟော်သဓာက သူမိုက်သည် ကဲ့ရဲ့ခံရတတ်ကြောင်းကို တင်လျှောက်ပြီး သိန်းအမတ်က တစ်ဖန် ပညာရှင်သည် ဥစ္စာရှင်ရှေ့၌ ပညာစွမ်းမပြနိုင်ကြောင်း တင်ပြပြန်လေလျှင် မဟော်သဓာက ပညာရှိသည် ကိုယ်ကျိုး၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်နိုင်ပုံကို တင်လျှောက်လေသည်။

ထိုအခါ သိန်းအမတ်က ကျွန်ုပ်တို့ ပညာရှိ ငါးဦးသည် ဥစ္စာရှင်မင်းကြီးကို ခစားရသည် မဟုတ်လောဟု တင်လျှောက်၍ မဟော်သဓာက မင်းကြီးသည် ယခုပြဿနာပေါ်သောအခါ ပညာရှိကိုသာ မေးမြန်းရသည် မဟုတ်လောဟု တင်လျှောက်လေရာ သိန်းအမတ်လည်း ထပ်၍မတင်နိုင်ဖြစ်လေသည်။ မင်းကြီးလည်း မဟော်သဓာအား ချီးမြှောက်လေသည်။

## မဟောသဓာ ဇနီးလောင်းရှာခန်း

မဟော်သဓာသည် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လျှင် ဥဒုမ္ဗရဒေဝီမိဖုရားကြီးက သင့်လျော်ရာ သတို့သမီးနှင့် ထိမ်းမြားလက်ထပ်ရန် တိုက်တွန်းလေရာ မဟော်သဓာက မိမိနှစ်သက်သူကို ရွေးချယ်ရှာဖွေခွင့်တောင်း၍ အပ်ကျည်၊ ချည်ခင်တို့ကိုယူ၍ ဆင်းရဲသားအသွင်ဖြင့် မြောက်တံခါးမှ ဥတ္တရယဝမဇ္ဈကုံးရွာသို့ သွားလေသည်။

ထိုရွာ၌ စည်းစိမ်ပျက် ..ူဌေးဟောင်းလင်မယား၌ အမရာအမည်ရှိသော သမီးတစ်ယောက်ရှိလေသည်။ ထိုနေ့၌ အမရာသည် အဘလယ်လုပ်ရာသို့ ယာဂုပို့ရန်ထွက်လာရာ လမ်းတွင် မဟော်သဓာနှင့် တွေ့ကြ-လေ၏။ ထိုအခါ မဟော်သဓာက အမရာအား အိမ်ထောင်ရှိမရှိကို လက်ဆုပ်ဖြင့်ပြ၍ မေးလေလျှင် အမရာကလည်း ဉာဏ်ရှိသဖြင့် မရှိကြောင်းကို လက်ဝါးဖြန့်ပြလေသည်။ ထိုနောက် မဟော်သဓာက အမည်ကို မေးလေလျှင် အမရာက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့၌မရှိသော အမည်ဖြစ်သည်ဟုဖြေ၍ အမရာဖြစ်ကြောင်း မဟော်သဓာသိရလေ၏။ အမရာသည် မဟော်သဓာမေးတိုင်း စကားဝှက်ဖြင့်ဖြေ၍ မဟော်သဓာလည်း

ဖော်ယူသိရှိနိုင်စွမ်းလေသည်။ ထိုနောက် မဟော်သဓာသည် အမရာတိုက်ကျွေး သော ရာဂုကိုသောက်၍ အမရာ၏ အိမ်သို့သွားနှင့်လေသည်။

အမရာ၏မိခင်လည်း ရောက်လာသော သူငယ်အား ညှော်ဝတ်ပြု၍ မိမိသမီးကို လိုသောကြောင့် ရောက်လာသူဖြစ်မည်ဟု သိလေသည်။ မဟော်သဓာလည်း အဝတ်ဟောင်းများကိုမေး၍ ချုပ်လုပ်ပေးကာ အခြားသူများ အားလည်း အကြောင်းကြားစေ၍ အဝတ်ချုပ်သမားအဖြစ် ချုပ်လုပ်ပေး၏။ ညနေတွင် အမရာနှင့် ဘခင်တို့ပြန်ရောက်လာကြလေသည်။ မဟော်သဓာ လည်း ၃ ရက်ကြာနေထိုင်ပြီးသော် အမရာအား ပညာစမ်းရန် ဆန်တစ်ခွက် နှင့် မုံ့ကြွပ်၊ ယာဂု၊ ထမင်း၊ သုံးမည်ချက်စေရာ အမရာက ဆန်ရင်းကို ထမင်း၊ ဆန်လတ်ကိုယာဂု၊ ဆန်ကွဲကို မုံ့ကြွပ်လုပ်ပေးလေ၏။ မဟော်သဓာ လည်း မုံ့ကြွပ် ယာဂုနှင့် ထမင်းတို့ ညံ့ဖျင်းလေဟန်ဖြင့် အပြစ်တင်သော် လည်း အမရာသည် ဒေါသမရှိဘဲ သည်းခံလေလျှင် မိန်းမမြတ်ဖြစ် ကြောင်းသိ၍ အမရာ၏ မိဘများထံ တောင်းယူလေသည်။

မဟော်သဓာသည် အမရာကိုခေါ်ယူ၍ မြို့သို့လာခဲ့ကြရာ အမရာ အား ထီးဖိနပ်ပေးသော်လည်း အမရာသည် သစ်ပင်အောက်၌ ထီးဆောင်း၍ ရေထဲ၌ ဖိနပ်စီးလေသည်။ မဟော်သဓာက မေးလေသော် သစ်ပင်အောက်၌ သစ်ကိုင်း သစ်ခွေးကျမည်စိုး၍လည်းကောင်း၊ ရေထဲ၌ ဆူးငုတ်ရှိမည်ဖြစ် ၍လည်းကောင်း ဖြစ်သည်ဟု ချေဆိုလေသည်။ မဟော်သဓာသည် မြို့ သို့ရောက်လျှင် တံခါးမှူးထံ၌ ခေတ္တအပ်နှံခဲ့ပြီး မင်းချင်းတစ်ယောက်အား ဘုရင့်သားတော်က စေလွှတ်သည်ဟု အသပြာတစ်ထောင်နှင့် စေလွှတ်စုံစမ်း စေ၏။ အမရာသည် သစ္စာရှိကြောင်းကိုသိ၍ မင်းချင်းတို့အား တစ်ဖန် အတင်းခေါ်ဆောင်စေခဲ့ပြန်ရာ အမရာသည် မဟော်သဓာမဟုတ် ဘုရင့် သားတော်တစ်ပါးပင် ဖြစ်မည်ဟုထင်၍ ငိုချည်ရယ်ချည်ပြုလေသည်။ မဟော်သဓာကမေးသော် မိမိကုသိုလ်ကံ ဆန်းကျယ်၍ရယ်ပြီး မင်းသားဖြစ် လျှက် လင်ရှိမိန်းမကို သိမ်းပိုက်မည်ပြုသည့် အကုသိုလ်ကိုမြင်၍ မင်းသား ကို သနားသဖြင့် ငိုကြောင်း တင်လျှောက်လေသည်။ မဟော်သဓာလည်း

အမရာအား တံခါးမှူးအိမ်သို့ပြန်ပို့စေပြီး ဥဒုမ္ဗရဒေဝီမိဖုရားကြီးထံ ဇနီးလောင်း တွေ့ခဲ့ကြောင်း တင်လျှောက်လေသည်။

မိဖုရားကြီးလည်း မင်းကြီးကိုတင်လျှောက်၍ ကြီးကျယ်စွာ လက်ထပ်မင်္ဂလာ ပြုစေလေသည်။ မဟောသဓာလည်း ပျော်ရွှင်စွာနေလေသည်။

## မဟောသဓာတိမ်းရှောင်ရခန်း

မဟောသဓာ လက်ထပ်မင်္ဂလာပြုပြီးနောက် တစ်နေ့သောအခါတွင် အမတ်လေးယောက်သည် သိန်းအမတ်၏အိမ်တွင် တိုင်ပင်ကြ၍ မဟောသဓာကို မိမိတို့အမြဲရှုံးခဲ့ရာ ယခုအခါ မဟောသဓာတွင် ဇနီးကောင်းတစ်အားတိုးပွားလာပြန်ပြီဖြစ်၍ မဟောသဓာပျက်စီးအောင် ကုန်းချောကြအံ့ဟု သိန်းအမတ်က အကြံပေးသည်ကို သဘောတူကြလေသည်။

ထိုနောက် သေနကအမတ်မင်းကြီး၏ ပတ္တမြားဆံကျင်ကိုလည်းကောင်း၊ ပက္ကုသအမတ်က မင်းကြီး၏ ရွှေပန်းကုံးကိုလည်းကောင်း၊ ကာမိန္ဒအမတ်က မင်းကြီး၏ ကမ္ဗလာကိုလည်းကောင်း၊ ဒေဝိန္ဒအမတ်က မင်းကြီး၏ ရွှေခြေနင်းကိုလည်းကောင်း ခိုးယူကြပြီး ရက်တက်အိုး၌ထည့်ကာ ကျွန်မတစ်ယောက်အား ရက်တက်ရောင်းဟန်ပြု၍ မဟောသဓာအိမ်သို့ ရောက်လျှင် ပေးခဲ့စေလေသည်။

အမရာလည်း ရက်တက်သည်မ၏ အမူအရာထူးခြားသည်ကိုသိ၍ အစေခံများအား ခေါ်သော်လည်း မလာစေအောင်မှာကြားပြီးမှ ရက်တက်သည်မအား အစေခံများကို သွား၍ခေါ်စေပြီး ဈေးသည်မ မရှိခိုက် ရက်တက်အိုးကို စမ်းနှိုက်လေလျှင် မင်းကြီး၏ ပတ္တမြားဆံကျင်ကို တွေ့သဖြင့် ဟန်မပျက် နေပြီး ရက်တက်သည်မ ပြန်လာသောအခါ မေးမြန်း၍ သိန်းအမတ်အိမ်မှ ဖြစ်ကြောင်းသိပြီး၍ ဈေးသည်မ၏အမည်၊ အမိအဘတို့ကို မေးမြန်းမှတ်သားကာ ဝယ်ယူပြီးလျှင် ရက်တက်အိုးတွင် ဝယ်ယူသောနေ့ရက်နှင့်တကွ ကမ္ပည်းတပ်၍ သိမ်းဆည်းထားလေသည်။

ထိုနည်းတူပင်လျှင် ပက္ကုသအမတ်အိမ်မှ ရွှေပန်းကုံးပါသော မြတ်လေး ပန်းတောင်းကိုလည်းကောင်း၊ ကာမိန္ဒအမတ်အိမ်မှ ကမ္ဗလာပါသော

ဟင်းရွက်ဆောင်းကိုလည်းကောင်း၊ ဒေဝိန္ဒအမတ်၏အိမ်မှ ရွှေခြေနင်းပါသော မုယောစပါးစည်းကိုလည်းကောင်း အသီးသီးဝယ်ယူထား၍ ကမ္ဗည်းထိုးထားလေသည်။ ထိုနောက် မဟော်သဓာအား အကြောင်းကြားလေသည်။

အမတ်လေးယောက်သည် မင်းကြီးထံသို့ဝင်၍ မင်းကြီးအားပတ္တမြား ဆံကျင်ကို အဘယ်ကြောင့် မဆင်သနည်းဟု မေးလျှောက်၍ မင်းကြီးက ဆင်မြန်းရန်ရှာစေသော် မတွေ့ရဘဲရှိလေသည်။ ထိုနည်းတူပင် ရွှေပန်းကုံး၊ ကမ္ဗလာ၊ ရွှေခြေနင်းတို့လည်း ပျောက်ဆုံးနေကြောင်း သိရလျှင် အမတ်တို့က မပဟော်သဓာပင် ကောက်ကျစ်၍ ခိုးယူထား ကြောင်းဖြင့် ကုန်းချောလေသည်။

မဟော်သဓာလည်း ထိုသို့ကုန်းချောကြောင်း သတင်းကြား၍ မင်းကြီးထံအခစားဝင်ရာ မင်းကြီးက အမျက်ထွက်၍ မျက်နှာလွှဲကာ ဝင်သွားလေတော့သည်။ အမတ်ကြီးလေးယောက်လည်း မဟော်သဓာ မင်းမျက်သင့်ပြီဟူ၍ သူသတ်တို့အား မဟော်သဓာကိုကွပ်မျက်ရန် စေလိုက်သဖြင့် မဟော်သဓာလည်း သတင်းကြားနှင့်သည့်အတိုင်း ခေတ္တတိမ်းရှောင်နေရလေ သည်။ အမတ်ကြီးတို့လည်း မဟော်သဓာထွက်ပြေးကြောင်းသိ၍ ဝမ်းသာလျက် တစ်ယောက်ကိုတစ်ယောက် အသိမပေးဘဲ အမရာကိုသိမ်းပိုက်ရန် ကြံ ကြလေသည်။ အမရာလည်း အမတ်ကြီးလေးဦးပေးပို့သော လက်ဆောင်ကို လက်ခံ၍ တစ်ချိန်စီ ချိန်းဆိုမှာကြားလိုက်လေသည်။

ထိုနောက် အမရာသည် အိမ်တွင်း၌ အစောက်တသူ၊ အကျယ် လူလေးငါးယောက် ဆံ့ရုံတွင်းတူးစေပြီး မစင်များထည့်၍ အိမ်ထဲမှနေ၍ နင်းသာအောင် ယန္တရားပျဉ်ဖုံးတပ်ဆင်ကာ လေးမျက်နှာကို ကဲလားကာရံ ပြင်ဆင်ထားလေသည်။ အချိန်ရောက်၍ သေနကအမတ်ရောက်လာသောအခါ စကားပရိယာယ်ဖြင့် ရေးဦးစွာရေချိုးပါဟု ယန္တရားပျဉ်ပေါ်သို့ပင့်ခေါ်၍ ရေလောင်းဟန်ပြုပြီး ကိစ္စတစ်ခုဖြင့် အိမ်ထဲသို့ဝင်ဟန်ပြုကာ ယန္တရားပျဉ်စွန်း ကို နင်းလေလျှင် သေနကအမတ်လည်း မစင်တွင်းကျလေသည်။ ထိုနည်းတူ

ပင် ပဏ္ဍုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်တို့ အသီးသီးမစင်တွင်းသို့ ကျကုန်၍ အမတ်လေးဦးအချင်းချင်း တွေ့ကြလေသည်။ အမတ်တို့လည်း တစ်ညဉ့်လုံး မစင်တွင်း၌ မတ်တပ်မြုပ်လျက် အိပ်ကြရပြီး နံနက်လင်းလျှင် အမှုရာက အစေခံများအားခေါ်ယူစေ၍ မုဆိတ်ဆံရိပ်ကာ အဝတ်လုံ့ယုံမျှ ဆင်လျက် တစ်ကိုယ်လုံးကို ကော်ရည်သုတ်ကာ ဝွမ်းများကပ်စေပြီး ဖျာလိပ်ခေါင်း တွင်သွင်း၍ ထားစေလေသည်။ ထိုနောက် ကမ္ဘည်းထိုးထားသော မင်းကြီး၏ ရတနာများနှင့်အတူ နန်းတော်သို့ဝင်၍ မျောက်ဖြူလေးစီးနှင့် ပဏ္ဍာလက်ဆောင်တော် ဆက်လိုကြောင်း တင်လျှောက်ဆက်သကာ အမတ် လေးယောက်တို့ မင်းကြီး၏ပစ္စည်းများ ခိုးယူပုံနှင့် မဟော်သဓာအပြစ်မရှိပုံ ကို ရှင်းလင်းတင်လျှောက်လေသည်။ အမတ်လေးယောက်လည်း ကြီးစွာ အရှက်ရလေတော့သည်။ မင်းကြီးလည်း ရှေးရေးကိုမျှော်၍ အမတ်လေးယောက် ကို ခွင့်လွှတ်လေသည်။

## မဟော်သဓာကို ပြန်၍ခေါ်ယူခန်း

မဟော်သဓာထွက်ပြေးသည်မှစ၍ မင်းကြီး၏နန်းတော်တွင် တရားသံ တိတ်ဆိတ်လေလျှင် ထီးချက်စောင့်နတ်သမီးက မဟော်သဓာကိုမင်းကြီး ပြန်၍ခေါ်ရလေအောင် ညဉ့်အခါ၌ ထီးချက်ကိုဖွင့်၍ ပြဿနာလေးပါးကို မေးလေသည်။ ထိုပြဿနာများမှာ ၁။ လက်ခြေတို့ဖြင့် ပုတ်ခတ်ခြင်းကို ခံရလျက် နှစ်သက်ခြင်းမပျက် နှစ်သက်ကြရသူကား အဘယ်သူနည်း။ ၂။ ဆဲရေးလျက် မလာစေလိုဘဲလျက် ချစ်မြတ်နိုးကြသူကား အဘယ်သူနည်း။ ၃။ တစ်ဘက်နှင့်တစ်ဘက် မမှန်မကန် အပြန်အလှန်စွပ်စွဲကြလျက်နှင့် အလွန်ချစ်ခင်ကြသူကားအဘယ်သူနည်း။ ၄။ မိမိ၏အဝတ်အစားအိပ်ရာတို့ကို ယူ၍ သုံးစားလျက်နှင့် မြတ်နိုးမြဲမြတ်နိုးရသူကား အဘယ်သူနည်း။ ဟူ၍ဖြစ်လေသည်။

မင်းကြီးလည်း နတ်သမီးအား ဆိုင်းငံ့စေ၍ နံနက်လင်းသော် အမတ်ကြီးတို့အား ပြဿနာအဖြေကို မေးလေသည်။ အမတ်ကြီးလေးယောက်

လုံးပင် မဖြေနိုင်ဘဲရှိလေရာ ထိးချက်စောင့်နတ်သမီးအား ပြန်ကြားလေလျှင် နတ်သမီးက "သင်မင်းကြီး ဤပြဿနာကို မဟော်သဓာသာ သိနိုင်မည်။ ပညာရှိ မဟော်သဓာကို မေး၍ဖြေလော့ မဖြေက သင်၏ဦးခေါင်းကို ရှစ်စိတ် ကွဲစေအံ့" ဟုဆိုလျက် ကွယ်လေသည်။

ဝိဒေဟရာဇ်မင်းကြီးလည်း အမတ်တို့ကိုစေလွှတ်၍ မဟော်သဓာကို ရှာစေရာ ဒက္ခိဏယဝမဇ္ဈကုံးရွာ၌ အိုးထိန်းသည်ထဲတွင် အလုပ်လုပ်နေသော မဟော်သဓာကို တွေ့၍ ခေါ်ဆောင်ခဲ့လေသည်။ မင်းကြီးလည်း မဟော်သဓာ သည် ဆင်းရဲမွဲပြာ အသက်မွေး နေထိုင်ခဲ့ပုံကိုသိ၍ မိမိအား ရန်သူပြုလိုသူ မဟုတ်ကြောင်း သိရှိယုံကြည်လျက် မဟော်သဓာ၏ တရားစကားကို နာယူပြီးနောက် ထိးချက်စောင့်နတ်သမီး၏ မေးခွန်းပြဿနာကို မေးမြန်း လေသည်။

## မဟော်သဓာပြဿနာဖြေခြင်း

မဟော်သဓာသည် ပြဿနာကို ကြားရပြီးနောက် ပထမမေးခွန်းသည် သုံးလရွယ်သားငယ်နှင့် မိခင်ဘခင်တို့ကိုရည်၍ ဆိုသည်။ ဒုတိယမေးခွန်းသည် ခုနစ်နှစ် ရှစ်နှစ်ရွယ်သားငယ်နှင့် မိခင်ဘခင်တို့ကိုဆိုသည်။ တတိယမေး ခွန်းသည် အရွယ်ရှိကြသေးသော လင်နှင့်မယားကိုရည်၍ဆိုသည်။ စတုတ္ထ မေးခွန်းသည် တရားစောင့်သော ရဟန်းပုဏ္ဏားတို့ကိုရည်၍ဆိုသည် ဟူ၍ ဖြေကြားလေလျှင် ထိးချက်စောင့်နတ်သမီးလည်း ကောင်းချီးပေး၍ ရတနာပန်း ကလပ်ဖြင့် မဟော်သဓာအား ပူဇော်လေသည်။ မင်းကြီးကလည်း စစ်ဘုရင် သေနာပတိအရာဖြင့် ချီးမြှောက်လေသည်။

မဟော်သဓာသည် ဤသို့စည်းစိမ်ချမ်းသာရပြန်လေလျှင် အမတ်လေး ယောက်သည် မဟော်သဓာအား အကောက်ကြံကြပြန်လေသည်။ သေနက အမတ်သည် မဟော်သဓာအား လျှို့ဝှက်စကားကို မည်သူ့အား ပြောသင့် သနည်းဟုမေး၍ မဟော်သဓာက မည်သူ့အားမျှ မပြောထိုက်ဟုဆိုလျှင် သေနကအမတ်နှင့် ကျန်အမတ်တို့သည် မင်းကြီးထံသို့သွား၍ "မဟော်သဓာ

သည် အကောက်ကြံလျက်ရှိပါသည်။ မယုံကြည်လျှင်ခေါ်၍ လျှို့ဝှက်အပ်သော စကားကို မည်သူ့အား ပြောသင့်သနည်းဟု မေးပါလျှင် မည်သူ့အားမျှ မပြောသင့်ဟု ဆိုပါလိမ့်မည်''ဟု ကုန်းချောကြလေသည်။ မင်းကြီးလည်း ယုံကြည်၍ တစ်နေ့သော ညီလာခံတွင် သေနကအမတ်ဆိုတိုင်း အမတ်စုံ ညီကို မေးလေရာ သေနကအမတ်က မင်းကြီး၏အလိုကို ဦးစွာမေးသဖြင့် မင်းကြီးက မယားကောင်းအား တိုင်ပင်အပ်သည်ဟု မိန့်ဆိုလေလျှင် သေနကအမတ်က မင်းကြီးအလိုကျအောင် အဆွေခင်ပွန်းကောင်းကို ပြော ကြားအပ်သည်ဟု ဖြေလေသည်။ ပက္ကုသအမတ်က ဖြောင့်မတ်သော သားချင်းပေါက်ဖော်အား ပြောကြားအပ်သည်ဟုဖြေ၍ ကာမိန္ဒအမတ်က အဘနှင့်တူသော သားအား ပြောအပ်သည်ဟု ဒေဝိန္ဒအမတ်က အမိအဘတို့ အား ပြောအပ်သည်ဟု ဖြေလေသည်။ မဟော်သဓာကမူ ရိုးသားစွာဖြင့် မည်သူ့အားမျှ မပြောအပ်ဟုဖြေကြားလေရာ မင်းကြီးသည် ကုန်းတိုက်ချက် ကြောင့် အထင်လွဲကာ နှလုံးမသာရှိလေသည်။

မဟော်သဓာလည်း အမတ်လေးဦး၏ အကြံဟုသိ၍ ထိုအမတ်တို့ သည် အကြောင်းရှိ၍ ပြောခြင်းဖြစ်မည်ဟု ထိုအမတ်တို့တိုင်ပင်ရာ နန်းတော်တံခါးဝ ထမင်းပွဲခုံအောက်တွင် ဝင်၍ ချောင်းမြောင်းနားထောင်ခြင်း ပြုလေသည်။

မင်းကြီးသည် သေနကအမတ်၏ စကားကိုယုံ၍ မဟော်သဓာအား နောက်တစ်နေ့နန်းတော်သို့ ဝင်လာသော် သန်လျက်ဖြင့် လုပ်ကြံလော့ဟု သန်လျက်ကိုအပ်လေသည်။ သေနကအမတ်နှင့် ကျန်အမတ်တို့လည်း နန်းတော်မှ ထွက်ခဲ့၍ တိုင်ပင်နေကျ နန်းတော်ဝရှိ ထမင်းပွဲခုံပေါ်၌ တိုင်ပင်ကြလေသည်။ သေနကအမတ်က ကျန်အမတ်များအား မိမိတို့ လျှောက်တင်ချက်များသည် အကြောင်းရှိ မရှိမေး၍ မိမိကမူကား တစ်ခါက ပြည့်တန်ဆာမတစ်ယောက်နှင့် ပျော်ပါးပြီး၊ ထိုပြည့်တန်ဆာမကို သတ်ဖြတ်၍ အဝတ်တန်ဆာကိုယူခဲ့လျက် အိမ်တွင်ထားသည်ကို မိတ်ဆွေတစ်ဦးသာသိရာ ထိုသူသည်လည်း နှုတ်စောင့် သည်ဖြစ်၍ တင်လျှောက်ခြင်းဖြစ်သည်ဟု ဆိုလေသည်။ ပက္ကုသအမတ်ကလည်း မိမိပေါင်၌ ကုဋ္ဌနူနာရှိသည်ကို

မိမိ၏ညီသိသော်လည်း နှုတ်လုံသည်ကို အကြောင်းပြု၍ တင်လျှောက်သည်ဟု ဆိုလေသည်။ ကာမိန္ဒအမတ်ကလည်း မိမိသည်တစ်လတစ်ကြိမ် ဘီလူးဖမ်းနာ စွဲ၍ ခွေးရူးကဲ့သို့ဖြစ်သည်ကို မိမိသား သိသော်လည်း နှုတ်လုံသည်ကိုစွဲ၍ လျှောက်သည်ဟု ဆိုလေသည်။ ဒေဝိန္ဒအမတ်ကလည်း မင်းကြီး၏ ပတ္တမြားကို ခိုးယူထား၍ အမိသည် သိသော်လည်း နှုတ်လုံခြင်းကြောင့် ထိုသို့လျှောက်သည်ဟု ဆိုလေသည်။ ထိုနောက် အမတ်လေးယောက် သည် နောက်တစ်နေ့တွင် မဟော်သဓာအား သုတ်သင်ရမည်ဖြစ်၍ မမေ့မလျော့ကြရန် မှာထားပြီး အသီးသီးပြန်ကြလေသည်။

မဟော်သဓာလည်း အခြွေအရံတို့၏ အကူအညီဖြင့် ထမင်းပွဲ ခုံအောက်မှထွက်၍ ကြားရသမျှကို အလုံးစုံမှတ်ထားပြီး အိမ်သို့ပြန်ခဲ့လေသည်။ ထိုနောက် ယုံကြည်ရသူတစ်ဦးအား နန်းတော်ဝင်၍ ထိုနေ့ညစောင့်စေ၍ နန်းတော်ထဲမှ ထွက်လာသူကိုတွေ့လျှင် မိမိထံအမြန်ခေါ်ဆောင်လာရန် မှာထားပြီး၊ မင်းကြီး၏ သဘောကိုသိရန် မိဖုရားကြီးထံမှ စေလွှတ်မည့်သူကို မျှော်လင့်နေလေသည်။

ထိုနေ့ညတွင် ဖင်းကြီးမှာ မဟော်သဓာအား သတ်ရန် သေနင်္ဂ အမတ်အား သန်လျက်အပ်မိသည်ကို နောင်တရလျက် စိတ်ချောက်ခြားနေလေရာ မိဖုရားကြီးက မင်းကြီး၏ အမူအယာကိုမြင်၍ အကျိုးအကြောင်းဂို မေးမြန်းလျှောက်ထားလေသော် မင်းကြီးက အကြောင်းမှန်ကို မိန့်ကြား လေသည်။ မိဖုရားကြီးလည်း ပရိယာယ်ဖြင့် မင်းကြီးအား နှစ်သိမ့်စေပြီး မင်းကြီးအိပ်ပျော်သောအခါ မဟော်သဓာအား နံနက်တွင် နန်းတော်သို့ မဝင်ရန် စာရေး၍ ကတွက်မုံ့ထဲတွင်ထည့်ပြီး လူစေလွှတ်ပို့လေသည်။ နန်းပြင်မှ မဟော်သဓာ၏ အစောင့်လည်း ထိုမုံ့ပို့သူ ထွက်လာလျှင် မဟော်သဓာထံပို့ပေး၍ မဟော်သဓာလည်း မိမိသိပြီးကိစ္စကို အမှန်ထပ်မံ၍ သိရလေသည်။

နံနက်လင်းလျှင် အမတ်လေးယောက်သည် မဟော်သဓာအား လုပ်ကြံရန်စောင့်သော်လည်း မလာသဖြင့် စိတ်ပျက်၍ မင်းကြီးထံသို့

ဝင်ကြလေ၏။ ထိုနေ့ နေအတော်မြင့်သောအခါမှ မဟော်သဓာသည် နန်းတံခါးဝသို့သွား၍ ရှိခိုးလျက် ရပ်နေလေရာ မင်းကြီးမြင်လျှင် မဟော်သဓာသည် မိမိအား လုပ်ကြံမည့်သူ မဟုတ်နိုင်ဟု တွေးသိ၍ ဝင်ခွင့်ပြုလေသည်။ ထိုအချိန်၌ အမတ်တို့လည်း နန်းတော်သို့ရောက်ရှိပြီး ဖြစ်လေသည်။

ထိုနောက် မင်းကြီးသည် မဟော်သဓာအား အခစားနောက်ကျရခြင်း အကြောင်းကို မေးလေလျှင်၊ မဟော်သဓာက "အရှင်မင်းကြီးသည် လျှို့ဝှက်သောစကားကို မယားအား ပြောသဖြင့် အရှင်၏အကြံအစည်ကို သိရ၍ မလာရောက်ဝံ့သဖြင့် နောက်ကျရပါသည်"ဟု တင်လျှောက်လေသည်။ ထိုအခါ မင်းကြီးက ဥဒုမ္ဗရဒေဝီမိဖုရားပင် နှုတ်မစောင့်စည်း၍ မဟော်သဓာ သိရသည်ဟု အမျက်ထွက်လျှင် မဟော်သဓာက "အရှင်မင်းကြီး မိဖုရားကြီး မပြောဘဲလျက် ကျွန်ုပ်သိနိုင်ပါသည်။ အမတ်လေးဦး၏ လျှို့ဝှက်ချက်မှအစ ကိစ္စအားလုံးကို ကျွန်ုပ်သည်မည်သူမျှ မပြောစေကာမူ သိရှိနိုင်စွမ်းရှိပါသည်" ဟု ဆို၍ အမတ်လေးဦး တိုင်ပင်ရာမှ သိရသော လျှို့ဝှက်ချက်များကို မင်းကြီးအား ပြန်ကြား လျှောက်တင်လေသည်။

မင်းကြီးလည်း အမတ်လေးယောက်ကို စစ်မေး၍ အမှန်ကိုသိရလျှင် နှောင်အိမ်သွင်းထားလေသည်။ မဟော်သဓာလည်း ထိုအခါမှ လျှို့ဝှက်စကားကို မည်သူ့အားမျှ မပြောကြားသင့်ပုံကို ရှင်းလင်း ဟောပြောလေသည်။ မင်းကြီးလည်း အမတ်လေးယောက်အား တံလျင်လျှိုလျက် လည်ပင်းကို သန်လျက်ဖြင့် ခုတ်ဖြတ်စီရင်ရန် လက်မရွံ့တို့အား အချိန်ပေး၍ လက်မရွံ့ တို့လည်း ရိုက်ပုတ်ကာ မြို့ပြင်သို့ယူဆောင်လေသည်။

ထိုအခါ မဟော်သဓာသည် မင်းကြီးအား အပြစ်မှ သည်းခံရန် တင်လျှောက်သဖြင့် အမတ်လေးယောက်ကို မသတ်တော့ဘဲ စည်းစိမ်မှရုပ်၍ မဟော်သဓာ၏ ကျွန်ပြုစေလေသည်။ မဟော်သဓာလည်း ကျွန်အဖြစ်မှ လွှတ်ရုံမက၊ ပကတိစည်းစိမ်ကိုရရှိအောင် တောင်းပန်ပေးလေသည်။ ထိုနေ့မှစ၍ အမတ်လေးယောက်လည်း မဟော်သဓာအား မကြံစည်ဝံ့ရှိကြလေသည်။

## မဟော်သဓာကျေးစေခန်း

မဟော်သဓာသည် သေနာပတိအဖြစ်ဖြင့် မင်းကြီးအား သွန်သင်ဆုံးမ၍ မြို့ကြီးကိုချဲ့ထွင်တည်ထောင်လေသည်။ မြို့တော်လည်းစည်ပင်ထွန်းကားလေသည်။ မဟော်သဓာသည် အရပ်ရပ်မှ ကုန်သည်တို့အား မေးမြန်း၍ တစ်ရာသောမင်းတို့၏အလိုကျ လက်ဆောင်ပဏ္ဏာကိုစီရင်ကာ ယုံကြည်ရသူ ဖွားဖက်တစ်ရာတို့ကို ပို့လွှတ်၍ ထိုနိုင်ငံများတွင် အတွင်းလူအဖြစ်ခစားနေထိုင်စေလေသည်။ ထိုသူတို့သည် မိမိတို့နေထိုင်ရာ နိုင်ငံမှ အတွင်းစကားတို့ကို မပြတ်ပို့လေသည်။

ထိုကာလ၌ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၌ သင်္ခပါလက အမည်ရှိသော စူဠနီဗြဟ္မဒတ်မင်းသည် မင်းပြုလေသည်။ ထိုမင်းကြီး၌ ကေဝဋ်အမည်ရှိသော အမတ်ကြီးတစ်ဦးရှိလေသည်။ ထိုမင်းသည် လက်နက်လှုထုတို့ စုရုံးလျက်ရှိရာ၊ ထိုတိုင်းပြည်ရှိ မဟော်သဓာ၏ သူလျှိုက မဟော်သဓာထံ သတိထားရန် လျှို့ဝှက်အကြောင်းကြားစာ ပို့လေသည်။

မဟော်သဓာတွင် လိမ္မာသော ကျေးသားတစ်ကောင်ရှိရာ ရွှေချိုင့်ဖြင့်မွေး၍ထားလေသည်။ မဟော်သဓာသည် ထိုကျေးသားကို စေလွှတ်၍ ဥတ္တရပဉ္စာလရာဇ်မင်း၏ အမှုအရာအကြံအစည်ကို စုံစမ်းထောက်လှမ်းခိုင်းလေသည်။ ကျေးသားသည် နောက်ဆုံး ဥတ္တရပဉ္စာလရာဇ်ပြည်သို့ ရောက်ရှိသွားလေသည်။

ထိုနေ့၌ ကေဝဋ်ပုဏ္ဏားသည် မိမိကျေးဇူးရှင် ဗြဟ္မဒတ်မင်းကြီးအား တစ်ရာသောထီးဆောင်းမင်းတို့အား စိုးမိုး၍ ဧကရာဇ်မင်းဖြစ်စေလျက်၊ မိမိလည်း ဧကရာဇ်မင်းဆရာဖြစ်လိုသဖြင့် မင်းကြီးအား ဥယျာဉ်တော်သို့ပင့်၍ "သင်မင်းကြီးသည် အခြားပြည်ငယ်များကို စစ်သည်ဗိုလ်ပါတို့ဖြင့် ခြိမ်းခြောက်ဝန်းရံထားပြီး၊ ကျွန်ုပ်က မြို့တွင်းသို့ဝင်၍ ပရိယာယ်ဖြင့် အညှံ့ခံစေပါမည်၊ ထိုနည်းဖြင့် တစ်ရာသောထီးဆောင်းမင်းတို့ကို ခေါ်ဆောင်လာကာ အောင်သေသောက်ဟန်ပြု၍ အဆိပ်ဖြင့် သတ်ကာ ဧကရာဇ်ပြုပါလော့" ဟု

အကြံပေးလေသည်။ ထိုစကားကို မဟောသဓာ၏ ကျေးသားက သစ်ပင်ထက်မှ ချောင်းမြောင်းနားထောင်၍ ကေဝဋ္ဋပုဏ္ဏားအား၏ ဦးခေါင်းပေါ်သို့ မစင်စွန့်ချ၍ မဟောသဓာထံသို့ ပျံလာခဲ့ပြီး သတင်းစကားပါးလေသည်။

မဟောသဓာလည်း မြို့ကိုအခိုင်ပြု၍ ကြိုတင်စီမံထားလေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီးလည်း စစ်သည်ဗိုလ်ပါတို့ဖြင့်၊ တိုင်းပြည်ငယ်များကို ဝန်းရံ၍၊ ကေဝဋ္ဋပုဏ္ဏားက မင်းငယ်များအား ခုခံမတိုက်ဘဲ အညံ့ခံ၍ ချမ်းသာစွာနေကြရန် ဖြားယောင်းလျက်၊ နောက်ဆုံးတွင် ၉၉ ပြည်ထောင်ကို သိမ်းပိုက်ပြီး၍ ဝိဒေဟရာဇ်မင်းကြီး၏ မိထိလာပြည်ကို သိမ်းပိုက်ရန် ကြံစည်လေသည်။

မဟောသဓာလည်း သူလျှိုအမတ်မှတဆင့် စူဠနီဗြဟ္မဒတ်မင်းကြီး၏အကြံကို သိပြီးနောက် အသင့်ပြင်ဆင်ထားလေသည်။ ကေဝဋ္ဋပုဏ္ဏားကမူကား မဟောသဓာ၏ ပညာဉာဏ်ကို သိပြီးဖြစ်၍ မိထိလာပြည်ကို ရုတ်တရက်မတိုက်စေဘဲ မင်းကြီးအား ဆိုင်းငံ့ရန် လှည့်ပတ်ပြောဆိုထားလေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီးလည်း မင်းငယ် ၉၉–ပါးနှင့် အောင်သေသောက်ရန် စီစဉ်နေလေရာ၊ မဟောသဓာသည် ကေဝဋ္ဋပုဏ္ဏား၏ အကြံကို သိနှင့်ပြီးဖြစ်၍ ထိုနေ့ရက်ကို တိကျစွာစုံစမ်းထားရန် ထိုပြည်ရှိ သူလျှိုအား မှာကြားထားလေသည်။ နေ့ရက်ကို သိရလေသော် မဟောသဓာသည် မင်းငယ် ၉၉–ပါးတို့၏ အသက်ကိုကာကွယ်ရန် သူရဲတစ်ထောင်ကို စေလွှတ်၍ မင်းငယ် ၉၉–ပါးတို့ ဥယျာဉ်တွင်း၌ နေရာခင်းစဉ် ဝိဒေဟရာဇ်မင်းကြီးအတွက် နေရာလှဟန်ပြုလျက် အဆိပ်ပါသော သေအရက်အိုးတို့ကို ရိုက်ခွဲရန် စေလွှတ်လိုက်လေသည်။ စေလွှတ်ခံရသူတို့လည်း မှာထားသည့်အတိုင်း ဆောင်ရွက်၍ ပြန်လာခဲ့ကြလေသည်။

## မိထိလာပြည်သို့ စစ်ချီခန်း

စူဠနီဗြဟ္မဒတ်မင်းလည်း မိထိလာပြည်မှ သူရဲတို့ လာရောက်ဖျက်ဆီးသွားသည်ကို အမျက်ထွက်၍ မင်း ၉၉–ပါးတို့နှင့်အတူ စစ်ဆင်စေလေသည်။

ထိုအခါ ကောဝင့်ပုဏ္ဏားက လာမည့်အန္တရာယ်ကို ကြိုတင်သိ၍ မင်းကြီးအား စစ်ချီတက်ခြင်းမပြုရန် တားမြစ်လေသည်။ သို့ရာတွင် မင်းကြီးက မနာယူဘဲ စစ်ချီလာရာ တစ်နေ့သော နေဝင်ချိန်တွင် မိထိလာပြည်သို့ ဆိုက်ရောက်လာလေသည်။ ရောက်လျှင် ညဉ့်တွင်းချင်းပင် မြို့ကို အထပ်ထပ်ဝိုင်းရံထားလေသည်။

ထိုအခါ သေနကအစရှိသော အမတ်တို့သည် အုတ်အုတ်ကျက်ကျက် အသံကြားသော် မည်သို့မသိရဘဲ ထိတ်လန့်၍ မင်းကြီးအား သံတော်ဦးတင်ရာ မင်းကြီးလည်း နန်းပြတင်းမှ ဝိုင်းရံထားသော စစ်သည်တို့ကိုမြင်၍ တုန်လှုပ်နေလေတော့သည်။ သို့ရာတွင် မဟောသဓာကား ကြိုတင်စီမံပြီးဖြစ်၍ မကြောက်မရွံ့ဘဲ နန်းတော်သို့ဝင်၍ ခစားလေသည်။

## စလာကဒေဝီပညာစွမ်းဖော်ခန်း

ထိုအခါ မင်းကြီးက စစ်သည်တို့ ဝန်းရံထားကြောင်းကို ပြောပြ၍ ဗူဠနီဗြဟ္မဒတ်မင်းကြီး၏ မယ်တော်စလာကဒေဝီသည် ပညာရှိကြောင်းများ ကိုလည်း မိမိကြားဖူးသမျှ ပြန်ကြားပြောပြလေသည်။

စလာကဒေဝီသည် တစ်ရံခါက လှေသမားနှင့် ရေနစ်သူတို့၏အမှုကို စီရင်ဆုံးဖြတ်ပေးခဲ့ဖူးလေသည်။ ရေနစ်သူက ဥစ္စာသုံးထုပ်အနက် မိမိ ကြိုက်ရာ အထုပ်ကိုပေးမည်ဟု ကတိပြုပြီးမှ လှေသမားက မိမိအသက်ကို ကယ်ပြီးသောအခါ လှေသမားအား ထမင်းထုပ်ကိုသာပေး၍ လှေသမား ကလည်း ငွေထုပ်ကိုပေးသင့်သည်ဟု အငြင်းပွား၍ နောက်ဆုံး ဘုရင်မင်းမြတ် ထံရောက်လာသောအခါ ထိုနည်းအတိုင်းပင် ဆုံးဖြတ်ရာ မကျေမနပ်ရှိမြဲဖြစ်၍ စလာကဒေဝီမိဖုရားက၊ အထုပ်သုံးထုပ်အနက် ရေနစ်သူ ကြိုက်ရာအထုပ်ကို ရွေးယူစေလေလျှင် အထုပ်ရှင်က ငွေထုပ်ကို ရွေးယူရာ၊ မိဖုရားကြီးက ကတိအတိုင်းပင် ယခု မိမိကြိုက်သည့် ငွေထုပ်ကို လှေသမားအား ပေးလေတော့ဟု စီရင်ချက်ချလိုက်လေသည်။ ထိုအခါမှစ၍ စလာကဒေဝီ၏ ဂုဏ်သတင်းသည် ထင်ရှားခဲ့လေသည်။

မှူးမြို့ရှားငမောက်တာငေ

မင်းကြီး၏ စကားကို ကြားလျှင် မဟော်သဓာက မင်းကြီးအား မကြောက်ရွံ့စေရန် နှစ်သိမ့်၍ မြို့သူမြို့သားတို့အားလည်း မကြောက်ရွံ့စေရန် စည်လည်စေ၏။ မြို့တွင်း၌ပွဲသဘင်ခံစေ၏။ ထိုအချင်းအရာကို စူဠနီဗြဟ္မဒတ်မင်းကြီးသိ၍ မေးလျှင် မဟော်သဓာလွှတ်ထားသော သူလျှိုအမတ်က၊ ဝိဒေဟရာဇ်မင်းကြီးသည် တက်ရာသော ထီးဆောင်းမင်းတို့ကို အောင်ပွဲခံနိုင်တော့မည်ဖြစ်၍ ရွှင်ပျော်ခြင်းဖြစ်ကြောင်း လိမ်လည်တင်လျှောက်လေသည်။

## မိထိလာပြည်ကိုဝိုင်းခန်း

စူဠနီဗြဟ္မဒတ်မင်းလည်း မိမိတပ်များကို အပြင်းတိုက်စေရာ၊ မိထိလာပြည်ကို ဝိုင်းဝန်းတိုက်သော်လည်း၊ မဟော်သဓာ၏ တပ်များက ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ကြ၍ မြို့မပေါက်ဘဲရှိရာ ဆယ်ငါးရက်မျှ ကြာမြင့်လေသည်။ ကေဝဋ္ဋပုဏ္ဏားလည်း မြို့တွင်း၌ ရေငတ်၍ အညံ့ခံလေအောင် မြို့ပြင်သို့ထွက်၍ ရေမခပ်စေရန် ဆို့ပိတ်လေလျှင် မဟော်သဓာက အတောင်ခြောက်ဆယ်မြင့်သော ဝါးလုံး၌ အဆစ်ကိုဖောက်၍ ရေနှင့်ရွှံ့ညွန်ပြည့်စေလျက် ကြာစေ့ကိုစိုက်၍ အပင်ပေါက်လေလျှင် အရိုးရှည်ကြာပင်များကို နှုတ်၍ ပဉ္စာလရာဇ်မင်း၏ တပ်သားများထံသို့သရော်၍ ပစ်ချပေးစေလေသည်။

စူဠနီဗြဟ္မဒတ်မင်း၏ တပ်တွင်းရှိ မဟော်သဓာ၏ သူလျှိုတို့လည်း ကြာရိုးတို့ကို ကောက်၍ ဗြဟ္မဒတ်ကြီးအား ဆက်ကာ အတောင်ရှစ်ဆယ်ရှိဟန်တောင်၍ မြို့တွင်း၌ ရေအနက် အတောင်ရှစ်ဆယ်မကသော ရေကန်ကြီးများရှိသည်ဟု ကြားဖူးကြောင်းနှင့် တင်လျှောက်ကြလေသည်။ ထိုအခါ ရေငတ်အောင် မြို့ကိုဆို့ပိတ်၍မရနိုင်ဟု အထင်ရောက်ကာ ကေဝဋ္ဋပုဏ္ဏား၏ အကြံပေးချက်အရ ဆန်စပါးကို မြို့တွင်းသို့ မသွင်းရန် ပိတ်ပင်ပြန်လေသည်။

ထိုအခါ မဟော်သဓာက မြို့ရိုးပေါ်၌ ရွှံ့ညွန်တင်၍ စပါးစိုက်စေပြီးလျှင် စပါးပင်များပေါက်လာသောအခါ မဟော်သဓာစေလွှတ်ထားသော

စူဠနီဗြဟ္မဒတ်မင်းထံရှိ အမတ်တို့က မြို့တွင်း၌ သိုလှောင်ရာမှ ပို၍စွန့်ပစ်သော စပါးတို့မှ အပင်ပေါက်နေကြောင်း တင်လျှောက်ကြလေသည်။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းက ထင်းသစ်မသွင်းရန် ဆို့ပိတ်စေပြန်သောအခါ မဟော်သဓာက မြို့တံတိုင်းအနီးတွင် မို့မောက်အောင် စုပုံပြီး၊ မဟော်သဓာ၏ သူလျှိုအမတ်က မြို့တွင်း၌ ကြိုတင်၍ စုပုံထားသော ထင်းပုံများဖြစ်ကြောင်း တင်လျှောက်ကြလေသည်။

ထိုသို့အားဖြင့် မိထိလာပြည်အား လုပ်ကြံ၍မရလျှင် ကေဝဋ္ဋပုဏ္ဏားက "တစ်ဘက်နှင့်တစ်ဘက် ပညာရှိချင်း တရားစစ်ထိုး၍ အနိုင်ယူပါမည်။ မင်းတစ်ပါး၏ ပညာရှိက မင်းတစ်ပါး၏ပညာရှိအား ရှိခိုးလျှင် ရှိခိုးခံရသူသည် အနိုင်ရခြင်းပင်ဖြစ်သည်။ ဝိဒေဟရာဇ်မင်း၏ ပညာရှိမဟော်သဓာသည် ကျွန်ုပ်ထက်ငယ်၍ မုချ ကျွန်ုပ်အား ရှိခိုးလိမ့်မည်"ဟု အကြံပေးလေသည်။

## ပဉ္စာလရာဇ်ပြည်ကို ပထမအောင်ခန်း

စူဠနီဗြဟ္မဒတ်မင်းလည်း သဘောကျ၍ ပညာရှိချင်း တရားစစ်ထိုးရန်၊ အကြောင်းကြားလေသည်။ ဝိဒေဟရာဇ်မင်းကြီးလည်း မဟော်သဓာကိုတိုင်ပင်၍ အရေးဆိုချက်ကို လက်ခံလိုက်လေသည်။ နောက်တစ်နေ့တွင် စူဠနီဗြဟ္မဒတ်မင်းနှင့် မင်းငယ် ၉၉-ပါးအပြင် ကေဝဋ္ဋပုဏ္ဏားသည် တရားစစ်ထိုးရာ တလင်းပြင်၌ အသင့်စောင့်နေကြလေသည်။ မဟော်သဓာလည်း ဝိဒေဟရာဇ်မင်းကြီးထံမှ အကောက်ရှစ်ပါးရှိသော ပတ္တမြားကိုငှားယူ၍ လက်ဝါးပေါ်၌ တင်ကာ၊ ကေဝဋ္ဋပုဏ္ဏားထံသို့ ရှေးရှုသွားလေသည်။ ကေဝဋ္ဋပုဏ္ဏားက ပတ္တမြားကိုမြင်လျှင် လောဘထွက်၍ မိမိကဲ့သို့ ပညာရှိအား လက်ဆောင်ဖြင့် ညွှဝတ်ပြုသင့်သည် မဟုတ်လောဟု နှုတ်ခွန်းပြုလေရာ၊ မဟော်သဓာက လက်ဆောင်ပေးရန် ပတ္တမြားကို ယူလာပါသည်ဟု ဆိုလေသည်။ ကေဝဋ္ဋပုဏ္ဏားက အကယ်ထင်၍ လက်ဖြန့်လေသော် မဟော်သဓာက လက်ချောင်း

ကြားမှ အောက်သို့ချလိုက်သဖြင့် ကေဝဋ္ဋပုဏ္ဏားသည် ပတ္တမြားကို ကုန်း၍ အကောက်တွင် မဟော်သဓာက မထနိုင်အောင် လက်ဖြင့် ဖိထားပြီး၊ ပရိသတ်ကြားလောက်အောင် "ကျွန်ုပ်ကား သင်၏ မြေးအရွယ်မျှ ဖြစ်သည်၊ ရှိမခိုးပါနှင့်"ဟု ပြောဆိုကာ ပုဏ္ဏား၏နဖူးကို မြေနှင့်ပွတ်၍ ကွဲစုတ်စေပြီးမှ၊ ရှိမခိုးပါနှင့်ဟုဆိုလျက် ရှိခိုးရမည်လော"ဟု မြည်တွန်ကာ တွန်းဖယ်လိုက်လေသည်။ ပတ္တမြားကိုကား မဟော်သဓာ၏ အခြံအရံတို့က ကောက်သိမ်းထားလေသည်။ ထိုနောက် မဟော်သဓာ၏ အခြံအရံတို့က "ကေဝဋ္ဋပုဏ္ဏားသည် ငါတို့ အရှင်ကို ရှိခိုးသည်"ဟု ကြွေးကြော်ကြရာ စူဠနီဗြဟ္မဒတ်မင်းနှင့် မင်းငယ်အများလည်း ဦးညွတ်၍နေသော ပုဏ္ဏားကိုမြင်၍ မိမိတို့စစ်ရှုံးပြီဟုသိလျက် ထွက်ပြေးကြ၍ မဟော်သဓာ၏ စစ်သည်များလည်း ခြိမ်းခြောက်လိုက်လံနှင်ထုတ်ကြလေသည်။

ထိုနောက်မှ ကေဝဋ္ဋပုဏ္ဏားက ရှင်းလင်းပြောပြပြီး ကွဲပြားသော စစ်သည်တို့ကို ပြန်လည်စုဆောင်းပြီး သစ်တပ်တဲနန်းသို့ ပြန်လာကြပြန်လေသည်။

## ပဉ္စာလရာဇ်မင်းကို ဒုတိယအောင်ခန်း

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ္ဋပုဏ္ဏားကို တိုင်ပင်ပြန်ရာ ကေဝဋ္ဋပုဏ္ဏားက မြို့ကိုဝိုင်းရံ၍ ဖိနင်းတိုက်ခိုက်ရန်သာ အကြံပေးလေသည်။ ထိုအကြောင်းကို သူလျှိုအမတ်တို့ထံမှ မဟော်သဓာသိရှိလေရာ၊ စစ်သည် အင်အားခြင်း မမျှသဖြင့် ဝိဒေဟရာဇ်မင်းကြီး၏ ဆရာပုရောဟိတ် အနုကေဝဋ္ဋကို ခေါ်ယူလျက် "ပုဏ္ဏားကြီး သင်သည် ဤပြည်သားတို့ကို မလိုလားဟန်ပြု၍ ပဉ္စာလရာဇ်မင်း၏ စစ်သည်တို့အား အစားအစာ ပေးကမ်းကာ စကားသွင်းစဉ်၊ ကျွန်ုပ်တို့က ဖမ်းဆီးဒဏ်ခတ်ဟန်ပြု၍ နှင်ထုတ်လိုက်မည်။ ထိုအခါ သင်က ကျွန်ုပ်တို့အား ရန်ငြိုးဖွဲ့ဟန်ပြု၍

ပဉ္စာလရာဇ်စစ်သည်တို့အား မိကျောင်းပေါ်များသည့် ကျုံးဘက်မှ ဆင်းသက် တိုက်ခိုက်စေရန် အကြံပေးပါ။ စစ်သည်တို့တွန့်ဆုတ်ခဲ့သော် မဟော်သဓာ၏ ဘက်သားဖြစ်၍ တွန့်ဆုတ်သည်ဟု ကုန်းချော၍ ထိုသူတို့၏ စစ်ဝတ်တန်ဆာ တို့တွင် ပရိယာယ်ဖြင့် ကျွန်ုပ်၏တံဆိပ်အမှတ်ထိုးထားခြင်းဖြင့် ပဉ္စာလရာဇ်မင်း ယုံကြည်အောင်ပြုပါ။ ထိုနောက် စစ်သည်အားလုံးနှင့် ကေဝဋ္ဋအမတ်ပါ ကျွန်ုပ်ဘက်သားဖြစ်လေဟန် အယုံသွင်းလျက် ပဉ္စာလရာဇ်မင်းကို ညဥ့်အခါ ထွက်ပြေးစေပြီး ကျွန်ုပ်တို့တပ်ဖျားသို့ အကြောင်းကြားပါဟု မှာထားကာ၊ ကြံစည်ရင်းအတိုင်းပြုလေသည်။

အနုကေဝဋ္ဋပုဏ္ဏားလည်း မှာထားချက်အတိုင်း စီမံဆောင်ရွက်၍ ပဉ္စလရာဇ်မင်း၏ စစ်သည်တို့လည်း မိမိတို့၏ မင်းကို မဟော်သဓာ၏ တပ်က ဖမ်းမိပြီအထင်နှင့် ဖရိုဖရဲဖြစ်လေသည်။ စစ်တပ်အားလုံးလည်း ညဥ့်တွင်းချင်းထွက်ပြေး၍ ကျန်ရှိသောပစ္စည်းဘဏ္ဍာတို့ကို ဝိဒေဟရာဇ်ပြည်သူ ပြည်သားတို့ သိမ်းယူလေသည်။ မဟော်သဓာလည်း အနုကေဝဋ္ဋပုဏ္ဏားကို များစွာချီးမြှောက်လေသည်။

## ဒုတိယကျေးစေခန်း

ရှဥ္စနီဗြဟ္မဒတ်မင်းကြီး စစ်ရှုံးပြီးနောက် တစ်နှစ်ကြာသောအခါ ကေဝဋ္ဋပုဏ္ဏားသည် နဖူးမှ အမာရွတ်ကိုမြင်တိုင်း မဟော်သဓာကို မကျေချမ်း သည်နှင့် မင်းကြီး၏သမီးတော် ပဉ္စာလစန္ဒီမင်းသမီးနှင့် ဝိဒေဟရာဇ် မင်းကြီးအား ဖြားယောင်းခေါ်ယူ၍ မင်းနှင့်တကွ မဟော်သဓာကို ကွပ်မျက်၍ နိုင်ငံကိုသိမ်းယူမည်ဟု ကြံစည်ပြန်ကာ မင်းကြီးအား နန်းတော်ပြာသဒ် အထက်ဆင့်သို့ပင့်၍ အကြံကိုလျှောက်တင်လေသည်။

ထိုစကားကို ရှဥ္စနီဗြဟ္မဒတ်မင်း၏ အိပ်ရာစောင့် သာလိကာမ တစ်ကောင်က ကြားရလေသည်။ မင်းကြီးသည် သမီးတော်လှပပုံကို

ရတု၊ ကဗျာ ရေးစေ၍ အပြည်ပြည်၌ သီဆိုစေရာ ဝိဒေဟရာဇ်မင်းကြီးကြားရလေသော် သတင်းကြားရသော မင်းသမီးကို တပ်မက်စိတ်ဖြစ်ပေါ်လာလေသည်။

ထိုနောက်တွင် ကေဝဋ္ဋအမတ်သည် လက်ဆောင်ပဏ္ဏာဖြင့် ဝိဒေဟရာဇ်မင်းကြီး၏ နိုင်ငံမြို့တံခါးသို့လာရောက်လျက် ပဉ္စာလရာဇ်မင်းနှင့် ကေဝဋ္ဋပုဏ္ဏားတို့ တိုင်ပင်ပုံနှင့် ထိုနေရာ၌ သာလိကာမရှိ၍ သိနိုင်ပုံတို့ကို သိရှိပြီးနောက်၊ ကေဝဋ္ဋပုဏ္ဏား နန်းတော်သို့ဝင်သည့် ခရီးတစ်လျှောက် မြို့အနေအထား ပတ်ဝန်းကျင်ကို လုံးဝမမြင်ရစေရန် နံရံမြင့်နှစ်ဘက်ကာ၍၊ တန်ဆာဆင်သကဲ့သို့ ပြုပြီးမှ နန်းတော်သို့ ဝင်ခွင့်ပြုလေသည်။

ဝိဒေဟရာဇ်မင်းကြီးလည်း ကေဝဋ္ဋပုဏ္ဏား၏ စကားကိုကြားလျှင် သမီးကညာရတော့မည်ဟု ဝမ်းသာဖြစ်လျက်နေလေ၏။ ကေဝဋ္ဋပုဏ္ဏားသည် မဟော်သဓာ၏ အိမ်သို့သွားရာ စကားပြောခွင့်မရဘဲ အစောင့်တို့၏ တွန်းထိုးပုတ်ခတ်ခြင်းကို ခံရလေသည်။ ထိုအကြောင်းကို မင်းကြီးသိရှိသော် အကြောင်းရှိ၍သာ မဟော်သဓာပြုမူခြင်းဖြစ်မည်ဟု တွေးတောနေစဉ် အမတ်ကြီးလေးဦး ရောက်လာဖြင့် ပဉ္စာလရာဇ်မင်းက သမီးကညာဆက်မည့် အကြောင်းကို မိန့်ကြားလေသည်။ ထိုအခါ အမတ်တို့က ကြွရောက်သိမ်းယူသင့်သည်ဟူ၍သာ လျှောက်တင်၍ မဟော်သဓာရောက်လာသဖြင့် မေးမြန်းလေသော်၊ ပဉ္စာလရာဇ်မင်းက ဖြားယောင်းခြင်းသာဖြစ်ကြောင်း တင်လျှောက်လေသည်။

ထိုအခါ မင်းကြီးက အလိုမကျရှိ၍ မဟော်သဓာအား လာဘ်မှ တားဆီးရအံ့လောဟု ရာဇဒဏ်ဖြင့် နှင်ထုတ်လေသည်။ မဟော်သဓာလည်း အိမ်သို့ပြန်လာခဲ့၍ မင်းကြီးအလိုကျဆောင်ရွက်အံ့ဟု ရှေးဦးစွာ မိမိ၏ ကျေးသားကို၊ စူဠနီဗြဟ္မဒတ်မင်းကြီး၏ သာလိကာမထံသို့ အကျွမ်းတဝင်ပြု၍ သတင်းစကားယူစေရန် စေလွှတ်လိုက်လေသည်။

ကျေးသားလည်း သာလိကာမထံသို့ရောက်လျှင် မိမိကိုယ်ကို သိဝိရာဇ်တိုင်း အရိဋ္ဌပုရပြည်သားအဖြစ် လိမ်လည်ပြောဆို၍ ကျွန်ုပ်၏

ဇနီးကျေးမကို စွန့်သုတ်လေသဖြင့်၊ အရည်အချင်းရှိသော အသင်သာလိကာမနှင့် ထိမ်းမြားပေးမည်ဟု ကျွန်ုပ်၏ သခင်ကဆို၍ သဘောထောက်လှမ်းလာကြောင်းနှင့်တကွ စကားပရိယာယ် အသွယ်သွယ်ဖြင့် သွေးဆောင်လေရာ အလိုတူကာ၊ သာလိကာမနှင့် သင့်နေကြပြီးနောက် ရှုဋ္ဌနီဗြဟ္မဒတ်မင်းသည် မိမိသမီးတော်ကို တစ်ကြိမ်က မိမိရန်စစ်ပြုခဲ့သူ ဝိဒေဟရာဇ်မင်းကြီးအား ပေးဆက်မည်ဟူသည်ကို အံ့သြမိကြောင်းနှင့် စကားစလေသည်။ ထိုအခါ သာလိကာမ.က မနေသာတော့၍ ကျေးသားအချစ်မပျက်စေရန် မင်းကြီးနှင့် ကေဝဋ္ဋပုဏ္ဏားတို့ လျှို့ဝှက်တိုင်ပင်သော စကားကို ပြန်ကြားလေသည်။ ကျေးသားလည်း အကြောင်းစုံကိုသိပြီးနောက် တစ်နေ့တွင် မိမိအရှင်ထံသို့ အကြောင်းပြန်ကြားဦးမည်ဟု ခွင့်ပန်ကာ မဟောသဓာထံသို့ ပြန်လာခဲ့လေသည်။ မဟောသဓာထံသို့ရောက်လျှင် အကြောင်းစုံကိုပြန်ကြားပြောပြလေသည်။

## ဥမင်ခန်း

မဟောသဓာသည် အကျိုးအကြောင်းကို သိရှိပြီးနောက် ဝိဒေဟရာဇ်မင်းကြီးသည် ကာမဂုဏ်နှိပ်စက်ခံရ၍ ပဉ္စာလရာဇ်ပြည်သို့ မုချသွားမည်ဖြစ်၍ သွားခဲ့လျှင်လည်း ဘေးအန္တရာယ်ရှိမည်ကို ကြိုတင်မြင်သဖြင့် မိမိသည် မင်းကြီးမကြွမီ ဦးစွာသွား၍ ရှုဋ္ဌနီဗြဟ္မဒတ်မင်းကြီးနှင့် စကားလျှောက်ပတ်အောင်ပြောကာ လက်ထပ်နန်းဆောင်စေလျက်၊ မြေအောက်ဥမင်လမ်းဖြင့် မင်းသမီးကို ဆောင်ယူစေမည်ဟု ကြံစည်မိလေသည်။

ထိုနောက် မဟောသဓာသည် မင်းကြီးထံသို့ဝင်၍ မိမိသည် ပဉ္စာလရာဇ်ပြည်သို့ ကြိုတင်သွားရောက်ပြီး လက်ထပ်နန်း စီစဉ်ပြီးမှ မင်းကြီးအား ချိန်းချက်လျှောက်ထားမည်ဖြစ်၍ ထိုအခါမှ ကြွရောက်ပါရန် လျှောက်ထားပြီးလျှင်၊ စစ်သည်ဗိုလ်ပါအဖြစ် ထောင်သွင်းအကျဉ်းထားသူများကိုပါ ထုတ်ယူလေသည်။ ထိုနောက် ဗိသုကာ၊ ပန်းရံစသည့် ပညာသည်များနှင့် လူပေါင်း ၁၈–ကုဋေတို့ကို၊ ဓားလှံပေါက်တူးစသည်

လက်နက်ဆောင်ယူလိုက်ပါစေလျက် ပဉ္စလရာဇ်ပြည်သို့ ရှေးရှုသွားလေသည်။

မဟော်သဓာသည် လမ်းခရီးတွင် တစ်ယူဇနာလျှင် တစ်ရွာကျတည်၍ အမတ်တစ်ယောက်စီ အုပ်ချုပ်စေလျက် ဝိဒေဟရာဇ်မင်းကြီးပဉ္စာလစန္ဒီကို ယူဆောင်၍ ရွာသို့ဆိုက်ရောက်လာသောအခါ ဆင်၊ မြင်း ရထားအသင့်ရှိစေပြီး အမြန်ခရီးဆက်လက်ပို့ဆောင်ပေးရမည်ဟု အမိန့်ပေးခဲ့လေသည်။ ထိုနောက် ဂင်္ဂါမြစ်သို့ရောက်သော် အာနန္ဒာအမည်ရှိသော ဖွားဖက်တော်တစ်ဦးအား လက်သမား ၃၀၀ နှင့် မြစ်ညာသို့တက်၍ လှေအစင်း ၃၀၀ ပြည့်သစ်များကို သယ်ဆောင်စေလျက် မဟော်သဓာသည် မြစ်ကိုကူးပြီးသော် မြစ်နှင့် ၂-ဂါဝုတ်မျှ အကွာသို့ရောက်လျှင် မြစ်ဆိပ်မှ ထိုနေရာအရောက် ဥမင်လိုဏ်ကျယ်ကို တူးစေပြီး၊ ထိုနေရာမှတစ်ဖန် ပဉ္စာလရာဇ်မင်းကြီး နန်းတော်တိုင်အောင် ဘစ်ဂါဝုတ်မျှ ခရီးကို ဥမင်ကွေ့ တူးဖောက်စေရန် စီစဉ်ပြီးမှ မြို့တွင်းသို့ဝင်လေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးလည်း မဟော်သဓာ ရောက်ကြောင်းကိုသိလျှင် မိမိအလိုပြည့်တော့မည်ဟု ဝမ်းမြောက်လျက်ရှိလေသည်။ မင်းကြီးလည်း မဟော်သဓာကို ကောင်းစွာပြုစုထားလေရာ မဟော်သဓာသည် မိမိအကြံအတိုင်း ဥမင်လိုဏ်ခေါင်းတံခါးဝထားမည့် နန်းတော်လှေကားခုံကို ပရိယာယ်ဖြင့် ကောင်းမွန်အောင်ပြုလုပ်ပေးမည်ဟု အခွင့်တောင်း၍ မိမိအလိုရှိသလို အောက်ခံကို ခိုင်မာအောင် ပြုပြင်ပေးလေသည်။ ထိုနောက် လက်ထပ်နန်းအတွက်လည်း သင့်ရာအိမ်ကို သိမ်းယူ၍ နောက်ယှက်သူတို့ နန်းတော်သို့ မဝင်မထွက်စေရန် လိုရာတံခါးစောင့် ထားရှိခွင့်ကိုပါ မဟော်သဓာအား ပေးအပ်လေသည်။

မဟော်သဓာလည်း မင်းမိန့်ရရှိထားသည့်အတိုင်း မိမိလူများအား မင်းကြီး၏မယ်တော် စလာကဒေဝီ၏အိမ်ကို သိမ်းယူဖျက်ဆီးပြုပြင်စေရန်စီမံရာ မယ်တော်မိဖုရားကြီးသည် အမျက်ထွက်၍ သားတော်မင်းကြီးအား တိုင်ကြားမည်ဟု နန်းတော်သို့သွားသော် မဟော်သဓာ၏တံခါးစောင့်တို့က ဝင်ခွင့်မပြုချေ။ စလာကဒေဝီသည် ကြံရာမရ၍ မဟော်သဓာထံသွားကာ

အသပြာ တစ်သိန်းပေး၍ အိမ်ကိုလွတ်စေ ခွင့်တောင်းလေသည်။ မဟော်သဓာလည်း လွတ်စေပြီး တစ်ဖန် ကေဝဋ္ဋပုဏ္ဏားၡအိမ်ကို ဖျက်မည်ပြုရာ ရေးနည်းတူပင် ကေဝဋ္ဋပုဏ္ဏားသည် အသပြာတစ်သိန်းပေး၍ လွတ်ခွင့်ယူရလေသည်။ ဤနည်းဖြင့် မဟော်သဓာသည် ဆွေတော်မျိုးတော် မှူးတော်မတ်တော်တို့၏ အိမ်များကို ဖျက်မည်ဟန်ပြု၍ တန်စိုးရယူလေရာ ဥစ္စာအချိန်ပေါင်း ၉ ကုဋေရရှိလေသော် မင်းကြီးထံသို့ဝင်ရောက်၍ မြို့ထဲတွင် အိမ်ကောင်းများကို သိမ်းယူမည်ဆိုက လူအများပင် နလုံးမသာ ဖြစ်ကြဖွယ်ရှိသဖြင့် မြို့နှင့် ဂင်္ဂါမြစ်အကြား တစ်ဂါဝုတ်ခန့်နေရာတွင် လက်ထပ်နန်းဆောက်ခွင့် တောင်းလေသည်။ မင်းကြီးကလည်း မြို့ပြင်၌ ဆောက်သော် သူ့လူ၊ ကိုယ့်လူ ကွဲပြားသဖြင့် ဖမ်းယူရလွယ်မည်ဟု တွက်ဆကာ ခွင့်ပြုလေသည်။ ထို့ပြင် အခြားသူများ ထိုနေရာသို့ အသွားအလာမပြုရစေရန်လည်း တားမြစ်ပေးလေသည်။ မဟော်သဓာလည်း ဆင်မြင်းတို့များသောကြောင့် မြစ်ရေနောက်ခဲ့လျှင်လည်း သည်းခံပါရန် ခွင့်တောင်းလေသည်။

ထိုနောက် မဟော်သဓာသည် မိမိသတ်မှတ်ထားသော နေရာတွင် ဥမင်ကွေနှင့်တကွ မြို့နန်းတည်လေသည်။ မဟော်သဓာ၏ အမှုထမ်း ခြောက်သောင်းသည် ၂ ဂါဝုတ်ရှည်သော ဥမင်ကို နန်းတော်မြို့တွင်း အရောက် ဖောက်လုပ်ကာ အတွင်းမြေစာတို့ကို သားရေအိတ်ဖြင့် သယ်ထုတ် ပြီး မြစ်၌ချ၍ ဆင်ဖြင့် နင်းခြေနယ်မွှေစေလေသည်။ ဥမင်မုတ်တံခါးကို ဂင်္ဂါမြစ်နား၌လည်း တစ်ခုထားလေသည်။ မြို့တွင်းသို့ ထုတ်ယူသော မြေစာတို့ဖြင့်လည်း အမြင့်ဆယ့်ရှစ်တောင်ရှိသော မြို့ကို တည်လေသည်။ ထိုမြို့ကို ဥပကာရီမြို့ဟု သမုတ်လေသည်။ ဥမင်ကိုလည်း ယန္တရားတပ်သော တံခါးတို့ဖြင့် လှပအောင်ပြုလုပ်ထားလေသည်။ အတွင်း၌လည်း ဆီမီးမပြတ် ထွန်းညှိထားလေသည်။

ကိစ္စအားလုံးပြီး၍ လေးလခန့်ကြာလေသော် ဝိဒေဟရာဇ် မင်းကြီးထံကြွလာရန် မှာကြားလျှောက်ထားလိုက်သဖြင့် မင်းကြီးလည်း

ခရီးစဉ်အတိုင်းထွက်ကြွလာ၍ မဟောသဓာက ဥမင်ကို မမြင်စေဘဲ ဥပကာရီ မြို့တွင်းသို့ ပင့်ဆောင်ထား၍ စူဠနီဗြဟ္မဒတ်မင်းကြီးအား အကြောင်းကြားလိုက်လေသည်။ မင်းကြီးလည်း အခါတော်သတ်မှတ်သည့် အတိုင်း သမီးတော်ကို ပို့ဆက်လာမည်ဖြစ်ကြောင်း ပြန်ကြား၍ တစ်ဘက်တွင်မူ မင်းငယ်များနှင့်အတူ စစ်သည်တို့ကို ပြင်ဆင်ထားပြီး မဟောသဓာတို့ကို ဖမ်းယူမည်ဟု ဝမ်းမြောက်လျက်နေလေသည်။

ထိုနောက် စူဠနီဗြဟ္မဒတ်မင်းသည် မယ်တော်စလာကဒေဝီ မိဖုရားကြီး နန္ဒာဒေဝီ၊ သားတော်ပဉ္စာလစန္ဒာ၊ သမီးတော် ပဉ္စာလစန္ဒီတို့ကို နန်းတော်အထက်ဆင့်၌ စုရုံးထားခဲ့ပြီး ဆယ့်ရှစ်ခေါဘိဏီ စစ်သည်များနှင့် ညဉ့်အချိန်၌ ဥပကာရီမြို့ကို ဝိုင်းရံလေတော့သည်။ ထိုအခါ မဟောသဓာသည် သူရဲကောင်း သုံးရာကို ဥမင်ခရီးဖြင့် စူဠနီဗြဟ္မဒတ်မင်းကြီး၏ နန်းတော်သို့သွား၍ မင်းကြီး၏မယ်တော်၊ မိဖုရား၊ သားတော်၊ သမီးတော်တို့ကို ဖမ်းယူခဲ့ရန် စေလွှတ်လေသည်။ သူရဲကောင်းတို့လည်း မဟောသဓာနှင့် ဝိဒေဟရာဇ်မင်းကြီးတို့ကို ကွပ်မျက်ပြီး၍ အောင်ပွဲခံရန်၊ စူဠနီဗြဟ္မဒတ်မင်းကြီးက ပင့်ခေါ်လွှတ်သည့်ဟန်ပြု၍ အထူးမင်္ဂလာခရီးမှ ပင့်ဆောင်ဟန်လုပ်၍ မြားကာ ဥမင်ခရီးဖြင့် ဆောင်ခဲ့လေသည်။

ဝိဒေဟရာဇ်မင်းကြီးကမူ စစ်သည်တို့ ဝန်းရံလာသည်ကို သမီးတော် ပို့ဆက်လာသည်ဟုပင် ထင်မှတ်ရာမှ သက်မကင်း၍ သေနက စသော အမတ်ကြီးတို့ကိုမေးလေလျှင် အမတ်အားလုံးက စိုးရိမ်ဖွယ်မရှိကြောင်းကိုသာ လျှောက်တင်လေသည်။

ထိုအခါမှ မဟောသဓာက မင်းကြီးကို ဖမ်းယူရန်လာကြောင်းကို တင်လျှောက်လေရာ သေနက စသောအမတ်တို့လည်း ထိတ်လန့်လေတော့သည်။ မင်းကြီးလည်း လွန်စွာထိတ်လန့်နေလေရာ မဟောသဓာက ရှေးက မိမိတင်လျှောက်သည်ကို မနာယူခဲ့သဖြင့် ယခုအခါ သေနက စသော အမတ်တို့ကိုသာ တိုင်ပင်ကြံဆောင်ပါဟု ခြိမ်းခြောက်ဆုံးမပြောဆိုပြီး မင်းကြီးနှင့်သေနက စသော အမတ်ကြီး လေးယောက်တို့က တောင်းပန်

ကြသည်တွင်မှ မိမိကယ်တင်မည်ဟု စိတ်သက်သာရာ ရစေပြီးလျှင် ဥမင်ခရီးဖြင့် မင်းကြီးနှင့်အမတ်ကြီးတို့ကိုဆောင်ယူလေရာ ဥမင်အထွက်ဝတွင် ရှုဋ္ဌနီဗြဟ္မဒတ်မင်းကြီး၏ မယ်တော်၊ မိဖုရားနှင့် သားတော် သမီးတော်တို့လည်း ဝိဒေဟရာဇ်မင်းကြီးကိုမြင်ရ၍ မိမိတို့ရန်သူ့လက်သို့ ရောက်နေကြောင်းကို သိရပြီးငိုယိုကြလေသည်။ မဟော်သဓာလည်း ဥမင်တွင်း လက်ထပ်နန်း၌ မင်းကြီးကို ပဉ္စာလစန္ဒီမင်းသမီးနှင့် လက်ထပ်ဘိသိက်သွန်းစေ လေသည်။ ထိုနောက်မှ ဂင်္ဂါမြစ်၌ အသင့်ထားသောလှေဖြင့် ကူးစေလျက် မိထိလာပြည်သို့ ပြန်စေလေသည်။

မဟော်သဓာမူကား မလိုက်သေးဘဲ ဥပကာရီမြို့တွင်းသို့ ရှုဋ္ဌနီဗြဟ္မဒတ်မင်းနှင့် စကားပြေအောင် ပြောဆိုရန် ပြန်၍သွားလေသည်။ လမ်းတွင် ဥမင်တံခါးဝ၌ သံလျက်ကို မြှုပ်ထားခဲ့လေသည်။ မဟော်သဓာသည် ထိုညဉ့် ကောင်းစွာအိပ်၍ နံနက်လင်းလျှင် ဗြဟ္မဒတ်မင်းကြီး၏ စစ်သည်တို့ မြို့သို့ကပ်လာ၍ စစ်တစ်ကြိမ် တိုက်ခိုက်ပြန်လေသည်။

## ဥမင်၌ စစ်ပြိုင်ခန်း

ရှုဋ္ဌနီဗြဟ္မဒတ်မင်းကြီးလည်း နံနက်ချိန်တွင် ဆင်ပြောင်ကြီးကိုစီး၍ မဟော်သဓာနှင့် ဝိဒေဟရာဇ်မင်းကြီးကို ဖမ်းကြကုန်ဟုနှိုးဆော်၍ ဝိုင်းဝန်းတိုက်ခိုက်စေရာ စစ်သည်များလည်း ကြောက်ဖွယ်စလိ တရကြမ်းတိုက်ကြလေသည်။ လက်နက်သံတို့လည်း ဆူညံလျက်ရှိလေသည်။ မဟော်သဓာ၏ သူလျှိုအမတ်တို့ကား မင်းကြီး၏ အနီးအပါးမှပင် လိုက်ကြလေသည်။

ထိုအချိန်၌ မဟော်သဓာက ရှုဋ္ဌနီဗြဟ္မဒတ်မင်းကြီးသည် မိမိ၏မိခင် မိဖုရားနှင့် သားတော် သမီးတော်တို့ကို မိထိလာပြည်သို့ပါသွားကြောင်းကို မသိသေးဟုသိ၍ လေသာတံခါးကို လှပ်လျက် "အသင်မင်းကြီး သံလျက်နှင့် ချပ်ဝတ်များကို ချွတ်ပစ်၍ အေးအေးသာသာ ပြန်သွားပါလော့ အပင်ပန်းမခံပါလေနှင့်"ဟု ပြက်ရယ်ပြုလေသည်။ မင်းကြီး၏ စစ်သည်တို့လည်း မင်းကြီးနှင့်မဟော်သဓာ စကားဆိုကြသည်ကို စောင့်ကြည့်နေလေသည်။ မင်းကြီးလည်း မဟော်သဓာအားသတ်၍ အောင်သေသောက်တော့မည်ဟု ကြုံးဝါးလေသည်။

ထိုအခါ မဟောသဓာက "သင်မင်းကြီး၏ အကြံမှာ ကောင်းသော်လည်း အကျိုးမနပ်တော့၊ မင်းကြီးနှင့် ကေဝဋ်အမတ်တို့ဘုံအထက်၌ လျှိုဝှက်တိုင်ပင်စဉ်ကတည်းက ကျွန်ုပ်တို့ သိပြီးဖြစ်သည်။ ဝိဒေဟရာဇ်မင်းကြီးကား ယမန်နေ့ညကပင် မိထိလာပြည်သို့ ပြန်သွားနှင့်ချေပြီ။ မင်းကြီးလိုက်လျှင်လည်း အရေးသာနိမ့်တော့မည်" ဟုပြောပြလေသည်။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းကြီးက မဟောသဓာအမှန်ဆိုသည် ယုံကြည်မိပြီး ကျန်ရှိသော မဟောသဓာကိုပင် အပြစ်ဒဏ်စုံ၍ လက်စားချေအံ့ဟု စစ်သည်တို့အား မဟောသဓာကို ရက်စက်စွာ သတ်ဖြတ်ကြလေဟု အမိန့်ပေးလေသည်။ သို့ရာတွင် မဟောသဓာက "သင်မင်းကြီးသည် ကျွန်ုပ်အား ခြေလက်တို့ကို ဖြတ်ခဲ့သော် သင်မင်းကြီး၏ မိဖုရားကြီး နန္ဒာဒေဝီ၊ သမီးတော် ပဉ္စာလဒေဝီတို့ကိုလည်း ဝိဒေဟရာဇ်မင်းကြီးသည် ခြေလက်တို့ကို မဖြတ်ဘဲနေမည်မဟုတ်။ ကျွန်ုပ်လည်း မင်းကြီးက ကျွန်ုပ်အား ပြုသည့်နည်းတူ ပြုစေရန် မှာကြားထားပြီး၍ ပြုလိုရာခံဝံ့ပါသည်" ဟုဆိုလေသည်။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းကြီးက မယုံကြည်ဘဲရှိလေရာ မဟောသဓာက မင်းကြီး၏မိဖုရားနှင့် သမီးတော် သားတော်တို့ကို ဥမင်ခရီးဖြင့် မိထိလာပြည်သို့ ခေါ်ဆောင်သွားပြီးဖြစ်ကြောင်းကို ထပ်မံပြောပြရာ မင်းကြီးလည်း မင်းမှုထမ်းတို့ကို သွားရောက်ကြည့်စေသော် အကယ်ပင် မရှိတော့ကြောင်းကိုသိ၍ မဟောသဓာအား ပြင်းစွာ အမျက်ထွက်လေသည်။

ထိုအခါ မဟောသဓာက မင်းကြီးအား သတိရှိအောင် မိဖုရားကြီး နန္ဒာဒေဝီ၏ ချောမောလှပုံကို ချီးမွမ်းပြောဆိုပြီးမှ မင်းကြီး မဆည်မရပ်နိုင်အောင် စိတ်ထိခိုက်ခြင်းဖြစ်ကြောင်းကို သိရလေလျှင် မိမိသည် မိထိလာပြည်သို့ ပြန်ရောက်ပါက နန္ဒာဒေဝီကို ကောင်းစွာပြန်၍ ပို့ပါမည်ဟု နှစ်သိမ့်လေသည်။ ထိုနောက် မင်းကြီးက မဟောသဓာ၏ အစွမ်းကိုအံ့သြ၍ မေးမြန်းလေလျှင် မဟောသဓာက မိမိသည် မင်းနှစ်ပါးချစ်ကြည်မှုကို လိုလား၍ ဤသို့ ဆောင်ရွက်ရကြောင်းနှင့် ဥမင်ကြီးကို

လိုက်လံပြသလေသည်။ မင်းကြီးလည်း လက်နက်ကိုစွန့်၍ မင်းငယ်များနှင့် တကွ ဥမင်ကို လိုက်ပါကြည့်ရှု၍ များစွာချီးကျူးလေသည်။ ထိုနောက်မှ လိုဏ်ခေါင်းကို ပိတ်လိုက်ပြီး မဟော်သဓာက ဝှက်ထားသောသန်လျက်ကို ထုတ်ယူ၍ မင်းကြီး၏ ဦးခေါင်းကို မိုးပြီးနောက် ခြိမ်းခြောက်လေသည်။ မင်းကြီး ကြောက်ရွံ့လေမှ သန်လျက်ကို မင်းကြီးအားပေး၍ မိမိသည် ပညာစွမ်းပြခြင်းသာဖြစ်၍ မင်းကြီးကို အန္တရာယ်မပြုလိုကြောင်း မိမိကိုသာ သတ်လိုလျှင်သတ်ပါ။ မသတ်လိုလျှင် အသက်ထက်ဆုံး ဘေးမဲ့ပေးပါဟု ဆိုသော် မင်းကြီးက ဘေးမဲ့ပေးလေသည်။ ထိုနောက် မင်းကြီးက မဟော်သဓာအား အဘယ်ကြောင့် ဗြဟ္မဒတ်ကျွန်းကို သိမ်း၍ မင်းမပြုသနည်း ဟုမေးရာ မဟော်သဓာက သူ့ဘာစ်ပါးကို သတ်ဖြတ်၍ မိမိကောင်းစားရေးကို မပြုလိုပါဟု ဆိုလေသည်။ ဥမင်ထဲမှ မင်းအများ မထွက်နိုင်ဘဲရှိသည်ကို မဟော်သဓာက ခလုတ်နင်း၍ ဖွင့်ပေးလိုက်သဖြင့် အားလုံးဝမ်းသာအားရ ဖြစ်ကြလေသည်။ ထိုအခါ မဟော်သဓာက မင်းအများကို အောင်သေ သောက်မည်ပြုစဉ်ကလည်း အဆိပ်မမိအောင် ကယ်ဆယ်ခဲ့ဖူးကြောင်း ရှင်းလင်းပြောပြ၍ မင်းအသီးသီးက မဟော်သဓာကို ပူဇော်ကြလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးလည်း မင်းအများကို တောင်းပန်လေသည်။ ထိုနောက် ဥမင်တံခါးဝလက်ထပ်နန်း၌ ခုနစ်ရက်တိုင် ပွဲသဘင်ခံပြီးမှ ပဉ္စာလရာဇ်မြို့သို့ဝင်၍ မဟော်သဓာကို ရွှေ၊ ငွေ၊ ဆင်၊ မြင်းတို့ဖြင့် ပူဇော်၍ ထိုပြည်၌ပင် နေထိုင်ရန် တောင်းပန်လေသည်။ မဟော်သဓာလည်း ဝိဒေဟရာဇ်မင်းမရှိမှသာ လာရောက်နေထိုင်ပါမည်ဟု ကတိပေး၍ မိထိလာ ပြည်သို့ အခြွေအရံတပ်များနှင့်အတူ ပြန်လေသည်။

မဟော်သဓာ ရောက်လာနေကြောင်းကို သေနကအမတ်ကြားသိလျှင် ဝိဒေဟရာဇ်မင်းကြီးထံသို့သွား၍ မဟော်သဓာပြန်လာကြောင်း လျှောက်တင်လေ သည်။ မြို့သူမြို့သားများလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလေသည်။ ဝိဒေဟရာဇ်မင်းကြီးလည်း မဟော်သဓာ မသေမပျောက် ပြန်လာသည်ကို အံ့ဩမေးမြန်းလေရာ မဟော်သဓာက အကြောင်းစုံကို ပြန်လည်တင်လျှောက်၍

တစ်ပြည်နှင့်တစ်ပြည် ချစ်ကြည်ကြပြီ ဖြစ်ကြောင်းကိုလည်း တင်လျှောက်လေသည်။ ထိုနောက် စူဠနီဗြဟ္မဒတ်မင်းကြီး၏ မယ်တော်၊ မိဖုရား၊ သားတော်တို့လည်း ပဉ္စာလရာဇ်ပြည်သို့ ပြန်၍ပို့ဆောင်ပေးလေသည်။

## မဟော်သဓာ ပဉ္စာလရာဇ်ပြည်သို့သွားခန်း

ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလစန္ဒီကို ဥဒုမ္ဗရဒေဝီနှင့် ထပ်တူပင် ချီးမြှောက်ထား၍ ပဉ္စာလစန္ဒီသည် တစ်နှစ်ကြာသော် ကိုယ်ဝန်ဆောင်၍ အချိန်စေ့လျှင် ဒီဃာဝုမင်းသားကို ဖွားမြင်လေသည်။ ဒီဃာဝုမင်းသား အရွယ်ရောက်လျှင် ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံ၍ မဟော်သဓာသည် ဒီဃာဝုမင်းသားကို ထီးနန်းအပ်ပြီးလျှင် ကတိအတိုင်း ပဉ္စာလရာဇ်ပြည်သို့ သွားရောက်ခစားလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီး၏ နန်းတော်တွင် ပညာရှိသော ဘေရီအမည်ရှိသည့် ပရိဗိုဇ်မသည် နေ့စဉ်မပြတ် ဆွမ်းစားကြွလာလေသည်။ မဟော်သဓာနှင့် ဘေရီပရိဗိုဇ်မကား မတွေ့မြင်ဖူးကြချေ။ နန္ဒာဒေဝီမိဖုရားသည် မဟော်သဓာကို အငြိုးမပြေသဖြင့် မောင်းမငါးရာနှင့် တိုင်ပင်ကာ မဟော်သဓာကို အပြစ်ရှာကြလေသည်။

တစ်နေ့သ၌ ဘေရီပရိဗိုဇ်မသည် မဟော်သဓာနှင့် တွေ့၍ ပညာစမ်းလိုသဖြင့် လက်ဝါးကိုပြ၏။ မဟော်သဓာကလည်း မင်းကြီးက ချီးမြှောက်သလောဟု မေးကြောင်းသိ၍ လက်ဆုပ်ကိုပြကာ ဖြေကြား၏။ ပရိဗိုဇ်မက မဟော်သဓာသည် ချီးမြှောက်မခံရသေးဟု ဖြေကြောင်းသိ၍ မိမိကဲ့သို့ ဆံကိုပယ်၍ အဘယ်ကြောင့် ရဟန်းမပြုသနည်းဟု ဦးခေါင်းကို သပ်ခြင်းဖြင့် မေး၏။ မဟော်သဓာကမူ မိမိ၌ ကျွေးမွေးရမည့်သူများလှသည်ဟု ဝမ်းကိုသပ်၍ ဖြေ၏။ ပရိဗိုဇ်မလည်း ကျောင်းသို့ပြန်ကြွလေသည်။ ထိုအချင်းအရာကို မိဖုရားကြီး၏ မောင်းမတို့မြင်လေသော် မင်းကြီးအား မဟော်သဓာနှင့် ပရိဗိုဇ်မတို့သည် မင်းကြီး၏ စည်းစိမ်ကိုလုရန် တစ်ဉာဏ်တည်း ပြုကြသည်ဟု ကုန်းချောလေသည်။ သို့ရာတွင် မင်းကြီးသည်

ပရိဗိုဇ်မနှင့် မဟော်သဓာတို့အား မေးမြန်းသောအခါ မောင်းမများ ထင်မှတ်သကဲ့သို့ အကောက်ကြံခြင်းလက္ခဏာ ပြခြင်းမဟုတ်ကြောင်း သိရှိ၍ လွန်စွာကြည်ညိုခြင်းဖြစ်လေသည်။ မဟော်သဓာအား စစ်သူကြီးအရာဖြင့် ပြည်ထဲရေးကို လွှဲအပ်၍ စည်းစိမ်တူပြုလေသည်။

မဟော်သဓာလည်း စည်းစိမ်ပြုခြင်းသည် အကယ်ပင်ချီးမြှောက်လို၍ လော၊ လှည့်ဝှက်လုပ်ကြံလို၍လောဟု မင်းကြီး၏သဘောရင်းကိုသိရန် ပရိဗိုဇ်မ အား စုံစမ်းစေလေသည်။ ထိုအခါ ပရိဗိုဇ်မသည် မင်းကြီးအား ပရိယာယ်ဖြင့် ရေစောင့်ဘီလူးပြဿနာကို မေးလေသည်။

သင်မင်းကြီး မယ်တော် စလာကဒေဝီ၊ မိဖုရားကြီး နန္ဒာဒေဝီ၊ ညီတော် တိခိဏမန္တီမင်းသား၊ ဘေးတော်ကဲဓနုသေခ၊ ကေဝဋ်ပုဏ္ဏား၊ မဟော်သဓာ ဤခြောက်ယောက်နှင့် မဟာသမုဒ္ဒရာ၌မျောပါရ၍ ရေစောင့်ဘီလူးသည် ထိုသူခြောက်ဦးကို အစဉ်အတိုင်းပေးမှ မင်းကြီးအသက်ကို ချမ်းသာပေးမည်ဆိုသော် မည်သူကို ရှေးဦးစွာပေးမည်နည်းဟု မေးလေသည်။

ထိုအခါ မင်းကြီးက "မယ်တော် မိဖုရားနန္ဒဒေဝီ၊ ညီတော် တိခိဏမန္တီ၊ ဓနုသေခ၊ ကေဝဋ်တို့ကို အစဉ်အတိုင်းပေးပြီး မိမိကိုယ်ကို ပေးမည်။ မဟော်သဓာကိုကားမပေး"ဟု ဆိုလေသည်။ ပရိဗိုဇ်မလည်း ထိုပြဿနာကို လူအများအစည်းအဝေး၌ ဖြေကြားစေရာ မင်းကြီးလည်း ပုဂ္ဂိုလ်အသီးသီး၏ အပြစ်ကိုဖော်ပြ၍ မဟော်သဓာအားသာလျှင် ချီးမွမ်းခြင်း ပြုလေသည်။

ထိုအခါမှစ၍ မဟော်သဓာသည် အသက်ထက်ဆုံး ချမ်းသာစွာ နေထိုင်၍ သေလွန်သော် တာဝတိံသာနတ်ပြည်သို့ ရောက်လေသည်။

## ဇာတ်တော်ပေါင်းခန်း

ဇာတ်တော်ပေါင်းသော်-

၁။ ဘေရီပရိဗိုဇ်မသည် မြတ်စွာဘုရားလက်ထက်တွင် ဒုတိယ အဂ္ဂသာဝိကာ ဥပ္ပလဝဏ်ထေရီ ဖြစ်လာလေသည်။

၂။ သီရိဝဍ္ဍနသူဌေးကြီးသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဖြစ်လာလေသည်။
၃။ သုမနဒေဝီသူဌေးကတော်သည် မယ်တော် မဟာမာယာဒေဝီ ဖြစ်လာလေသည်။
၄။ အမရာဒေဝီသည် ယသောဓရာဗိမ္ဗာဒေဝီ ဖြစ်လာလေသည်။
၅။ သေနက အမတ်ကြီးသည် တတိယသာဝကမဟာကဿပ ဖြစ်လာလေသည်။
၆။ ပက္ကုသအမတ်သည် အမ္ဗဋ္ဌလုလင်ဖြစ်လာလေသည်။
၇။ ကာမိန္ဒအမတ်သည် ကုဋဒန္တပုဏ္ဏားဖြစ်လာလေသည်။
၈။ ဒေဝိန္ဒအမတ်သည် ပိလောတိက လုလင်ဖြစ်လာလေသည်။
၉။ ကျေးသားသည် ညီတော်အာနန္ဒာထေရ် ဖြစ်လာလေသည်။
၁၀။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် လက်ယာရံအဂ္ဂသာဝက ရှင်သာရိပုတ္တရာ ဖြစ်လာလေသည်။
၁၁။ ကေဝဋ္ဋပုဏ္ဏားသည် ဒေဝဒတ်ဖြစ်လာလေသည်။
၁၂။ ပဉ္စာလစန္ဒီသည် သုန္ဒရီအမျိုးသမီးဖြစ်လာလေသည်။
၁၃။ သာလိကာမသည် မလ္လိကာဒါယိကာမ ဖြစ်လာလေသည်။
၁၄။ ဥဒုမ္ဗရဒေဝီသည် ဒိဋ္ဌမင်္ဂလိကာ ဖြစ်လာလေသည်။
၁၅။ ဝိဒေဟရာဇ်မင်းကြီးသည် ကာဠုဒါယီထေရ်ဖြစ်လာလေသည်။
၁၆။ မဟော်သဓာသုခမိန်သည် ဂေါတမမြတ်စွာဘုရားဖြစ်လာ လေသည်။



# ဘူရိဒတ်ဇာတ်တော်

## ဇာတ်တော်အကြောင်း

ဘူရိဒတ်ဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် ဘူရိဒတ်နဂါးမင်းအကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီး ဆယ်ဆောင်တွင် ဆဋ္ဌမဇာတ်တော် စာရင်းဝင်ဖြစ်လေသည်၊

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် သီလပါရမီတော်ကို အကြောင်းပြု၍ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာသက္ကရာဇ် (*)ခုနှစ် ဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့တွင် ဂါထာပေါင်း ၂၉၇ ဖြင့် တန်ဆာဆင်လျက် ဟောကြားတော်မူလေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၈ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်နေ့တွင် မင်းဘူးမြို့၊ လေသာဆရာတော် တပည့် သျှင်နန္ဒမေဓါသည် မြန်မာစကားပြေဖြင့် ပြန်ဆိုရေးသားပြီးစီးလေသည်။

ထိုဇာတ်တော်ကြီးကို သျှင်ရဋ္ဌသာရ (၈၃၀-၈၉၂)သည် ဘူရိဒတ်

လက်ကြီးဟူ၍တစ်သွယ်၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့ဟူ၍တစ်သွယ် လက်ာဖြင့် ရေးသားဖွဲ့ဆိုတော်မူခဲ့လေသည်။

## ဇာတ်တော်ကိုဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ဥပုသ်သည် ဒါယကာတို့သည် နံနက်စောစော ထလျက် ဥပုသ်ဆောက်တည်ပြီးလျှင် မြတ်စွာဘုရားထံသို့သွား၍ တရားနာ ကြားကြလေရာ မြတ်စွာဘုရားက **'ဒါယကာတို့ ဥပုသ်စောင့်သုံးခြင်းကား ကောင်းလှသည်။ ယခုအခါ၌ အဆုံးအမကိုပေးတတ်သော တရားကို ရကုန်လျက် ဥပုသ်ဆောက်တည်ကြခြင်းကား အံ့သြဖွယ်မဟုတ် ပညာရှိတို့သည် ရှေးရှေးက ဆရာ မရှိဘဲလျက် စည်းစိမ်ကြီးစွာကိုစွန့်၍ ဥပုသ်သုံးခဲ့ဖူးသည်'**ဟု မိန့်ကြား၍ ကိတ်ဆိတ်စွာနေလေသော် ဒါယကာ တို့က ရှေးအတိတ်ကိုဆောင်တော်မူပါဟု လောင်းပန်ကြသဖြင့် မြတ်စွာဘုရားက ဘူရိဒတ်ဇာတ်တော် ကြီးကို ဟောကြားတော်မူခြင်းဖြစ်လေသည်။

## ဘူရိဒတ်ဇာတ်တော်

### သမုဒ္ဒဇာကို နဂါးပြည်သို့ဆောင်ခန်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေသည်။ ထိုအခါ သားတော်ကြီးကို အိမ်ရှေ့အရာပေးလေသည်။ သို့ရာတွင် သားတော်သည် မိမိအား အန္တရာယ်ပြုမည်စိုး၍ မိမိလွန်မှ ထီးနန်းစိုးစံစေဟု အရပ်ဆေးသို့ နှင်ပို့လေရာ သားတော်လည်း ယမုန်နာမြစ်အနီး တစ်ခုသော တောင်ကြား၌ ရသေ့အသွင်ကိုယူ၍ နေလေသည်။

ထိုအခါ သမုဒ္ဒရာအောက် နဂါးပြည်၌ မုဆိုးမဖြစ်သော နဂါးမ တစ်ဦးသည် လင်သားရှာဖွေရန် နဂါးပြည်မှ ထွက်ခဲ့၍ မင်းသား၏နေရာကို တွေ့လေလျှင် ထိုရသေ့သည် သဒ္ဓါတရားကကယ်ရှိ၍ ရသေ့ပြုသလော၊

သို့မဟုတ် ကာမဂုဏ်စိတ်ရှိသေးသလော အကယ်၍ ကာမဂုဏ်၌တပ်မက်ခြင်း ရှိမူ မိမိလင်ပြုအံ့ဟုကြံ၍ ရသေ့၏စိတ်ကို စမ်းသပ်ရန် ပန်းနံ့သာတို့ကို ဆောင်၍ အိပ်ရာပြုလုပ်စီမံထားခဲ့ပြီး နဂါးပြည်သို့ သွားလေသည်။

မင်းသားရသေ့လည်း ညချမ်းအခါ သစ်သီးရှာရာမှပြန်ရောက်လာသော အခါ ပန်းအခင်းအိပ်ရာကို တွေ့၍ အံ့သြစွာဖြင့် အိပ်စက်လေသည်။ နံနက်လင်း၍ ရသေ့သစ်သီးရှာသွားပြန်သော် နဂါးမသည် ပန်းမွှေ့ရာအသစ်ကို ခင်းပြန်လေသည်။ မင်းသားရသေ့လည်း တစ်နေ့သောအခါ ချောင်းမြောင်း စောင့်နေရာမှ နဂါးမနှင့်တွေ့၍ အကြောင်းကိုသိပြီး နဂါးမနှင့်အတူသင့်နေ ကြလေသည်။ မင်းသားနှင့် နဂါးမတို့မှ သားငယ် သာဂရနှင့် သမီးတော် သမုဒ္ဒဇာတို့ကို ဖွားမြင်လေသည်။

တစ်နေ့သ၌ ဗာရာဏသီပြည်သား မုဆိုးတစ်ယောက်သည် မင်းသား အား ဗာရာဏသီပြည့်ရှင်၏ သားတော်ဖြစ်ကြောင်း သိရှိ၍ နေပြည်တော်သို့ ပြန်အလာတွင် မင်းကြီးနတ်ရွာစံသဖြင့် မှူးမတ်တို့အားပြောကြားရာ မှူးမတ်တို့ က မင်းသားအား သွားရောက်ပင့်ဆောင်ကြလေသည်။ မင်းသားလည်း နေပြည်တော်သို့ပြန်ရန် နဂါးမကို တိုင်ပင်သောအခါ နဂါးမက မိမိတို့သည် အဆိပ်ရှိသော အမျိုးဖြစ်၍ တစ်စုံတစ်ယောက်ကို အမျက်ထွက်၍ကြည့် မိလျှင် ဖွဲပြာဖြစ်နိုင်သဖြင့် မလိုက်နိုင်ကြောင်း ပြောဆို၍ နဂါးမျိုးဖြစ်သော သားတော် သမီးတော်တို့အား လှေဖြင့်ဆောင်၍ နေပြည်တော်၌ ရေကန် ကြီး တူးလျက် ပျော်မွေ့စေပါလေဟု မှာကြားကာ အပ်နှံခဲ့ပြီး နဂါးပြည်သို့ ပြန်လေသည်။

မင်းကြီးလည်း လှေကိုထွင်းကာ သားတော်သမီးတော်တို့ကိုဆောင်၍ ဗာရာဏသီပြည်သို့ပြန်ကာ မင်းပြုလေသည်။ မြို့တော်၌ သားတော် သမီးတော်တို့အတွက် ပေါက္ခရဏီ ရေကန်ကိုတူး၍ ထားလေသည်။ တစ်နေ့သော် ကန်ကိုရေသွင်းရာမှ လိပ်တစ်ကောင်ပါရှိလာရာ သားတော် သမီးတော်တို့က မိမိတို့ကို ခေါင်းထွက်၍ ခြိမ်းခြောက်သော ဘီလူး တစ်ကောင်ရှိသည်ဟု ခမည်းတော်အား တင်လျှောက်သဖြင့် လိပ်ကို ဖမ်းဆီးစေပြီး အမတ်တို့အား အပြစ်ပေးစေလေသည်။

ထိုအခါ အမတ်အချို့က လိပ်ကိုဆုံ၍ ထောင်းသင့်သည်ဟူ၍လည်းကောင်း၊ အချို့က ချက်၍စားသင့်သည်ဟူ၍လည်းကောင်း၊ အချို့က မီးပုံထဲ၌ ထားသင့်သည်ဟူ၍လည်းကောင်း၊ အချို့ကအခွံဖြင့် ပက်လက်ချက်သင့်သည်ဟူ၍လည်းကောင်း၊ ရေကြောက်သောအမတ်က ယမုန်နာမြစ်ဝဲထဲသို့ ချသင့်သည်ဟူ၍လည်းကောင်း ဆိုကြရာ လိပ်က အခြားပြုလိုရာပြုပါ ရေဝဲထဲသို့ မချပါနှင့်ဟုတောင်းပန်ရာ မင်းကြီးကြားလျှင် မြစ်ဝဲထဲသို့ ချစေလေသည်။ ထိုအခါ လိပ်သည် ရေဟုန်၌ မျော၍ နဂါးပြည်သို့ ရောက်လေသည်။

နဂါးပြည်၌ ရေကစားသော ဓတရဋ္ဌ နဂါးမင်း၏ သားတော် နဂါးလုလင်ပျိုတို့သည် လိပ်ကို ဖမ်းမည်ပြုရာ လိပ်က မိမိသည် ဗာရာဏသီမင်း၏ တမန်ဖြစ်၍ မင်းကြီးက သမီးတော်ကို ပို့ဆက်လို၍ အကြောင်းကြားရန် လွှတ်လိုက်ကြောင်းဖြင့် ပရိယာယ်ပြု၍ ပြောလေသည်။ နဂါးလုလင်တို့လည်း လိပ်ကို မင်းကြီးထံဆက်ရာ မင်းကြီးက မနှစ်မသက်ရှိလျှင် လိပ်က မိမိသည် ဗာရာဏသီမင်းကြီး၏ အမတ်ကြီး စိတ္တစူဠ ဖြစ်ကြောင်းဖြင့် ပြောဆိုလေသည်။ နဂါးမင်းကြီးလည်း ယုံကြည်၍ ဗာရာဏသီမင်း သမီးတော်နှင့် ထိမ်းမြားရန် ရက်သတ်မှတ် ချိန်းဆိုစေရန် နဂါးလုလင်လေးဦးအား လိပ်ကို ဆောင်ယူလျက် ပါသွားစေလေသည်။ လမ်းခရီး ရေအိုင်တစ်ခုသို့ ရောက်သောအခါ လိပ်က မိမိသည် မင်းကြီး၏ သားတော်၊ သမီးတော်များအတွက် ကြာစွယ်ကြာဥချိုးဦးမည်ဟု ဆိုကာ ရေအိုင်၌ လွှတ်ရန်ပြော၍ နေရစ်လေသည်။ နဂါးလုလင်တို့လည်း လိပ်က သွားနှင့်ပြီထင်၍ လူယောင်ဖန်ဆင်းကာ မင်းကြီးထံသို့ဝင်၍ မင်းကြီး၏သမီးတော် သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းအား ပေးဆက်ရန် စိတ္တစူဠလိပ်ကို စေလိုက်သည့်အတိုင်း ရက်သတ်မှန်ရန် လိုက်လာရကြောင်းကို လျှောက်တင်လေသည်။

ထိုအခါ မင်းကြီးက မိမိသမီးတော်ကို လူဇာတ်တူနှင့်သာ ထိမ်းမြားနိုင်မည်ဟု ဆိုလေလျှင် နဂါးတမန်တို့လည်း အမျက်ထွက်၍

ပြန်ကြပြီး နဂါးမင်းကို အကြောင်းပြန်ကြားလေသည်။ ဓတရဋ္ဌနဂါးမင်းလည်း နဂါးအားလုံးကိုစေ၍ ဗာရာဏသီပြည်ကို ခြိမ်းခြောက်လေသည်။ ပြည်သူတို့လည်း ကြောက်ရွံ့၍ နဂါးတို့အား မေးသော် ဗြဟ္မဒတ်မင်းကြီးက သမုဒ္ဒဇာမင်းသမီးကို ဆက်မည်ဆိုလျက် မဆက်၍ နဂါးမင်းကြီးက အမျက်ထွက်သည်ဟုဆိုလေသည်။ ပြည်သူတို့လည်း မင်းကြီးထံသွား၍ တောင်းဆိုကြရာ မင်းကြီးလည်း ဝန်ခံ၍ သမီးတော် သမုဒ္ဒဇာအား ဓတရဋ္ဌနဂါးမင်းထံသို့ ပို့ဆက်လေသည်။ နဂါးမင်းကြီးလည်း နဂါးပြည်၌ မည်သူမျှ သမုဒ္ဒဇာမိဖုရားကြီးကို မြွေအသွင်မပြစေရဟု ဒဏ်ထား၍ အမိန့်ထုတ်ပြန်လေရာ မိဖုရားလည်း လူ့ပြည်အမှတ်ဖြင့်ပင် စံစားလေသည်။

## ဥပုသ်သုံးခန်း

သမုဒ္ဒဇာမိဖုရားလည်း သားတော် သုဒဿန၊ ဒတ္တ၊ သုဘောဂ၊ အရိဋ္ဌဟူသော သားတော်လေးပါးဖွားမြင်လေသည်။ မိဖုရားသည် နဂါးပြည်ဖြစ်သည်ဟူ၍ မသိချေ။ တစ်နေ့သော် သားတော်အငယ်ဆုံး အရိဋ္ဌသည် မယ်တော်မှာ နဂါးမဟုတ် လူဖြစ်သည်ဟု ပြောကြသည်ကို စုံစမ်းရန် နို့စို့နေစဉ် မြွေသဏ္ဌာန်ဖြင့် မယ်တော်၏ခြေဖျားကို ပုတ်လေလျှင် ထိတ်လန့်၍ လက်ဖြင့်ပုတ်၍ မြေသို့ချလိုက်သဖြင့် အရိဋ္ဌသည် မျက်စိတစ်ဖက်ပျက်လေသည်။ ထိုမှစ၍ ကာဏာရိဋ္ဌဟုတွင်လေသည်။ ခမည်းတော်လည်း ကာဏာရိဋ္ဌကို အပြစ်ပေးလိုသော်လည်း မယ်တော်တောင်းပန်၍ ခွင့်လွှတ်လေသည်။ မိဖုရားလည်း နဂါးပြည်ဖြစ်ကြောင်းသိလေသည်။

သားတော်လေးယောက်တို့ အရွယ်ရောက်လျှင် ယူဇနာ ၅-ရာရှိသော နဂါးပြည်ကို ငါးပိုင်း ပိုင်း၍ နဂါးမိန်းမ တစ်သောင်းခြောက်ထောင်နှင့် စံစားကြလေသည်။ သုဒဿန၊ သုဘောဂနှင့် ကာဏာရိဋ္ဌတို့သည် တစ်လတစ်ကြိမ် မယ်တော် ခမည်းတော်တို့ထံသို့ အဖူးမြော်ရောက်၍ ဒတ္တမှာ တစ်လခွဲတစ်ကြိမ်ရောက်ရှိလေသည်။ နဂါးပြည်၌ တစ်စုံတစ်ခုသော ပြဿနာ ရှိလျှင် ဘုရားလောင်း ဒတ္တနဂါးသာလျှင် ဖြေရှင်းပေးရလေသည်။ ဒတ္တ

နဂါးသည် ခမည်းတော်မင်းကြီးနှင့် စတုမဟာရာဇ်ဝိရူပက္ခနတ်မင်းကြီးထံသို့ ခစားသောအခါ နတ်ပြည်၌ပေါ်သော ပြဿနာကိုလည်း ဖြေရှင်းပေးရလေသည်။

တစ်နေ့သောအခါ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးပရိသတ်နှင့်တကွ တာဝတိံသာနတ်ပြည်သို့သွား၍ သိကြားမင်းအား ခစားသောအခါ ထိုနတ် နဂါးသိကြားပရိသတ်၌ ပြဿနာတစ်ရပ်ပေးလေသည်။ ထိုပြဿနာကို ဒတ္တဖြေဆိုနိုင်သဖြင့် မြေကြီးနှင့်အမျှ ပညာကြီးမားသည်ဟု ဘူရိဒတ္တဟူသော အမည်ကို သိကြားမင်းက ပေးလေသည်။

ဘူရိဒတ္တသည် သိကြားမင်း၏ စည်းစိမ်ကို အလွန်နှစ်သက်၍ နတ်ပြည်၌ ဖြစ်လိုသောကြောင့် နဂါးပြည်သို့ ပြန်ရောက်လျှင် မယ်တော် ခမည်းတော်တို့အား ခွင့်ပန်ကာ ဆိပ်ငြိမ်ရာဥယျာဉ်ကစ်ခုဌ် တရားအားထုတ်၍ ဥပုသ်သီတင်း ဆောက်တည်လေသည်။ ထိုအခါ နဂါးမငယ်တို့က သီဆိုတီးမှုတ်မြူးတူးလာကြသဖြင့် ဥပုသ်မတည်နိုင်တော့လေရာ ဘူရိဒတ်သည် လူ့ပြည်သို့သွား၍ တရားအားထုတ်ရန် မယ်တော် ခမည်းတော်တို့အား အသိမပေးဘဲ မိမိမယားကိုခေါ်၍ "ငါသည် လူ့ပြည် ယမုန်နာမြစ်နားသို့ သွား၍ ဥပုသ်ဆောက်တည်မည်။ ဥပုသ်နေ့လွန်၍ အရုဏ်တက်လျှင် အဖော်များနှင့်လာ၍ နဂါးပြည်သို့ ဆောင်လှည့်ပါ"ဟု မှာထားပြီး ယမုန်နာအရပ်သို့ သွားလေသည်။ ထိုအရပ်တွင် ထွန်တုံးဖျား ပမာဏရှိသော ကိုယ်ကို ဖန်ဆင်းလျက် မိမိအသွေးအသားကို ယူလိုကယူစေဟု ဥပုသ်စောင့်သုံးလေသည်။ ထိုနည်းဖြင့် ကာလရှည်စွာ ဥပုသ်သုံး၍နေလေသည်။

## အလမ္ပါယ်ဖမ်းယူခန်း

ထိုအခါ ဗာရာဏသီပြည် တံခါးအနီးနေ နေသာဒအမည်ရှိ ပုဏ္ဏားတစ်ယောက်သည် သောမဒတ္တအမည်ရှိ သားငယ်နှင့်အတူ သမင်ဖမ်း၍ သတ်ဖြတ်ရောင်းချကာ အသက်မွေးမြူလေသည်။ တစ်နေ့သ၌ ပုဏ္ဏားသည် ယမုန်နာမြစ်၌ သမင်ကို လိုက်လံပစ်ခတ်ဖမ်းဆီး၍ အချိန်မဲ့လျှင် ဘူရိဒတ်နဂါး

ဥပုသ်သုံးရာတောင်ပို့ထက်ရှိ သစ်ပင်ဆီါတွင် အိပ်စက်လေသည်။ နံနက်လင်းလျှင် နဂါးမတို့ ဘူရိဒတ်နဂါးထံသို့ လာရောက်၍ စောင်းငြင်းတီးမှုတ်ဖျော်ဖြေသံကို ကြားရသဖြင့် ပုဏ္ဏားသည် နဂါးမင်းထံသို့ သွားရောက်၍ မေးမြန်းလေသည်။

ဘူရိဒတ်နဂါးလည်း မိမိနဂါးဖြစ်ကြောင်း ပြောပြ၍ ပုဏ္ဏားသည် အလမ္ပါယ်တို့အား ပြချေသော် အန္တရာယ်ဖြစ်အံ့စိုး၍ ပုဏ္ဏားအား နဂါးပြည်သို့ခေါ်၍ စည်းစိမ်ပေးမည်ဟု ဆိုလေလျှင် ပုဏ္ဏားလည်း မိမိသားကိုခေါ်၍ နဂါးပြည်သို့လိုက်၍ စည်းစိမ်ခံစားနေလေသည်။

ဘူရိဒတ်လည်း ဥပုသ်မပြတ်ဆောက်တည်၍ လခွဲတစ်ကြိမ်မယ်တော် ခမည်းတော်တို့ထံသို့ သွားရောက်ဖူးမြော်ပြီး မိမိနေရာသို့ပြန်လေသည်။ ပုဏ္ဏားလည်း နှစ်လည်သော် နဂါးပြည်၌ မပျော်သဖြင့် ပျော်နေသောသားကို အတင်းခေါ်၍ အလိုတူပြုပြီးလျှင် ဘူရိဒတ်နဂါးမင်းအား ပြန်လိုကြောင်းမပြောဘဲ ပရိယာယ်ဖြင့် မိမိတို့လည်း နတ်ပြည်အလို့ငှာ လူ့ပြည်ရှိ သားမယားများကို ခွင့်တောင်းပြီး ဥပုသ်ပြုလိုပါသည်ဟု တောင်းပန်သဖြင့် ဘူရိဒတ်နဂါးမင်းသည် မိမိ ဥပုသ်ပြုရာကို သူတစ်ပါးအား မပြောကြားစေရန် အလိုရှိတိုင်း အကျိုးပြီးစေနိုင်သည့် ပတ္တမြားကို ပေးလေသည်။ သို့ရာတွင် ပုဏ္ဏားက မိမိအသက်ကြီးပြီဖြစ်၍ ရဟန်းပြုလိုသဖြင့် ပတ္တမြားကို မယူလိုကြောင်း ပယ်လေသည်။ ဘူရိဒတ်လည်း နဂါးလုလင်လေးယောက်ကို လိုက်ပို့စေ၍ ဗာရာဏသီပြည်ခရီးသို့ ပြန်ပို့ပေးလေသည်။

ပုဏ္ဏားသားအဘသည် အစဉ်အတိုင်းသွားလေရာ လမ်းခရီး၌ ရေကန်တွင် ရေးဆင်း၍ ချိုးကြလေသည်။ ထိုအခါ နဂါးပြည်၌ စံစားခဲ့ရသော နတ်ဝတ်တန်ဆာတို့ကွယ်လေရာ သောမဒတ္တလည်း မြတ်သောစည်းစိမ်မှ ရှုံးလေပြီဟု ငိုကြွေးလေသည်။ သောမဒတ်လည်း အိမ်သို့ပြန်ရောက်၍ မိခင်ပုဏ္ဏားမကြီးက တစ်နှစ်ကျော်ကွယ်ပျောက်နေပုံကိုမေးသဖြင့် နဂါးပြည်သို့ရောက်ခဲ့ပုံနှင့် ဘူရိဒတ်ပေးသော ပတ္တမြားကို ဘခင်ပုဏ္ဏားက

မယူခဲ့ပုံကို ပြောပြလေသည်။ ပုဏ္ဏားမလည်း ပတ္တမြားကို မယူခဲ့ရကောင်းလော ဟု ပုဏ္ဏားကြီးအား အပြစ်တင်လေသည်။ ပုဏ္ဏားကြီးလည်း သမင်လိုက်၍ ကျွေးမွေးလေသည်။

ထိုအခါ တောင်သမုဒ္ဒရာ လက်ပံတောတစ်ခု၌ ဂဠုန်ငှက် ဘစ်ကောင်သည် သမုဒ္ဒရာကိုခွဲ၍ နဂါးကိုဖမ်းယူရာ နဂါးဦးခေါင်းမှ ဆွဲသုတ်၍ ဟိမဝန္တာတောသို့ ပျံသွားလေသည်။ ထိုအခါ၌ ကာသိကရာဇ်တိုင်းနေ ပုဏ္ဏားတစ်ယောက်သည် ဟိမဝန္တာတော၌ နေရာသခ်မ်းဖန်ဆင်းနေရာ သခ်မ်း စင်္ကြံဦး၌ ပညောင်ပင်ကြီးတစ်ပင်ရှိလေသည်။ ဂဠုန်သည် ပညောင်ပင် ပေါ်မှဖြတ်၍ ပျံလေသော် နဂါးသည် အမြီးဖြင့် ပညောင်ပင်ကို ရစ်ပတ်ရာ ဂဠုန်၏ခွန်အားကြောင့် ညောင်ပင်အမြစ်မှ ကျွတ်၍ပါလေသည်။ ဂဠုန်လည်း နဂါး၏ဝမ်းကိုခွဲ၍ နဂါးဆီကို စားပြီးသော် နဂါးအကောင် ကို သမုဒ္ဒရာသို့ ပစ်ချလေသည်။ ထိုအခါ ပညောင်ပင်သည် အသံမြည်၍ ဖရိုဖရဲကျသဖြင့် ဂဠုန်သည် အကြောင်းကိုဆင်ခြင်သော် ရသေ့စင်္ကြံဦးမှ နုတ်ယူမိသည်ကို သိ၍ မိမိ၌ အပြစ်ရှိ မရှိ သိလိုသဖြင့် လုလင်အသွင် ဖြင့် ရသေ့ထံသို့လာ၍မေးလေသည်။ ထိုအခါ ရသေ့က ပညောင်ပင်ကျွတ်စေ လိုသော ဆန္ဒမရှိသောကြောင့် အပြစ်မရှိဟုဆိုလျှင် နှစ်သက်လှ၍ ရသေ့အား အတန်တန်တောင်းပန်လျက် နဂါးဘေးကိုတားမြစ်နိုင်သော အလမ္ပါယ် အတတ်ကို သင်ပေးလေသည်။

ထိုအခါ ဗာရာဏသီပြည်သား ပုဏ္ဏားတစ်ယောက်သည် ကြွေး ထူလှ၍ သေချင်သဖြင့် တောသို့ဝင်ရာ ရသေ့သခ်မ်းသို့ရောက်လျှင် ရသေ့အား ဝတ်ကြီးဝတ်ငယ်ပြု၍ နေလေသည်။ ရသေ့လည်း ကျေးဇူးတင် သဖြင့် အဖန်ဖန်တိုက်တွန်း၍ မန္တန်နှင့်တကွ အလမ္ပယ်အတတ်ကို သင်ပေးလေသည်။ ပုဏ္ဏားလည်း ရသေ့အား ခွင့်ပန်၍ တောမှထွက်ခဲ့ရာ ယမုန်နာမြစ်နားသို့ ရောက်လေသည်။ ထိုနေရာ၌ ဘူရိဒတ်နဂါးမင်း၏ အလုပ်အကျွေး နဂါးမတစ်ထောင်ခန့်တို့သည် အလိုဟူသမျှပေးနိုင်သော

ပတ္တမြားကို ယူလာပြီး ထိုပတ္တမြားရောင်ဖြင့် နေ့ရောညပါရေကစားနေပြီး အရဏ်တက်၍ အဝတ်တန်ဆာဆင်အပြီးတွင် ပုဏ္ဏားသည် မန္တန်ရွတ်၍ လာသည်နှင့် ဂဠုန်လာပြီဟု ထင်လျက် ပတ္တမြားကို မယူနိုင်ဘဲ မြေသို့ငုတ်ပြီး နဂါးပြည်သို့ ပြေးကြလေသည်။ ပုဏ္ဏားလည်း အလိုပြည့်ပြီးဟု ဝမ်းမြောက်စွာ ပတ္တမြားကို ကောက်ယူသွားလေသည်။

ထိုအခိုက်တွင် နေသာဒပုဏ္ဏားနှင့်သား သောမဒတ်တို့သည် သမင်လိုက်ရန် တောသို့လာကြရာ ပုဏ္ဏား၏လက်တွင် ပတ္တမြားကိုမြင်သော် ဘူရိဒတ်နဂါးမင်းပေးဖူးသော ပတ္တမြားဖြစ်ကြောင်းသိ၍ အလမ္ပာယ်ပုဏ္ဏားအား မေးမြန်း၍ ပတ္တမြားရရှိပုံကို သိရှိပြီးလျှင် နေသာဒပုဏ္ဏားသည် ပတ္တမြားကို လိုချင်သဖြင့် ရွှေချိန်တစ်ရာဖြင့် ရောင်းချရန်ပြောရာ အလမ္ပါယ်ပုဏ္ဏားက မြတ်သောပတ္တမြားကို မရောင်းအပ်။ သို့ရာတွင် ထူးသောနဂါးကို ပြနိုင်ပါက ပတ္တမြားကို ပေးမည်ဟုဆိုလေသည်။ ထိုအခါ နေသာဒပုဏ္ဏားသည် ပတ္တမြားကို လိုချင်လှသဖြင့် ဘူရိဒတ်နဂါးမင်းရှိရာ နေရာကို ညွှန်ပြလေသည်။ သား သောမဒတ်က ကျေးဇူးရှင်ကို မပြစ်မှားရန် တားမြစ်သော်လည်း မရချေ။ သို့နှင့် သောမဒတ်လည်း ထွက်ပြေးကာ ရဟန်းပြုနေသဖြင့် အသက်အဆုံးနေ၍ ဗြဟ္မာ့ပြည်သို့ ရောက်လေသည်။

ဘူရိဒတ်နဂါးသည် ကျေးဇူးမဲ့သော နေသာဒပုဏ္ဏားကို မြင်သော်လည်း သီလပျက်မည်စိုး၍ အမျက်မထွက်ချေ။ ဥပုသ်မပျက်စေဘဲ သည်းခံ၍ နေလေရာ အလမ္ပါယ် ပုဏ္ဏားလည်း ပတ္တမြားကို နေသာဒပုဏ္ဏားလက်သို့ အပ်၍ နဂါးကို မန္တန်စိပ်လျက် ဖမ်းယူရိုက်ပုတ်လေသည်။ ပတ္တမြားလည်း ပုဏ္ဏားလက်မှ လျှောကျ၍ နဂါးပြည်သို့ ငုပ်လျှိုးသွားလေသည်။ အလမ္ပါယ် ပုဏ္ဏားသည် ဘူရိဒတ်နဂါးကို ဖမ်းယူသွား၍ လှည့်လည်ကာ အလမ္ပါယ် ပြလေရာ ဘူရိဒတ်နဂါးလည်း သည်းခံရှာလေသည်။ ထိုမှစ၍ ဆယ့်ငါးရက်မြောက်သောနေ့၌ ဗာရာဏသီမင်းရင်ပြင်၌ အလမ္ပါယ်ပြရန် စီစဉ်ပြင်ဆင်လေသည်။

## ဘူရိဒတ်နဂါးလွှတ်မြောက်ခန်း

ဘူရိဒတ်နဂါးကို အလမ္ပါယ် ပုဏ္ဏားဖမ်းယူသောနေ့၌ ဘူရိဒတ် မယ်တော် သမုဒ္ဒဇာမိဖုရားကြီးသည် နီသော မျက်လုံးရှိသော ယောကျ်ား တစ်ယောက်က သန်လျက်ဖြင့် လက်ယာလက်ရုံးကိုဖြတ်၍ သွေးစက်လက်နှင့် ဆောင်သည်ဟု အိပ်မက် မက်လေရာ သားလေးယောက် မိမိနှင့် ဓတရဋ္ဌနဂါးမင်းတို့အား အန္တရာယ်ဖြစ်မည်ဟု သိ၍ လူ့ပြည်သို့သွား၍ တရားအားထုတ်သော သားတော် ဘူရိဒတ်အတွက် အလွန်စိုးရိမ်ခြင်း ဖြစ်လေသည်။ သို့နှင့်လခွဲ၍ မယ်တော်ထံသို့ ဘူရိဒတ်နဂါးမရောက်လာသော အခါ အလွန်ပူဆွေးလျက်ရှိလေသည်။

ထိုအခါ သားတော်ကြီး သုဒဿနရောက်ရှိလာရာ မယ်တော် နှလုံးမသာသည်ကိုသိ၍ မေးမြန်းလျှင် မယ်တော်က အိပ်မက်အကြောင်းကို ပြောပြ၍ ဘူရိဒတ်၏အိမ်သို့ သွား၍ ကြည့်ကြရာ မတွေ့ရသဖြင့် ငို ကြွေးကြလေသည်။ ထိုအခိုက် သုဘောဂနှင့် ကာဏာရိဋ္ဌ နဂါးမင်းသား တို့ ရောက်ရှိလာ၍ သားတော်သုံးယောက်သည် တာဝန်ခွဲ၍ ကာဏာရိဋ္ဌ သည် နတ်ပြည်သို့လည်းကောင်း၊ သုဘောဂကို ဟိမဝန္တာသို့လည်းကောင်း၊ သုဒဿနက လူ့ပြည်သို့လည်းကောင်း သွားရောက်ရှာဖွေကြလေသည်။

သုဒဿနသည် ရသေ့အသွင်ဖြင့် လူ့ပြည်သို့ ထွက်ခွာလာရာ ဘူရိဒတ်နဂါးမင်းကို အလွန်ချစ်ခင်သော မိထွေး၏သမီး ဘူရိဒတ်၏နှမဝမ်းကွဲ အဇမုခီနဂါးမသည် ဖားအသွင်ဖြင့် ရသေ့၏ ဆံကျစ်ကြား၌ လိုက်ပါ၍ ဘူရိဒတ်ကို ရှာဖွေလေသည်။ သုဒဿနသည် ဘူရိဒတ်တရားအားထုတ်ရာ နေရာသို့ ရှေးဦးစွာလိုက်၍ အလမ္ပါယ်ဖမ်းကြောင်း သိရလေလျှင် ရွာစဉ် လျှောက်၍မေးစမ်းကာ လိုက်လေသော် ဗာရာဏသီမင်း၏ နန်းအိမ်တော်သို့ ရောက်လေသည်။

ထိုအခါ၌ နန်းရင်ပြင်တွင် ဘုရင့်အမိန့်အရ အလမ္ပါယ်က မြွေပြလျက်ရှိလေသည်။ သုဒဿနသည် ပရိသတ်အလယ်၌နေရာ ဘူရိဒတ်

နဂါးက ဂဠုန်ဘေးနှင့် အဆွေအမျိုးတစ်ဦးဦး ရှိမရှိကိုကြည့်ရာ ရသေ့အသွင်ဖြင့် အစ်ကိုကိုမြင်လေလျှင် ရသေ့ရှိရာသို့သွား၍ ခြေဖမိုးပေါ်တွင် ခေါင်းတင်ကာ ငိုကြွေးလေသည်။ ထိုအခါ အလမ္ပါယ်က ရသေ့အား မကြောက်ပါလင့်ဟု ဆိုလျှင် ရသေ့က မိမိသည် မကြောက်ရုံသာမက မိမိထက် စွမ်းသော အလမ္ပါယ်မရှိဟုဆိုသဖြင့် အလမ္ပါယ် ပုဏ္ဏားသည် အမျက်ထွက်လေသည်။

ထိုအခါ ရသေ့က အသပြာငါးထောင် လောင်းကြေးပြု၍ အလမ္ပါယ်၏ မြွေနှင့် မိမိ၏ဖားကို တိုက်စေမည်ဟုဆို၍ မင်းကြီးထံသို့ဝင်၍ အသပြာငါးထောင် အလှူခံလေသည်။ မင်းကြီးလည်း အကြောင်းကိုသိ၍ ရသေ့နှင့် အတူလိုက်ပါလာသည်။ ထိုအခါ အလမ္ပါယ် ပုဏ္ဏားက မင်းဆရာဖြစ်မည်ထင်၍ မိမိက ရသေ့ကို မလေးမစားမပြုဘဲ ရသေ့ကသာ အဆိပ်ထန်သော နဂါးကို မလောက်မလေးပြုသည်ဟု ပြောဆိုလေသည်။ ထိုအခါ ရသေ့က သင်သည်သာ အဆိပ်မရှိသော နဂါးဖြင့် လူများကို လှည့်ဖျားသည်ဟုဆိုသဖြင့် အလမ္ပါယ်လည်း အမျက်ထွက်၍ ရသေ့အားမြွေဆိပ်ဖြင့် သေစေအံ့ဟု ခြိမ်းခြောက်ရာ ရသေ့က နမဖားငယ် အဇာမုခိကို လက်ဝါးပေါ်သို့ခေါ်ယူလျက် အဆိပ်ကိုချစေပြီးလျှင် အဆိပ်ကိုပြု၍ ဗာရာဏသီတိုင်းအလုံး ပျက်စီးတော့မည်ဟု ကြိမ်းဝါးလေသည်။ ထိုအသံကို မင်းကြီးကြား၍ မေးသော် ရသေ့က အဆိပ်ကိုပစ်ချရန် နေရာမရှိဟု ဆိုလေသည်။ ထိုအဆိပ်ကို မြေသို့ချလျှင် မြက်နွယ်ဆေးပင် အားလုံး ခြောက်၍ ကောင်းကင်သို့ပစ်လျှင် မိုးခုနစ်နှစ် ခေါင်ပြီး ရေသို့ချလျှင် ရေသတ္တဝါများစွာ သေကျေမည့်အကြောင်းကို ရသေ့ကပြောပြလေသည်။ ထိုအခါ မင်းကြီးက သင့်လျော်သလို ရသေ့ပင်ကြံ၍ ချပါဟု ဆိုသဖြင့် တွင်း ၃ တွင်းတူးစေပြီး နွားချေးနှင့် နတ်ဆေးများ တစ်တွင်းစီ၌ထည့်ပြီး အဆိပ်ကို ကျန်တွင်း၌ချရာ အလျှံတက်ပြီး နွားချေးတွင်းနှင့် နတ်ဆေးတွင်းသို့ အလျှံကူးစက်၍ ကျေပျောက်စေလေသည်။ အလမ္ပါယ်ပုဏ္ဏားလည်း တွင်းနား၌ရှိ၍ အခိုးသင့်ပြီး ကိုယ်အရေကွက်၍ ဖြူလေရာ ထိတ်လန့်၍ နဂါးမင်းကို လွှတ်လေသည်။

[illegible]

ထိုအခါမှ ဘူရိဒတ်နှင့် သုဒဿန အစမုခီတို့လည်း နဂါးအသွင်ကို ဖော်ကြလျက် မိမိတို့သည် ဗာရာဏသီမင်းကြီး၏ သမီး သမုဒ္ဒဇနှင့် ဓတရဋ္ဌနဂါးမင်းတို့မှ ဖွားမြင်သော သားတော်များနှင့် တူမတော်များဖြစ်ကြောင်း ပြောပြ၍ မင်းကြီးလည်း မိမိခမည်းတော်၏ သမီး၊ မိမိ၏ နှမတော်၏ အဆက်အနွယ်များဖြစ်ကြောင်းသိ၍ ကောင်းစွာချီးမြှောက်ပြုစု လေသည်။

ဘူရိဒတ်နဂါးလည်း မင်းကြီးအား မိမိကို အလမ္ပါယ်ဖမ်းသည်မှစ၍ ပြောပြကာ တရားဟောပြော၍ မယ်တော်ထံသွားလိုသဖြင့် ခွင့်ပန်လေသည်။ မင်းကြီးကလည်း နှမတော်ကို တွေ့မြင်လိုလေသည်။ ဘူရိဒတ်ညီနောင်တို့ ကလည်း မိမိတို့ဘိုးတော်မင်းကြီးကိုမေးရာ မင်းကြီးက မိမိခမည်းတော်သည် မိမိအား ပြည်ကိုအပ်၍ တောထွက်ရဟန်းပြုလျက်ရှိကြောင်း ပြောပြ၍ ဘူရိဒတ်တို့လည်း မယ်တော်ကို ဆောင်လျက် ဘိုးတော်ထံသို့ ပေါင်းဆုံ လာရောက်ကြမည့် အကြောင်းကို ပြောပြကာ နဂါးပြည်သို့ ပြန်ကြ လေသည်။

## ပုဏ္ဏားကို နဂါးပြည်ဆောင်ခန်း

ဘူရိဒတ်နဂါးနှင့် နောင်တော်၊ နှမတော်တို့ နဂါးပြည်သို့ရောက် ကြလေလျှင် နဂါးအားလုံးလည်း ငိုကြွေးကြလေသည်။ ဘူရိဒတ်လည်း တစ်လပတ်လုံး ပခြုပ်ဖြင့်နေရ၍ မင်ပန်းနာကျင်သဖြင့် အိပ်လေသည်။ ကာဏာရိဋ္ဌလည်း ပြန်ရောက်လာ၍ အိပ်ရာခန်းကိုစောင့်လေသည်။ ဘူရိဒတ် နေရာကို ညွှန်ပြခဲ့သော နေသဒပုဏ္ဏားလည်း ကျေးရွာရှင်ကို ပြစ်မှား သောကြောင့် နူလေလျှင် ယမုန်နာမြစ်သို့သက်၍ အပြစ်ဆေးလျှော်မည်ဟု ရေငုပ်ရာ သုဘောဂနဂါးက တွေ့ရှိ၍ ဘူရိဒတ်ကို ပြစ်မှားသူမှန်းသိသဖြင့် ခြေကိုအမြီးဖြင့်ရစ်ပတ်၍ ရေ၌အကြိမ်ကြိမ်နှစ်ပြီးမှ မိမိသည် သုဘောဂ နဂါးဖြစ်ကြောင်း ပြောလေသည်။ ပုဏ္ဏားလည်း နဂါးအားချီးမွမ်း၍ အသက်မှချမ်းသာအောင် ကြံဆောင်လေသည်။ သို့ရာတွင် သုဘောဂ

နဂါးက သတ်ဖြတ်မည်ဟု ခြိမ်းခြောက်လေလျှင် ပုဏ္ဏားလည်း မိမိသည် ဗေဒင်ကိုသင်လျက် မီးပူဇော်တတ်ပြီး အလှူခံ၍ စားသူဖြစ်ခြင်းကြောင့် မသတ်အပ်ဟု ဆိုပြန်လေသည်။ သုဘောဂလည်း အကြောင်းဟုတ်လေမည်လောဟု သံသယရှိ၍ မိမိနောင်တော်ကို မေးမည်ဟု ပုဏ္ဏားကို နဂါးပြည်သို့ ဆောင်သွားလေသည်။

## ပုဏ္ဏားလိမ်လည်ပြောခန်း

သုဘောဂ နဂါးသည် ပုဏ္ဏားကိုဆောင်၍ ဘူရိဒတ်၏ အိပ်ခန်းဝသို့ ရောက်လာသောအခါ တံခါးစောင့် ကာဏာရိဋ္ဌက မြင်လျှင် သုဘောဂအား ပုဏ္ဏားတို့သည် ဗြဟ္မာမင်း၏သားဖြစ်၍ နဂါးတို့ ညှင်းဆဲလျှင် ဗြဟ္မာမင်း အမျက်ထွက်သဖြင့် နဂါးပြည်ပျက်မည်ဟု ဆိုလေသည်။ သုဘောဂသည် အတိတ်ဘဝက ယဇ်ပူဇော်သော ပုဏ္ဏားဖြစ်ခဲ့ဖူးသဖြင့် ယဇ်ပူဇော်ခြင်း အကြောင်းကိုလည်း ချီးမွမ်းပြောဆို လေသည်။

## ဘူရိဒတ်တရားဟောပြောခန်း

နဂါးတို့လည်း ကာဏာရိဋ္ဌ၏ စကားကို အမှန်ထင်မြင်နေကြလေသည်။ ထိုအချိန်၌ ဘူရိဒတ်လည်း ကာဏာရိဋ္ဌ၏ စကားကို ကြားသဖြင့် နဂါးတို့၏ အယူမှားခြင်းကို ပယ်ဖျောက်အံ့ဟု နဂါးပရိသတ်တို့ကို စည်းဝေးစေပြီးနောက် ယဇ်ပူဇော်ခြင်းသည် မှားသည်။ မီးကိုပူဇော်လောင်စာကျွေးသောသူသာ ကောင်းမှုပြုသည်ဆိုလျှင် မီးသွေးဖုတ်သမား၊ ဆားချက်သမားတို့သည် ကောင်းမှုပြုရာ ရောက်ပေမည်။ မီးသည် မြတ်လျှင် အဘယ်ကြောင့် အကောင်ပုပ်ကို ကျွေးလျှင်လည်း စားလောင်လေသနည်း။ အမျိုးလေးပါးတို့ကိုလည်း ဗြဟ္မာသည် မဖန်ဆင်း၊ ပုဏ္ဏားတို့လှည့်စားသောစကားသည်မမှန် သူတစ်ပါး၏အသက်ကို သတ်ခြင်းဖြင့်လည်း ကောင်းသောအကျင့်မဟုတ် စသည်ဖြင့် မိစ္ဆာအကျင့်ကို ရှင်းလင်းပြောပြပြီးနောက် ပုဏ္ဏားအား နဂါးပြည်မှ နှင်ထုတ်စေလေသည်။

သာဂရ ဗြဟ္မဒတ်မင်းလည်း ခမည်းတော် ရသေ့ရှိရာသို့ ချိန်းဆိုသွားရောက်လေသည်။ ထိုအခါ၌ ဘူရိဒတ်နဂါးလည်း အစ်ကိုသုံးယောက် အမိအဘတို့နှင့်အတူ ဘိုးတော်ထံသို့သွားရောက်လေသည်။ ထိုအခါ သာဂရမင်းက ဘူရိဒတ်ကို မမှတ်မိ၍ ခမည်းတော်ရသေ့အား မည်သူဖြစ်ကြောင်းကို မေးလေလျှင် ခမည်းတော်ရသေ့က ဤသူတို့သည် ဓတရဋ္ဌနဂါးမင်း၏ သားများဖြစ်၍ သင့်နှမ၏သားများပင်ဖြစ်သဖြင့် သင်၏တူဖြစ်ကြောင်းကို ပြောလေသည်၊ ထိုနောက်မှ သမုဒ္ဒဇာနဂါးမိဖုရားလည်း ဘခင်ရသေ့အား ရှိခိုးပြီးနောက် နဂါးပြည်သို့ပြန်လေသည်။ သာဂရမင်းလည်း ဗာရာဏသီပြည်သို့ ပြန်လေသည်။

ဘူရိဒတ်လည်း အသက်ထက်ဆုံး သီလစောင့်လျက် သေဆုံးသော် နတ်ပြည်၌ ဖြစ်လေသည်။

## ဇာတ်တော်ပေါင်းခန်း

ဇာတ်ပေါင်းသော်– ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌–

၁။ မယ်တော်သမုဒ္ဒဇာနဂါးမိဖုရားနှင့် ခမည်းတော် ဓတရဋ္ဌနဂါးမင်းတို့သည် မြတ်သောမင်းမျိုး၌ ဖြစ်လာသည်။

၂။ နေသာဒပုဏ္ဏားသည် ဒေဝဒတ်ဖြစ်လာလေသည်။

၃။ သောမဒတ်ပုဏ္ဏားသည် အာနန္ဒာထေရ် ဖြစ်လာလေသည်။

၄။ အစမ္ပဒီနဂါးသည် ဥပ္ပလဝဏ်ထေရီ ဖြစ်လာလေသည်။

၅။ သုဒဿန နဂါးသည် ရှင်သာရိပုတ္တရာ ဖြစ်လာလေသည်။

၆။ သုဘောဂ နဂါးသည် ရှင်မောဂ္ဂလာန် ဖြစ်လာလေသည်။

၇။ ကာဏာရိဋ္ဌ နဂါးသည် သုနက္ခတ် ဖြစ်လာလေသည်။

၈။ ဘူရိဒတ်နဂါးသည် ဂေါတမမြတ်စွာဘုရား ဖြစ်လာလေသည်။



# စန္ဒကုမာရဇာတ်တော်

## ဇာတ်တော်အကြောင်း

စန္ဒကုမာရဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် စန္ဒကုမာရမင်းသားအကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီးဆယ်ဖွဲ့တွင် သတ္တမဇာတ်တော်ဖြစ်လေသည်။

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုလ်ပြည်ဝေဠုဝန်ကျောင်းတော်အနီး ဂိဇ္ဈကုဋ်တောင်ယံ၌ နေတော်မူသောအခါ ဒေဝဒတ်ကို အကြောင်းပြု၍ မဟာသက္ကရာဇ် ၁၂၀ ပြည့်နှစ်၊ နယုန်လဆန်း ၄-ရက် တနင်္ဂနွေနေ့ မွန်းလွဲအချိန် ဂါထာပေါင်း ၉၀ ဖြင့် တန်ဆာဆင်လျက် ဟောကြားတော်မူလေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၄ ခုနှစ်ပြာသို လပြည့်ကျော် ၅ ရက်နေ့တွင် မင်းပူးရွာ လေသာကျောင်းဆရာတော်

ဦးသြဘာသက ရေးဦးအစပြုလျက် မြန်မာစကားပြေ ပြန်ဆိုပြီးစီးခဲ့လေသည်။

ဇာတ်တော်ကို ပျို့ကဗျာဖွဲ့ဆိုသည်ကို မတွေ့ရချေ။

## ဇာတ်တော်ကို ဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ယံ၌ နေတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းကြီးထံသို့သွား၍ အကူအညီတောင်းလျက် ဘုရားရှင်ကို သတ်ကာ ဘုရားလုပ်မည်ဟူသောအကြံဖြင့် လေးသမား လက်ရွေးစင်သုံးကျိပ်တစ်ယောက်ကို ခေါ်ယူပြီးလျှင် လေးသမားအား မြတ်စွာဘုရားကို မြားနှင့်ပစ်သတ်၍ မည်သည့်လမ်းမှ ပြန်လာခဲ့ဟု စေလွှတ်လေသည်၊ ကျန်လေးသမားများအနက် နှစ်ဦးအား ပထမလေးသမားကြီးကို လမ်းမှဆီးကြို ပစ်သတ်ရန်လည်းကောင်း၊ လေးဦးအား ဒုတိယလေးသမားနှစ်ဦးကို လမ်းမှဆီးကြိုပစ်သတ်ရန်လည်းကောင်း အဆင့်ဆင့်အားဖြင့် နောက်ဆုံးလေးသမား ဆယ့်ခြောက်ဦးအထိ စေလွှတ်တာဝန်ပေးလေသည်။ ဒေဝဒတ်သည် ဘုရားရှင်အား မိမိသတ်ကြောင်းကို မသိရအောင် စီစဉ်လေသည်။ သို့ရာတွင် မြတ်စွာဘုရားသည် လေးသမားအသီးသီးအား ဆုံးမဟောပြော၍ ဘေးလွတ်ရာ ခရီးမှ ပြန်သွားစေလေသည်။ ထိုနောက်တွင် လေးသမားတို့သည် ဒေဝဒတ်ထံသို့သွား၍ မြတ်စွာဘုရားကို ပစ်သတ်၍ မရနိုင်ပုံကို ပြောကြားကာ ရဟန်းပြုကြလေသည်။

ဒေဝဒတ်သည် မြတ်စွာဘုရားအား ဤသို့ သတ်ဖြတ်ရန်ကြံစည်ပုံများကို ရဟန်းတို့က ပြောဆိုနေကြသောအခါ မြတ်စွာဘုရားက ဒေဝဒတ်သည် ယခုမှသာ ငါတစ်ယောက်ကို အမှီပြု၍လူအများကို သတ်ဖြတ်ရန် ကြံစည်သည်မဟုတ်။ ရှေးရှေးဘဝတို့၌လည်း ထိုနည်းတူ လုံ့လပြုခဲ့ဖူးသည်ဟု မိန့်ကြား၍ တိတ်ဆိတ်နေလေရာ ရဟန်းတော်တို့က တောင်းပန်သဖြင့် စန္ဒကုမာရဇာတ်တော်ကို ဟောကြားလေသည်။

# စန္ဒကုမာရဇာတ်တော်

## ခဏ္ဍဟာလပုဏ္ဏားအရာကျခန်း

ရှေးလွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်သည် ပုပ္ဖဝတီအမည်ရှိလေသည်။ ထိုပြည်၌ ဝသဝတ္တီမင်း၏သား ဧကရာဇ်သည် မင်းပြုလေသည်။ ထိုမင်း၏သားတော်ကြီးကား စန္ဒကုမာရမင်းသားဖြစ်၍ အိမ်ရှေ့အရာရလေသည်။ မင်း၏ ပုရောဟိတ်မှာ ခဏ္ဍဟာလဖြစ်လေသည်။

ခဏ္ဍဟာလပုဏ္ဏားသည် လွှတ်သဘင်၌ တရားဆုံးဖြတ်ရာ လာဘ်စားသဖြင့် တရားကိုအလွဲအမှား စီရင်လေ့ရှိလေသည်။ တစ်နေ့သောအခါ တရားရှုံးသော ယောကျ်ားတစ်ယောက်သည် လွှတ်သဘင်မှ အော်ဟစ်ထွက်လာခဲ့၍ စန္ဒကုမာရမင်းသားကို မြင်လျှင် အနီးသို့ကပ်၍ ပုဏ္ဏား၏တံစိုးစား၍ မတရားစီရင်ပုံကို တိုင်ကြားလေသည်။ ထိုအခါ စန္ဒကုမာရမင်းသားက နှစ်သိမ့်စေ၍ မိမိတရားစီရင်သော လွှတ်သဘင်သို့ခေါ်ယူလျက် အမှန်ကို စီရင်ဆုံးဖြတ်ပေးလေသည်။ ထိုအခါ တရားသဘင်ရှိ ပရိသတ်တို့ ဝမ်းမြောက်လျက် အော်ဟစ် ကောင်းချီးပေးကြလေသည်။

ထိုအကြောင်းကို မင်းကြီးကြားလျှင် အလွန်ဝမ်းမြောက်သဖြင့် ခဏ္ဍဟာလကို ရာထူးမှချကာ စန္ဒကုမာရမင်းသားအား လွှတ်သဘင်သို့တက်၍ တရားဆုံးဖြတ်စေလေသည်။ ပုဏ္ဏားလည်း ထိုနေ့မှစ၍ အိမ်ရှေ့မင်းကြောင့်သာ မိမိလာဘ်လာဘ ဆုတ်ယုတ်ရသည်ဟု မင်းသားကို နှိပ်စက်ရန် ကြံစည်အငြိုးဖွဲ့လေသည်။

## မင်းကြီးယဇ်ပူဇော်ရန်ကြံခန်း

ဧကရာဇ်မင်းသည် အလွန်ပညာနည်းလေရာ တစ်နေ့သော် ထူးဆန်းတင့်တယ်သော တာဝတိံသာနတ်ပြည်ကို အိပ်မက်လေလျှင် ထိုနတ်ပြည်သို့ ရောက်လိုလှသောကြောင့် ခဏ္ဍဟာလပုရောဟိတ်ကို အကြံတောင်းလေသည်။

ထိုအခါ ပုဏ္ဏားသည် မိမိအကြံအောင်တော့အံ့ဟု ဝမ်းမြောက်လျက် "အရှင်မင်းကြီး သူတစ်ပါးတို့ပြုနိုင်ခဲသော မသတ်အပ်သောသူကို သတ်၍ ကောင်းမှုပြုမှ နတ်ပြည်သို့ရောက်မည်။ ထိုအလှူကား သားသမီး၊ မိဖုရား၊ သူကြွယ်၊ နွားလားဥသဘ အာဇာနည်မြင်း စသည်လေးခုစီကို သတ်လျက် လည်ချောင်းသွေးကို ယဇ်ပူဇော်ပါက အရှင်လတ်လတ် နတ်ပြည်သို့ ရောက်နိုင်၏"ဟု တင်လျှောက်လေသည်။

ထိုအကြောင်းကို မှူးမတ် မိဖုရားအပေါင်းတို့ ကြားလေလျှင် ကြောက်လန့် ငိုကြွေးကြလေသည်။ ပုဏ္ဏားလည်း မင်းကြီးအား အမြန် ယဇ်ပူဇော်ရန် တိုက်တွန်း၍ ယဇ်ပူဇော်ရန် တွင်းကို ကိုယ်တိုင်စီမံလေသည်။

## သားတော် သမီးတော်တို့ကို ဆောင်ယူခန်း

ဧကရာဇ်မင်းလည်း မင်းချင်းတို့ကို အမိန့်ပေး၍ သားသမီး မယားတို့ကို အကြောင်းကြားစေလျက် သားတော်လေးပါးကို ဆောင်ယူစေ လေသည်။ ထိုသူတို့သည် စန္ဒကုမာရမင်းသားထံသို့ ရောက်လေသော် အကြောင်းကိုပြောပြ၍ ခဏ္ဍဟာလပုဏ္ဏားက မိမိကို အငြိုးထား၍ ကြံ စည်ကြောင်း သိရှိလေသည်။ စန္ဒကုမာရ၊ ဝါမဂေါတ္တ၊ ဘဒ္ဒသေန၊ သူရိယကုမာရ မင်းသားလေးပါးတို့လည်း နန်းရင်ပြင်သို့ လိုက်ပါရလေသည်။ ထို့နောက် သမီးတော် ဥပသေနာ၊ ကောလိလာ၊ မုဒိတာ၊ နန္ဒာတို့ကို လည်းကောင်း၊ မိဖုရားကြီး ဝိဇယာ၊ ဧရာပတိ၊ ကေသနီ၊ သုနန္ဒာတို့ကို လည်းကောင်း၊ သူဌေးကြီး ပုဏ္ဏမုခ၊ ဘဒ္ဒိယ၊ သိင်္ဂါလ၊ ဝဍ္ဎ တို့ကို လည်းကောင်း၊ ဆင်တော်ဖြစ်သော အဘယကိရ၊ နာဠာဂိရိ၊ အစ္စုဂ္ဂတ၊ ဝရုဏနန္ဒတို့ကိုလည်းကောင်း၊ မြင်းတော် ကေသနီ၊ သုရာမုခ၊ ပုဏ္ဏက၊ ဝိနဘကတို့ကိုလည်းကောင်း၊ နွားလား ယူထပတိ၊ နောဇ၊ နိသဘ၊ ဂဝံပတိတို့ကိုလည်းကောင်း၊ ယဇ်ပူဇော်ရန် အသီးသီးဆောင်ယူထားလေသည်။ ပြည်သူတို့လည်း အုတ်အုတ်ကျက်ကျက် ဆူပူခြောက်ခြားလေသည်။

## မယ်တော် ခမည်းတော်တို့အား တင်လျှောက်ခန်း

မင်းကြီး၏ မယ်တော် ခမည်းတော်တို့ ထိုသတင်းကိုကြားလေသော် တုန်လှုပ်လျက် သားတော်ထံသို့ သွားရောက်၍ မေးလေသော် သားတော်က မိမိသည် နတ်ပြည်သို့ရောက်လို၍ ယဇ်ပူဇော်မည်ဟုဆိုလေသည်။ မယ်တော် ခမည်းတော်တို့လည်း ယဇ်ပူဇော်ခြင်းသည် ကောင်းသောအကျင့်မဟုတ်၊ သတ်ဖြတ်ခြင်းကင်းသော အလှူဒါနသည်သာ နတ်ပြည်သို့ ပို့ဆောင်နိုင်ကြောင်း ပြောကြားရာ သားတော်က မနာယူဘဲ ဆရာဧကရာဇ်၏ အဆုံးအမဖြစ်သည်ဟုသာ ပြန်ကြားပြောဆိုသဖြင့် မယ်တော် ခမည်းတော်တို့လည်း လက်လျှော့ကြရလေသည်။

## စန္ဒကုမာရမင်းသား တောင်းပန်ခန်း

စန္ဒကုမာရမင်းသားလည်း ခမည်းတော်အား မိမိတို့အသက်ကို မသတ်ဘဲ ပုဏ္ဏား၏ကျွန်ပြုလို့မှု ပြုပါဟူ၍ သနားစဖွယ် အမျိုးမျိုးတောင်းပန်လေလျှင် မင်းကြီးသည် မေတ္တာစိတ်ဖြင့် သနားလျက် နတ်ပြည်သို့ မရောက်လျှင်လည်းရှိစေ၊ သားသမီးတို့ကို မသတ်တော့ဟု အားလုံး လေးဦးစီ သတ္တဝါတို့ကို လွှတ်ပစ်လေသည်။

ထိုအကြောင်းကို ယဇ်တွင်းစီရင်နေသော ပုဏ္ဏားကြားသိလေလျှင် မျက်မှောင်ကြုတ်သော မျက်နှာဖြင့် မင်းကြီးထံသို့သွား၍ အလွန်ပြုနိုင်ခဲသော ကိစ္စကို ပြုမည်ဆိုပြီးမှ ဖျက်ရာသလောဟု အပြစ်ဆိုလေရာ ပညာနည်းသောမင်းလည်း သားသမီး၊ မိဖုရား၊ သူဌေး စသည်တို့ကို တစ်ဖန်ပြန်၍ ဖမ်းစေပြန်လေသည်။

စန္ဒကုမာရမင်းသားလည်း မိမိတို့အား သတ်ဖြတ်၍ မသင့်ကြောင်းကို တင်လျှောက်၍ နိုင်ငံ၌ ပုန်ကန်သောင်းကျန်းသူများနှင့်တကွ ရန်သူတို့ကို တားဆီးနိုင်သော သားတော်တို့နှင့်တကွ သတ္တဝါအပေါင်းကို လွှတ်ပစ်သင့်ကြောင်း၊ ပုဏ္ဏားသည် ကျေးရူးရှင်တို့အား ပစ်မှားတတ်

ကြောင်း စသည်တို့ကို ရှင်းလင်းတင်လျှောက်လေရာ မင်းကြီးလည်း တစ်ဖန် လွှတ်ပြန်လေသည်။

ထိုနောက် ပုဏ္ဏားကြီးသိလေလျှင် ဒေါသထွက်လျက် မင်းကြီးအား အပြစ်ဆိုတိုက်တွန်းပြန်လေလျှင် ထိုသူတို့အား တစ်ဖန်ပြန်၍ ဖမ်းစေလေသည်။ စန္ဒကုမာရမင်းသားလည်း မင်းကြီးအား ပုဏ္ဏားဆိုကိုင်း နတ်ပြည်ရောက်မည် မှန်လေသော် ပုဏ္ဏားသည်လည်း မိမိသားမယားတို့ကို အဘယ်ကြောင့် သတ်၍ ယဇ်မပူဇော်သနည်းဟု မင်းကြီး သိသာအောင် ရှင်းလင်းတင်လျှောက် သော်လည်း မရဘဲရှိလေသည်။

## မှူးမတ် သားမယားတို့ကို တောင်းပန်စေခြင်း

ထိုအခါ စန္ဒကုမာရမင်းသားက မှူးမတ်၊ သူဌေးစသည်တို့နှင့် ထိုသူတို့၏ အိမ်ရှင်မတို့အား တောင်းပန်စေသော်လည်း မည်သူမျှ မလျှောက်တင်ဝံ့သဖြင့် မင်းသားသည် မိမိမယားခုနစ်ရာတို့အား တောင်းပန် ခိုင်းပြန်လေသည်။ အိမ်ရှင်မတို့လည်း မင်းထံသို့သွား၍ တောင်းပန်ကြ ရာ မင်းကြီးက မနာယူပြန်လျှင် တစ်ဖန် ခဏ္ဍဟာလ ပုဏ္ဏားကြီးအား တောင်းပန်ရန် စေလွှတ်ပြန်လေသည်။ အိမ်ရှေ့မင်း၏ နှမငယ်သေလာမည်ရှိ မင်းသမီးကလည်း မင်းကြီးအား တောင်းပန်လေသည်။ အိမ်ရှေ့မင်း၏ သားတော် ဝသုလမ်မင်းသည်လည်း ငိုကြွေးတောင်းပန်လေသည်။ ထိုအခါ မြေးတော်အား ချစ်ခြင်းဖြင့် မင်းသား၊ မင်းသမီး စသည်အားလုံးကို လွှတ်ပြန်လေသည်။ သို့ရာတွင် ပုဏ္ဏား၏တိုက်တွန်းမှုကြောင့် ပြန်၍ဖမ်း ပြန်လေသည်။

## ယဇ်တွင်းသို့ ဆောင်ယူခန်း

ခဏ္ဍဟာလပုဏ္ဏားလည်း မင်းကြီး စိတ်မတည်သည်ကိုသိ၍ ယဇ် ပူဇော်ခြင်းအမှုကို အမြန်ပြီးစေရန် မင်းသားများနှင့်တကွ သတ္တဝါ ၄ ဦးစီ အစုအပေါင်းကို ယဇ်တွင်းသို့ ဆောင်ယူလေရာ မင်းသမီး ခုနစ်ရာတို့လည်း နောက်မှလိုက်ပါ ငိုကြွေးကြလေသည်။

## တပြည်လုံးချောက်ချားခန်း

ထိုအခါ၌ ပုပ္ပဝတီပြည် အလုံးလည်း ချောက်ချားလေသည်။ လူအပေါင်းတို့လည်း မြို့တံခါးသို့ စုပြုံတိုးဝှေ့လာကြရာ ပုဏ္ဏားလည်း တံခါးကို ပိတ်ထားသဖြင့် လူများလည်း ဥယျာဉ်သို့စုပြုံသွား၍ ငိုကြွေးကြသဖြင့် ငှက်များလည်း လန့်၍ ပျံကြလေသည်။ မြို့အလုံးလည်း ငိုသံဖြင့် ဆူညံလေသည်။

## ယဇ်တွင်း၌ တောင်းပန်ခန်း

ယဇ်တွင်းသို့ရောက်လေသော် ကေရာဇ်မင်း၏ မိဖုရားကြီးဂေါတမီသည် မိမိသားတော်အား ချမ်းသာပေးစေရန် တောင်းပန်၍ အိမ်ရှေ့မင်းသား၏ မိဖုရားကြီး ယဋ္ဌိကာ၊ သြပရက္ခိ၊ ပေါက္ခရဏီ၊ ကာသိကာတို့၏ လည်ဖက်၍ ငိုယိုတောင်းပန်လေသည်။ ထိုသို့ ငိုယိုသော်လည်း မင်းကြီးက မနာယူသဖြင့် ပုဏ္ဏားအား ကျိန်ဆဲလေသည်။

အိမ်ရှေ့မင်းလည်း ယဇ်တွင်းသို့ ရောက်သည်အထိ ခမည်းတော်အား အမျိုးမျိုးပြောဆိုရှင်းပြ၍ တောင်းပန်လေသည်။ မယ်တော် မိဖုရားကြီးလည်း ဖွဲ့နွဲ့ငိုကြွေးလေသည်။ မင်းသား၏ မိဖုရားကြီး စန္ဒာဒေဝီလည်း မင်းကြီး၏ခြေရင်း၌ ဝပ်၍ ငိုကြွေး၍ မိမိကိုပါ ပတ်ရန် တောင်းပန်လေသည်။ ထိုအခါ မင်းကြီးက နတ်ပြည်ကို လိုသောကြောင့် သားတော်ကိုသာ သတ်လိုသည် ချွေးမတော်သည် မတ်တော်များအနက် နှစ်သက်ရာနှင့် အိမ်ရာထောင်၍ အိမ်ရှေ့မိဖုရား စည်းစိမ်ကို စံပါလေဟုဆို၍ ပယ်လေသည်။

## သိကြားခင်းကာယ်ဆယ်ခန်း

ခဏ္ဍဟာလပုဏ္ဏားလည်း ရွှေခွက်ကို မင်းသား၏ လည်အောက်၌ခံ၍ သန်လျက်ကိုထမ်းကာ ရပ်လေသည်။ ထိုအခါ စန္ဒာဒေဝီအိမ်ရှေ့

မိဖုရားသည် မိမိအဖို့၌ သစ္စာမှတစ်ပါး အားကိုးရန်မရှိတော့ဟု သိ၍ ပရိသတ်အလည်၌ လှည့်ကာ '**ခဏ္ဍဟာလပုဏ္ဏားသည် ဂဟန်သော သဘောဖြင့် မကောင်းမှုကိုပြုသည်။ ဤမှန်သော သစ္စာစကားဖြင့် ငါ၏လင်သည် ချမ်းသာ၍ ငါနှင့်အတူ အသက်ထက်ဆုံး နေရစေသတည်း။ နတ်အပေါင်းတို့သည် တရားကိုစောင့်ပါကုန်**'ဟု သစ္စာပြု၍ နတ်တို့ကို တောင်းပန်လေသည်။

သိကြားမင်းသည် ထိုအသံကိုကြားလျှင် အကြောင်းကိုသိ၍ ရဲရဲတောက်သော လှံတံကိုလှည့်လျက် '**မင်းသားကိုမသတ်လင့် လွှတ်လော့**' ဟု ခြိမ်းခြောက်ပြောဆိုလေသည်။ မင်းနှင့်ပုဏ္ဏားတို့လည်း ကြောက်ရွံ့၍ သတ္တဝါအားလုံးကို အနှောင်အဖွဲ့မှ လွှတ်လေသည်။ ထိုသူတို့လည်း ဝမ်းမြောက်စွာ စည်းဝေးလျက် တစ်ယောက်လျှင် အုတ်ခဲတစ်ခဲစီဖြင့် ပစ်ခတ်သဖြင့် ခဏ္ဍဟာလပုဏ္ဏားလည်း သေလေသည်။ လူအများသည် မင်းကိုပါ သတ်မည်ပြုရာ အိမ်ရှေ့မင်းက တောင်းပန်တားဆီးရလေသည်။ ထိုအခါ လူများက မင်းကို ချမ်းသာပေး၍ သစ်ခေါက်ဆိုးအဝတ်ကို ဝတ်စေလျက် နနွင်းဆိုးညစ်ကို ဦးခေါင်း၌ရစ်ကာ ဒွန်းစဏ္ဍားအဖြစ်ဖြင့် ဒွန်းစဏ္ဍားတို့နေရာ အရပ်သို့ ပို့လေသည်။

## မင်းသားကိုထီးနန်းအပ်ခန်း

လူအပေါင်းတို့လည်း မင်းနှင့်ပုဏ္ဏားတို့ကို ပယ်ပြီးနောက် အိမ်ရှေ့မင်းအား ထီးနန်းလွှဲအပ်ကြလေသည်။ ပြည်သူအပေါင်းလည်း ပျော်ရွှင်ကြလေသည်။ ခမည်းတော်အားလည်း ပေးမြဲသောဝတ်ကိုပြု၍ ပြည်တွင်းသို့ မဝင်စေရရုံမှတစ်ပါး ဥယျာဉ်က ထွက်တော်မူခိုက် ဝတ်ရုံစားရုံ ရိက္ခာတို့ကို ဝင်၍ပေးလေသည်။ အဘဖြစ်သည်ဟူ၍ကား ရှိမခိုးဘဲလက်ယှက်ရုံသာ ပြုလေသည်။ မင်းသားသည် တရားသဖြင့် အုပ်စိုး၍ အသက်အဆုံး၌ နတ်ရွာသို့လားရလေသည်။

## သစ္စာလေးပါးကိုဝေဖန်ခန်း

မြတ်စွာဘုရားသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးတရားတို့ ဟောကြား၍ မဂ္ဂင်ရှစ်ပါးကို ညွှန်ပြတော်မူကာ ဟောပြောချွတ်တော်မူလေသည်။

## ဇာတ်တော်ပေါင်းခန်း

စန္ဒကုမာရဇာတ်တော်ကိုပေါင်းသော် ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင်–

၁။ ခဏ္ဍဟာလပုဏ္ဏားသည် ဒေဝဒတ်ဖြစ်လာလေသည်။
၂။ အိမ်ရှေ့မိဖုရားစန္ဒာဒေဝီသည် ယသော်ဓရာ ဖြစ်လာလေသည်။
၃။ မယ်တော် ဂေါတမီသည် မယ်တော်မဟာမာယာ ဖြစ်လာလေသည်။
၄။ စန္ဒကုမာရသားတော် ဝသုလမင်းသားသည် သားတော်ရာဟုလာ ဖြစ်လာလေသည်။
၅။ စန္ဒကုမာရ၏ နှမတော် သေလာမင်းသမီးသည် ဥပ္ပလဝဏ်ထေရီ ဖြစ်လာလေသည်။
၆။ စန္ဒကုမာရ မင်းသား၏ညီတော် ဝါမဂေါတ္တကား မဟာကဿပထေရ် ဖြစ်လာလေသည်။
၇။ စန္ဒကုမာရ မင်းသား၏ညီတော် ဘဒ္ဒသေနကား လက်ဝဲရံ မောဂ္ဂလာန်ထေရ် ဖြစ်လာလေသည်။
၈။ စန္ဒကုမာရမင်းသား၏ ညီတော် သုရိယကုမာရကား လက်ယာရံ သာရိပုတ္တရာထေရ် ဖြစ်လာလေသည်။
၉။ စန္ဒကုမာရမင်းသားကား ဂေါတမမြတ်စွာဘုရား ဖြစ်လာလေသည်။



# နာရဒဇာတ်တော်

## ဇာတ်တော်အကြောင်း

နာရဒဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် နာရဒဗြဟ္မာ၏ အကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီး ဆယ်စောင်တွင် အဋ္ဌမဇာတ်တော်ဖြစ်လေသည်။

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး နွယ်ချိုတော ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် ဥရုဝေဠကဿပကို အကြောင်းပြု၍ မဟာသက္ကရာဇ် ၁၀၃–ခု ပြာသိုလပြည့်ကျော် ၁၁–ရက်နေ့တွင် ဇာတ်တော်ဆယ်စောင်အနက် အစဦး ဟောကြားတော်မူသောအားဖြင့် ဟောကြားတော်မူလေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၄–ခုနှစ် တန်ခူးလဆန်း ၁၂–ရက်နေ့တွင် မင်းပူးရွာ လေသာကျောင်းဆရာတော် ဦးဩဘာသက မြန်မာစကားပြေဖြင့် ပြန်ဆိုရေးသားပြီးစီးခဲ့လေသည်။

## ဓာတ်တော်ကို ဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးနောက် မိဂဒါဝုန်တော၌ ဝါကပ်တော်မူပြီးလျှင် ဝါကျွတ်သောအခါ တစ်ပါးတည်း ဥရုဝေဠတောသို့ ကြွတော်မူလေသည်။ ထိုတောတွင် ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပ ညီနောင်တို့နှင့် နောက်ပါ တပည့်တစ်ထောင်တို့အား တရားဟောပြောလျက် ရဟန္တာဖြစ်စေပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ကြွလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် ပရိသတ်တစ်သိန်းနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ကြလေသည်။ ထိုအခါ ပရိသတ်ထဲမှ ပုဏ္ဏားသူကြွယ်တို့သည် ယခင်က ဥရုဝေဠကဿပအား ရဟန္တာဟု ထင်မှတ်ကြသဖြင့် မြတ်စွာဘုရားသည် ဥရုဝေဠကဿပ၏ တပည့်လော၊ ဥရုဝေဠကဿပသည် မြတ်စွာဘုရား၏ တပည့်လောဟု ခွဲခြားမသိကြဘဲရှိ၍ တွေးဆကြံစည်ကြရာ မြတ်စွာဘုရားကသိ၍ ဥရုဝေဠအား အဘယ်ကြောင့် ယဇ်ပူဇော်ခြင်းကို စွန့်သနည်းဟု မေးတော်မူလေသည်။ ထိုအခါ ဥရုဝေဠကဿပက မြတ်စွာဘုရား၏ အလိုတော်ကိုသိ၍ မှားသောအယူစွန့်ပြီးကြောင်းကို လျှောက်တင်လေပြီး မြတ်စွာဘုရား၏ ခြေတော်စုံကို ရှိခိုးကာ **'ကျွန်ုပ်တား အရှင်ဘုရား၏ တပည့်ဖြစ်ပါသည်'**ဟု ကောင်းကင်သို့ ထန်းတစ်ဖျား၊ နှစ်ဖျား၊ သုံးဖျားစသည် အလီလီပျံတက်ပြီးမှ ခုနစ်ကြိမ်တိုင် လျှောက်ထားလေသည်။

ထိုအခါမှ ပရိသတ်တို့သည် မြတ်စွာဘုရား၏ တန်ခိုးတော်ကိုသိ၍ ဥရုဝေဠကဿပအား ဆုံးမတော်မူနိုင်ပေသည်ဟု ချီးမွမ်းကြလေလျှင် မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ကို ရပြီးသည့်အခါမှသာ မဟုတ်သေး။ ရှေးအခါကလည်း ဥရုဝေဠကဿပ၏ အယူမှားခြင်းကို ပယ်ဖျောက်တော်မူခဲ့လေပြီဟု မိန့်ကြား၍ တိတ်ဆိတ်နေတော်မူသော်၊ ရဟန်းတို့က တောင်းပန်သဖြင့် နာရဒဇာတ်တော်ကို ဟောကြားတော်မူလေသည်။

# နာရဒဇာတ်တော်

## ရုဇာမင်းသမီးစံပယ်ခန်း

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ အင်္ဂတိ အမည်ရှိသော မင်းကြီး မင်းပြုလေသည်။ ထိုမင်းကြီးသည် တရားနှင့် ပြည့်စုံလေသည်။ ထိုမင်းကြီး၏ သမီးတော်ကား ရုဇာဒေဝီဖြစ်၍ အလွန် အဆင်းလှလေသည်။ မင်းကြီးတွင် သားတော်မရှိရကား သမီးတော်အား ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ အခြွေအရံတို့ဖြင့် ချီးမြှောက်ထားလေသည်။ အလှူပေးရန် လခွဲတစ်ကြိမ်ကျ ဥစ္စာတစ်ထောင်ကိုလည်း ပေးလေသည်။

## အမတ်တို့နှင့် တိုင်ပင်ခန်း

ထိုမင်းကြီး၌ အမှုကြီးငယ်ကို ဆုံးဖြတ်တတ်သော အမတ်ကား ဝိဇယ၊ သုနာမနှင့် အလာတဟူ၍ သုံးပါးဖြစ်လေသည်။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်အခါတွင် မင်းကြီးသည် လေသာနန်းတံခါးထက်၌ အမတ်များနှင့် စံမြန်းနေစဉ် လပြည့်ဝန်းကိုကြည့်လျက် ထိုသို့သာယာသော အခါ၌ မည်သို့သော မွေ့လျော်မှုပြုသင့်သနည်းဟု အမတ်များအား မေးမြန်းလေသည်။

ထိုအခါ စစ်သူကြီးဖြစ်သော အလာတအမတ်က စစ်ထိုး၍ အောင်ပွဲယူသင့်သည်ဟူ၍လည်းကောင်း၊ သုနာမအမတ်ကမူ၊ ကခြင်း၊ သီခြင်းစသော ကာမဂုဏ်တို့ဖြင့် ပျော်မွေ့သင့်သည်ဟူ၍လည်းကောင်း၊ ဝိဇယအမတ်ကလည်း ရဟန်း၊ ပုဏ္ဏားတို့အား ဆည်းကပ်၍ ယုံမှားခြင်းကို ပျောက်ရသော် ကောင်းမည်ဟူ၍လည်းကောင်း၊ အသီးသီးတင်လျှောက်လေသည်။

ထိုအခါ မင်းကြီးက ဝိဇယအမတ်ကြီး၏ စကားကို နှစ်သက်လေသော် အလာတအမတ်ကြီးက ရသေ့ရဟန်းတို့အား ဆည်းကပ်လိုပါမူ မိဂဒါဝုန်တော၌ အဝတ်မဝတ်သော တက္ကတွန်းထံသို့ ဆည်းကပ်သင့်ကြောင်း တင်လျှောက်လေသည်။

## ကဿပတက္ကတွန်းထံ ဆည်းကပ်ခန်း

မင်းကြီးလည်း ရထားကို ပြင်စေ၍ အလာတအမတ်ကြီးညွှန်သော ကဿပတက္ကတွန်းထံသို့ သွားလေသည်။ မင်းကြီးသည် တက္ကတွန်းထံသို့ ဆည်းကပ်၍ နှုတ်ဆက်မေးမြန်းပြီးလျှင် လူအပေါင်းတို့သည် မိဘ၊ ဆရာ၊ သားမယား အသက်ကြီးသူ၊ ရဟန်း ပုဏ္ဏား၊ မှူးမတ်ဗိုလ်ပါ၊ မြို့ရွာနိဂုံး ပြည်ထဲရေးစသည်တို့၌ မည်ကဲ့သို့ ကျင့်ရမည်ကိုလည်းကောင်း၊ နတ်ပြည်သို့ရောက်ရန် မည်သည့်တရားကို ကျင့်ရမည်ကိုလည်းကောင်း၊ မည်သည့်တရားပျက်သဖြင့် အဝီစိသို့ကျရမည်ကိုလည်းကောင်း မေးလေသည်။

ထိုအခါ တက္ကတွန်းက အရှင်မင်းကြီး တရားကျင့်သူသည် ကောင်းကျိုးကိုလည်းမရ၊ မကောင်းကျိုးကိုလည်းမရ၊ တမလွန်လောကသည်မရှိ။ အမိအဘ ဆရာဟူ၍လည်းမရှိ၊ သူမိုက်က ပေးလှူသည်ကို ပညာရှိကသုံးစားကြသည်။ အလှူ၌အကျိုးမရှိ၊ မကောင်းမှု၌လည်း အပြစ်မရှိ။ လောက၌ မြဲသောအရာမှာ၊ မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်ဟူ၍ ၇–ပါးရှိသည်။ လူအားလုံးသည် ၈၄ ကမ္ဘာပြည့်က စင်ကြယ်သည်။ စသည်ဖြင့် ပြောကြားလေသည်။

ထိုအခါ အလာတအမတ်က တက္ကတွန်း၏ စကားသည် အလွန်မှန်၍ မိမိသည် အတိတ်ဘဝက ဗာရာဏသီပြည်၌ နွားသတ်ယောကျ်ားဖြစ်ခဲ့သော်လည်း ယခုအခါ စစ်သူကြီးအမတ်ဖြစ်လာ၍ ငရဲသို့မလားရကြောင်းဖြင့် ထောက်ခံတင်လျှောက်လေသည်။

## ဗီဇက သူဆင်းရဲငိုကြွေးခန်း

ထိုကာလ၌ မိထိလာပြည်တွင် ဗီဇကအမည်ရှိသော ဆင်းရဲသား ကျွန်ယောကျ်ားတစ်ယောက်သည် ကဿပတက္ကတွန်းထံ၌ ဆည်းကပ်နေလေရာ၊ ထိုသူသည် ကဿပတက္ကတွန်းနှင့် အလာတအမတ်တို့၏ စကားကို ကြားရသောအခါ ရှိုက်ကြီးတငင်ငိုကြွေးလေသည်။ ထိုအခါ မင်းကြီးက အကြောင်းကို မေးလျှင် ဗီဇက,က မိမိသည် ရှေးဘဝက သာကေတပြည်၌ သီတင်းသီလရှိသော ဘာဝအမည်ရှိသော သူဌေးကြီးဖြစ်ခဲ့လျက် ယခုအခါ အိုးထိန်းသည် ကျွန်မ၏ဝမ်း၌ ဖြစ်ရသည့်ပြင်၊ ယခုဘဝတွင် ရသမျှကို ခွဲဝက်၍ လှူတန်းကာ သီလဆောက်တည်သော်လည်း အလာတအမတ် ပြောသကဲ့သို့ အချည်းနှီးပင် ဖြစ်မည်စိုး၍ ငိုယိုကြောင်းကို လျှောက်ထား လေသည်။

> (ဗီဇကသည် ကဿပဘုရားလက်ထက်က မထင်ရှားသော ယောကျ်ားတစ်ယောက်ဖြစ်၍ တစ်နေ့သောအခါ နွားပျောက်ရှာရာမှ စိတ်ပင်ပန်းနေစဉ် ရဟန်းတစ်ပါးက အကြိမ်ကြိမ် ခရီးကို မေးသဖြင့် စိတ်ဆိုး၍ ကျွန်မသား ရဟန်းလားဟု ဝစီကံဖြင့် ပစ်မှားမိသောကြောင့် ထိုအကုသိုလ်သည် အခွင့်ရသော ကြားဘဝ၌ အကျိုးပေးသည့်အတိုင်း သူဆင်းရဲမ၏ ဝမ်း၌ ဖြစ်ရလေသည်။ အခြားသောဘဝမှ ကုသိုလ်ကား အကျိုးပေးခွင့် မကြုံသေး၍ အကျိုးမခံစားရသေးခြင်း ဖြစ်လေသည်။)

မင်းကြီးလည်း ထိုစကားကိုကြားလျှင် မိမိလည်း ကာမဂုဏ်ကိုသာ ခံစား၍ နေတော့မည်လျှောက်ကြား၍ တက္ကတွန်းထံမှ ပြန်လေသည်။ နောက်တစ်နေ့ နံနက်သို့ရောက်လေသော် မင်းကြီးသည် အမတ်ကြီးများနှင့် အမတ်ငယ်ပရိသတ်တို့အား စည်းဝေးစေ၍၊ နန်းရှေးပြည်မှုကို အမတ်

ကြီးများအား လွဲကာ၊ မိမိကား အထူးထူးသော ကာမဂုဏ်တို့ကိုသာ ခံစားလေသည်။ အလှူဇရပ်တို့ကိုဖျက်ဆီး၍ မိန်းမပျိုတို့အားလည်း အနိုင်အထက်သိမ်းယူသဖြင့် တစ်ပြည်လုံး မကျေမနပ်ဖြစ်ကြလေသည်။

## ရှဇာမင်းသမီးတရားဟောခန်း

ထိုသို့လူအများပြောဆိုကြသံကို ရှဇာမင်းသမီး၏ အထိန်းတော်ကြားသိ၍ မင်းသမီးအား ခမည်းတော်သည် တိတ္တိတက္ကတွန်းကိုမှီ၍ အယူမှားကြောင်းကို တင်လျှောက်လေရာ၊ မင်းသမီးသည် ရှေးဘဝက ၇တ်သမီးဖြစ်စဉ်ကပင် လွန်လေပြီးသော ခုနစ်ဘဝနှင့် လာလတ္တံ့သော ခုနစ်ဘဝတို့ကိုသိရှိသည့်အတိုင်း၊ မိမိ၏ရှေးဘဝက အပြစ်ကိုပြ၍ မင်းကြီးအား တရား၌တည်စေမည်ဟု အကြံပြုလျက် ခမည်းတော်ထံသို့ ခစားရမည့်ကာလကိုသာ စောင့်၍နေလေသည်။

အဖိတ်နေ့သို့ရောက်သောအခါ မင်းသမီးသည် အခြွေအရံတို့နှင့်တကွ ခမည်းတော်ထံသို့သွား၍ လှူမြဲဝတ်အတွက် အသပြာတစ်ထောင်ကိုတောင်းခံရာ၊ မင်းကြီးက အလှူပြု၍ အကျိုးမရှိကြောင်းဖြင့် ပြောဆိုလေသည်။ ထိုအခါ ရှဇာမင်းသမီးက "ခမည်းတော်သည် သူမိုက်တို့ကို ဆည်းကပ်မိ၍ မှားလေပြီ မကောင်းမှုသည် စုဖန်များသော် ကြီးလေး၍ ငရဲ၌ နစ်ရတတ်သည်။ အလာတအမတ်သည် ကောင်းမှုကြွင်းကျန်နေသေး၍သာ အပါယ်သို့မကျခြင်းဖြစ်သည်။

ဗီဇကသည်လည်း မကောင်းမှုအကျိုးကုန်လျှင် ကောင်းရာသုဂတိသို့လားရမည်၊ မကောင်းသောသူနှင့် ပေါင်းဖော်ခြင်းသည်မအပ်၊ ငါးပုပ်ကိုထုပ်သော သမန်းမြက်သည် ငါးပုပ်နံ့စွဲနေသကဲ့သို့ သူယုတ်နှင့်ပေါင်းလျှင် သူယုတ်သာလျှင်ဖြစ်၍ ငရဲသို့သာ လားရတတ်သည်"စသည်ဖြင့် တရားဟောပြောလေသည်။

## ရဇ္ဇာမင်းသမီးအတိတ်ကိုဆောင်ခန်း

ထိုနောက် ရုဇာမင်းသမီးသည် ရှေးအတိတ်ကိုဆောင်လျက် မိမိသည် နတ်သမီးဖြစ်ရစဉ်က အတိတ်ခုနစ်ဘဝ၊ အနာဂတ်ခုနစ်ဘဝတို့ကို မြင်ခဲ့ကြောင်းနှင့် ရှေးသံသရာက ရာဇဂြိုဟ်ပြည်၌ ရွှေပန်းတိမ်သည်၏ သားဖြစ်သောအခါ မကောင်းသောမိတ်ဆွေနှင့် ပေါင်းသင်းသဖြင့် သူတစ်ပါး သားမယားကို လွန်ကျူးမိခဲ့ကြောင်း၊ ထိုမှစုတေသော် ဝံသတိုင်း ကောသမ္ဗီပြည်၌ သူဌေးသားဖြစ်ပြန်ရာ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းသဖြင့် ဒါနသီလဆည်းပူးခဲ့ကြောင်း၊ ထိုမှ စုတေပြန်သော် ပန်းတိမ်သည်ဘဝမှ အကုသိုလ်အကျိုးဆက်ကြောင့် ယောရုဝငရဲ၌ဖြစ်ရကြောင်း၊ ထိုမှလွန်သော် ဘိန္နာဂတပြည်၌ သင်းကွပ်ခံရသော ဆိတ်အဖြစ်၊ ဒေးစေ့ထုတ်ခံရသော မျောက်အဖြစ်၊ ဒသဏ္ဏတိုင်း၌ ဒေးစေ့ထုတ်ခံရသော နွားလားအဖြစ်၊ ဝဇ္ဇီတိုင်းတွင် ယောက်ျားမိန်းမ မဟုတ်သော နပုန်းပဏ္ဍုက်အဖြစ်၊ အသီးသီး ခံစားရပြီးမှ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးဖြစ်ရကြောင်း၊ ထိုမှစ၍ မိန်းမအဖြစ် ခြောက်ဘဝဖြစ်ရမည်ဖြစ်၍ ထိုနောက်မှ တန်ခိုးကြီးသော နတ်သားဖြစ်ရမည်ဖြစ်ကြောင်း။ မိမိ၏ အလုပ်အကျွေးဖြစ်သော နတ်သမီးတို့သည် အစဉ်သဖြင့် ပန်းကိုသီကြ၍ ဇဝနနတ်သားသည် မိမိချသောပန်းကို ခံယူကြောင်း။ ကောင်းမှုမကောင်းမှုတို့သည် မပျောက်မပျက်လိုက်တတ်ကြောင်း စသည်တို့ကိုဟောကြားလေသည်။

## ရဇ္ဇာမင်းသမီးသည် ခုနစ်ဖြစ်တို့ကိုဆင်ခြင်ခန်း

ရုဇာမင်းသမီးသည် နတ်သမီးမဖြစ်မီ အတိတ်၌ ဖြစ်ခဲ့သော နပုန်းပဏ္ဍုက်ဘဝ၊ ဒေးစေ့ထုတ်ခံရသော နွားလားဘဝ၊ ဒေးစေ့ထုတ်ခံရသော မျောက်ဘဝ၊ ဒေးစေ့ထုတ်ခံရသော ဆိတ်ဘဝ၊ ယောရုဝငရဲသားဘဝ၊ ကောသမ္ဗီပြည် သူဌေးသားဘဝ၊ ရာဇဂြိုဟ်ပြည် ပန်းထိမ်သည်ဘဝတို့ကို နောက်သို့ပြန်၍မြင်ပြီး နတ်သမီးဘဝမှ ရှေ့အဖို့တွင် အသက်နှစ်ပေါင်း

သုံးကုဋေခြောက်သန်းမျှနေ၍ စုတေလျှင် တာဝတိံသာနတ်ပြည်၌ပင် နတ်သမီးအဖြစ်ဖြင့် ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်တို့၌ ဖြစ်၍ ပဉ္စမအကြိမ်၌ ဇဝနနတ်သား၏ မိဖုရားကြီး နတ်သမီးဖြစ်၍ ဆဋ္ဌမဘဝ၌ မိထိလာပြည်၌ ရုဇာမင်းသမီးဖြစ်ပြီး နောက်တစ်ဘဝတွင်မူ မိန်းမအဖြစ်မှလွတ်၍ တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသော နတ်သား ဖြစ်ရမည့်အကြောင်းကို ကြိုတင်မြင်ခဲ့လေသည်။ (ရုဇာမင်းသမီးသည် ပစ္စက္ခမင်းသမီးဘဝမှနေ၍ တွက်ယူသော် အတိတ် ၁၂ ဘဝ၊ ပစ္စုပ္ပန် ၁ ဘဝနှင့် နောက်ဖြစ်မည့် တစ်ဘဝပေါင်း ၁၄ ဘဝကို မြင်လေသည်။ နတ်သမီးဖြစ်စဉ်အခါက တွက်ဆသော် အတိတ် ၇ ဘဝ၊ ပစ္စုပ္ပန်အပါအဝင် ရှေ့အနာဂတ် ၇ ဘဝ၊ ပေါင်း ၁၄ ဘဝကို မြင်လေသည်။

## ဥပမာအမျိုးမျိုးပြ၍ဆိုခန်း

ထိုနောက် မင်းသမီးသည် ဆက်လက်၍ "သင်မင်းကြီးသည် ယောကျ်ားအဖြစ်ကို မပြတ်အလိုရှိလျှင် သူတစ်ပါး၏ သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်သင့်သည်။ ယောကျ်ားအဖြစ်ကို အလိုရှိသော မိန်းမသည်လည်း လင်ကိုရိုသေစွာ လုပ်ကျွေးသင့်သည်။ စည်းစိမ်ချမ်းသာကို အလိုရှိလျှင် မကောင်းမှုကိုရှောင်ကြဉ်သင့်သည်။ စည်းစိမ်ချမ်းသာ ဖြစ်သူသည် ရှေးက ကောင်းမှုရှိသောကြောင့်သာဖြစ်သည်" စသည်ဖြင့် နံနက်မှစ၍ ညဉ့်သုံးယံပတ်လုံး တရားဟောပြောလေသည်။ မင်းကြီးသည် သမီးတော်၏စကားကို နှစ်သက်သော်လည်း မိမိ၏မိစ္ဆာအယူကိုကား မစွန့်ပေ။ မင်းသမီး တရားဟောပြောသောကြောင့် တစ်တိုင်းပြည်လုံး ဝမ်းမြောက်ကြလေသည်။

## အစိဋ္ဌာန်ပြုခန်း

ရုဇာမင်းသမီးသည် ခမည်းတော်အား ဆုံးမ၍မရလေသော် လက်မလျှော့ဘဲ လက်အုပ်ကိုချီ၍ တရားစောင့်သော လူ နတ် ဗြဟ္မာ

ကို့သည် ဤအရပ်သို့လာ၍ ခမည်းတော်အား ချေချွတ်ဟောပြောတော်မူပါဟု ခစ်မွှာခန်ပြုလေသည်။

## နာရဒဗြဟ္မာတရားဟောခန်း

ထိုအခါ၌ ဘုရားလောင်းသည် နာရဒဗြဟ္မာဖြစ်လေရာ အကျင့်မှားသော သူတို့ကို ကြည့်ရှုလေသော် ရုဇာမင်းသမီး၏ အလိုကိုသိ၍ အင်္ဂတိမင်းကြီးအား မိမိသာလျှင် အယူမှားပယ်စေနိုင်မည်ကို သိသဖြင့် ရသေ့အသွင်ကိုဆောင်လျက် ကောင်းကင်ခရီးမှ မင်းကြီး၏ နန်းပြာသဒ်သို့ ဝင်ပြီး ရှေ့တော်၌ ရပ်လေသည်။

ရုဇာမင်းသမီးလည်း ရသေ့ကိုမြင်လျှင် ရှိခိုးလျက် နေလေသည်။ မင်းကြီးလည်း ရှင်ရသေ့ကို ထိတ်လန့်၍ အကျိုးအကြောင်းကိုမေးလေသည်။ ထိုအခါ နာရဒရသေ့က မိမိသည် နာရဒဟူ၍လည်းကောင်း၊ ကဿပဟူ၍လည်းကောင်း၊ အမည်ရှိကြောင်း မိမိသည် ရှေးဘဝက သစ္စာတရားကိုလည်းကောင်း၊ ဣန္ဒြေခြွေဆုံးမခြင်းကိုလည်းကောင်း၊ အလှူပေးခြင်းကိုလည်းကောင်း၊ ပြုခဲ့သဖြင့် ကောင်းကင်သို့ပျံနိုင်သော တန်ခိုးရှိကြောင်း အမိအဘသည်လည်းကောင်း၊ ပစ္စုပ္ပန်လောကသည်လည်းကောင်း၊ တမလွန်လောကသည်လည်းကောင်းရှိသည်။ လူတို့သည် ကာမဂုဏ်တပ်မက်ခြင်းကြောင့် တမလွန်ကို မသိခြင်းဖြစ်သည်ကိုလည်းကောင်း ဟောပြောလေသည်။

ထိုအခါ မင်းကြီးက '**တမလွန်ရှိသည်ဆိုသော အသင်ရသေ့သည် ယခု အသပြာတစ်ရာပေးလော့၊ တမလွန် လောကသို့ရောက်မှ ကျွန်ုပ် အသပြာတစ်ထောင်ပေးအံ့**'ဟုဆိုလေသည်။ ထိုအခါ ရသေ့က '**သင် မင်းကြီးသည် ငရဲသို့ ရောက်လေသော် မည်သူလိုက်၍ တောင်းပါ မည်နည်း**'ဟု ဆိုလေသည်။ မင်းကြီးလည်း ပြန်၍မပြောနိုင်ရှိလေသည်။ ပြည်သူ အပေါင်းတို့လည်း ဗြဟ္မာမင်း၏ တရားဟောသံကိုကြား၍ ဝမ်းသာကြလေသည်။

## ငရဲအကြောင်းကိုပြခန်း

နာရဒပြဟ္မာမင်းလည်း မင်းကြီးအား ငရဲဘေးဖြင့် ခြိမ်းခြောက်၍ မိစ္ဆာအယူမှလွတ်စေအံ့ဟု လောကန္တရိက်ငရဲ၊ ခွေးကျားကြီး ခုနစ်ကောင် ရှိသောငရဲ၊ မြားလှံတို့ဖြင့် ညှဉ်းဆဲသောငရဲ၊ မီးကျီးစုငရဲ၊ ဆူးလက်ပံပင်ငရဲ၊ ကြိမ်ပိုက်ချောင်းငရဲ၊ စသည်တို့အကြောင်းကို အကျယ်ပြောပြလေသည်၊ မင်းကြီးလည်း ထိတ်လန့်၍ ငရဲမှလွတ်မည့် ကောင်းမြတ်သော အကျင့်တို့ကို ဟောကြားတော်မူပါဟု တောင်းပန်လေသည်။

## ရှေးခင်းမြတ်တို့၏ အကျင့်ကိုပြခန်း

ထိုအခါ နာရဒပြဟ္မာက အင်္ဂတိမင်းကြီး၏ ရှေး၌ဖြစ်သော ဝေတရဋ္ဌမင်း၊ ဝသာမိတ္တမင်း၊ အဋ္ဌကမင်း၊ ယမဒဂ္ဂိမင်း၊ ဥသိန္ဓရမင်း၊ သိဝိရာဇ်မင်း စသည်တို့သည် ရဟန်းပုဏ္ဏားတို့၏ ဒါယကာဖြစ်ခဲ့ကြ၍ နတ်ပြည်ကို သွားကြကုန်ပြီဟုပြဆို၍ "မင်းကြီးသည် အစားအသောက် အဝတ်တန်ဆာတို့ကို အလိုရှိသူတို့အား ပေးကမ်းလော့၊ အိမ်အို၊ နွားမြင်းအို တို့ကိုလည်း မပျက်ဆီးစေလင့်၊ အိုမင်းမစွမ်းရှိသော အမှုထမ်းတို့ကို ရှေးကကဲ့သို့ မျိုးရိက္ခာမပြတ်ပေးလော့"ဟု ဆုံးမလေသည်။

## ရထားဥပမာပြဆိုခန်း

ထိုနောက် နာရဒပြဟ္မာသည် မင်းကြီးအား နှစ်သက်အောင် ရထားဖြင့် ဥပမာပြ၍ဟောအံ့ဟု မင်းကြီး၏ကိုယ်ကို ရထားပမာလည်းကောင်း၊ စိတ်ကိုရထားထိန်းပမာလည်းကောင်း၊ မေတ္တာကို ရထားဝင်ရိုးပမာလည်းကောင်း၊ ဝေဖန်ခွဲခြမ်းခြင်းကို ရထား၏ ဝန်ခံပမာလည်းကောင်း၊ ခြေကိုရထား လှည်းဘီးပမာလည်းကောင်း၊ လက်ကို ရထားလက်တင်ပမာလည်းကောင်း၊ ဝမ်းကို ရထားပုံတောင်းပမာလည်းကောင်း၊ စကားကို ရထားအသံပမာ လည်းကောင်း၊ မှန်ကန်စွာဆိုခြင်းကို ညီညွတ်သော ရထားအင်္ဂါအဖြစ်

ည်းကောင်း၊ ချောပစ် ကုန်းတိုက်မပြုဘဲ စေ့စပ်စွာဆိုအပ်သောစကားကို ထား၏အလံအဖြစ်လည်းကောင်း၊ သိမ်မွေ့စွာဆိုအပ်သောစကားကိုဆိုခြင်းကို ထား၏အင်္ဂါအဖြစ်လည်းကောင်း၊ ကိုယ်နှင့်တန်သော စကားကိုဆိုခြင်းကို ထား၏တန်ဆာအဖြစ်လည်းကောင်း၊ သဒ္ဓါခြင်း၊ အလိုနည်းခြင်းကို ကောင်းစွာပြုပြင်အပ်သော ရထားအဖြစ်လည်းကောင်း၊ နှိမ့်ချခြင်းကို ရထားစက်ဖွယ်အဖြစ်လည်းကောင်း၊ မာန်မခက်ထန်ခြင်းကို ရထားလှည်းသန် အဖြစ်လည်းကောင်း၊ သီလစောင့်ခြင်းကို စည်းကုံးအဖြစ်လည်းကောင်း၊ အမျက်မထွက်ခြင်း၊ တရားစောင့်ခြင်းကို ထီးဖြူသဖွယ်လည်းကောင်း၊ အကြားအမြင်များခြင်းကို ရထားလင်္ကာတင် နောက်မှီတံကဲသဖွယ်လည်းကောင်း၊ တည်ကြည်သောစိတ်ကို ရထားခင်းနေရာသဖွယ်လည်းကောင်း၊ အခါကို သိသောအဖြစ်ကို ဆန်းကျယ်သော ရထားတန်ဆာသဖွယ်လည်းကောင်း၊ ရဲရင့်ခြင်းကို ရထားထောက် သုံးချောင်းသဖွယ်လည်းကောင်း၊ နှိမ့်ချ၍ အဆုံးအမခံခြင်းကို ရထားဦး၌ဖွဲ့သော လွန်ကြိုးသဖွယ်လည်းကောင်း၊ မာနမရှိခြင်းကို ရထားတံကျင်သဖွယ်လည်းကောင်း၊ စိတ်၏မတွန့်တိုခြင်းကို ငြိမ်သက်စွာသော ရထားခင်းကဲ့သို့လည်းကောင်း၊ ပညာရှိကိုမှီဝဲခြင်းကို မြူဆေးလျှော်ခြင်းကဲ့သို့လည်းကောင်း၊ သတိတရားကို ရထားလုံ့တံကဲ့သို့ လည်းကောင်း၊ တည်ကြည်ခြင်း၌ ယှဉ်ခြင်းကို ရထားထိန်းဆွဲသောကြိုး ကဲ့သို့လည်းကောင်း၊ မှတ်သင့်ကြောင်းကို ပောပြောလေသည်။

ထိုမှတစ်ပါး မင်းကြီး၏ လုံ့ကန်တို့ကြောင့် ကောင်းသောရထားမြင်း တို့ဖြင့် က၍ ခရီးကိုဆောင်လေသကဲ့သို့ ယဉ်ကျေးသောနှလုံးဖြင့် နိဗ္ဗာန်ကို ဆောင်နိုင်ကြောင်း၊ ရမ္မက်ကြီးခြင်းသည် အပါယ်သို့သွားရာ မကောင်းသော ခရီးဖြစ်၍ ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်းသည် ဖြောင့်သောလမ်းဖြစ် ကြောင်း၊ အာရုံငါးပါးလမ်း၌ ရထားကိုနှင်သော် ပညာလုံ့ကန်ဖြင့် မတိမ်းမစောင်းအောင် ထိန်းသင့်ကြောင်း၊ သို့မှသာ ငရဲကင်းဝေးမည်ဖြစ် ကြောင်းတို့ကို တရားပြလေသည်။

ထိုနောက် ရဇာမင်းသမီးအား ချီးမွမ်း၍ မိဖုရားခြွေရံပရိသတ်တို့အား ဆုံးမကာ ဗြဟ္မာ့ပြည်သို့ ပြန်လေသည်။

## ဇာတ်တော်ပေါင်းခန်း

ဇာတ်တော်ကို ပေါင်းသော် ဂေါတမမြတ်စွာဘုရားလက်ထက်တွင်-

၁။ အလာတအမတ်ကြီးသည် ဒေဝဒတ်ဖြစ်လာလေသည်။
၂။ သုနာမအမတ်ကြီးသည် ဘဒ္ဒဇိဖြစ်လာလေသည်။
၃။ ဝိဇယအမတ်ကြီးသည် လက်ယာရံသာရိပုတ္တရာ ဖြစ်လာလေသည်။
၄။ ဗီဇကသူဆင်းရဲသည် လက်ဝဲရံ မဟာမောဂ္ဂလာန် ဖြစ်လာလေသည်။
၅။ ကဿပတက္ကတွန်းသည် လိစ္ဆဝီမင်းသားသုနက္ခ ဖြစ်လာလေသည်။
၆။ ရုဇာမင်းသမီးသည် အာနန္ဒာထေရ် ဖြစ်လာလေသည်။
၇။ အဂ ‡ တိမင်းကြီးသည် ဥရုဝေဠကဿပ ဖြစ်လာလေသည်။
၈။ နာရဒဗြဟ္မာမင်းသည် ဂေါတမမြတ်စွာဘုရား ဖြစ်လာလေသည်။



# ဝိဓူရဇာတ်တော်

## ဇာတ်တော်အကြောင်း

ဝိဓူရဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် ဝိဓူရ ပညာရှိသုခမိန် အကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ရင့်မှ တစ်ကျိပ်ဟူသောဖြစ်ရပ် ဇာတ်တော်ကြီးဆယ်ဖွဲ့တွင် နဝမဇာတ်တော် ဖြစ်လေသည်။ ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် ပညာပါရမီတော်ကို အကြောင်းပြု၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သတင်းသုံးတော်မူစဉ် သက္ကရာဇ် *၁၂၃-ခု၊ နတ်တော်လဆန်း ၁-ရက်၊ ကြာသပတေးနေ့ဘွင် ဂါထာ(၁၃၀)ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူခဲ့လေသည်။ ပရိသတ် (၅၄၀၀၀)ကျွတ်တမ်းဝင်လေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၅-ခုနှစ်၊ ဝါခေါင်လတွင် မင်းပူးဆရာတော် ဦးဩဘာသက မြန်မာဘာသာပြန်ဆိုခဲ့၍

သက္ကရာဇ် ၁၁၅၂–ခုနှစ်တွင် စာဆိုတော် တွင်းသင်းမင်းကြီး မဟာစည်သူက ပျို့ကဗျာဖြင့် ရေးသားဖွဲ့ဆိုခဲ့လေသည်။

## ဝိဓူရဇာတ်တော်ကို ဟောကြားရခြင်းအကြောင်း

တစ်နေ့သောအခါ ရဟန်းသံဃာများသည် တရားသဘင်၌ စုဝေးကြလျက် မြတ်စွာဘုရား၏ နက်နဲသောပညာ ထူးထွေများပြားသော ပညာ၊ ရွှင်သောပညာ၊ လျင်သောပညာ၊ ထက်သောပညာစသော ထူးဆန်းအံ့ဩဖွယ်ပညာဂုဏ်ကို ချီးမွမ်းလျက် ပြောဆိုဆွေးနွေးနေကြလေ၏။

ထိုအခိုက် မြတ်စွာဘုရားသည် ရဟန်းတို့၏ အစည်းအဝေးသို့ ကြွတော်မူလာရာ ရဟန်းတို့အား အဘယ်စကားကို ပြောဆိုနေကြသနည်းဟု မေးမြန်းတော်မူ၍ ရဟန်းတို့က ပညာပါရမီတော်ကို ချီးကျူးပြောဆိုနေကြကြောင်းဖြင့် လျှောက်ထားသည့်အခါ မြတ်စွာဘုရားက ယခုသဗ္ဗညုတဉာဏ်တော်ကိုရပြီးမှ သူတစ်ပါးတို့၏ အယူများကို ပယ်ဖျောက်နိုင်သည်မှာ အံ့ဩဖွယ်မဟုတ်သေး။ လွန်လေသော သံသရာဘဝများက သဗ္ဗညုတဉာဏ်တော်ကို မရမီပင်လျှင် သူတစ်ပါးတို့၏ အယူကို နှိမ်နင်းပယ်ဖျောက်ပေးတော်မူခဲ့ဖူးသည့်ပြင် ပုဏ္ဏကအမည်ရသော ဘီလူးစစ်သူကြီးကိုလည်း ဆုံးမ၍ မိမိ၏အသက်ကိုပင် ချမ်းသာရာရအောင် ပြုနိုင်ခဲ့ဖူးသည်ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူလေ၏။

ထိုအခါ ရဟန်းတို့က ပုဏ္ဏကအား ဆုံးမပုံနှင့် ပုဏ္ဏကလက်မှ အသက်ချမ်းသာအောင် ပြုနိုင်ပုံများကို သိရှိချင်ကြသောကြောင့် အတိတ်ကို ဆောင်တော်မူပါရန် လျှောက်ထားကြသဖြင့် မြတ်စွာဘုရားသည် ဝိဓူရဇာတ်တော်ကို ဟောကြားတော်မူလေသည်။

ပဖ္ဖူးမြားပေးမာကါကာပေ

# ဝိဓုရဇာတ်တော်

## သီလအဆုံးအဖြတ်ပေးခန်း

လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္ထ နဂိုရ်ပြည်တွင် ဓနဥ္စယကောရဗျအမည်ရှိ မင်းကြီး မင်းပြုရာ ထိုမင်းကြီး၌ ဝိဓုရအမည်ရှိသော ပညာရှိသုခမိန်တစ်ယောက်ရှိခဲ့၏။

ဗာရာဏသီပြည်တွင် ပုဏ္ဏားသူကြွယ် ၄-ဦးသည် ရဟန်းပြု တောထွက်ပြီးနောက် မြို့ရွာတို့သို့ လှည့်လည်ရင်း အင်္ဂတိုင်းစမ္ပာနဂိုရ်ပြည်သို့ ရောက်၍ မင်းဥယျာဉ်၌ သီတင်းသုံးနေတော်မူကြရာ သူကြွယ်မိတ်ဆွေဖော် ၄-ဦးတို့ တွေ့မြင် ကြည်ညိုသဖြင့် တစ်ပါးစီ ပင့်ဆောင်ကိုးကွယ်ကြလေ၏။

ရသေ့များလည်း နေ့အခါတွင် တစ်ပါးက တာဝတိံသာ နတ်ပြည်၊ တစ်ပါးက နဂါးပြည်၊ တစ်ပါးက ဂဠုန်ပြည်၊ တစ်ပါးက ဣန္ဒပတ္ထမင်း၏ မိဂါဇိန်အမည်ရှိသော အရပ်၌ အသီးသီးသို့ သွားရောက်နားနေ၍ ပြန်ရောက်သောအခါ မိမိတို့ရောက်ရှိရာ အရပ်အသီးသီးတွင် တွေ့မြင်ခဲ့ရသည့် စည်းစိမ်ချမ်းသာတို့ကို သူကြွယ် အသီးသီးအား ပြောပြသဖြင့် ထို သူကြွယ်များလည်း ထိုစည်းစိမ်များကို တစ်ယောက်တစ်မျိုး စွဲလမ်းကြ၍ အလှူဒါန ကုသိုလ်ကောင်းမှုများပြုကာ စုတေသေလွန်ကြလေ၏။ ထိုအခါ တစ်ယောက်က တာဝတိံသာပြည်၌ သိကြားမင်းဖြစ်၏။ တစ်ယောက်က နဂါးပြည်၌ ဝရုဏနဂါးမင်းဖြစ်လေ၏။ တစ်ယောက်က ဂဠုန်မင်းဖြစ်လေ၏။ တစ်ယောက်ကမူ ဓနဥ္စယကောရဗျမင်း၏ သားတော် ဖြစ်၍ ခမည်းတော် နတ်ရွာစံသောအခါ ကောရဗျအမည်ဖြင့် မင်းပြုလေ၏။

ထိုမင်းလေးပါးတို့သည် တစ်နေ့သောအခါ ဥပုသ်ဆောက်တည်ပြီးနောက် ဆိတ်ငြိမ်စွာ တရားအားထုတ်ရန် မိဂါဒိန်ဥယျာဉ်သို့လာရောက်ပြီးနောက် ညနေချမ်းသာတွင် မင်းလေးပါး တွေ့ဆုံမိကြသောအခါ သိကြားမင်းက မိမိတို့ ၄–ဦး၏ ကိုယ်စီသီလများအနက် အဘယ်သူ၏သီလသည် အမြတ်ဆုံးဖြစ်သနည်းဟုမေးလေ၏။ နဂါးမင်း၊ ဂဠုန်မင်း၊ ကောရဗျ လူမင်းတို့ကလည်း အသီးသီး မိမိတို့သီလသာလျှင် အမြတ်ဆုံးဖြစ်သည်ဟု ဆိုကြ၍ သိကြားမင်းကလည်း မိမိ၏သီလသာလျှင် အမြတ်ဆုံးဖြစ်သည်ဟုဆိုကာ ငြင်းခုံမိကြလေသော် ကောရဗျမင်းက မိမိ၏ပညာရှိအမတ်ကြီး ဝိဓူရသုခမိန်အား ဆုံးဖြတ်စေရန် အကြံပေးသဖြင့် အားလုံးသဘောတူ အဆုံးအဖြတ်ခံကြလေ၏။

ဝိဓူရသုခမိန်က မင်းလေးပါးတို့၏ သီလများသည် ထပ်တူပင်ဖြစ်ကြောင်းကို ရှင်းလင်းဟောပြ ဆုံးဖြတ်ပေးရာ အားလုံး ကျေနပ်ဝမ်းမြောက်၍ သိကြားမင်းက ဘွဲ့ဖြူ ပုဆိုးဖြင့်လည်းကောင်း၊ နဂါးမင်းက ပတ္တမြားဖြင့်လည်းကောင်း၊ ဂဠုန်မင်းက ရွှေပန်းခိုင်ဖြင့်လည်းကောင်း၊ ကောရဗျမင်းက နို့ညှစ်နွားမတစ်ထောင် နွားလားဥသဘ၊ ဆင်၊ မြင်း၊ သိန္ဓောမြင်း ကသောရထားဆယ်စီးနှင့် ရွာကြီး ၁၆–ရွာတို့ဖြင့် အသီးသီး ပူဇော်ကြလေ၏။

## ဣန္ဒြရန္ဓတီနှင့်ပုဏ္ဏက တွေ့ခန်း

ဝရုဏနဂါးမင်းသည် နဂါးပြည်သို့ ပြန်ရောက်သောခါ၊ ပတ္တမြားပါမလာသဖြင့် နဂါးမိဖုရား ဝိမလာဒေဝီက မေးမြန်းရာ၊ ဝိဓူရပညာရှိသုခမိန်အကြောင်းကို ပြောပြသောအခါ မိဖုရားလည်း အလွန်ကြည်ညိုလှသဖြင့်၊ ဝိဓူရသုခမိန်၏ တရားကိုနာလို၍၊ နဂါးမင်းကြီးက ပင့်ခေါ်ပေး

အောင် ဥပါယ်တမည်ဖြင့် မကျန်းမာဟန်ပြု၍ နေလေ၏။ မင်းကြီးက စိုးရိမ်၍မေးလျှင် ဝိဓူရသုခမိန်၏ နှလုံးသားကိုရမှ အသက်ရှင်မည့် အကြောင်းဖြင့် စကားသွယ်၍ပြောသဖြင့် နဂါးမင်းလည်း သမီးဣရန္ဒတီကို ခေါ်၍ ဝိဓူရကို ခေါ်ဆောင်နိုင်သော လင်ယောကျ်ားကို ရှာချေဟုစေလိုက်လေ၏။

ဣရန္ဒတီလည်း မယ်တော်၏ ဆန္ဒကိုငဲ့၍ မိမိကိုယ်ကို ဖြီးလိမ်းကာ ကာဠမျက်စဉ်း တောင်ထိပ်သို့ သွား၍ ကလျက် သီချင်းဆိုနေလေ၏။ ဣရန္ဒတီ၏သီချင်းမှ "မိမိအား ဝိဓူရသုခမိန်၏ နှလုံးသားကိုတရားသဖြင့် ရအောင် ယူပေးနိုင်သူကို လက်ထပ်မည်" ဟူ၍ အဓိပ္ပါယ်ရှိရာ ဝေဿဝဏ် နတ်မင်းကြီး၏တူ ပုဏ္ဏားကနတ်ဘီလူး စစ်သူကြီးသည် အစည်းအဝေးသို့ အသွားတွင် ထိုသီချင်းသံကို ကြားသောအခါ ဣရန္ဒတီထံသို့ လာရောက် ကြည့်ရှုတွေ့မြင်ရသော် ချစ်ခင်သဖြင့် မိမိပင် ဝိဓူရ၏ နှလုံးသားကို ဆောင်ယူပေးပါမည်ဟု ဝန်ခံလေ၏။

ထိုနောက် ဣရန္ဒတီနှင့်အတူ ဝရုဏနဂါးမင်းနှင့် ဝိမလာဒေဝီတို့ထံသို့ လိုက်ပါလာပြီးလျှင် ဣရန္ဒတီနှင့် လက်ထပ်ပေးပါရန်နှင့် ဝိဓူရသုခမိန်၏ နှလုံးသားကို ဆောင်ယူပေးမည့်အကြောင်းကို ဝန်ခံသဖြင့် နဂါးမင်းကြီးလည်း သဘောတူညီ၍ တာဝန်ပေးအပ်လိုက်လေ၏။

ထိုအခါ ပုဏ္ဏကနတ်ဘီလူးသည် ဦးရီးဝေဿဝဏ္ဏနတ်မင်းကြီးထံသို့သွား၍ ခွင့်တောင်းလေ၏။ ထိုအချိန်တွင် ဝေဿဝဏ္ဏ နတ်မင်းကြီးမှာ တရားစီရင်ဆဲရှိနေရာ ပုဏ္ဏကလည်း တရားနိုင်မည့် နတ်သားတစ်ပါးထံ၌ ကပ်၍နေလျက် နတ်မင်းကြီးက တရားနိုင်သော နတ်သားအား သွားလေတော့ဟု ခွင့်ပြုသောအခါ မိမိအား ခွင့်ပြုလေသကဲ့သို့ အနီးရှိ နတ်များကို သက်သေထူကာ ပြန်လာခဲ့လေ၏။

ထိုနောက် ပုဏ္ဏကနတ်ဘီလူးသည် ဝေပုလ္လတောင်ထိပ်မှ မနောဟာရ ပတ္တမြားကို အစောင့် ကုမ္ဘာဏ်တို့အား ခြိမ်းခြောက်ကာ ထုတ်ယူလျက် ထိုပတ္တမြားကို လောင်းကြေးပြု၍ ကောရဗျမင်းထံသို့ ကြွေအန်ကစားရန် သွားလေ၏။ ကောရဗျမင်းထံသို့ ရောက်သောအခါ ကစ္စည်းအမည်ရှိသော လုလင်ဟန်ဆောင်၍ ကြွေအန်ကစားရန် စကားဆိုလေ၏။ မင်းကြီးက လောင်းကြေးကို မေးလေသော် မိမိ၌ပါရှိသော ပတ္တမြားနှင့် သိန္ဓောမြင်းကို လောင်းကြေးပြုမည်ဟုဆိုရာ မင်းကြီးက ငါ၌သိန္ဓောမြင်းနှင့်ပတ္တမြား များစွာပင်ရှိသည်ဟု ပြန်ပြောလေ၏။

## ပတ္တမြားအစွမ်းပြခန်း

ထိုအခါ ကစ္စည်းလုလင်က မိမိ၏ သိန္ဓောမြင်းအစွမ်းကိုပြရန် ၇ ယူဇနာအဝန်းရှိသော ဣန္ဒပတ္ထနဂိုရ်မြို့ရိုးကိုပတ်၍ စိုင်းပြရာ မြင်း လျင်မြန်လွန်းသဖြင့် မြို့တစ်ဝက်မြင်းများဆက်စီး၍ ဝိုင်းထားသကဲ့သို့ ထင်ရလေ၏။ လျင်မြန်လှသဖြင့် ကစ္စည်းလုလင်၏ ခါးကြိုးအနီစကိုသာ မြင်ရလေ၏။ ထိုနောက် ရေကန်ရေပြင်ပေါ်တွင် ခွာကိုရေမစွတ်ဘဲ အတုန့်အပြန်စိုင်းပြခြင်း ကြာရွက်ပေါ်၌ သွားစေ၍ လက်ဝါးပြင်ပေါ်၌ ရပ်စေခြင်း စသည်ဖြင့် အစွမ်းပြပြီးနောက် ပတ္တမြား၏ အစွမ်းကိုလည်း ပြပြန်လေ၏။ ပတ္တမြားတွင် မြို့အင်္ဂါစုံ၊ ကျေးငှက်မျိုးစုံ၊ လူ့ရဟန်းအစုံ၊ တူရိယာအစုံ၊ သားရဲ ကုန်းရေသတ္တဝါအစုံ၊ တောတောင်သမုဒ္ဒရာအစုံ၊ နတ်ပြည်နှင့်ကကြ ရှခင်းမျိုး စုံတွေ့မြင်နိုင်၍ ထူးဆန်းအံ့ဩလောက်ဖွယ် အရည်ဆယ်ပါးကိုပါ တွေ့မြင်ရလေသည်။

## ဝိဓူရကိုပေးခန်း

ထိုနောက် မင်းကြီး၏လောင်းကြေးကိုမေးရာ မိမိကိုယ်၊ မိဖုရား ကြီး၊ ထီးနန်းမှအပ ကျန်လိုသမျှကို ယူနိုင်သည်ဟုဆိုရာ သဘောတူညီ၍

ကြွေအန်ကစားရန် ပြင်ဆင်ကြလေ၏။ ထိုသို့စီရင်ပြီးလျှင် ကြွေအန်ပွဲကို ကြည့်နေကြကုန်သော မစ္ဆမင်း၊ သုရာသေနမင်း၊ မဒ္ဒရာဇ်မင်း၊ ကေကကေဘိမင်း စသော မင်းအပေါင်းတို့ သက်သေထား၍ ကစားကြသ၏။

ကောရဗျမင်းကြီးမှာ အတိတ်သုံးဘဝလွန်က မိခင်ယောက်ကိုယ်စောင့်နတ်သမီးတန်ခိုးဖြင့် အမြဲနိုင်လေရှိ၏။ ပုဏ္ဏကနတ်ဘီလူးလည်း ကစား၍ ကောရဗျမင်းကြီးကို မနိုင်သာဘဲရှိသောအခါ အကြောင်းကိုကြည့်သော် နတ်သမီးတန်ခိုး ဖြစ်သည်ကိုသိ၍ နတ်သမီးအား မျက်စောင်းထိုးပြီး နှင်ထုတ်ကာ ဆက်၍ ကစားလေလျှင် ပုဏ္ဏကနိုင်သဖြင့် လောင်းကြေးအဖြစ် ဝိဓူရသုခမိန်ကို တောင်းလေ၏။

မင်းကြီးလည်း ဝိဓူရသုခမိန်ကို မပေးလိုသဖြင့် ငြင်းခုံကြပြီးသော် ဝိဓူရသုခမိန်ထံသို့သွား၍ပင် အဆုံးအဖြတ်ကိုခံ၏။ ဝိဓူရလည်း "ငါသည် မင်းကြီး၏ ကျွန်တစ်ပါးဖြစ်၍ မင်းကြီးပြုလိုရာပြုထိုက်သည်"ဟု ဆိုလေလျှင် မင်းကြီးလည်း စိတ်ဆိုး၍ ဝိဓူရသုခမိန်အား ပုဏ္ဏကသို့ပေးလိုက်လေတော့၏။

## ဝိဓူရတရားဟောခန်း

မင်းကြီးသည် ဝိဓူရသုခမိန် လိုက်ပါမသွားမီ လူ့ဘောင်၌ အိမ်ရာထောင်သော သူတို့၏ ကျင့်ဝတ်ကိုမေးမြန်းလျှင် သုခမိန်က ကောင်းစွာကျင့်အပ်သော တရားများကို အကျယ်ရှင်းလင်းဟောပြလေ၏။

## ဝိဓူရအဆုံးအမပေးခန်း

ထိုနောက် ပုဏ္ဏကသည် ဝိဓူရကို ခေါ်ဆောင်ရာ ဝိဓူရ၏ တောင်းချက်အရ ဝိဓူရ၏အိမ်တွင် နှစ်ရက် သုံးရက်ခန့်နေ၍ စောင့်ဆိုင်းနေသဖြင့် ဝိဓူရသည် မိမိ၏မယား အနော်ဇာနှင့် သား ဓမ္မပါလ၊ ချွေးမ ဆေတ သားသမီးအပေါင်းတို့ကိုခေါ်၍ မိမိလိုက်ပါရမည့်အကြောင်းကို ပြောပြကာ

အကယ်၍ မင်းကြီးက သင်တို့အားအမြတ်တနိုး နေရာတူပေး၍ ချီးမြှောက်ခဲ့သော် နိမ့်သော မြေခွေးနှင့်တူသော ကျွန်ုပ်တို့သည်၊ မြတ်သောခြင်္သေ့နှင့်တူသော မင်းကြီးနှင့် အတူမနေသင့်ကြောင်းကို ကျွန်ုပ်တို့အရှင် ဝိဓူရ သွန်သင်ဆုံးမခဲ့ကြောင်းဖြင့်၊ ငါ့အား မင်းကြီးအမှတ်ရအောင် လျှောက်ထားလေဟု ဆုံးမလေ၏။

ထိုအခါ အိမ်သားအားလုံး ငိုကြွေးပူဆွေးကြလေ၏။

## ခင်းကျင့်တရားကိုညွှန်ပြခန်း

ထိုနောက် ဝိဓူရသုခမိန်က လူသတ္တဝါအားလုံးတို့သည် သင်္ခါရဖြစ်ကြောင်းကို ဟောပြော၍ မင်းခစားတို့ မင်းလိုသို့လိုက်၍ ကျင့်ဆောင်ရာတရား အပြား(၉၀)ကို ရှင်းလင်း သွန်သင်ခဲ့လေသည်။

## ဝိဓူရကိုမြင်းမြီး၌ချီ၍စိုင်းခန်း

ထိုနောက် ဝိဓူရသည် မင်းကြီးထံသို့ဝင်၍ ရှိခိုးမှာကြားပြီးလျှင် ပုဏ္ဏကနှင့် အတူလိုက်လေ၏။ ပြည်သူပြည်သားနှင့် အိမ်သားတို့က ငိုယိုကြသောအခါ ဝိဓူရသည် တရားဟောပြောပြ၍ နှစ်သိမ့်စေ၏။ မင်းကြီးကလည်း နန်းတော်သို့လာ၍ ငိုယိုတိုင်တမ်းကြသောသူတို့အား ဝိဓူရသည် မကြာမီ တရားဟောပြောပြပြီးလျှင် ပြန်လာလိမ့်မည်ဟု လှည့်ပတ်ပြောဆိုကာ နှစ်သိမ့်စေလေ၏။

ပုဏ္ဏကသည် ဝိဓူရကိုဆောင်၍ ကာဠတောင်ထိပ်သို့ရောက်သောအခါ ဝိဓူရကိုသတ်ပြီး အသည်းနှလုံးကို ထုတ်ယူ၍ ဣရန္ဒတီအား ပေးအံ့ဟု ဝိဓူရကိုကြောက်လန့်သေစေရန် ဘီလူးအသွင်ပြ၍လည်း ခြင်္သေ့၊ ဆင်၊ မြွေ အသီးသီးသော အသွင်ဖြင့် ခြိမ်းခြောက်၏။ သို့ရာတွင် ဝိဓူရမှာ ကြောက်ရွံ့ခြင်း မဖြစ်သဖြင့် လေပြင်းတိုက်စေခြင်း၊ တောင်ကိုလှုပ်ခြင်း၊ တောင်ခေါင်းထဲမှအော်ခြင်း၊ ဘီလူးအသွင်ပြ၍ လက်ဖြင့်ဆွဲကိုင် တွန်းထိုးခြင်း၊

လွှင့်ပစ်ခြင်းစသည်တို့ကို အကြိမ်ကြိမ်ပြုလေ၏။ သို့ရာတွင် ဝိဓုရမှာ ကြောက်ခြင်း၊ သေခြင်းမရှိသဖြင့် ဓောက်ထိုးဆွဲကိုင်ထားပြန်လေ၏။

ထိုအခါ ဝိဓုရသုခမိန်က အသင်ယောကျ်ားသည် အလွန်ကြမ်းကြုတ်လှ၏။ သင်ကား အဘယ်မည်သော နတ်ဖြစ်သနည်းဟုမေး၏။ ထိုအခါ ပုဏ္ဏကက မိမိသည် နတ်ဘီလူးဖြစ်ပြီး ဣရန္ဒတီ၏ မယ်တော်အလိုရှိသောနှလုံးသားကိုလို၍ သတ်ရန် ကြံစည်ကြောင်းပြောပြလေ၏။ ထိုအခါ ဝိဓုရက ဝရုဏနဂါးမင်းသည် ငါ၏တရားကို နာဖူးရာ နဂါးမိဖုရားသည်လည်း ငါ၏တရားကို နာလို၍ ပရိယာယ်ဖြင့် ပြောခြင်းဖြစ်မည်ဟု သိသဖြင့် "အသင်လုလင် ကျွန်ုပ်၏ နှလုံးကိုလိုပါမူ ရှေးဦးစွာ ကျွန်ုပ်၏တရားကို နာဦးလော့"ဟုဆို၍ သူတော်ကောင်းတရားကို ဟောပြောလေ၏။

## ဝိဓုရနဂါးပြည်သို့လိုက်ခန်း

ပုဏ္ဏကသည် ဝိဓုရ၏တရားကို နာရသောအခါ သူတော်ကောင်းတရားကိုရ၍ ဣရန္ဒတီကို အလိုမရှိတော့ဘဲ၊ ဝိဓုရ၏ သားမယားများထံသို့ ပြန်ပို့မည်ပြုရာ၊ ဝိဓုရက နဂါးပြည်သို့ ရောက်ချင်သေး၍ ပို့ပါဟု အတန်တန်တောင်းပန်သဖြင့် သိန္ဓောမြင်းနှင့်တင်လျက် ဆောင်ယူကာ နဂါးပြည်သို့သွားလေ၏။

နဂါးပြည်သို့ရောက်လျှင် ဝရုဏနဂါးမင်းကြီးအား ဝိဓုရ၏တရားကို နာကြားစေရန်ပို့လေ၏။

## ဝိဓုရတရားဟောခန်း

နဂါးမင်းကြီးသည် ဝိဓုရကိုတွေ့သောအခါ "မိမိအားရှိမခိုးသည်မှာ အကြောက်လွန်၍ဖြစ်သလော"ဟုမေး၏။ ဝိဓုရက လူအားလုံးတို့သည် သတ်ရမည့်သူ၊ သတ်ခံရမည့်သူတို့ကို ရှိခိုးမြဲမဟုတ်ကြောင်းကိုဖြေကြား၍ "သင်၏စည်းစိမ်ကို အဘယ်ကြောင့်ရသနည်း"ဟုမေး၏။ နဂါးမင်းက

ဘဝကကုသိုလ်ကြောင့် ရကြောင်းကို ပြန်ကြားလျှင် ဝိဓူရက ယခုလည်း ထိုနည်းတူ ကုသိုလ်ကောင်းမှု ပြုသင့်ကြောင်းဖြင့် တရားဟောပြောလေ၏။

ထိုအခါ နဂါးမင်းကြီးက ဝမ်းသာ၍ ဝိဓူရအား လူ့ပြည်သို့ပြန်ပို့ရန် ကြံလျက် ပုဏ္ဏကက မည်ကဲ့သို့ ခေါ်ဆောင်လာကြောင်းကို မေးလေ၏။ ဝိဓူရက ပုဏ္ဏကသည် ကြွေအန်နိုင်၍ ဆောင်ယူခဲ့ကြောင်းကို ပြောပြရာ နဂါးမင်းကြီးသည် ဝိဓူရအား မိဖုရား ဝိမလာဒေဝီထံသို့ ခေါ်ဆောင်သွားလေ၏။ ဝိမလာဒေဝီလည်း အလွန်ဝမ်းသာ၍ စကားပြောဆိုပြီးနောက် တရားတော်ကို နာကြားလေ၏။

ထိုနောက် ဝိဓူရသုခမိန်သည် မင်းကြီးအား သင်အလိုရှိရာကို ကျွန်ုပ်ပေးမည်။ အသင် မသတ်ရဘဲလျက် ကျွန်ုပ်ကိုယ်တိုင်လှီးဖြတ်ထုတ်ယူ၍ ပေးမည်။ လိုရာကိုသာ တောင်းလော့ဟု ဆိုလျှင်မင်းကြီးက "ကျွန်ုပ်တို့သည် သင်၏တရားဟောခြင်း ပညာတည်းဟူသော တရားကိုရပြီးဖြစ်၍ အခြားမလိုတော့ပြီ"ဟု ဆိုလေသည်။

ထိုနောက်တွင် မင်းကြီးသည် ပုဏ္ဏကအား သမီးတော် ဣရန္ဒတီကို ပေးလိုက်လေ၏။ ပုဏ္ဏကကလည်း မနောဟရ ပတ္တမြားကို ဝိဓူရအား ကျေးဇူးတင်သောအားဖြင့် ပေးလေ၏။

## ဝိဓူရပြန်ရောက်လာခန်း

ထိုနောက် ပုဏ္ဏကသည် ဝိဓူရအား သိန္ဓောမြင်းနှင့် တင်၍ ၎င်း၏နေအိမ်အရောက် ပို့ခဲ့ပြီး စတုမဟာရာဇ်ပြည်သို့ ပြန်သွားလေ၏။ ဝိဓူရပြန်ရောက်မည့်နေ့တွင် မင်းကြီးသည် "မိမိတံခါးဝ၌ အခက်အလက် အသီးအခိုင်နှင့် ဆင် မြင်း နွားတို့ ဖုံးအုပ်ထားသော သစ်ပင်ကြီးကို အဝတ်ပုဆိုး၊ ပန်းနားဋ္ဌောင်းအနီချည်း ဆင်မြန်းသော ကြမ်းတမ်းသည့် ယောကျ်ား တစ်ယောက်က ဖြတ်ယူသွားပြီး နောက်မှတစ်ဖန် ပကတိအတိုင်း ပြန်စိုက်ထားသည်"ဟု အိပ်မက် မက်လေ၏။

နံနက်လင်းသောအခါ ဝိဓူရသုခမိန်ကြောင့် မက်သောအိပ်မက် ဖြစ်သည်ဟုသိ၍ တစ်ပြည်လုံး တန်ဆာဆင်ကာ တရားသဘင်ကိုလည်း

စီမံပြီးနောက် ပြည်သူအများအား ဝိဓူရသုခမိန်ပြန်ရောက်လာမည့်အကြောင်းကိုပြောလျက် စောင့်နေကြလေ၏။

ထိုအခိုက် ဝိဓူရပြန်ရောက်လာလျှင် အားလုံးဝမ်းသာအားရဖြစ်ကြလျက် ကြိုဆိုကြလေ၏။ ဝိဓူရလည်း မိမိအား နဂါးပြည်သို့ဆောင်ယူခြင်းအကြောင်းကို ပြန်ပြောင်းပြောပြ၍ ပုဏ္ဏကထံမှရခဲ့သော ပတ္တမြားကို မင်းကြီးအား ပေးဆက်လေ၏။ မင်းကြီးလည်း အိပ်မက်အကြောင်းကို လူအများအား ပြောပြ၍ ဝိဓူရကို အဆောင်အယောင် အမျိုးမျိုးဖြင့် ပူဇော်လေ၏။

မင်းကြီးလည်း ဝမ်းမြောက်လှသဖြင့် မင်းဘေးသင့်သူ၊ ဖမ်းမိသောသားငှက် စသည်တို့ကို လွှတ်စေပြီး အလုပ်အကိုင် အရောင်းအဝယ်များရပ်နားစေ၍ ပွဲသဘင်ခံခြင်း၊ မင်းဆရာပုဏ္ဏားတို့အားလည်းကောင်း၊ အရက်သမားတို့အားလည်းကောင်း၊ ပြည့်တန်ဆာမတို့အားလည်းကောင်း၊ အသီးသီးပျော်ရွှင်ကြစေခြင်းနှင့် သားငှက်သတ်ဖြတ်မှု၊ ဆင်းရဲခံမှုတို့ကို ရှောင်ကြဉ်စေခြင်းစသော အစီအမံများကိုပြု၍ ဝိဓူရအား လက်ဆောင်အမျိုးမျိုးဖြင့် ပူဇော်စေလျက် တစ်လတိုင်တိုင် ပွဲသဘင်ခံလေ၏။ ဝိဓူရလည်း တရားဟောပြောကာ အသက်ထက်ဆုံး ကောင်းမှုကိုပြုလျက် နေလေရာ သေလွန်သော် နတ်ပြည်၌ဖြစ်လေ၏။

## ဇာတ်ပေါင်းခန်း

ဇာတ်ပေါင်းသော်-

၁။ ဝိဓူရ၏မယ်တော် ခမည်းတော်တို့သည် ယခုမြတ်စွာဘုရား၏ မယ်တော် ခမည်းတော်ဖြစ်သော မယ်တော်မာယာနှင့် သုဒ္ဓေါဓန မင်းကြီး ဖြစ်လာ၏။

၂။ ဝိဓူရ၏မယား အနော်ဇာဒေဝီမှာ ယခု မယ်ယသော်။

၃။ ဝရုဏနဂါးမင်းသည် ရှင်သာရိပုတ္တရာထေရ်။

၄။ ဂဠုန်မင်းသည် ရှင်မောဂ္ဂလာန်ထေရ်။

၅။ သိကြားမင်းသည် ရှင်အနုရုဒ္ဓါထေရ်။

၆။ မနုဿယကောရဗျမင်းသည် ရှင်အာနန္ဒာထေရ်။

၇။ ပုဏ္ဏကနတ်ဘီလူးသည် အင်္ဂုလိမာလထေရ်။

၈။ ပုဏ္ဏကစီးသော သိန္ဓောမြင်းမှာ ကဏ္ဍကမြင်း။

၉။ နဂါးမိဖုရား ဝိမလာဒေဝီမှာ ခေမာထေရီဘိက္ခုနီမ။

၁၀။ နဂါးမင်းသမီး ဣရန္ဓတီမှာ ကိသဂေါတမီထေရီဘိက္ခုနီမ။

၁၁။ ဝိဓူရ၏ပရိသတ်မှာ မြတ်စွာဘုရား၏ ပရိသတ်။

၁၂။ ဝိဓူရသုခမိန်သည် ဂေါတမမြတ်စွာဘုရား။
အသီးသီးဖြစ်လာကြောင်းကို ဟောပြဇာတ်ပေါင်းတော်မူလေ၏။




# ဝေဿန္တရာဇာတ်တော်

## ဇာတ်တော်အကြောင်း

ဝေဿန္တရာ ဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် ဝေဿန္တရာမင်း၏ အကြောင်းကို ပြဆိုရာဖြစ်သော ဇာတ်တော်ဖြစ်၍ ဇာတ်တော်ကြီးဆယ်စောင်တွင် နောက်ဆုံးဖြစ်သော ဇာတ်တော် ဖြစ်လေသည်။ ဝေဿန္တရာဘဝသည် မြတ်စွာဘုရား၏ လူ့ဘဝ၌ နောက်ဆုံးကျင်လည်ရသောဘဝဖြစ်၍ ထိုမှနောက်တွင် တာဝတိံသာ နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီး ထိုမှစုတေသော် သိဒ္ဓတ္ထမင်းသား ဖြစ်လာ၍ သဗ္ဗညုတဉာဏ်ကိုရကာ ဘုရားအဖြစ်သို့ ရောက်လေသည်။

ထိုဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် ပေါက္ခရမိုးရွာခြင်းကို အကြောင်းပြု၍ ဒါနပါရမီ ဖြည့်ရာအကြောင်းကို အဓိကထားလျက် ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ နေတော်မူသောအခါ မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့တွင် ဂါထာပေါင်း

၁၀၀၀–ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူလေသည်။ ထိုတရားပွဲတွင် ပရိသတ် ၅၄၀၀၀ ကျွတ်တမ်းဝင်လေသည်။

ထိုဇာတ်တော်မှာ ပါဠိဘာသာဖြင့်ရှိရာ သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ တပေါင်းလတွင် မင်းပူးရွာ လေသာဆရာတော် ဦးသြဘာသသည် ကျောင်းဒယကာ မောင်ထောက်၏ တောင်းပန်ချက်ကြောင့် မြန်မာစကားပြေ ပြန်ဆိုရေးသားတော်မူခဲ့လေသည်။

ထိုနှစ်မတိုင်မီက တောင်ဖီလာ ဆရာတော်ကလည်းကောင်း၊ တွင်းသင်းတိုက်ဝန် မဟာစည်သူကလည်းကောင်း၊ ဝေဿန္တရာဇာတ်တော်ကို ပျို့လင်္ကာဖြင့် အသီးသီးဖွဲ့ဆိုခဲ့ကြဖူးပြီး မောင်နိုးဆိုသူကလည်း ဝေဿန္တရာပျို့ကို ရေးဖွဲ့ခဲ့သည့်ပြင် ဦးပုညနှင့် ဦးကြင်ဥတို့ကလည်း ဝေဿန္တရာပြဇာတ်များကို အသီးသီးရေးသားခဲ့ကြလေသည်။

## ဇာတ်တော်ကိုဟောကြားရခြင်းအကြောင်း

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ နေတော်မူသောအခါ၌ ဝေဿန္တရာဇာတ်တော်ကို ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးနောက် ပဉ္စဝဂ္ဂီငါးဦး၊ ယသတို့၊ ဘဒ္ဒဝဂ္ဂီ စသည်တို့နှင့် ဥရုဝေလ၊ ကဿပအစရှိသော ရသေ့ညီနောင်တို့နှင့်တကွ တစ်ထောင်သော သူတို့အား ဧဟိဘိက္ခုအဖြစ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်၌တည်စေပြီးနောက် ထိုရဟန္တာတစ်ထောင်တို့ခြံရံလျက် ဘုရားဖြစ်တော်မမူမီက ပဋိညာဉ်အတိုင်း ရာဇဂြိုဟ်ပြည်သို့ကြွရောက်လေသည်။ ထိုနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အကြိမ်ကြိမ်စေလွှတ်ပင့်ဆောင်စေသဖြင့် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ကြွတော်မူလေသည်။ သာကီဝင်မင်းတို့သည် မြတ်စွာဘုရားရှင်အား နိဂြောဓာရုံကျောင်းသို့ ပင့်ဆောင်ကြလေသည်။ သို့ရာတွင် သာကီဝင်မင်းတို့သည် ဇာတိမာန်ခက်ထန်သဖြင့် ခမည်းတော်၊ ဘထွေးတော်၊ မိထွေးတော်၊ ဦးရီးတော်၊ အရီးတော်၊ အစ်ကို၊ ဘိုးဘွား စသည့် သာကီဝင်မင်း မိဖုရားတို့သည် မိမိတို့

အသက်အရွယ်ကိုစွဲ၍ ရှိခိုးခြင်းမပြုဘဲ နေလေရာ မြတ်စွာဘုရားသည် စတုတ္ထဈာန်ကိုဝင်စား၍ ကောင်းကင်သို့ကြွလျက် သာကီဝင်မင်းတို့၏ ဦးခေါင်းပေါ်သို့ ခြေဖျားမှမြူမှုံတို့ကိုချ၍ ရေအစုံ မီးအစုံ ဟန်ခိုးပြာဋိဟာကို ပြတော်မူရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကစ၍ ရှိသေစွာရှိခိုးလေလျှင် သာကီဝင်မင်းအပေါင်းတို့လည်း ရှိခိုးကြရလေသည်။

မြတ်စွာဘုရားလည်း ထိုသို့ပြာဋိဟာကိုပြပြီး၍ ကောင်းကင်မှ သက်လျက် ခင်းအပ်သော နေရာ၌ ထိုင်တော်မူလေလျှင် ကောင်းကင်တစ်ပြင်လုံး ထစ်ချုန်းမြည်ဟီး၍ မိုးတိမ်အထပ်ထပ်တက်ကာ ပဒုမာကြာတော၌ ရွာသောမိုးကဲ့သို့ ခြေလျက် ကြေးနီရောင်အဆင်းရှိသော မိုးကြီးရွာသွန်းချလေသည်။ ထိုမိုးသည် စိုစွတ်စေလိုသူ၌သာ စိုစွတ်၍ မစိုစွတ်စေလိုသောသူ၌ တစ်ပေါက်မျှမကျဘဲရှိလေသည်။

သာကီဝင်မင်းတို့လည်း ထိုမိုးကြီးကို အံ့ဩပြောဆိုလျက် မြတ်စွာဘုရားက ယခုဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌သာမဟုတ်သေးရှေးရှေးသောပါရမီဖြည့်စဉ်ကာလ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌လည်း ရွာဖူးကြောင်းကို မိန့်ကြား၍ တိတ်ဆိတ်နေလေလျှင် ရဟန်းတို့က လျှောက်ထားသဖြင့် ဝေဿန္တရာဇာတ်တော်ကို ဟောကြားတော်မူလေသည်။

# ဝေဿန္တရာဇာတ်တော်

## နိဒါန်း

သဗ္ဗညု မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ နေတော်မူသောအခါတွင် ကြာတော၌ ရွာသောမိုးနှင့်တူသောမိုးကိုအကြောင်းပြု၍ ဝေဿန္တရာဇာတ်တော်ကို ဟောကျော်မူလေသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မိဂဒါဝုန်တောသို့ ကြွရောက်၍ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစကြာတရားဟောကြားတော်မူလေသည်။ ထိုနောက် ဘဒ္ဒဝဂ္ဂီ၊ ယဿဝဂ္ဂီ၊ ဥရုဝေလကဿပ ရသေ့ညီနောင်နှင့်

ရသေ့တစ်ထောင်တို့ကို ဧဟိဘိက္ခု ရဟန်းအဖြစ် ချီးမြှောက်တော်မူပြီးနောက် ရဟန္တာတစ်ထောင်ခြံရံလျက် ဘုရားမဖြစ်မီက ပဋိညာဉ်အတိုင်း ဗိမ္ဗိသာရမင်းကြီး စံရာ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလေသည်။ ထိုနောက်တွင် ရာဇဂြိုဟ်ပြည်သား ရဟန္တာ တစ်သောင်းအထိ တိုးတက်လာလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် သားဖြစ်သူ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ရှိကြောင်းကို ကြား၍ အမတ် ကိုးယောက်ကို အခြံအရံတစ်ထောင်စီဖြင့် ကိုးခေါက်တိုင်လည်းကောင်း၊ နောက်ဆုံး ကာဠုဒါယီအမတ်ကြီးကို အခြံအရံ တစ်ထောင်ဖြင့်လည်းကောင်း စေလွှတ်ပင့်ဆောင်စေလေသည်။ မြတ်စွာဘုရားသည် ရဟန္တာနှစ်သောင်းခြံရံလျက် ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ နိဂြောဓာရုံကျောင်းတော်တွင် စံနေတော်မူပြီး ဆွေတော်မျိုးတော်များကို တရားဟောကြားတော်မူလေသည်။ ဆွေတော်မျိုးတော်တို့လည်း မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာကို မြင်ကြရပြီးနောက် ဦးညွှတ်ရှိခိုးကြလေသည်။ ဤတွင် ပေါက္ခရမိုးရွာသွန်းလေရာ ပရိသတ်များက အံ့ဩမိကြလေသောအခါ မြတ်စွာဘုရားက ရှေးရှေးသော ပါရမီဖြည့်စဉ်ကလည်း ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌အလားတူ ပေါက္ခရမိုးရွာသွန်းခဲ့ဖူးကြောင်းဖြင့် ဝေဿန္တရာ ဇာတ်တော်ကို ဟောကြားတော်မူလေသည်။

## ဖုဿတီမိဖုရားဆုတောင်းခန်း

ရှေးသရောအခါ သိဝိတိုင်းဇေတုတ္တရာပြည်၌ သိဝိရာဇ်မင်းကြီး မင်းပြု၏။ သားတော် သိဉ္စည်းမင်းသား အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏ သမီး ဖုဿတီဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းအပ်၏။

(ဖုဿတီမိဖုရား၏ အတိတ်မှာ ဤသို့တည်း။ လွန်ခဲ့သော ၉၁ ကမ္ဘာထက် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်တွင် ဗန္ဓုမတီမင်း၏ သမီးတော်အကြီးသည် စန္ဒကူးနှစ်တို့ကို မြတ်စွာဘုရားအားလှူလျက် နောင် ကာလတွင် ဘုရား၏ မယ်တော်ဖြစ်ရန် ဆုပန်၏။

ထိုသမီးတော်သည် ကဿပဘုရားလက်ထက်တော်တွင် ကိကီမင်း၏ သမီး သုဓမ္မာဖြစ်လာ၍ ဘဝအဆက်ဆက်ကျင်လည်ကာ သိကြားမိဖုရား ဖြစ်လာပြန်၏ ထိုဘဝမှ စုတေကာနီးသော် သိကြားမင်းထံမှ ဆုဆယ်ပါး ကို တောင်းယူခဲ့လေသည်။ ထိုနောက်တွင် မဒ္ဒရာဇ်မင်း၏ သမီးတော် ဖြစ်လာ၍ ဖုဿဒေဝီအမည်တွင်လေသည်။ ဂေါတမမြတ်စွာဘုရား လက်ထက် တွင် ဘုရား၏မယ်တော် မဟာမာယာဒေဝီ ဖြစ်လာလေသည်။)

## ဟိမဝန္တာချီးခွမ်းခန်း

သိဋ္ဌည်းမင်းနှင့် ဖုဿတီဒေဝီမိဖုရားတို့သည် ထီးနန်းစည်းစိမ်ကို စံစားကြရာ သိကြားမင်းသည် မိဖုရား၏ ဆုဆယ်ပါးအနက် သားဆု တစ်ပါးကျန်နေသည်ကို သိသဖြင့် ဖြည့်စွမ်းနိုင်ရန် တာဝတိံသာနတ်ပြည် မှ နတ်သားတစ်ပါးအား စုတေပြီး ပဋိသန္ဓေယူရန် တိုက်တွန်း၏။

ထိုနောက် မိဖုရားကြီးသည် ပဋိသန္ဓေရှိလာလေရာ မိဖုရားကြီး ၏ ချင်ခြင်းအရ သိဋ္ဌည်းမင်းကြီးက အလှူဇရပ် ခြောက်ဆောင်ဆောက်၍ နေ့တိုင်းခြောက်သိန်းသော အလှူဥစ္စာတို့ကို ပေးလှူခွင့်ပြုလေသည်။ ဆယ်လ ပြည့်လျှင် မိဖုရားကြီးသည် မြို့သို့လှည့်စဉ် ကုန်သည်တို့သွားရာလမ်းခရီး၌ သားရတနာဖွားမြင်လေ၏။ "မွေးဖွားစကပင် လှူရန်ဥစ္စာရှိပါသလော"ဟု မယ်တော်အား မေးမြန်းသဖြင့် အသပြာတစ်ထောင်ထုပ်ကို အလှူပြုရန် ပေးထားရလေ၏။

ထိုသားငယ်အား ဝေဿန္တရာဟူ၍ အမည်မှည့်၏။ မင်းသားငယ်အား ဖွားမြင်သောနေ့တွင် သိဝိရာဇ်မင်းကြီး၏ ဆင်တင်းကုပ်၌ ဆင်ဖြူတော် ရောက်လာလေသည်။ သိဋ္ဌည်းမင်းကြီးသည် သားငယ်အား အပြစ်လွတ်သော နို့ထိန်းတို့ကိုအပ်၍ ပြုစုစေ၏။

ဝေဿန္တရာမင်းသားသည် လေးနှစ်ငါးနှစ်အရွယ် ရောက်သော် အဖိုးတစ်သိန်းတန်သည့် လည်ဆွဲကိုချွတ်၍ အထိန်းတော်တို့အားပေးလေ၏။ အသစ်ဆင်မြန်းပေးသော အခါ၌လည်း ထပ်၍ပေးစွန့်ပြန်၏။

ရှစ်နှစ်ရွယ်ရောက်သောအခါ အပပစ္စည်းသာမက အသည်းနှလုံး မျက်စိတို့ကိုပင် တောင်းသူရှိကပေးမည်ဟု အကြံဖြစ်မိလေသည်။

တစ်ဆယ့်ခြောက်နှစ်ရွယ်သို့ ရောက်လျှင် မဒ္ဒရာဇ်မင်း၏ သမီးတော် မဒ္ဒီဒေဝီနှင့်ထိမ်းမြား၍ ထီးနန်းစိုးစံရလေသည်။ ဝေဿန္တရာမင်းသည် ဘိသိက်ခံသည်မှစ၍ နေ့စဉ်ခြောက်သိန်းသော ဥစ္စာတို့ကိုလှူ၏။ မဒ္ဒီဒေဝီမှ ဇာလီမင်းသားနှင့် ကဏှာဇိန်မင်းသမီးဟူသော သားသမီးနှစ်ပါးဖွားမြင်၏။

တစ်နေ့သောအခါ ကလိင်္ဂပြည်၌ မိုးခေါင်သဖြင့် ကာလိင်္ဂရာဇ်မင်းက စေတုတ္တရာပြည်သို့ ပုဏ္ဏားရှစ်ယောက်ကို စေလွှတ်ကာ ဆင်ဖြူတော်ကို အလှူခံစေ၏။ ပုဏ္ဏားတို့ကို ဝေဿန္တရာမင်းတွေ့ရှိသောအခါ အဖိုးနှစ်သန်း လေးသိန်း အဖိုးထိုက်သော တန်ဆာ အဖိုးမဖြတ်နိုင်သော ပတ္တမြား ခြောက်လုံးနှင့် ဆင်ဖြူတော်တို့ကို အထိန်းအယတို့နှင့်အတူ လှူဒါန်းလိုက်လေသည်။

ပြည်သူပြည်သားတို့လည်း ဆင်ဖြူတော်ကို လှူလိုက်ရကောင်းလောဟု ဝေဿန္တရာမင်းအား အမျက်ထွက်ကာ တိုင်းပြည်မှ နှင်ထုတ်ပေးရန် ခမည်းတော်သိဉ္စည်းမင်းကြီးအား တောင်းဆိုကြလေ၏။ မင်းကြီးလည်း တစ်ညဉ့်တာမျှ သည်းခံကြရန် ဆိုင်းငံ့စေ၏။ ထို့နောက် အမတ်ငါးယောက်ကို စေလွှတ်၍ အကြောင်းစုံကို ဝေဿန္တရာမင်းအား လျှောက်ကြားစေ၏။ ဝေဿန္တရာမင်းလည်း ပြည်မှမထွက်ခွာမီ ဆင်၊ မြင်း၊ ရထား၊ မိန်းမ၊ နို့စားနွားမ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ စသော ခုနစ်မျိုးကို ခုနစ်ရာစီကို အလှူပေးရန် စီမံစေ၏။ စားသောက်ဖွယ် တို့၌လည်း သေအရက်ပါမကျန် ပြုပြင်ကြစေ၏။

ထို့နောက် ဝေဿန္တရာမင်းကြီးသည်။ မဒ္ဒီဒေဝီထံသို့သွား၍ ဒါနတည်းဟူသော အလှူရွှေအိုးမြှုပ်နှံရန် တရားဟောပြောပြီး ပြည်မှခွာ၍ သွားရတော့မည်ဖြစ်ကြောင်းကို ပြောပြလေသည်။ မဒ္ဒီဒေဝီကလည်း အတူတကွ လိုက်ပါရန်နှင့် ဟိမဝန္တာတော၏ သာယာပုံကို ချီးမွမ်းလျှောက်ကြားလေသည်။

## အလှူပေးခန်း

မယ်တော် ဖုသတီဒေဝီမိဖုရားကြီးသည် သားတော်ထံသို့ သွားရောက်၍ ငိုကြွေးပြီးလျှင် မြောက်သားတော် သိဥ္စည်းမင်းကြီးထံသို့ သွားပြီးနောက် သားတော်အား နှင်ထုတ်ခြင်းမပြုရန် တောင်းပန်လေသည်။ မင်းကြီးလည်း ပြည်သူတို့ အလိုကိုမဆန့်ကျင်နိုင်ကြောင်းဖြင့် ပြန်ကြားပြောဆိုရာ မိဖုရားကြီးက သားတော်ကို အကြောင်းပြ၍လည်းကောင်း၊ ချွေးမတော် မဒ္ဒီဒေဝီကို အကြောင်းပြ၍လည်းကောင်း၊ မိမိအကြောင်းကို တင်ပြ၍လည်းကောင်း၊ တောင်းပန်လေသည်။ နန်းတွင်းသားတို့လည်း ငိုကြွေးကြလေသည်။

ဝေဿန္တရာမင်းလည်း ခုနစ်ရာ ခုနစ်လီ အလှူကြီးပေးပြီးနောက် ညအခါတွင်မယ်တော် ခမည်းတော်တို့ထံသို့ မဒ္ဒီဒေဝီနှင့်အတူ သွားရောက်၍ ကန်တော့၏။ ဖုသတီမိဖုရားကြီးက မဒ္ဒီဒေဝီအား သားတော် သမီးတော်တို့နှင့်အတူ နန်းတော်၌ နေရစ်ခဲ့ရန် ပြောကြားလေသည်။ သိဥ္စည်းမင်းကြီးကလည်း တောထဲရှိ သားရဲတို့ကို ပြောပြခြိမ်းခြောက်ကာ တားဆီးလေ၏။ သို့ရာတွင် မဒ္ဒီဒေဝီက လင်နှင့်ကင်းသော မိန်းမသည် မမြတ်သဖြင့် လင်နှင့်ထက်ချပ်လိုက်ပါသင့်ကြောင်းနှင့် သားသမီးတို့ပါ ခေါ်ဆောင်သွားမည့်အကြောင်းကို လျှောက်ကြားလေသည်။ သို့နှင့် နံနက်လင်းလျှင် ဝေဿန္တရာမင်းကြီးသည် အမတ်ခြောက်သောင်းခြံရံလျက် မဒ္ဒီဒေဝီနှင့် သားသမီးများပါ သိန္ဓောမြင်းကသော ရထားဖြင့် ဝင်္ကပါတောင်သို့ထွက်တော်မူ၏။ မြို့မှအတန်ကွာသော် မြို့တော်ကိုပြန်၍ လှည့်မျှော်ကြည့်မိလေ၏။

လမ်းခရီးတွင် ပုဏ္ဏားလေးယောက်တို့က မြင်းလေးစီးကိုလည်းကောင်း၊ တစ်ယောက်က ရထားကိုလည်းကောင်း၊ အလှူခံကြသဖြင့် လှူဒါန်းပြီး ခြေလျင်ဆက်ကာသွားကြလေ၏။

## တောသို့ဝင်ခန်း

ဝေဿန္တရာနှင့် မဒ္ဒီဒေဝီတို့သည် သားသမီးငယ်များနှင့် ဆက်၍ သွားရာ စေတုတ္တရာပြည်မှ ငါးယူဇနာကွာ သုဝဏ္ဏဂီရိတာလတောင်သို့

လည်းကောင်း၊ ထိုမှ ငါးယူဇနာကွာသော ကောသမ္ဗိမာရမြစ်သို့လည်းကောင်း၊ ထိုမှ ငါးယူဇနာကွာသော တုဏ္ဍဝိနာလိဒဏ္ဍာပုဏ္ဏားရွာသို့လည်းကောင်း ထိုမှဆယ်ယူဇနာကွာ စေတတိုင်း မဒ္ဒပြည်သို့လည်းကောင်း၊ နေ့ခြင်းရောက်လေ၏။

မြို့တော်ပြင်ရှိ ဇရပ်တွင်တည်းခိုကြလေရာ စေတမင်းသား ဆွေတော်မျိုးတော်တို့ ကြားသိလေလျှင် ဝိုင်းအုံလာရောက်၍ မေးမြန်းပြီး သိဋ္ဌည်းမင်းကြီးအား တောင်းပန်ပေးမည့်အကြောင်းကို လျှောက်ထားကြလေ၏။ သို့ရာတွင် မင်းကြီးက ဝင်္ကပါတောင် ခရီးစဉ်ကိုသာ မေးမြန်းလျက် နံနက်မိုးသောက်လျှင် ဆက်လက်ထွက်ခွာသွားလေတော့သည်။

၁၅ ယူဇနာသွားမိကြသော် ဟိမဝန္တာတောစပ်သို့ ရောက်လေ၏။ ထိုမှ မြောက်သို့သွားကြပြန်သော် ဂန္ဓမာဒနတောင်သို့လည်းကောင်း၊ ထိုမှ တစ်ဆင့် ဝေပုလ္လတောင်နှင့် ကေတုမတီမြစ်သို့လည်းကောင်း၊ ထိုမှလွန်သော် သာနုတောင်ထိပ်ပင် ညောင်ပင်ကြီးသို့လည်းကောင်း၊ ထိုမှ နာလိကကျောက်တောင် မုစလိန္ဒာအိုင်နှင့် ထိုမှတစ်ဆင့် ဝင်္ကပါတောင်သို့ ၁၅ ယူဇနာခရီးကို ဆက်လက်ထွက်ခွာကြလေ၏။ ဝင်္ကပါတောင်သို့ရောက်လျှင် အသင့်တွေ့ရသော ဝိသကြုံနတ်ဖန်ဆင်းသည့် ကျောင်းသခ်မ်း၌ ရသေ့အသွင် အသီးသီးဝတ်ဆင် ကျင့်သုံးလျက် သားသမီးတို့နှင့်အတူ လေးဦးသား ခုနစ်လတိုင် နေထိုင်ကြလေသည်။

## ဇူဇကာပုဏ္ဏားအခန်း

ကလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌရွာတွင် ဇူဇကာ ပုဏ္ဏားသည်အလှူခံ၍ရသော ဥစ္စာများကို ပုဏ္ဏားတစ်ဦးထံ အပ်နှံခဲ့ပြီး နှစ်ကာလကြာ၍ ပြန်တောင်းသောအခါ ပစ္စည်းထိန်းသူက မပေးဆပ်နိုင်သဖြင့် သမီးပျိုအမိတ္တာပုံအား ပေးရလေ၏။ အမိတ္တာပုံသည် လိမ္မာသောကြောင့် အခြားပုဏ္ဏားတို့မြင်လျှင် မိမိတို့ဇနီးများကို အပြစ်တင်ပြောပြသဖြင့် ထိုမိန်းမများက အမိတ္တာပုံကို

အမျက်ထွက်ထားကာ အရက်ရအောင် ဝိုင်းအုံဆဲရေးကြလေသည်။ အမိတ္တာပုံလည်း အရက်ရ၍ ရေဆိပ်သို့မျှ မသွားရဲတော့ဘဲ လင်ပုဏ္ဏားအိုကြီးအား အခိုင်းအစေရှာဖွေပေးခိုင်းလေသည်။ အမိတ္တာပုံသည် ဇူဇကာပုဏ္ဏားကြီးအား ဝင်္ကပါတောင်ရှိ ဝေဿန္တရာမင်းကြီးထံမှ သားတော်သမီးတော်တို့ကို အလှူခံရန် ပူဆာလေရာ ပုဏ္ဏားကြီးလည်း လမ်းခရီး၌ စားသောက်ရန် ရိက္ခာများကို ယူဆောင်ပြီး စေတုတ္တရာပြည်ဘက်သို့ ထွက်ခဲ့လေ၏။

စေတုတ္တရာပြည်သို့ရောက်လျှင် ပြည်သူပြည်သားတို့က အလှူခံပုဏ္ဏားမှန်းသိ၍ ခြိမ်းခြောက်လွှတ်သဖြင့် ပြေးရပြန်လေရာ ဝင်္ကပါတောင်သို့ သွားရာ တောအုပ်သို့ဝင်မိလေ၏။ ထိုတောအုပ်တွင် စေတမုဆိုးနှင့် တွေ့လေလျှင် အလှူခံပုဏ္ဏားဖြစ်မည်သိ၍ မုဆိုးက လေးနှင့်ပစ်သတ်ရန် ခြိမ်းခြောက်လေသည်။ ထိုအခါ ပုဏ္ဏားကြီးသည် လိမ်လည်၍ သိဉ္စည်းမင်းကြီး၏ တမန်ဖြစ်ပြီး သားတော်ကိုခေါ်ဆောင်ရန် စေလွှတ်လေဟန် ပြောဆိုသဖြင့် မုဆိုးက ခရီးလမ်းညွှန်ပြ ကူညီလေ၏။

## ဟိမဝန္တာချီးမွမ်းခန်းအကျဉ်း

စေတမုဆိုးသည် ဝင်္ကပါတောင်သို့သွားရာ ယမ်းခရီးကိုလည်းကောင်း၊ ကျောင်းသင်္ခမ်းအရပ်ကိုလည်းကောင်း၊ ကျောင်းသင်္ခမ်းအနီးရှိ ရေကန်ကိုလည်းကောင်း၊ အမျိုးမျိုးသာယာပုံများကို ဖွဲ့နွဲ့ချီးမွမ်းပြောဆိုညွှန်ပြ၍ လမ်းခရီးတစ်ထောက်ဖြစ်သော အစ္စုတ ရှင်ရသေ့၏ နေရာသို့ ညွှန်ပြလိုက်လေသည်။

## ဟိမဝန္တာချီးမွမ်းခန်းအကျယ်

ဇူဇကာပုဏ္ဏားသည် အစဉ်အတိုင်းသွား၍ အစ္စုတရှင်ရသေ့ထံသို့ ရောက်လေလျှင် ရှင်ရသေ့က ထိုပုဏ္ဏားသည် ဝေဿန္တရာမင်း၏ သားသမီးတို့ကို အလှူခံဦးမည်ဟုသိ၍ မသွားရန်တားမြစ်လေ၏။ ထိုအခါ ပုဏ္ဏားက တစ်မျိုးကြံပြီး မိမိသည် ဝေဿန္တရာမင်းကြီး၏ ဆရာပုရောဟိတ်ဖြစ်၍

ဖူးမြင်ရန်လာခြင်းဖြစ်ကြောင်းနှင့် လိမ်လည်ပြောဆိုလေ၏။ ရှင်ရသေ့လည်း ယုံကြည်၍ ဝေဿန္တရာမင်းကြီး၏ ကျောင်းသင်္ခမ်းရှိ တော၏သာယာပုံကိုလည်းကောင်း၊ သင်္ခမ်းရှိရေကန်၏ သာယာပုံကိုလည်းကောင်း၊ မုစလိန္ဒအိုင်၏ သာယာပုံအသီးသီးကိုလည်းကောင်း၊ အကျယ်တဝင့်ချီးကျူးပြောပြ၍ ခရီးညွှန် လိုက်လေရာ ပုဏ္ဏားကြီးလည်း ခရီးညွှန်သည့်အတိုင်း ဆက်လက်သွားရောက်လေ၏။

## သားတော်သမီးတော်တို့အခန်း

ပုဏ္ဏားကြီးသည် လမ်းခရီးလေးထောင့်ကန်အနီးသို့ရောက်လျှင် မဒ္ဒီဒေဝီ တောသို့သစ်သီးရှာသွားခိုက် နံနက်တွင်မှ အလှူခံသင့်သည်ကို တွက်ဆ၍ ထိုနေ့ညတွင် သာနုတောင်ထိပ်သစ်ပင်အောက်တွင် အိပ်လေ၏။

မဒ္ဒီဒေဝီသည် ထိုနေ့ညတွင် "မည်းနက်သော ယောကျ်ားတစ်ယောက် သည် ဖလ်ရည်ဆိုးသော ပုဆိုးဆိုဝတ်၍ နီသောပန်းကို နားနှစ်ဖက်၌ပန်ပြီးလျှင် လက်နက်စွဲကိုင်လျက် အတင်းခြိမ်းခြောက်ကာ သူ၏ဆံပင်ကိုဆွဲပြီး မျက်စိ နှစ်လုံးကိုလည်းကောင်း၊ လက်နှစ်ဖက်ကိုလည်းကောင်း၊ အသည်းနှလုံးကို လည်းကောင်း ဖောက်ထွင်းခုတ်လှီးထုတ်ယူသွားသည်"ဟု အိပ်မက်မြင်မက် လေ၏။

မဒ္ဒီဒေဝီသည် ဝေဿန္တရာမင်းကြီးထံသို့ သွား၍ အိပ်မက် အကြောင်းကို ပြောပြရာ မင်းကြီးက မိမိဒါနပါရမီပြည့်တော့မည်ကို သိသော်လည်း မဒ္ဒီဒေဝီစိတ်သက်သာစေရန် ဖျောင်းဖျပြောလိုက်လေ၏။ မဒ္ဒီဒေဝီလည်း နံနက်လင်းလျှင် စိတ်မကောင်းစွာဖြင့်ပင် သစ်သီးရှာရန် တောသို့ သွားရလေ၏။

ဇူဇကာပုဏ္ဏားသည် နံနက်တွင်ထ၍ ဝေဿန္တရာမင်းကြီး၏ ကျောင်းသင်္ခမ်းဆီသို့ သွားရာ မင်းကြီးမြင်လေလျှင် သားတော်ဇာလီအားခေါ်၍ ပြ၏။ အလှူခံ တစ်စုံတစ်ဦးဖြစ်မည်ဟု သိ၍လည်း အလွန်ဝမ်းမြောက် လေ၏။ ပုဏ္ဏားကြီး ရောက်လာလျှင် ခရီးဦးကြို၍ အကြောင်းကို

မေးမြန်းရာ ပုဏ္ဏားကြီးက သားတော် သမီးတော်တို့ကို အလှူခံလေသော် ဝေဿန္တရာမင်းကြီးလည်း မဒ္ဒီဒေဝီပြန်ရောက်သည်အထိ စောင့်ဆိုင်းရန်ပြောဆို၏။ သို့ရာတွင် ပုဏ္ဏားကြီးက အလိုမပြည့်မည်စိုး၍ ချက်ချင်းပင်လျှင် ခေါ်ဆောင်ရန်ပြောဆိုလေရာ ဇာလီနှင့်ကဏှာဇိန်တို့လည်း ကြောက်လန့်၍ ရေကန်ထဲသို့ဆင်းပြီး ကြာဖက်အောက်တွင် ပုန်းလျှိုးနေကြလေ၏။

ပုဏ္ဏားကြီးလည်း သူငယ်တို့ကိုခေါ်ဆောင်ပေးရန် ပြစ်တင်ပြောဆိုသဖြင့် ဝေဿန္တရာမင်းကြီးလည်း သားတော် သမီးတော်တို့အား ခမည်းတော်၏ ပါရမီကိုဖြည့်ကြရန် တိုက်တွန်းခေါ်ဆောင်၍ သားတော်အား ရွှေစင်နိက္ခတစ်ထောင်၊ သမီးတော်အား ကျွန်ယောကျ်ားတစ်ရာ၊ ကျွန်မိန်းမတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ၊ ရွှေစင်နိက္ခတစ်ရာ၊ ငွေစင်နိက္ခတစ်ရာ အသီးသီးတန်ဖိုးဖြတ်လိုက်ပြီး ရေစက်သွန်းချကာ ပုဏ္ဏားကြီးအား လှူဒါန်းလိုက်လေ၏။

ပုဏ္ဏားကြီးလည်း သူငယ်တို့ကို နွယ်ကြိုးဖြင့် တုတ်နှောင်၍ ရိုက်ပုတ်ခေါ်ဆောင်ရင်း လဲကျလေလျှင် သူငယ်တို့လည်း ခမည်းတော်ထံသို့ ပြန်ပြေးခဲ့ပြီး မယ်တော်ရောက်လာမှလှူရန် တောင်းပန်ကြလေ၏။ ထိုအခိုက် ပုဏ္ဏားလိုက်လာ၍ ခေါ်ဆောင်သွားပြန်လေ၏။ ဝေဿန္တရာမင်းကြီးလည်း ငိုကြွေးလိုက်ပါသွားသော သားတော် သမီးတော်တို့ကို သနားလျက် ပုဏ္ဏားကို သတ်ဖြတ်၍ပြန်လည်လုယူရန် ကြံမိပြီးမှ တရားတော်ကို နှလုံးသွင်း၍ သည်းခံနေရရှာလေသည်။ နောက်တစ်ကြိမ် သူငယ်တို့ပြေးထွက်လာပြန်သော်လည်း ပုဏ္ဏားလိုက်လာ၍ ဆောင်ယူသွားပြီး ထိုနေ့ညတွင် ဝင်္ကပါတောင်တံခါးသို့ ရောက်ရှိကြလေ၏။

## မဒ္ဒီဒေဝီအခန်း

ဝေဿန္တရာမင်းကြီး၏ ဒါနကြောင့် မြေတုန်လှုပ်သည်တွင် တောစောင့်နတ်တို့သည် မဒ္ဒီဒေဝီ၏ ရတ်တရက်ပူဆွေးဆုံးပါးခြင်းဖြစ်မည့် အရေးကို မျှော်ခေါ်မိကြ၍ သစ်၊ ကျား၊ ခြင်္သေ့အသွင်ဖြင့် လမ်းခရီးမှ

ကာဆီးလျက် နေကြလေ၏။ မဒ္ဒီဒေဝီလည်း စိုးရိမ်ထိတ်လန့်လျက် သားသမီးတို့အတွက် ပူပန်ငိုကြွေးလေ၏။

မဒ္ဒီဒေဝီလည်း သားရဲတို့ကို တောင်းပန်ကာ လမ်းအခွင့်ရ၍ ပြန်လာခဲ့ရာ ညချမ်းအချိန်တွင် ကျောင်းသခ်မ်းအနီး၌ သားငယ်သမီးငယ်တို့ကို မတွေ့ရလေလျှင် ပူပန်ညှိုးငယ်စွာဖြင့် ဝေဿန္တရာမင်းကြီးထံသို့ ဝင်ရောက်၍ မေးမြန်းလေ၏။ မင်းကြီးကား ဘာမျှမပြောဆိုဘဲ ဆိတ်ဆိတ်နေလေလျှင် မဒ္ဒီဒေဝီလည်း ငိုကြွေးတောင်းပန်လေ၏။ ဝေဿန္တရာမင်းကြီးလည်း မဒ္ဒီဒေဝီ၏ပူဆွေးခြင်းမှ စိတ်ပြောင်းလဲအောင် အပြစ်ရှာ၍ စွပ်စွဲဟန်ဖြင့် ပြောဆိုမေးမြန်းလေရာ မဒ္ဒီဒေဝီက သားရဲတို့ ပိတ်ဆီးနေပုံကို ပြောပြပြီးနောက် သားသမီးတို့အကြောင်းကိုသာ ထပ်ကာမေးမြန်းလေသည်။

ဝေဿန္တရာမင်းကြီးလည်း နံနက်အရုဏ်တက်သောက်မှ တစ်ညဉ့်ပတ်လုံး ပြေးလွှားငိုကြွေးခဲ့သော မဒ္ဒီဒေဝီအတွက် အလွန်စိုးရိမ်ပူပန်လျက် သားတော် သမီးတော်တို့အား ပုဏ္ဏားတစ်ယောက်သို့ လှူလိုက်ကြောင်းကို ပြောပြလေ၏။ မဒ္ဒီဒေဝီလည်း မင်းကြီးအလိုသို့ငဲ့၍ အလှူဒါနအတွက် ဝမ်းမြောက်ကြောင်းဖြင့် ပြန်ကြားလေ၏။

## သိကြားခင်းအခန်း

ဝေဿန္တရာမင်းကြီးသည် သားတော် သမီးတော်တို့ကို လှူပြီးနောက် သိကြားမင်းက ဝေဿန္တရာမင်းကြီးသည် အကယ်၍ အခြားအလှူခံပုဏ္ဏားတစ်ဦးအား မဒ္ဒီဒေဝီကိုပေးလှူခဲ့လျှင် လုပ်ကျွေးပြုစုမည့်သူမရှိမည်စိုး၍ အခြားပုဏ္ဏားတစ်ဦး အလှူမခံမီ ပုဏ္ဏားယောင်ဖန်ဆင်းလျက် ဝေဿန္တရာမင်းကြီးထံသို့ သွား၍ မဒ္ဒီဒေဝီကိုအလှူခံလေ၏။ မင်းကြီးလည်း မဆိုင်းမတွ ရေစက်သွန်းချ၍ လှူလိုက်လေ၏။ သိကြားမင်းလည်း မင်းကြီးအားဆုပေးပြီးနောက် မဒ္ဒီဒေဝီအားပြန်၍ ပေးအပ်ထားခဲ့ပြီး တရားစကားကို ပြောကြားကာ သိကြားမင်းအသွင်ကိုပြလေ၏။

ထိုအခါ ဝေဿန္တရာမင်းကြီးသည် သိကြားမင်းခွင့်ပြုချက်ဖြင့် လိုအပ်သော ဆုရှစ်ပါးကို တောင်းယူလေ၏။ သိကြားမင်းလည်း ဆုပေးပြီး

ခမည်းတော်မင်းကြီးသည် မကြာမီလာ၍ ခေါ်ဆောင်လိမ့်မည်ဟု ပြောကြားကာ မိမိနေရာ တာဝတိံသာသို့ ပြန်သွားလေ၏။

## သိဥ္စည်းမင်းကြီးလိုက်ပါခန်း

ဇူဇကာပုဏ္ဏားသည် သူငယ်နှစ်ယောက်ကို ယူဆောင်သွားပြီး လမ်းတွင် မိမိမူကား ညည့်အခါ သစ်ပင်ပေါ်သို့တက်၍အိပ်၏။ သူငယ်တို့ကိုမူ သစ်ပင်ရင်းမှ နှောင်ဖွဲ့ထား၏။ သို့နှင့် ၁၅ ရက်ကြာသောအခါ စေတုတ္တရာပြည်သို့ ရောက်သွားလေ၏။

ထိုည၌ သိဥ္စည်းမင်းကြီးသည် "မိမိတရားသဘင်၌နေစဉ် မည်းနက်သော ယောကျ်ားတစ်ယောက်သည် ပဒုမာကြာနှစ်ပွင့်ကို ပေးဆက်သဖြင့် နားနှစ်ဖက်၌ ပန်ထားရာ ကြာဝတ်ဆံတို့ ရင်ပတ်ပေါ်သို့ ကြွေကျသည်ဟု အိပ်မက်မြင်မက်လေသည်။

ထိုနေ့ နံနက် သိဥ္စည်းမင်းကြီးသည် လမ်းမ၌လာသော သူငယ်နှစ်ယောက်နှင့် ပုဏ္ဏားကိုမြင်လျှင် မိမိ၏မြေးများဖြစ်မည်ဟုသိ၍ ခေါ်ခိုင်း၍ ရောက်လေသော် ဝေဿန္တရာမင်းကြီး လှူလိုက်သော အကြောင်းကိုသိရလေသည်။ မှူးမတ်တို့လည်း ကြားသိကြ၍ ဝေဿန္တရာမင်းကြီးအား ကဲ့ရဲ့ကြလေလျှင် ထိုအခါ ဇာလီမင်းသားက ဝေဿန္တရာမင်းကြီးကို ကာကွယ်ပြောဆိုလေသည်။

ထိုနောက် သိဥ္စည်းမင်းကြီးက မေးမြန်းရာ ဝေဿန္တရာမင်းကြီးက သားတော် သမီးတော်တို့အား အဖိုးဖြတ်၍ လှူလိုက်ကြောင်းကိုသိရှိရ၍ တန်ဖိုးဥစ္စာကို ပုဏ္ဏားအားပေးပြီး မြေးတော်တို့ကို ရွေးနုတ်ယူလေ၏။ ပုဏ္ဏားလည်း ရအပ်သောဥစ္စာစည်းစိမ်တို့ဖြင့် စံစားနေလေ၏။

ဇာလီမင်းသားသည် ဘိုးတော် သိဥ္စည်းမင်းကြီးအား ခမည်းတော် မယ်တော်တို့ကိုပြန်၍ ခေါ်ယူရန် တိုက်တွန်းလေ၏။ သိဥ္စည်းမင်းကြီးလည်း စစ်သည်ရထားတို့ကိုပြင်ဆင်၍ လမ်းခရီးကိုလည်း ရှင်းလင်းစေ၏။

ထိုအချိန်တွင် ဇူဇကာပုဏ္ဏားလည်း အစားလွန်၍ သေလွန်လေရာ ကျန်ရှိသောဥစ္စာတို့ကို အမွေဆက်ခံသူ မပေါ်ပေါက်သဖြင့် မင်းကြီးက သိမ်းယူလေ၏။ ထိုနောက် သိဥ္စည်းမင်းကြီးသည် မှူးမတ်စစ်သည်တို့နှင့်အတူ ဝင်္ကပါတောင်သို့ ထွက်ချီလေရာ ကလိင်္ဂရာဇ်မင်းက ပြန်လည်ပို့ဆောင်သော ဆင်ဖြူတော် ပစ္စယကိုလည်း ယူဆောင်ခဲ့လေ၏။ မင်းကြီးနှင့် စစ်သည် တပ်သားတို့လည်း ဝေဿန္တရာမင်းကြီး၏ ကျောင်းသခ်မ်းအနီးသို့ရောက် လာကြလေ၏။

## မင်းခြောက်ပါးတို့အခန်း

သိဥ္စည်းမင်းကြီးသည် မုစလိန္ဒာအိုင်အနီးတွင် တပ်စခန်းချပြီး တစ်သောင်းလေးထောင်မျှသော ရထားတို့ကိုလည်း ပြန်လှည့်၍ စီစဉ်ချထား လေ၏။ ဝေဿန္တရာမင်းကြီးလည်း ဆင်မြင်း စစ်သည်တို့၏ အုံးအုံး ကြွက်ကြွက် အသံကိုကြားလျှင် မဒ္ဒီဒေဝီနှင့်အတူ တောင်ထိပ်သို့ တက်ပြေး သွားပြီး လှမ်းမျှော်ကြည့်ကာ ရန်သူစစ်သည်ထင်မှတ်၍ ငိုကြွေး၏။ မဒ္ဒီဒေဝီလည်း ခမည်းတော်သိဥ္စည်းမင်းကြီးဖြစ်မည်ဟု နှစ်သိမ့်ကာ ကျောင်း သခ်မ်းသို့ပြန်၍ နေစေလေ၏။

ထိုခဏတွင် သိဥ္စည်းမင်းကြီးသည် တစ်ဦးတည်းရောက်လာကာ ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့လည်း နှုတ်ဆက်ရှိခိုးကြ၏။ ထိုနောက် ဝေဿန္တရာမင်းကြီးက တောအရပ်၌ ပင်ပန်းဆင်းရဲပုံနှင့် သားတော် သမီးတော်များအား ပုဏ္ဏားလက်သို့လှူလိုက်ပုံကို ပြောပြလေလျှင် သိဥ္စည်းမင်း ကြီးက မြေးတော်တို့ကို ရွေးယူထားကြောင်း ပြောပြလေ၏။ ထိုအခိုက် မယ်တော် ဖုသတီဒေဝီမိဖုရားရောက်ရှိလာပြီး ဇာလီမင်းသား၊ ကဏှာဇိန် မင်းသမီးတို့လည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာကြလေ၏။ မဒ္ဒီဒေဝီလည်း သားသမီးတို့ကိုမြင်ရလျှင် ငိုကြွေးလျက်လဲကျလေ၏။ မင်းသားမင်းသမီးငယ်တို့

လည်း လဲကျ၍ မိန်းမောကုန်ကြလေ၏။ ဝေဿန္တရာမင်းကြီးသည်လည်းကောင်း၊ သိဠည်းမင်းကြီးနှင့် ဖုဿတီဒေဝီမိဖုရားတို့သည်လည်းကောင်း၊ လဲကျမိန်းမောကြပြီး အမတ်ခြောက်ယောက်တို့သည်လည်း မထိမ်းနိုင်ဘဲ လူးလဲငိုကြွေးကြလေသည်။

ထိုအခါ သိကြားမင်းသည် မင်းခြောက်ပါးတို့အား မိန်းမောနေရာမှ သက်သာရအောင် ပေါက္ခရမိုးရွာသွန်းပေးလေ၏။ ဤတွင် မဟာပထဝီမြေကြီးလည်း တုန်လှုပ်၏။ မင်းခြောက်ပါးတို့လည်း သက်သာရာရ၍ ဖုဿတီဒေဝီမိဖုရားကြီးက သားတော်နှင့် ချွေးမတော်တို့အား စေတုတ္တရာပြည် ထီးနန်းကို အပ်နှင်းရန် သိဠည်းမင်းကြီးအား လျှောက်တင်လေသည်။

## ပြည်တော်ပြန်ခန်း

သိဠည်းမင်းကြီးလည်း သားတော်အား ရသေ့အသွင်ကိုစွန့်၍ ထီးနန်းစံရန် တောင်းပန်လေရာ သားတော်လည်း ဝန်ခံ၍ ရသေ့အသွင်ကို စွန့်ကာ ဘိသိက်ခံယူလေ၏။ မဒ္ဒီဒေဝီလည်း ရေသေ့အသွင်ကိုစွန့်၍ မိဖုရားကြီးအဖြစ် ဘိသိက်ခံ၏။ ထိုနောက် ဝင်္ကပါတောင်၌ ပွဲသဘင်ခံ၏။ ထိုနောက်တွင် အဆောင်ယောင်တို့ဖြင့် သိဠည်းမင်းကြီး စခန်းချရာသို့ သွားကြလေသည်။

သိဠည်းမင်းကြီးသည် ထိုသစ်တပ်စခန်း၌ တစ်လပတ်လုံး တောင်ထိပ်ပွဲ ကစားလျက် တစ်ဆယ့်နှစ်ခေါဘိဏီရှိသော စစ်တပ်နှင့်အတူ နေလေ၏။ ထိုနောက်တွင် မင်းခြောက်ပါးတို့သည် စေတုတ္တရာပြည်သို့ ပြန်ခဲ့ကြလေ၏။

ဝေဿန္တရာမင်းကြီးလည်း နန်းတော်သို့ရောက်လျှင် လှူဒါန်းရန် ပစ္စည်းကို တောင်းတသဖြင့် သိကြားမင်းက မြို့တံခါးတွင်းအပြည့် ခါးနစ်လောက်အောင် ရတနာမိုးလည်းကောင်း၊ မြို့တံခါးပြင်၌ ဒူးဆစ်နစ်အောင် ရတနာမိုးကိုလည်းကောင်းရွာစေ၏။ ပြည်သူပြည်သားတို့လည်း ဝပြောလေ၏။

ဝေဿန္တရာမင်းကြီးလည်း အသက်ထက်ဆုံး ခြောက်ဆောင်သော ဇရပ်တို့၌ နေ့တိုင်းကြီးစွာသော အလှူကိုပေး၍ အသက်အဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်တော်မူလေသည်။

## ဇာတ်ပေါင်းခန်း

ဝေဿန္တရာဇာတ်တော်ကိုပေါင်းသော်–

၁။ ဇူဇကာပုဏ္ဏားသည် ဒေဝဒတ်။
၂။ အမိတ္တာပုံသည် စိဉ္စမာဏဝိကာ။
၃။ စေတမုဆိုးသည် ဆန္နအမတ်။
၄။ အစ္စုတရှင်ရသေ့သည် သာရိပုတ္တရာ (လက်ယာရံ အဂ္ဂသာဝက)
၅။ သိကြားမင်းသည် အနုရုဒ္ဓါမင်းသား။
၆။ သိဉ္စည်းမင်းသည် သုဒ္ဓေါဒနမင်းကြီး။
၇။ ဖုဿတီဒေဝီသည် မယ်တော်မဟာမာယာ။
၈။ မဒ္ဒီဒေဝီသည် ယသောဓရာ။
၉။ ဇာလီမင်းသားသည် ရာဟုလာ။
၁၀။ ကဏှာဇိန်မင်းသမီးသည် ဥပ္ပလဝဏ်ထေရီ(လက်ဝဲရံအဂ္ဂသာဝိကာ)
၁၁။ ဝေဿန္တရာမင်းကြီးသည် မြတ်စွာဘုရား။
အသီးသီးဖြစ်တော်မူကြလေသည်။

ဇာတ်တော်ကြီးဆယ်ဖွဲ့ပြီး၏။

ပဏ္ဍုမြားငမောက်စာပေ

## နိဒါန်းရှာပုံဒုံ

**ဖြိုးဖြင့်ဖြင့်ရှည်။** ဂုဏ်ပေါင်းတည်စွ၊ မြိုက်ခြည်ရောင်ဝါ၊ သာသနာ၀ယ်၊ ဓမ္မာနုဂ္ဂဟာ၊ ရည်ရွယ်ဆဲ၍၊ ဇိနဘုန်းမော်၊ ဟောမြွက်ဖော်သည်၊ ဓာတ်တော်ဆယ်ဝ၊ တေမိစလျက်၊ ဇနကမွန်၊ သုဝဏ်တဖော်၊ နေမိကျော်နှင့်၊ မဟော်ပဏ္ဍိ၊ ဘူရိဒတ္တ၊ စန္ဒကုမာ၊ ဗြဟ္မာနာရဒ၊ ဝိဓုရကာ၊ မင်းလှဝေဿန်၊ အဆုံးစွန်တည်၊ မြတ်မွန်ရင့်လောင်း၊ ဓာတ်တော်ပေါင်းကို၊ စုဆောင်းဖွဲ့နှောင်၊ ကျမ်းတစ်စောင်သို့၊ ရန်းဆောင်သီဆင့်၊ ပန်းမင်းမင့်ထက်၊ နံ့လွင့်ကြိုင်ရှန်း၊ ထုံနံ့သွန်းသည်၊ **ရစ်ဝန်းခြေခြေဆွတ်စေသော်။** ။

**ချိုးဆင့်ဆင့်ရှည်။** ဉာဏ်ရှင်ကြည်၍၊ ကြံစည်ပြည့်ဝ၊ ချိန်ခါဆသော်၊ ကေတရိ၊ ဝီသတိဟု၊ အရိဖြောင့်စွာ၊ နှစ်ကောစာဝယ်၊ အာကာ မှိုင်းဆင့်၊ လျှပ်ရောင်ဝင့်၍၊ နတ်ရင့်ဝသီ၊ ဒုန္ဒုဘီနှင့်၊ လွှင့်ချီပျော်ကြွ၊ သံကြိုးပသည့်၊ မြတ်လနွယ်တာ၊ ချိန်ကောင်းခါတည့်၊ ပုဏ္ဏားရှန်းပ၊ ရက်ဗုဒ္ဓဟူး၊ ပြည့်ဝကြုံကြိုက်၊ နေတက်ခိုက်ဝယ်၊ အလိုက်ဉာဏ်ချိန်၊ (လှသမိန်)လျှင်၊ ကဝိန်တစ်ဆူ၊ မဝင့်မူလည်း၊ လိုသူတကာ၊ ဖတ်စေရာဟု၊ ပညာခိုင်ပန်း၊ တစ်သွယ်တန်းသည်၊ **သစ်ဆန်းဝေဝေညွတ်စေသော်။** ။

**တြိုးဝင့်ဝင့်ဆည်။** ကျင့်ငါးမည်ကို၊ မဖည်နိစ္စာ၊ စာဆိုငါကား၊ သာယာဝတီ၊ နယ်ကိုမှီ၍၊ ဂုဏ်ဆီရှန်းစို၊ မြို့အုတ်ဖိုဝယ်၊ ကိုးခိုလေ့လာ၊ ကြီးပြင်းလှာခဲ့၊ ဓာတာတွက်စစ်၊ ထောင်ရာနှစ်သော်၊ စွန်းလစ်ရစ်ဆယ်၊ လေးနှစ်ဆွယ်မှ၊ လဝယ်မာဃီ၊ ဖွားရာညီ၍၊ ဘာဂီသစ်လွင်၊ စာပေခွင်၌၊ တင်လေသမှု၊ ခါယခုလျှင်၊ သက်စုအမျှ၊ ရှိလေမှတည့်၊ ဓမ္မကုသိုလ်၊ ထပ်ဆင့်ပိုစေ၊ လိုလိုသမျှ၊ ဆုပန်သလည်း၊ ရှည်လှစွာလွန်း၊ သံသာဝန်းသည်၊ **ဖြစ်ခန်းထွေထွေလွှတ်စေသော်။** ။

**လှသမိန်**

- လူငယ်တိုင်း လူတိုင်း· လူတော်လူကောင်းဖြစ်ပြီး ကြီးပွားတိုးတက်စေချင်တဲ့ ဆရာကြီးရဲ့ စေတနာစကားများကို ဒီတိတ်ခွေမှာ ဖွင့်ဟပြောဆိုထားပါတယ်။
- တိတ်ခွေဆုံးအောင် နားထောင်ပြီးသူတိုင်း ဆရာကြီးရဲ့ မွန်မြတ်တဲ့ စေတနာကို နားလည်ကြပါလိမ့်မယ်။

ဆရာလှသမိန်ရဲ့ (၇၅)နှစ်မြောက် အမှတ်တရ
စကားပြောတိတ်ခွေ

လှသမိန်ပြောတဲ့

# စကားပလ္လင်

ထွက်ပြီ

( ဆိုင်တိုင်းတွင်ရနိုင်ပါသည် )


ပြည်လုံးကျွတ်ဖြန့်ချိရေး

**ပဥ္စမြားငမောက်တာပေ**

၁၆၈၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ဖုံး–၂၈၃၃၈၇

| စဉ် | စာအုပ်အမည် | စာရေးသူ | စောင်ဈေး |
|---|---|---|---|
| ၁။ | ကစ္စာသယ အနန္တသိဒ္ဓိ ဂါထာတော် | ဦးရွှေဝင်း(မန္တလေး) | ၁၀၀/ |
| ၂။ | နမောတဿစကြာလည်ပုတီးစိပ်နည်း | ဦးရွှေဝင်း(မန္တလေး) | ၇၅/ |
| ၃။ | အန္တရာယ်ကင်း ဂါထာတော်များ | ဦးရွှေဝင်း(မန္တလေး) | ၃၅/ |
| ၄။ | လက်တစ်ကမ်းရှိတက်လမ်း | ချစ်နိုင်(စိတ်ပညာ) | ၆၀/ |
| ၅။ | သားသမီးရတနာ | ဒေါ်ရီကြိန် | ၆၀/ |
| ၆။ | အပေးအယူမျှပါစေ | ဒေါ်ရီကြိန် | ၁၀၀/ |
| ၇။ | ဟာစ်တလာ၏သစ္စာဇကေရီ | တက္ကသိုလ်စိန်တင် | ၁၀၀/ |
| ၈။ | စိတ်ဝိညာဉ်ပညာရပ်များ | ဦးအေးမောင် | ၁၂၅/ |
| ၉။ | လက်တွေ့နည်းကျအိပ်မပျော်နည်းများ | မင်းဟန် (ဆေး) | ၆၀/ |
| ၁၀။ | အမျိုးသမီးရောဂါများနှင့် ကိုယ်ဝန်ဆောင်လက်စွဲ | ဒေါက်တာဒေါ်မြမြ | ၁၀၀/ |
| ၁၁။ | လူတိုင်းအတွက်ကြီးပွားချမ်းသာရေး စိတ်တန်ခိုး | ဗမိုး | ၆၀/ |
| ၁၂။ | ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်နှင့် ဈေးကွက်စီးပွားရေး | ခင်မောင်ညို (ဘောဂဗေဒ) | ၆၀/ |
| ၁၃။ | ထမင်းစားရေသောက်ဂျပန်စကားပြော | ရဲမြလွင် | ၆၀/ |
| ၁၄။ | ပန်းဝက်ပါနိုင်ငံတကာပုံပြင်များ | ဇာနည်ဇော် | ၅၀/ |
| ၁၅။ | နဂါးလိုဏ်ဂူနဲ့ နိုင်ငံစုံပုံပြင်များ | ခင်မောင်တိုး(မိုးမိတ်) | ၄၅/ |
| ၁၆။ | ပါဠိ–သက္ကတ–မြန်မာ နီးနွှောဆက်သွယ်မှုစာတမ်း | လှသမိန် | (၁၂၀/) |
| ၁၇။ | ဘဝကိုတန်ဖိုးရှိအောင် နေထိုင်နည်း | လှသမိန် | (၁၀၀/) |
| ၁၈။ | မိတ်ကောင်းဆွေကောင်းရအောင်လုပ်နည်း | လှသမိန် | (၁၃၀/) |
| ၁၉။ | (၂၄)နာရီပတ်လုံး တန်ဖိုးရှိရှိ နေထိုင်နည်း | လှသမိန် | (၁၅၀/) |
| ၂၀။ | ရှင်ဥပဂုတ်ပူဇော်နည်းနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ | သုတေသီမြင့်ထွန်း | (၁၀၀/) |
| ၂၁။ | ဘဝကိုအနိုင်ယူနည်း | လှသမိန် | (၁၀၀/) |
| ၂၂။ | ကြီးပွားအောင်မြင်လိုသူတိုင်းအတွက် သိမှတ်စရာများ | လှသမိန် | (၁၂၅/) |
| ၂၃။ | ဂရင်းညီနောင် ပုံပြင်များ | လှသမိန် | (၇၅/) |
| ၂၄။ | ဘဝလမ်းညွှန် | လှသမိန် | (၁၅၀/) |
| ၂၅။ | စိတ်ချမ်းသာအောင်နေထိုင်နည်း | လှသမိန် | (၁၅၀/) |

# ပတ္တမြားမောက်စာပေမှ

## ဆက်လက်ထုတ်ဝေဖြန့်ချိမည့်စာအုပ်ကောင်းများ


၂၆။ ရှင်သီဝလိပူဇော်နည်းနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ - သုတေသီမြင့်ထွန်း (၁၂၅ိ/)

၂၇။ ဓာတ်တော်ကြီးဆယ်ဖွဲ့ - လှသမိန် (၁၅၀ိ/)

၂၈။ မယားထူးမယားမြတ် - လှသမိန် (၁၅၀ိ/)

၂၉။ အိမ်ထောင်ရေးလောက - လှသမိန် (၁၄၀ိ/)

၃၀။ စိတ်ပျိုးထောင်နည်း - လှသမိန် (၁၅၀ိ/)

၃၁။ ဘဝအန္တရာယ်ခွင်းပယ်နည်း - လှသမိန် (၁၅၀ိ/)

၃၂။ လူတော်လူကောင်း - လှသမိန် (၁၅၀ိ/)

၃၃။ ဘဝတွင် စဉ်းစားဝေဖန်နည်း - လှသမိန် (၁၅၀ိ/)

၃၄။ ဘဝသင်ခန်းစာများ - လှသမိန် (၁၅၀ိ/)

၃၅။ ဘဝ၏ အမှန်တရားများ - လှသမိန် (၁၅၀ိ/)

၃၆။ ကြီးပွားအောင်မြင်လိုသူတိုင်းအတွက် သိမှတ်စရာများ(၂) - လှသမိန် (၁၅၀ိ/)

၃၇။ ကြွယ်ဝခမ်းနား မြန်မာစကား - လှသမိန် (၁၅၀ိ/)

၃၈။ ဗုဒ္ဓဝါဒ အခြေခံ - လှသမိန် (၁၅၀ိ/)

၃၉။ ဘဝတိုက်ပွဲအောင်ထူနည်း - လှသမိန် (၁၅၀ိ/)

၄၀။ ငှက်တံတားနှင့် နိုင်ငံစုံပုံပြင်များ - ခင်မောင်တိုး/မိုးမိတ် ( ၇၅ိ/)

၄၁။ ကောင်းကင်ထဲကကြယ်ကလေးတွေနှင့် နိုင်ငံစုံပုံပြင်များ - ခင်မောင်တိုး/မိုးမိတ် ( ၇၅ိ/)

၄၂။ အောင်မြင်ကြီးပွားလိုသူတိုင်း ကျင့်သုံးရမည့် ကျင့်စဉ်ကောင်းများ - မုံရွာဝင်းဖေ (၁၅၀ိ/)

၄၃။ တက်လူတို့အတွက် ကြီးပွားတိုးတက်ရေး နည်းလမ်းကောင်းများ - မုံရွာဝင်းဖေ (၁၅၀ိ/)

**စာအုပ်ကောင်းများ ဆက်လက်ထုတ်ဝေဖြန့်ချိပါမည်**

လှသမိန်ပြုစုသည့် ပါဠိ-သက္ကတ-မြန်မာ နှီးနှောဆက်သွယ်မှုစာတမ်း
ဝယ်ယူရရှိနိုင်ပါသည်။ တစ်အုပ်-၁၂၀ ကျပ်

✳ ဗုဒ္ဓဘာသာတရားတော်၌ငှင်း၊ မြန်မာစာပေရေးရာ၌ငှင်း ►►►

## ဇာတ်တော်ကြီးဆယ်ဖွဲ့သည်ကား

✳ သိသင့်သိထိုက်၊ လေ့လာသင့် လေ့လာထိုက်၊ မှတ်သားသင့် မှတ်သား ထိုက်သော ဇာတ်တော်ကြီး ဖြစ်ပေသည်။

☆ သို့ပါသော်လည်း ဇာတ်တော်တို့သည် ဂါထာပေါင်း(၃၀၀၀)ကျော်ခန့် ပါရှိ၍၊ ထိုစာအုပ်များကို ဖတ်ရှုမည်ဆိုသော် တောက်လျှောက်၊ နာရီပေါင်း (၃၀)ထက်မနည်း ဖတ်ရှုရမည်ဖြစ်၍၊ စာလုံးပေါင်း (၇၂၀,၀၀၀)ခန့်မျှ ဖတ်ရှုရမည် ဖြစ်လေသည်။

☆ သို့ဖြစ်သောကြောင့် အချိန်အနည်းငယ်အတွင်းဇာတ်တော်ကြီး (၁၀)စောင်လုံးကို အကျဉ်းအားဖြင့် ပြည့်ပြည့်စုံစုံ လေ့လာဖတ်ရှုမှတ်သားစေနိုင်မည့်၊ လူတိုင်း လက်လှမ်းမှီသော ဇာတ်တော်ဆယ်စောင် စကားပြေ အကျဉ်းတစ်စောင်တစ်ဖွဲ့ ရှိသင့်သည်ဟု ယူဆမိလေသည်။

☆ မူလ ဇာတ်တော် စကားပြေတို့သည် စကားပြည့်စုံ ကြွယ်ဝစွာဖြင့် ဖွဲ့နွဲ့တန်ဆာဆင်ကာ ပါဠိဒေသနာ စကားရပ်၊ မှတ်ချက်တို့နှင့် ချပ်ကာညှပ်ကာ ရေးသား ထားပေရာ၊ လေ့လာနိုင်သူတို့ အဖို့ကား ဓမ္မရသ၊ လင်္ကာရသတို့ဖြင့် များစွာ နှစ်သိမ့်အားရခြင်း ရှိနိုင်ကြပေမည်။

☆ သို့ရာတွင် ထိုသို့ လေ့လာနိုင်ခွင့်မရနိုင်သူများ အတွက်ပါ –ဗဟုသုတ၊ ဓမ္မ အရသာ၊ သဒ္ဓါပသာဒ ပြည့်ဝ ခံစားနိုင်ကြစေရန် ရည်သန်၍ ဇာတ်တော်ကြီးဆယ်စောင် စကားပြေ အကျဉ်းကို ရေးသားပြုစုလိုက်ရပေသည်။

**လှသမိန်** ရေးသားပြုစုထားသည့်

## “ဇာတ်တော်ကြီးဆယ်ဖွဲ့”